ခေါင်းဆောင်မှုလမ်းညွှန်
***မြေဩလင့်ခြင်းသမိုင်း*** *ကျမ်းစာလေ့လာခြင်း*

**မြေဩလင့်ခြင်းသမိုင်းကျမ်းစာလေ့လာခြင်းစာအုပ်ကို လွတ်လပ်စွာ ပုံနှိပ်ထုတ်ဝေခွင့်ရှိသည်။ ဤခေါင်းဆောင်မှု လမ်းညွှန်ကိုလွတ်လပ်စွာအသုံးပြုနိုင်ပါသည်။**

ဖြစ်နိုင်လျှင် *မြေဩလင့်ခြင်းသမိုင်း* အသုံးပြုနိုင်အောင်ကြိုတင်ပြင်ဆင်မှုအတွက် ကျင်းပပြုလုပ်သော ကောင်းသော မြေဝေံဂေလိနှင့်တပည့်တော်မွေးထုတ်ခြင်းသင်တန်းသို့ လေ့လာတက်ရောက်သင့်ပါသည်။

***အကြောင်းကြားချက်နှင့်အသုံးချရမည့်စာအုပ်များကို ပိုမိုသိရှိလိုပါက အောက်ပါ* Website*၌ ကြည့်ရှုလေ့လာနိုင်ပါသည်။***
www.GoodSoil.com
*ပို၍လေ့လာလိုလျှင် အောက်ပါဝိုဒ်ဆိုက်ကိုလည်း ကြည့်ရှုနိုင်ပါသည်။*
http://www.Goodsoil.com/training/

## ယောဘုယျလမ်းညွှန်ချက်များ

*မြော်လင့်ခြင်းသမိုင်းစာအုပ်ထုတ်ဝေခြင်း၏ရည်ရွယ်ချက်မှာ* ဤခေါင်းဆောင်မှုလမ်းညွှန်၌ဖော်ပြထားသောအကြောင်းအရာအားလုံးကို ခေါင်းဆောင်များက သင်ကြားသိရှိရန်လိုအပ်ကြောင်းဖော်ပြလိုခြင်း ဖြစ်သည်။ အများအားဖြင့်၊ ဤခေါင်းဆောင်မှုလမ်းညွှန်စာအုပ်ထဲတွင်ပါရှိသောအကြောင်းအရာများသည် *မြော်လင့်ခြင်းသမိုင်း*နှင့်ပတ်သက်၍ သင်ကြားရမည့်သင်ခန်းစာများထက် လက်တွေ့အသုံးချရမည့်အကြောင်းအရာများကို အသားပေးထည့်သွင်းဖော်ပြထားပါသည်။ သင်တန်းသားများအား အခြေခံကျသောကျမ်းစာခံယူချက်များကိုသာ သင်ကြားပေးသင့်ပါသည်။ လိုအပ်သည်ထက်ပိုများသောသင်ခန်းစာများကိုသင်ကြားပေးခြင်းအားဖြင့် သူတို့အားစိတ်ရှုပ်ထွေးမှုမပြုသင့်ပေ။ သင်ကြားပေးရာတွင် သင်တန်းသားများ၏လိုအပ်မှုအပေါ်အဓိကထား၍ ဤစာအုပ်ကို အသုံးပြုသင့်သည်။ တစ်နည်းအားဖြင့်၊ **သင်တန်းသားများ၏အခြေအနေ**ပေါ်မူတည်၍သင်ကြားပေးသင့်သည်။ သင်တန်းသားများအား သူတို့၏ယုံကြည်ခြင်းအဆင့်အတန်းနှင့်ပတ်သက်၍မလိုအပ်မှုများ၊ မသိသင့်မသိထိုက်သောအရာများကို မသွန်သင်ရပေ။ သင်စိတ်ဝင်စားသောအရာများ (သို့)ဤသင်ခန်းစာရှိထည့်သွင်းထားသောအရာများကိုသာ သင်ကြားပေးခြင်းကို ရှောင်ကြဉ်ပါ။

*ဤသင်ခန်းစာကို မသင်ကြားမီ စာမျက်နှာ ၄ တွင်ရှိသော* ***မြော်လင့်ခြင်းသမိုင်း****ကို သေချာစွာ ဖတ်ရှုပါ။ စာမျက်နှာ ၅–၆တွင်ရှိသော ''လမ်းညွှန်ချက်များ''ကို နှိုက်နှိုက်ချွတ်ချွတ် လေ့လာဖတ်ရှုပါ။*

*မြော်လင့်ခြင်းသမိုင်းစာအုပ်*သည် အဓိကအားဖြင့်အပိုင်းနှစ်ပိုင်းဖော်ပြထားသည်။ ဤကဏ္ဍနှစ်ခုများနှင့် ဤစာအုပ်များထဲတွင်ဖော်ပြထားသောအရေးကြီးသောဖော်ပြချက်များဆက်နွယ်မှုသိရှိခြင်းသည် အလွန်အရေးကြီးသည်။

**ပထမအချက်–** *စာမျက်နှာ ၁၂–၃၁များထဲတွင်* ကျမ်းစာသမိုင်းရာဇဝင်မှဖြစ်ပျက်သောအချက်အလက်သော့ချက် ၄၀၊ ဓမ္မဟောင်းကျမ်းမှအချက် ၂၀၊ ဓမ္မသစ်ကျမ်းမှအချက် ၂၀ တို့ကို ဖော်ပြထားသည်။ ဤစာအုပ်ထဲတွင် လူသားများအတွက် ဘုရားသခင်ပေးအပ်တော်မူသော ''သတင်းကောင်းများ''ကို ဇာတ်လမ်းသဘောဖြင့် တင်ပြထားပါသည်။

**ဒုတိယအချက်–** *စာမျက်နှာ ၃၂–၃၉များထဲတွင်* ''ဆွေစဉ်မျိုးဆက်သမိုင်းရာဇဝင်''(သို့မဟုတ် ''ဆွေမျိုးနာမည်စာရင်း'' များကို ရည်ညွှန်းဖော်ပြထားသည်။ ဆွေစဉ်မျိုးဆက်နာမည်စာရင်းထဲတွင် သတင်းကောင်းသော့ချက်ရှစ်ခုတို့ကို အစီအစဉ် ကျနစွာဖော်ပြထားသည်။ ၄င်းတို့သည် ကျမ်းစာသမိုင်းဆွေစဉ်မျိုးဆက်မှနာမည်စာရင်းယူ၍ဖော်ပြထားခြင်းဖြစ်သည်။ ဤဆွေစဉ်မျိုးဆက်နာမည်စာရင်းများက ''သတင်းကောင်းများ''အား အလွန်အရေးကြီးသော တင်ဆက်မှုရှစ်ချက်ပုံစံဖြင့် တင်ဆက်ထားပါသည်။ (အစီအစဉ် စနစ်တကျ)

**မိမိကိုယ်ကိုပြင်ဆင်နိုင်ရန်အတွက် အောက်တွင်ဖော်ပြထားသောအချက်အလက်များသည် အလွန်အကျိုးဝင်သည်။**

- *ဓမ္မဟောင်းကျမ်းသမိုင်း– ဘုရားသခင်၏ရွေးနှုတ်ကယ်တင်ခြင်းအကြောင်းဟောပြောနိုင်ရန်ပြင်ဆင်မှု အပိုင်း (၁)။* **မိမိကိုယ်ကိုလေ့လာရန်သင်ခန်းစာကို ဒေါက်တာ ဒေးဗစ်ဘရော့ဒ်စ်က ရေးသားခဲ့ပြီး** International **သာသနာလုပ်ငန်း၌အသုံးချရန်အတွက်** ABWE's **စင်တာမှ ထုတ်ဝေခဲ့သည်။**
- *ဓမ္မသစ်ကျမ်းသမိုင်း– ဘုရားသခင်၏ရွေးနှုတ်ကယ်တင်ခြင်းအကြောင်းဟောပြောနိုင်ရန်ပြင်ဆင်မှုအပိုင်း (၂)။* **မိမိကိုယ်ကိုလေ့လာရန်သင်ခန်းစာကို ဒေါက်တာလာရီဝို့တားစ်က ရေးသားခဲ့ပြီး** International **သာသနာလုပ်ငန်း၌အသုံးချရန်အတွက်** ABWE's **စင်တာမှ ထုတ်ဝေခဲ့သည်။**

ဤစာအုပ်များကို info@Goodsoil.comတွင် စုံစမ်းမှာယူနိုင်ပါသည်။

ကျမ်းစာသမိုင်းရာဇဝင်

*ဘုရားသခင်၏မြော်လင့်ခြင်းသတင်းကောင်းတင်ပြချက်*

*စာမျက်နှာ ၁၂–၃၁၃ဖော်ပြထားသောမြော်လင့်ခြင်းသမိုင်း*

**၁။ ထာဝရဘုရား**

**ကျမ်းစာတွင် လူသားများတည်ရှိခြင်းအကြောင်းနှင့်ပတ်သက်၍အခြေခံသဘောတရားကိုဖော်ပြရာတွင် တစ်စုံတစ်ခု (သို့) တစ်ဦးတစ်ယောက် အစဉ်အမြဲတည်ရှိသောသူမှာ ဘုရားသခင်ဖြစ်သည်ဟု ရည်ညွှန်းဖော်ပြခြင်းအားဖြင့် အစပြုထားပါသည်။**

*(က ၁း၁)*

**(က) ''တစ်စုံတစ်ခု''(သို့) ''တစ်စုံတစ်ယောက်''အမြဲတမ်းတမ်းတည်ရှိခဲ့သည်ဟုအဘယ်ကြောင့် ဖော်ပြထားပါသနည်း။**

***မှတ်ချက်။*** *။ ထိုသို့ဖော်ပြခြင်းနှင့်ပတ်သက်၍ဤခေါင်းဆောင်မှုလမ်းညွှန်စာအုပ်ထဲတွင် နမူနာတစ်ခုကို တွေ့ရပါသည်။ ဤမေးခွန်းနှင့် ပတ်သက်၍သင်တန်းသားများသည် နားမလည်နိုင်ပါက အခြားသင်ခန်းစာများကို ဆက်လက်သင်ကြားပေးလိုက်ပါ။ ဤစာအုပ်ထဲတွင် ဖော်ပြထားသည့်အတိုင်း အာဏာရှင်စနစ်ဖြင့်မသင့်ပေးရပါ။လိုရင်းတိုရှင်းဖြင့်သင်ကြားပေးလိုက်ပါ။*

**ရှေးလွန်ခဲ့သောနှစ်ပေါင်းများစွာက ဘာမျှမရှိဘူးဟုယူဆခြင်း၊ တစ်ကမ္ဘာလုံးသည် အလိုအလျောက်၊ ဖန်ဆင်းသူမရှိဘဲတည်ရှိသည် ဟုခံယူခြင်း(မည်သူကမှမဖန်ဆင်းခြင်း)၊ နှင့် အသက်မရှိသောအရာဝတ္ထုများမှသက်ရှိအရာများ အလိုအလျောက်တည်ရှိလာသည်ဟု ခံယူခြင်းတို့သည် အဓိပ္ပါယ်မရှိ၊ မဖြစ်နိုင်သောတွေးတောယူဆခြင်းပင် ဖြစ်သည်။ ဤသို့ယုံကြည်ခြင်းသည် တန်ဖိုးမဲ့၊ မျက်ကန်းယုံကြည်ခြင်းမျိုးဖြစ်သည်။**

**သက်ရှိအရာ သို့မဟုတ် သက်မဲ့အရာ တစ်စုံတစ်ခု(သို့မဟုတ်)တစ်စုံတစ်ယောက်တည်ရှိခဲ့သည်ဟုယူဆခြင်းသည် အဓိပ္ပါယ်ရှိ၊ ယုံစဖွယ်ကောင်းသောယုံကြည်ခြင်းမျိုး ဖြစ်သည်။ တစ်စုံတစ်ခု (သို့) တစ်ဦးတစ်ယောက်သည် လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းကတည်ရှိသည်ဟု ယုံကြည်ခြင်းအားဖြင့် သိရမည် ဖြစ်သည်။**

**ပို၍အဓိပ္ပါယ်ရှိသောယုံကြည်ခြင်းမှာ အစဉ်အမြဲတည်ရှိတော်မူသောသူမှာ သက်ရှိ၊သက်မဲ့အားလုံးကို ဖန်ဆင်းနိုင်စွမ်းရှိတော်မူသော အသက်ရှင်သောဘုရားဖြစ်တော်မူသည်ဟု ယုံကြည်ခြင်းပင် ဖြစ်သည်။ ကမ္ဘာဦးကျမ်းအခန်းကြီးတစ်၊ အခန်းငယ်တစ်တွင် စကြာဝဠာတစ်ခုလုံးနှင့်သက်ရှိအားလုံးတည်ရှိခြင်းအကြောင်းကို တိကျမှန်ကန်စွာ ဖော်ပြထားပါသည်။ ၎င်းကို ယုံကြည်ခြင်းအားဖြင့်သိရမည် ဖြစ်သည်။** ဤအကြောင်းနှင့်ပတ်သက်၍ မြော်လင့်ခြင်းသမိုင်းသည် မှန်ကန်ကြောင်း လေ့လာသုံးသပ်မှု၊ သက်သေအထောက်အထားများက အတည်ပြုထားပါသည်။

*ဤတင်သွင်းချက်ကို အဓိပ္ပါယ်ရှိရှိ၊ တန်ဖိုးရှိရှိလေ့လာနိုင်ရန်အတွက် သင်တန်းသားများသည် ဘုရားသခင်တည်ရှိတော်မူခြင်းအကြောင်းနှင့်ပတ်သက်၍ဘုရားသခင်အတပ်အမှန်တည်ရှိတော်မူသည်ဟု ရိုးသားစွာလက်ခံရန်နှင့်လက်ခံချင်သောစိတ်နှလုံးထားရှိရန် လိုအပ်သည်။ ယုံကြည်မှု စွန့်လွှတ်ရမည်ကို မဆိုလိုပါ။ ကျမ်းစာဖော်ပြချက်ကို ကြားသိသောအခါ ဇဝေဇဝါဖြစ်ခြင်း၊ သံသယဝင်ခြင်းများ ဖြစ်လာနိုင်သည်။ ဤတင်ပြချက်ကိုယုံကြည်နိုင်ရန်အတွက် သင်တန်းသားများသည် လက်ခံရန်စိတ်နှလုံးဖွင့်ဟမှုရှိသင့်သည်။ ကျမ်းစာကို ကျမ်းစာကပဲ စကားပြောစေရမည် ဖြစ်သည်။*

**(ခ) ကမ္ဘာဦးကျမ်း ၁း၁ ကို ပထမဦးဆုံးဖတ်ရှုပါ။ အောက်တွင်ဖော်ပြထားသောအချက်များမှ မည်သည့်အချက်သည် မှန်ကန်ပါသနည်း။ သင်ရွေးချယ်သောအချက်သည် မှန်ကန်ကြောင်း ရှင်းပြပါ။**

- ☐ **ကျမ်းစာက ဘုရားသခင်တည်ရှိတော်မူခြင်းသက်သေပြသရန် ကြိုးပမ်းအစပြုသည်။**
- ☐ **ကျမ်းစာက ဘုရားသခင်တည်ရှိတော်မူခြင်းခံယူချက်ကိုဖော်ပြခြင်းအားဖြင့် အစပြုသည်။**

''အစအဦး၌ဘုရားသခင်သင်သည်''ဟူသည်မှာဘုရားသခင်တည်ရှိတော်မူခြင်းခံယူချက်ကို ဖော်ပြပေးသောစကားစုပင် ဖြစ်သည်။ ဘုရားသခင်တည်ရှိတော်မူခြင်းနှင့်ပတ်သက်၍ ငြင်းခုံမှုများနှင့်သက်သေအထောက်အထားများဖြင့် ဖော်ပြပေးခြင်းမရှိပါ။

*ထို့ပြင်၊ စာရေးသူ(ဘုရားသခင်မှုတ်သွင်းတော်မူခြင်းအားဖြင့်ရေးသားသူ)သည် ဘုရားသခင်တည်ရှိတော်မူခြင်းကို ခုခံထုချေရန် တင်ပြစရာမလိုအပ်ပေ။ ထို့ကြောင့် လက်ခံရန်စိတ်နှလုံးသားဖွင့်ဟသောစာရှုသူများက ကျမ်းစာကို အပြည့်အဝယုံကြည်ခြင်းအားဖြင့် ဆက်လက်လေ့လာ၍ ဘုရားသခင်တည်ရှိတော်မူခြင်းကို အတည်ပြုနိုင်အောင် စစ်မှန်သောအဖြစ်အပျက်ကို ဖော်ပြထားခြင်း ဖြစ်သည်။*

**(ဂ) ဆာလံ ၉၀း၂ ကို ဖတ်ပါ။ ဘုရားသခင်သည် ''ရှေးကမ္ဘာအဆက်ဆက်မှစ၍နောက်ကမ္ဘာအဆက်ဆက်တိုင်အောင်''တည်ရှိတော်မူသည်ဟူသောဖော်ပြချက်သည် မည်သည့်အရာကို ဆိုလိုသနည်း။**

ဘုရားသခင်သည် ရှေးကမ္ဘာအဆက်ဆက်မှစ၍တည်ရှိတော်မူခဲ့ပြီး နောက်ကမ္ဘာအဆက်ဆက်တိုင်အောင်တည်ရှိတော်မူမည့်ဘုရားဖြစ်တော်မူခြင်းကို တစ်နည်းတစ်ဖုံးအားဖြင့် ဖော်ပြထားခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့်၊ ဘုရားသခင်သည် ထာဝရဘုရားဖြစ်တော်မူသည်။ အစနှင့်အဆုံး

မရှိပါ။

*အသက်ရှင်သောဘုရားသခင်သည် သက်ရှိအရာများမရှိမီအချိန်ကတည်းက တည်ရှိတော်မူသောဘုရားဖြစ်တော်မူကြောင်းကို ကျမ်းစာဖော်ပြချက်နှင့်အညီ (အထက်ကဖော်ပြထားသည့်အတိုင်း)ကွက်ကွက်ကွင်းကွင်းဖော်ပြထားခြင်း ဖြစ်သည်။ ထိုကျမ်းချက်က ဘုရားသခင်နှင့်စကြာဝဠာအကြောင်းကို ပို၍တိကျစွာ ဖော်ပြထားပါသည်။ ထာဝရဘုရားသခင်သည် စကြာဝဠာတစ်ခုလုံးကို ဖန်ဆင်းတော်မူခဲ့ကြောင်း ဖော်ပြလိုခြင်း ဖြစ်သည်။ ထိုအကြောင်းနှင့်ပတ်သက်၍ဤစာအုပ်၏နောက်စာမျက်နှာများတွင် ရည်ညွှန်းဖော်ပြထားပါသည်။*

**(ဃ) ကျမ်းစာသမိုင်းအကြောင်းများဖတ်ရှုခြင်းအားဖြင့် ဘုရားသခင်က သူသည် မည်သူဖြစ်တော်မူသည်ကို လည်းကောင်း၊ မည်သူနှင့်တူတော်မူသည်ကိုလည်းကောင်း ကျွန်ုပ်တို့သိရှိကြသည်။ စာမျက်နှာနှစ်ခုတွဲ၏အောက်တွင်ချန်လှပ်ထားသောနေရာ(ဤစာမျက်နှစ်တစ်ခု၊ စာမျက်နှာ ၁၂–၁၃)များတွင် စာမျက်နှာနှစ်ခုရှိအဖြစ်အပျက်လေးခုတို့၌ဘုရားသခင်သည် မည်သည့်အရာနှင့်ခိုင်းနှိုင်းပုံဆောင်ထားသည်ကို အမှတ်ခြစ်ရန် နေရာချပေးထားပါသည်။**

*(၁) သင်တန်းသားများအား စာမျက်နှာ ၁၂–၁၃တို့၏အောက်ဆုံးပိုင်းကို ညွှန်ပြပါ။ လမ်းညွှန်ချက်ကိုဖတ်ပါ။ ထိုနေရာများတွင်တွေ့ရှိသော ရွေးချယ်မှုများကို ဖြေကြားပါ။ ဘုရားသခင်အကြောင်းနှင့်ပတ်သက်၍မှန်ကန်သောအကြောင်းအရာများကို ကျမ်းစာဖော်ပြသည့်အတိုင်း ရှင်းပြပါ။ ဘုရားသခင်သည် မည်သူဖြစ်တော်မူသည်ကိုလည်းကောင်း၊ မည်သူနှင့်တူတော်မူသည်ကိုလည်းကောင်း ဖော်ပြထားပါသည်။ တစ်ခါတစ်ရံ ဘုရားသခင်အကြောင်းနှင့်ပတ်သက်၍ဘုရားသခင်တည်ရှိတော်မူကြောင်း တိုက်ရိုက်ဖော်ပြထားသည်(ဆာလံ ၉၀း၂)။ သို့သော် ရံဖန်ရံခါ ဘုရားသခင်ပြုတော်မူခဲ့သောအရာများ၊ ကိုယ်တော်မည်ကဲ့သို့ ပြုတော်မူခဲ့ခြင်း၊ အထူးသဖြင့် ကိုယ်တော်သည် လူသားများနှင့်မည်ကဲ့သို့ဆက်သွယ်တော်မူခြင်းဟူသော ကျမ်းစာသမိုင်းများကို ဖတ်ရှုခြင်းအားဖြင့် ဘုရားသခင်အကြောင်းကို ကျွန်ုပ်တို့သိရှိနိုင်ကြသည်။*

*(၂) သင်တန်းသားများသည် မြော်လင့်ခြင်းသမိုင်းအကြောင်း၌ဖော်ပြထားသောအဖြစ်အပျက်များကိုလေ့လာကြည့်ရှုခြင်းအားဖြင့် ဘုရားသခင်ကို မည်သည့်အရာနှင့်ပုံဆောင်ထားသည်ကို စဉ်းစားတွေးခေါ်နိုင်အောင် အားပေးလမ်းပြတိုက်တွန်းပါ။ စာမျက်နှာနှစ်ခုတို့၏အောက်ဆုံးပိုင်းတွင် ချန်လှပ်ထားသောနေရာများတွင်(စာမျက်နှာများ၏အောက်ဆုံးရှိအမှတ်ခြစ်ရန် ထားရှိသောနေရာ) သင်တန်းသားများသည် ကျမ်းစာသမိုင်းလေ့လာခဲ့သည့်အတိုင်း ဘုရားသခင်သည် မည်သည့်အရာနှင့်ပုံဆောင်ထားသည်ကို မေးမြန်းပြီးဖြေကြားစေပါ။*

*(၃) နောက်သင်ခန်းစာများကို ဆက်လက်မလေ့လာမီ ဤအဖြစ်အပျက်များကို ဆွေးနွေးတိုင်ပင်ပါ။*

**ထပ်မံဖော်ပြထားသောအကြောင်းအရာ**

**ကမ္ဘာဦးကျမ်း ၁း၁တွင်ဖော်ပြထားသောအကြောင်းအရာ**

ခရစ်ယာန်အသက်တာနှင့်လောကအမြင်ကို ကျမ်းစာထဲတွင် တွေ့ရသည်။

ကမ္ဘာဦးကျမ်းသည် ကျမ်းစာအုပ်၏အခြေခံကျသောအကြောင်းအရာ ဖြစ်သည်။

ကမ္ဘာဦးကျမ်း၏အခြေခံအုတ်မြစ်မှာ ကမ္ဘာဦးကျမ်းအခန်းကြီး ၁–၁၁ဖြစ်သည်။

ကမ္ဘာဦးကျမ်း၌ဖော်ပြထားသောဤကဏ္ဍ၏အခြေခံအုတ်မြစ်သည် အခန်းကြီးတစ် ဖြစ်သည်။

ကမ္ဘာဦးကျမ်းအခန်းကြီးတစ်၏အခြေခံအုတ်မြစ်မှာ အခန်းငယ်တစ် ဖြစ်သည်။

ထို့ကြောင့်၊ ခရစ်ယာန်အသက်တာနှင့်လောကအမြင်တစ်ခုလုံးသည် ကမ္ဘာဦးကျမ်း ၁း၁ ပေါ်တွင် မှီခိုထားသည်။ အကယ်၍ လူတစ်ယောက်သည် ယုံကြည်ခြင်းအားဖြင့် ကမ္ဘာဦးကျမ်း ၁း၁ကိုလက်ခံနိုင်လျှင် ကျမ်းစာအုပ်တစ်ခုလုံးကို ယုံကြည်လက်ခံနိုင်ရန်အတွက် အခက်အခဲတစ်စုံတစ်ခုမျှ ရှိတော့မည်မဟုတ်ပါ။

**ဖတ်ရှုမည့်စာအုပ် – Francis Schaeffer (InterVarsity Press, 1972) ရေးထားသော Genesis in Space and Time စာအုပ်။**

ဤစာအုပ်ငယ်ထဲတွင် ကမ္ဘာဦးကျမ်း ၁–၁၁ရှိ ဘုရားသခင်တည်ရှိတော်မူခြင်းအကြောင်းကို ပြည့်စုံမှန်ကန်စွာ ဖော်ပြထားသည်။ ထို့ကြောင့်၊ ကမ္ဘာဦးကျမ်းအခန်းကြီးအစပိုင်းအကြောင်းနှင့်ပတ်သက်၍စဉ်းစားတွေးခေါ်လိုသူများအတွက် *မြော်လင့်ခြင်းသမိုင်း၌*ဖော်ပြထားသော ပထမပိုင်းအဖြစ်အပျက် ၁၀ ခုတို့ကို သိရှိနိုင်ရန် ဤစာအုပ်ထဲတွင် ဖော်ပြထားပါသည်။

ခရစ်ယာန်အသက်တာနှင့်လောကအမြင်

ကျမ်းစာ

ကမ္ဘာဦးကျမ်း

ကမ္ဘာဦးကျမ်း ၁–၁၁

ကမ္ဘာဦးကျမ်း ၁

ကမ္ဘာဦးကျမ်း ၁း၁

## ၂။ ကမ္ဘာကို ဖန်ဆင်းခြင်း

**ဘုရားသခင်သည် ကျွန်ုပ်တို့နေထိုင်သောကမ္ဘာနှင့်ကောင်းကင်များအပါအဝင်၊ သက်ရှိသက်မဲ့အားလုံး၊ သစ်ပင်များနှင့် တိရစ္ဆာန်များအားလုံးတို့ကို ဖန်ဆင်းတော်မူခဲ့သည်ဟု ဖော်ပြခြင်းအားဖြင့် ကျမ်းစာအစပြုထားသည်။**

*ကမ္ဘာဦးကျမ်း ၁း၁–၂၅။*

**(က) ဖန်ဆင်းခြင်းပထမနေ့ရက်– အခန်းငယ် ၁–၅ ကိုဖတ်ပါ။**

- **ဖန်ဆင်းခြင်းပထမဖော်ပြချက်(အခန်းငယ် ၂)တွင် ကမ္ဘာသည် အဘယ်အရာနှင့်တူသနည်း။**

မြေကြီးသည် အဆင်းသဏ္ဌာန်မရှိ– မြေကြီးသည် မပြည့်မစုံ(သို့)အဆင်းသဏ္ဌာန်မရှိဘဲ ဖန်ဆင်းခြင်းကို ဆိုလိုသည်။

လွတ်လပ်လဟာဖြစ်သည်– ဘုရားသခင်သည်မည်သည့်အရာတစ်စုံတစ်ခုကိုမျှ(သစ်ပင်များ၊တိရစ္ဆာန်များနှင့် လူသားများ) ဖန်ဆင်းတော်မူခြင်းမရှိသေးပါ။

မှောင်မိုက်ဖုံးလွှမ်းသည်– မှောင်မိုက်ဟူသည်မှာ အလင်းမရှိခြင်း ဖြစ်သည်။ ဘုရားသခင်သည် အလင်းကိုဖန်ဆင်းတော်မူခြင်းမရှိသေးပါ။

**မှတ်ချက်။ ။** *သိသာထင်ရှားသောအရာမှာ မြေကြီးရှိလွတ်လပ်လဟာကို ရေထုကြီးဖြင့် အကန့်အသတ်မရှိ၊ ဟိုရောက်ဒီရောက်၊ ဖရိုဖရဲဖုံးလွှမ်းထားသည်။ ၎င်းကို ''နက်နဲသောရေမျက်နှာပြင်''ဟု ရည်ညွှန်းဖော်ပြထားသည်။*

- **အခန်းငယ် ၃–၅ထဲတွင် ဘုရားသခင်သည် အဘယ်အရာကို ဖန်ဆင်းတော်မူခဲ့သနည်း။**

ဘုရားသခင်သည် အလင်းဖြစ်စေဟု မိန့်တော်မူသောကြောင့် အလင်းဖြစ်ပေါ်လာခဲ့သည်။ အလင်းတည်ရှိသည့်အချိန်ကို (နေ့)ဟုခေါ်ပြီး မှောင်မိုက်သောအချိန်ကို(ည)ဟုခေါ်သည်။ ယခုတွင် ကမ္ဘာကြီးသည် ၎င်း၏ဝင်ရိုးပေါ်တွင် လှည့်ပတ်ရွေ့လည်နေခြင်းကို ညွှန်ပြထားသည်။ ကမ္ဘာ၏တစ်ဘက်ခြမ်းအလင်းတည်ရှိသောနေရာအချို့တို့တွင် နေ့အတွက် အလင်းကို ပြင်ဆင်ထားပါသည်။

**(ခ) ဖန်ဆင်းခြင်း၏ဒုတိယနေ့– အခန်းငယ် ၆–၈တို့ကို ဖတ်ပါ။ဤနေ့တွင် ဘုရားသခင်သည် မည်သည့်အရာကိုခွဲခြားတော်မူခဲ့သနည်း။**

ဘုရားသခင်သည် ''ကောင်းကင်မျက်နှာကျက်''(''ကျယ်ပြန့်သောမိုးကောင်းကင်(သို့)''တိုင်းတာ၍မရသောလေဟာပြင်)ကိုဖန်ဆင်းတော်မူခဲ့သည်။ ကမ္ဘာမြေကြီးကို ပင်လယ်သမုဒ္ဒရာများက ဝန်းရံစေတော်မူခဲ့သည်။ ဘုရားသခင်သည် ကျယ်ပြန့်သောလေဟာပြင်ကို ''ကောင်းကင်မျက်နှာကျက်'' ဟုခေါ်တွင်တော်မူခဲ့သည်။ ထိုကောင်းကင်မျက်နှာကျက်ကို နောက်ကျမ်းချက်များထဲတွင် ဖော်ပြထားသော ''ကောင်းကင်နိုင်ငံတော်''နှင့် ယုံမှားခြင်းမရှိစေရန်အတွက် ဖြစ်သည်။

*ကောင်းကင်မျက်နှာကျက်ပေါ်တွင်ရှိသောရေများသည် ကမ္ဘာမြေကြီးပေါ်သို့ တစ်စက်စက်ကျနေသော မိုးရေစက်များဖြစ်နိုင်ချေရှိသည်။ နောက်ဖန်ဆင်းခြင်းတွင် ဘုရားသခင်သည် မိုးကောင်းကင်အောက်တွင်ရှိသောရေများဖြင့် မည်သည့်အရာလုပ်ဆောင်တော်မူခဲ့သည်ကို ကျွန်ုပ်တို့တွေ့ရှိရကြမည် ဖြစ်သည်။*

**(ဂ) ဖန်ဆင်းခြင်း၏တတိယနေ့– အခန်းငယ် ၉–၁၃တို့ကို ဖတ်ပါ။**

- **တတိယနေ့ရက်တွင် မည်သည့်အရာ ရှေးဦးစွာဖြစ်ပျက်ခဲ့သနည်း (အခန်းငယ် ၉–၁၀)။**

ဘုရားသခင်သည် မိုးကောင်းကင်အောက်(မြေကြီးမျက်နှာပြင်ပေါ်)တွင် ရေများကို စုစည်းတော်မူပြီးနောက် ခြောက်သွေ့သောမြေကို ပေါ် ထွန်းစေတော်မူခဲ့သည်။ ဘုရားသခင်သည်ထိုရေများကို ''ပင်လယ်များ''ဟု မှည့်ခေါ်တော်မူပြီး၊ ခြောက်သွေ့သောမြေများကို ''မြေကြီး''ဟုမှည့်ခေါ်တော်မူခဲ့သည်။

- **ဤနေ့ရက်တွင် အခြားမည်သည့်အရာ ဖြစ်ပျက်ခဲ့သနည်း (အခန်းငယ် ၁၁–၁၃)။**

ဘုရားသခင်သည် ကောက်ပဲသီးနှံမျိုးစုံတို့ကို ဖြစ်ထွန်းစေတော်မူခဲ့ပြီး ၎င်းတို့သည် မျိုးစေ့များအားဖြင့် အခြားကောက်ပဲသီးနှံများ ပေါ်ပေါက်ရန် ပြင်ဆင်ပေးတော်မူခဲ့သည်။

**(ဃ) ဖန်ဆင်းခြင်း၏စတုတ္ထနေ့– အခန်းငယ် ၁၄–၁၉ တို့ကိုဖတ်ပါ။ မြေကြီးမျက်နှာကျက်ပေါ်တွင် အလင်းများထားရှိခြင်းအတွက် ကမ္ဘာမြေကြီးနှင့်ပတ်သက်သောဘုရားသခင်၏ရည်ရွယ်ချက်မှာ မည်သည့်အရာဖြစ်သနည်း။**

နေ့အချိန်တွင် အလင်းပေးအပ်ရန် ဘုရားသခင်သည် ကမ္ဘာမြေကြီးအတွက် နေမင်းကြီးကို ဖန်ဆင်းတော်မူခဲ့သည်။ ထိုနေမင်းကြီးသည် ပထမနေ့ရက်အတွက် ဘုရားသခင်ပြင်ဆင်တော်မူခဲ့သော ခေတ္တယာယီအလင်းဖြစ်စေသောအရာ ဖြစ်သည်(အခန်းငယ် ၃–၅)။

ညအချိန်တွင် အလင်းပြင်ဆင်ပေးရန် ဘုရားသခင်သည် ကမ္ဘာမြေကြီးအတွက် လမင်းကြီးကို ဖန်ဆင်းတော်မူခဲ့သည်။

ဤ''အလင်းများ''သည် ရာသီဥတုများနှင့်နှစ်သက္ကရာဇ်များရေတွက်မှတ်သားရန်ရည်ရွယ်၍ ပြင်ဆင်ပေးထားခြင်းပင် ဖြစ်သည်။

**(င) ဖန်ဆင်းခြင်း၏စတုတ္ထနေ့– အခန်းငယ် ၂၀–၂၃တို့ကို ဖတ်ပါ။ ဤနေ့တွင် မည်သည့်တိရစ္ဆာန်များကို ဖန်ဆင်းခဲ့သနည်း။**

ကောင်းကင်ပေါ်တွင်ပျံသန်းသောငှက်များနှင့် ပင်လယ်သမုဒ္ဒရာရေထဲတွင်အသက်ရှင်သော ပင်လယ်သတ္တဝါများ။

**(စ) ဖန်ဆင်းခြင်း၏ပဉ္စမနေ့– အပိုင်း (၁)– အခန်းငယ် ၂၄–၂၅တို့ကို ဖတ်ပါ။ နောက်တဖန်မည်သည့်တိရစ္ဆာန်များကို ဖန်ဆင်းတော်မူခဲ့သနည်း။**

ကုန်းနေသတ္တဝါများ၊ ခြေထောက်လေးချောင်းရှိသတ္တဝါများ၊ တွားသွားသတ္တဝါများနှင့်နို့တိုက်သတ္တဝါများ။

**ထပ်မံဖြည့်စွက်ထားသောအကြောင်းအရာ**

**ဖန်ဆင်းခြင်းနေ့ရက်များသည် တစ်ရက်လျှင် ၂၄ နာရီဖြစ်သလား။** ကျောင်းသူ/သားများက ''ဤနေ့ရက်များသည် မည်သည့်နေ့ရက်မျိုး ဖြစ်သနည်း။ ၂၄ နာရီရှိသော နေ့ရက်များဖြစ်သလား။ ယခုခေါ်ဆိုသော ''နေ့ရက်များ''နှင့်တူသလား။ နှစ်ပေါင်းများစွာကို ဆိုလိုသလား''ဟု မေးနိုင်သည်။

ထိုသို့မေးမြန်းလျှင်၊ ''ညအချိန်နှင့်နေ့အချိန်''ကိုညွှန်ပြထားသော ကျမ်းချက်များကို ပြသပါ။ ၄င်းကျမ်းချက်တို့သည် တစ်ရက်လျှင် ၂၄ နာရီကို ညွှန်ပြရန်အတွက် အသုံးပြုထားသော ကျမ်းချက်များဖြစ်သည်။ ဘုရားသခင်သည် စကြာဝဠာတစ်ခုလုံးကို မည်သည့် ကုန်ကြမ်းတစ်ခုမှအသုံးမပြုဘဲဖန်ဆင်းနိုင်သောတန်ခိုးရှိသဖြင့် ၂၄ နာရီအတောအတွင်းစကြာဝဠာတစ်ခုလုံးကိုဖန်ဆင်းနိုင်ရန် ကိုယ်တော့်အတွက် အခက်အခဲရှိလိမ့်မည်မဟုတ်ပါ။

*ဤကဲ့သို့အရေးမကြီးသော၊ မဖြစ်သင့်မဖြစ်ထိုက်သောငြင်းခုံမှုများ ပေါ်ပေါက်လာသောအခါ ပြဿနာဖြေရှင်းနည်းအတွက် လူအချို့တို့က မေးမြန်းခဲ့ဘူးကြသည်။*

*၁။ အကယ်၍ကျောင်းသူ/သားတစ်ဦးဦးသည် ကြီးမားသောကျမ်းစာပုံပြင်စာအုပ်ထဲတွင်ဖော်ပြထားသောအကြောင်းအရာများကို ကျော်လွန်ပြီး မလိုအပ်၊ မဖြစ်သင့်သောအရာများကို စဉ်းစားတွေးခေါ်ယူဆနေလျှင်လည်းကောင်း၊ စိတ်လှုပ်ရှားဖွယ်ကောင်းသောအရာများကို စဉ်းစားနေလျှင်လည်းကောင်း၊ သူမေးသောမေးခွန်းကို မှတ်စုစာအုပ်ထဲတွင် မှတ်သားထားပါ။ ထိုနောက် **မြော်လင့်ခြင်းသမိုင်း**တွင် ဖော်ပြထားသောအကြောင်းအရာများကို လေ့လာခဲ့ပြီးနောက် သူမေးသောမေးခွန်းများကိုဖြေကြားပေးလိုက်ပါ။*

*၂။ အကယ်၍ သူသည် ရှင်းလင်းစွာ နားလည်သဘောပေါက်ပြီး ဤအကြောင်းနှင့်ပတ်သက်၍ကျမ်းစာသွန်သင်သည့်အတိုင်း နားလည်ခံယူချင်သောစိတ်ရှိလျှင် အခြားသောအကြောင်းအရာများထက် ဤအကြောင်းအရာကို အချိန်ပိုပေးပြီး သင်ကြားပေးနိုင်သည်။ သို့သော် ခေါင်းစဉ်တစ်ခုသည် သမိုင်းအကြောင်းနှင့်ပတ်သက်၍ အလွန့်အလွန်အရေးမကြီးလျှင် **မြော်လင့်ခြင်းသမိုင်း**တွင်ဖော်ပြထားသောခေါင်းစဉ်တစ်ခုကိုသာ သင်ကြားခြင်းအားဖြင့် အချိန်မကုန်လွန်စေသင့်ပါ။*

*၃။ ဤ''မြော်လင့်ခြင်းသမိုင်း''သင်ခန်းစာအတွက် ပြုလုပ်ထားသော ရုပ်ပြပုံကို အမြဲတမ်းသိမ်းဆည်းထားပါ။ ခေါင်းစဉ်များနှင့် ဆွေးနွေးတိုင်ပင်မှုများကို စေ့စပ်သေချာစွာနားလည်သဘောပေါက်မှသာလျှင် သင်ခန်းစာ ဖော်ပြလိုသော ခံယူချက်၊ သွန်သင်လိုသောအကြောင်းအရာများကို ထိရောက်စွာ သင်ကြားပေးနိုင်မည် ဖြစ်သည်။*

အဖြစ်အပျက် ၁–၁၂(ကမ္ဘာဦးကျမ်းထဲတွင်တွေ့ရသောအကြောင်းအရာများနှင့်သင်ကြားမှုများ)ပြင်ဆင်ရန်၊ လေ့လာနိုင်ရန်အတွက် အောက်တွင်ဖော်ပြထားသော ကျမ်းစာအဘိဓါန်ကို အသုံးပြုရန် တိုက်တွန်းလိုပါသည်။

**The Genesis Record: A Scientific and Devotional Commentary on the Book of Beginnings by Henry M.Morris (Grand Rapids: Baker Books, 1976).**

*ဤစာအုပ်ထဲတွင် ကမ္ဘာဦးကျမ်းအစောပိုင်းတွင်ဖော်ပြထားသော အကြောင်းအရာများ ကြိုတင်ပြင်မှုတွက် အထူးသဖြင့် အထောက်အကူပြုပါလိမ့်မည်။*

## ၃။လူယောကျ်ားကို ဖန်ဆင်းခြင်း

**ဘုရားသခင်သည် လူယောကျ်ားနှင့်လူမိန်းမ– အာဒံနှင့်ဧဝတို့ကို ဖန်ဆင်းတော်မူခဲ့ပြီးနောက် ဖန်ဆင်းထားသောအရာအားလုံးကို အုပ်စိုးရန် တာဝန်အပ်နှင်းတော်မူခဲ့သည်။ သို့သော် သစ်ပင်တစ်ပင်၏အသီးကို မစားရန် သူတို့ကို တားမြစ်တော်မူခဲ့သည်။**

*ကမ္ဘာဦးကျမ်း ၁း၂၆–၃၁၊ ကမ္ဘာဦးကျမ်း ၂း၇–၂၅။*

**(က) ကမ္ဘာဦးကျမ်း ၁း၂၆–၂၇တို့ကို ဖတ်ပါ။ ဘုရားသခင်ဖန်ဆင်းတော်မူခဲ့သောအရာများနှင့်လူသားများဖန်ဆင်းခြင်းကို နှိုင်းယှဉ်ပြီး လူယောကျ်ားနှင့်လူမိန်းမတို့ဖန်ဆင်းခြင်း၏ထူးခြားမှုနှင့်လေးနက်မှုမှာ မည်သည့်အရာဖြစ်သနည်း။**

ဘုရားသခင်သည် မိမိပုံသဏ္ဍာန်တော်နှင့်အညီ လူယောကျ်ားနှင့်လူမိန်းမတို့ကို ဖန်ဆင်းတော်မူခဲ့သည်။

*ဤနေရာတွင် ဘုရားသခင်၏ပုံသဏ္ဍာန်တော်ကိုဖော်ပြရာတွင် မျက်စိဖြင့်မြင်နိုင်သောကိုယ်ခန္ဓာနှင့်ရုပအရာများကို ရည်ညွှန်းခြင်း မရှိပါ။*

*ဘုရားသခင်သည် နံဝိညာဉ်ဖြစ်တော်မူသည်(မျက်စိဖြင့်မြင်တွေ့နိုင်သောအရာမဟုတ်ပါ)။*

*ဘုရားသခင်ပိုင်ဆိုင်တော်မူအရူပအရာအရေးကြီးသောဂုဏ်အင်္ဂါအချို့ကို ဘုရားသခင်က လူသားများကို ပေးအပ်တော်မူခဲ့သည်။ သို့သော် လူသားများသည် မိမိစိတ်ကြိုက်ရွေးချယ်နိုင်သောအစွမ်းအစ၊ ချစ်မြတ်နိုးနိုင်သောအစွမ်းအစ၊ တွေးတောဆင်ခြင်နိုင်သောအစွမ်းအစ၊ ဆက်သွယ်ပေးနိုင်သောအစွမ်းအစ၊ ဖြောင့်မတ်ခြင်းပါရမီပိုင်ဆိုင်နိုင်သောအစွမ်းအစ၊ အခွင့်အာဏာကျင့်သုံးနိုင်သောအစွမ်းအစ စသည်တို့ကို ပိုင်ဆိုင်ကြသည်။ ဤထူးခြားသောသွင်ပြင်လက္ခဏာများအချို့တို့ကို တိရစ္ဆာန်များက ပိုင်ဆိုင်နိုင်ကြသည်။ သို့သော် လူသားများသည် ထိုသွင်ပြင်လက္ခဏာပါရမီများကို ပိုင်ဆိုင်ခြင်းအားဖြင့် ထူးခြားသောသူများဖြစ်ကြသည်။ လူသားများသည် ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့်အညီဖန်ဆင်းထားသည်ဟု ဆိုရာတွင် ဤအကြောင်းအရာကို ဆိုလိုခြင်းဖြစ်သည်။ အရူပအရာဖြစ်သည်။ ရူပအရာမဟုတ်ပါ။ ရုပ်ကိုယ်ခန္ဓာမရှိပါ။*

**(ခ) ကမ္ဘာဦးကျမ်း ၁း၂၈–၃၁ တို့ကို ဖတ်ပါ။ ဘုရားသခင်သည် လူသားများအား အခြားဖန်ဆင်းထားသောအရာများနှင့်မတူသော မည်သည့်အထူးအခွင့်အာဏာကို ပေးအပ်တော်မူခဲ့သနည်း။**

ဘုရားသခင်သည် လူသားများအား ဘုရားသခင်ဖန်ဆင်းထားသောအရာများအပေါ် အုပ်စိုးနိုင်သောအခွင့်အာဏာကို ပေးအပ်တော်မူခဲ့သည်။ ဖန်ဆင်းထားသောအရာများကို ပြုစုစောင့်ထိန်းရန်လည်း မိန့်တော်မူခဲ့သည်။ လူသားများသည်''ဘုရားသခင်၏ပုံသဏ္ဍာန်တော်'' ပိုင်ဆိုင်နေကြသောကြောင့် ထိုသို့ပြုနိုင်ကြခြင်းပင် ဖြစ်သည်။

**(ဂ) ကမ္ဘာဦးကျမ်း ၂း၇ကိုဖတ်ပါ။ အာဒံဖန်ဆင်းခြင်းနှင့်ပတ်သက်၍တခြားမည်သည့်အချက်အလက်များကို တွေ့ရှိနိုင်သနည်း။**

ဘုရားသခင်သည် အာဒံ၏ကိုယ်ခန္ဓာအား မြေမှုန့်ဖြင့်ဖန်ဆင်းတော်မူခဲ့ပြီးနောက် သူ၏နှခေါင်းထဲသို့ ဇီဝအသက်ကိုမှုတ်သွင်းတော်မူခြင်းအားဖြင့် အသက်ရှင်သောလူသားတစ်ဦးဖြစ်လာခဲ့သည်။

**(ဃ) ကမ္ဘာဦးကျမ်း ၂း၈–၉ တို့ကိုဖတ်ပါ။ ဒေင်ဥယျာဉ်သည် သာယာလှပပြီး သစ်သီးဝလံပြည့်စုံကြွယ်ဝသောနေရာဖြစ်ကြောင်း မည်သည့်ရည်ညွှန်းဖော်ပြချက်ကို ဤကျမ်းပိုဒ်ထဲတွင် တွေ့ရှိနိုင်သနည်း။**

ဘုရားသခင်သည် ထိုနေရာတွင် သစ်ပင်မျိုးစုံအားလုံးထားရှိတော်မူခဲ့သည်။ ထိုသစ်ပင်များသည် စွဲလမ်းစရာကောင်းမွန်၍ စားသုံးရန်အတွက်လည်း အလွန်ကောင်းမွန်သည်။ ထိုနေရာသည် အလွန်လှပသောနေရာဖြစ်သည်။ ချိုမြိန်သောအစားအစာများကို အဆင်သင့်ထားရှိသောနေရာလည်း ဖြစ်သည်။

**(င) ကမ္ဘာဦးကျမ်း ၂း၁၅–၁၇တို့ကို ဖတ်ပါ။ ဘုရားသခင်သည် အာဒံအား မည်သည့်အပင်၏အသီးကို မစားရန် တားမြစ်တော်မူခဲ့သနည်း။ ထိုအမိန့်ကို နာခံခြင်းမရှိလျှင် မည်သည့်အရာဖြစ်ပျက်မည်ဟု ဘုရားသခင် မိန့်တော်မူခဲ့သနည်း။**

အကောင်းနှင့်အဆိုးကိုခွဲခြားသိမြင်နိုင်သောအပင်၏အသီးကို မစားရန် ဘုရားသခင်တားမြစ်တော်မူခဲ့သည်။ ဤအမိန့်တော်ကို နာခံခြင်းမရှိလျှင် သေရမည်ဟု ဘုရားသခင်မိန့်တော်မူခဲ့သည်။

**(စ) ကမ္ဘာဦးကျမ်း ၂း၁၈–၂၅တို့ကို ဖတ်ပါ။ မှန်သလား။ မှားသလား။ *ဤအချိန်တွင် အာဒံနှင့်ဧဝတို့သည် အပြစ်ကင်းစင်သောသူများဖြစ်ကြသည်။* ဤကျမ်းပိုဒ်တင်ပြချက်အပေါ် မည်ကဲ့သို့ နိဂုံးချုပ်ရမည်နည်း။**

သူတို့သည် အဝတ်အစား မဝတ်ခဲ့ကြပါ။ ရှက်ကြောက်ခြင်းလည်း မရှိကြပါ။ သူတို့သည် အဝတ်အချည်းစည်းရှိကြသောကြောင့် ကလေးသူငယ်များကဲ့သို့ အပြစ်ကင်းမဲ့နေကြကြောင်း ထင်ရှားသည်။

*သူတို့သည် လင်မယားများဖြစ်ကြသောကြောင့် သူတို့၏အဝတ်အချည်းစည်းရှိကြခြင်းကိုအရှက်မရှိကြတော့ပါဟု ငြင်းခုံဖွယ်ရှိသည်။ ကိုယ်ခန္ဓာရင်းနှီးကျွမ်းဝင်မှုသည် အိမ်ထောင်ပြုပြီးသောဇနီးမောင်နှံတို့အတွက် ရှက်စရာမဟုတ်ပါ။ သဘာဝကျပါသည်။ သို့သော် ယခုတွင် ထိုသို့ခံယူစေလိုက်ပါ။ နံပါတ်ရှစ်တွင်ဖြစ်ပျက်သောအကြောင်းအရာသည် ဤအကြောင်းနှင့်ပတ်သက်၍ထပ်မံလမ်းညွှန်ချက်အချို့ကို ဖွင့်ပြပါလိမ့်မည်။*

## ၄။ လူစီဖာကျဆင်းခြင်း

**လူစီဖာသည် အစောပိုင်းတွင် ဘုရားသခင်၏လှပသောကောင်းကင်တမန်တစ်ပါးဖြစ်သည်။ သူသည် အခြားကောင်းကင်တမန်များအား ဘုရားသခင်ကို ဆန့်ကျင်သောအပြစ်လမ်းသို့ ဦးဆောင်လမ်းပြခဲ့သည်။ သူသည် စာတန်၊ နတ်ဆိုးဖြစ်လာခဲ့သည်။**

*ယေဇကျေလ ၂၈း၁၁–၁၇၊ ဟေရှာယ ၁၄း၁၂–၁၅။*

*ဤအကြောင်းနှင့်ပတ်သက်၍ဝေံဂေလိဆိုင်ရာအမြင်အမျိုးမျိုး ပေါ်ပေါက်သည်။ သို့သော် ထိုအမြင်များသည် မှန်ကန်ကြောင်း ရှင်းလင်းစွာသက်သေပြသရန် ကျမ်းစာအထောက်အထားမရှိပါ။ မသေချာမယိီယာသောအမြင်ဖြစ်သောကြောင့် ဖြစ်ပျက်သောအချိန်နှင့်ပတ်သက်၍တင်ပြခြင်းမရှိတော့ပါ။ လူစီဖာကျဆုံးသောအချိန်နှင့်ပတ်သက်၍ဖော်ထုတ်ရန် ကြိုးစားခြင်းအားဖြင့် ဤစာအုပ်၏အဓိက ဖော်ပြလိုသောအကြောင်းအရာများကို လက်လွှတ်မဆုံးရှုံးသင့်ပါ။*

### (က) ကောင်းကင်တမန်များသည် ဘုရားသခင်က သူ့ကို ကိုးကွယ်ရန်နှင့်အစေခံရန်အတွက် ဖန်ဆင်းတော်မူခဲ့သည် ဝိညာဉ်များဖြစ်ကြပါသည်။

*ထိုအကြောင်းကို ကျောင်းသူ/သားအား ဖတ်ခိုင်းပါ။ မြောက်များစွာသောလူများက ကောင်းကင်တမန်များအကြောင်းကို စိတ်ဝင်စားကြသည်။ သိချင်ကြသည်။ ထို့ကြောင့် ကောင်းကင်တမန်များအကြောင်းကို ဤသင်ခန်းစာထဲတွင် အဓိကအကြောင်းအရာအဖြစ် ထည့်သွင်းဖော်ပြထားခြင်း ဖြစ်သည်။ ကောင်းကင်တမန်များအကြောင်းကို ပြည့်စုံစွာ အနှစ်ချုပ်ဖော်ပြပေးနိုင်ပါသည်။ သို့သော် ကောင်းကင်တမန်များအကြောင်းတစ်ခုတည်းဖော်ပြရန်အတွက် အချိန်များစွာ မဖြုန်းသင့်ပါ။ ရှေ့သင်ခန်းစာများထဲတွင် ကောင်းကင်တမန်အကြောင်းကို ပို၍ပြည့်စုံစွာ ဖော်ပြထားပါသည်။*

### (ခ) လူစီဖာအားတုရုနှင့်ဗာဗုလုန်မြို့တို့၏ရှင်ဘုရင်များနှင့်နှိုင်းယှဉ်ခြင်းအားဖြင့် လူစီဖာ၏ကျဆင်းခြင်းကို ယေဇကျေလနှင့်ဟေရှာယကျမ်းများထဲတွင် ဖော်ပြထားပါသည်။

- **ယေဇကျေလ ၂၈း၁၁–၁၇တို့ကို ဖတ်ပါ။ လူစီဖာသည် အစပိုင်းတွင် မည်သူနှင့်တူသနည်း။**

သူသည် လှပပြီး အရည်အချင်းများစွာနှင့်ပြည့်စုံသောကောင်းကင်တမန်တော်ကြီးတစ်ပါးဖြစ်သည်။ ဉာဏ်ပညာနှင့်ပြည့်စုံသည်။ ခန့်ညားလှပသည်။ တန်ဖိုးကြီးသောကျောက်မြတ်ရတနာတို့ဖြင့် လှပစွာ ဆင်ယင်ဝတ်စားခဲ့သည်။ အစေအပါးကောင်းကင်တမန်များစွာရှိသည်။ (ဘုရားသခင်၏သန့်ရှင်းမှုကို ကာကွယ်စောင့်ထိန်းမှုခံစားသော ကောင်းကင်တမန်တော်ကြီး)။ ဘုရားသခင်၏ဘိသိက်တော်မူခြင်းကိုခံစားခဲ့ရသည်။ သန့်ရှင်းသောတောင်ပေါ်(ကောင်းကင်ဘုံ)တွင် ဘုရားသခင်နှင့်အတူနေထိုင်ခဲ့သည်။ တောက်ပသောကျောက်(ရွှေ)ဖြင့်ခင်းထားသောလမ်းပေါ်တွင် လျှောက်သွားခဲ့သည်။ သူမှာ သဘာဝအားဖြင့် အပြစ်ကင်းစင်ခဲ့သည်။

- **ဟေရှာယ ၁၄း၁၂–၁၅ တို့ကို ဖတ်ပါ။ လူစီဖာသည် ကျဆင်းအောင် မည်သည့်အရာက ဖြားယောင်းသွေးဆောင်ခဲ့သနည်း။**

ကောင်းကင်ပေါ်သို့တက်ပြီး ဘုရားသခင်၏ကြယ်များအပေါ် မိမိပလ္လင်တော်တည်ရန်နှင့် ဘုရားသခင်၏သန့်ရှင်းသောတောင်ပေါ်အမြင့်ဆုံးနေရာတွင်ထိုင်ရန် လူစီဖာသည် စိတ်မြင့်၊ ဘဝင်မြှင့်သောစိတ်ရှိခဲ့သည်။ သူသည် မိမိကိုယ်ကို ဘုရားသခင်၏အမြင့်ဆုံးနေရာတွင် နေထိုင်ရန် စိတ်ရှိခဲ့သည်။ တစ်နည်းအားဖြင့်၊ သူသည် ဘုရားသခင်နှင့်တူချင်ခဲ့သည်။ ဘုရားသခင်နှင့် ဂုဏ်ရည်တူလိုခဲ့သည်။

**အခန်းငယ် ၁၅ တွင် ဘုရားသခင်သည် သူ့အား မည်သည့်အရာကို မိန့်တော်မူခဲ့သနည်း။**

ဘုရားသခင်သည် သူ့အား နှိမ့်ချတော်မူခဲ့သည်။ တွင်းနက်ကြီးထဲသို့ ပစ်ချခြင်းခံခဲ့ရသည်။

### (ဂ) မဿဲ ၂၅း၄၁ ကိုဖတ်ပါ။ ဤကျမ်းပိုဒ်သည် ဟေရှာယ ၁၄း၁၅နှင့်မည်ကဲ့သို့ ဆက်နွယ်မှုရှိသနည်း။ သိရန်– နတ်ဆိုးသည် လူစီဖာ၏အခြားနာမည် ဖြစ်သည်။

နတ်ဆိုး(လူစီဖာ)နှင့်မိမိကောင်းကင်တမန်များအတွက် ထာဝရငရဲမီးအိုင်ကို ပြင်ဆင်ပေးထားပါသည်။ ဘုရားသခင်သည် လူစီဖာကိုနောက် ဆုံးနှိမ့်ချတော်မူသောအခါ ကိုယ်တော်သည် သူတို့အားလုံးကို ငရဲမီးအိုင်(တွင်းနက်ကြီး)ထဲသို့ ပစ်ချတော်မူလိမ့်မည်။

### (ဃ) မဿဲ၂၅း၄၁ ထဲတွင်ဖော်ပြထားသောနတ်ဆိုးများ၏ကောင်းကင်တမန်များမှာ မည်သူများဖြစ်ကြသနည်း။

*ပထမအနေဖြင့်၊ ဤကျမ်းချက်၏ဖော်ပြချက်မှာ မည်သည့်အရာဖြစ်သည်ကို ကျောင်းသူ/သားများအား မေးမြန်းပါ။ အကယ်၍ကျောင်းသူ/သားများသည် ဤကျမ်းပိုဒ်၏ဆိုလိုသောအရာကို ကြိုတင်မသိခဲ့လျှင် ထိုမေးခွန်းကို ဖြေကြားနိုင်ရန် အကြံပြုထားသောကျမ်းချက်မရှိသဖြင့် သူတို့သည် မှန်းဆပြီး ထင်ရာမြင်ရာများဖြင့် ဖြေကြားနိုင်လိမ့်မည်။*

*ဒုတိယအနေဖြင့်၊ နတ်ဆိုးများ၏ကောင်းကင်တမန်များသည် နတ်ဆိုး(လူစီဖာ)ဖန်ဆင်းခဲ့သော ဝိညာဉ်များမဟုတ်ကြကြောင်းရှင်းပြပါ။ အကြောင်းမှာ လူစီဖာသည် အခြားသောသက်ရှိအရာများကိုဖန်ဆင်းနိုင်အောင် တန်ခိုးအစွမ်းအစရှိသည်ဟု ကျမ်းစာထဲတွင် ဖော်ပြ*

*ထားခြင်းမရှိပါ။ ဘုရားသခင်တစ်ပါးတည်းသာလျှင် ဖန်ဆင်းနိုင်သောအစွမ်းတန်ခိုးရှိတော်မူသည်။*

*တတိယအနေဖြင့်၊ လူစီဖာသည် ဘုရားသခင်ကိုဆန့်ကျင်သောအခြားကောင်းကင်တမန်များကို ဦးဆောင်ကြောင်း ဖော်ပြထားသော ကျမ်းစာ၊ အခြားကျမ်းချက်တစ်ခုကို ရှင်းပြပါ။ (ထိုကျမ်းချက်များအားလုံး(သို့)ရည်ညွှန်းချက်များကို ဖတ်ကြားရန် အချိန်မယူသင့်ပါ)။ ထို့ကြောင့် လူစီဖာသည် ဘုရားသခင်၏သန့်ရှင်းသောနေရာမှ နှိမ့်ချခြင်းခံရသောအခါ ဤကောင်းကင်တမန်များသည်လည်း နှိမ့်ချခြင်းခံခဲ့ရကြသည်။ နောက်ပိုင်းတွင် ကျွန်ုပ်တို့လေ့လာမည့်အကြောင်းအရာများထဲတွင် သူတို့သည် ဝိညာဉ်ဆိုးများ(သို့) ''နတ်ဆိုးများ'' ဖြစ်ကြသည်။*

*ဤအကြောင်းကို အနှစ်ချုပ်ရှင်းပြပြီး ဆက်လက်သင်ကြားပေးပါ။ ထိုအကြောင်းအရာများကို ဆွေးနွေးပြီး အချိန်ကုန်လွန်စေခြင်းအားဖြင့် သင်ခန်းစာ၏အဓိကအကြောင်းအရာများကို မလွှဲချော်သင့်ပါ။*

**(င) လူစီဖာကျဆင်းသည့်အချိန်ကို အတိအကျမသိရပါ။ အချိန်စောလျင်စွာ ဖြစ်ပျက်သောအဖြစ်အပျက်ဖြစ်နိုင်သည်။ သို့သော် ထို အဖြစ်အပျက်မတိုင်မီ အချိန်များစွာကတည်းက ဖြစ်ပျက်ခြင်း ဖြစ်နိုင်သည်။**

*ဤဖော်ပြချက်မှာ အဖြစ်အပျက်လေးခုတွင် ပြည့်စုံစွာဖော်ပြထားပါသည်။*

**ထပ်မံဖြည့်စွက်ထားသောအကြောင်းအရာ**

**ဟေရှာယနှင့်ယေဇကျေလကျမ်းတို့သည် လူစီဖာကို ရည်ညွှန်းလိုခြင်း ဖြစ်သလား။** ဧဝံဂေလိဆိုင်ရာကျမ်းတတ်ပုဂ္ဂိုလ်များက ဟေရှာယနှင့်ယေဇကျေလတို့သည် ဗာဗုလုန်နှင့်တုရုတို့၏ရှင်ဘုရင်များပုန်ကန်ထကြွခြင်းပရောဖက်ပြုချက်များတွင် လူစီဖာကို ရည်ညွှန်းခြင်းမဟုတ်ကြောင်းဖော်ပြချက်ကို သင်ကြားမှုခေါင်းဆောင်တစ်ဦးအနေဖြင့် သိရှိသင့်ပါသည်။

ဤကျမ်းချက်နှင့်ပတ်သက်()ပိုမိုပြည့်စုံစွာလေ့လာနိုင်ရန်အတွက် ဒေါက်တာ ဒါဝိဒ်ဘရောဒ်(စ်)ရေးထားသော *ဓမ္မဟောင်းကျမ်းသမိုင်း* လေ့လာမှုစာအုပ်ရှိ ''ဘုရားသခင်က ယုဒလူမျိုးများကို နှင်ထုတ်တော်မူခြင်း''အကြောင်းရှိ ယေဇကျေလကျမ်းကဏ္ဍကို ဖတ်ကြားစေပါ။ (ထိုစာအုပ်အား အပြည်ပြည်ဆိုင်ရာသာသနာလုပ်ငန်းများအတွက် ABWE's Center သာသနာလုပ်ငန်းမှ ထုတ်ဝေထားသည်)။

ထိုစာအုပ်ကို info@GoodSoil.comသို့ မှာယူနိုင်ပါသည်။

ကျမ်းစာသမိုင်း၌ ''စာတန် နာမ''အကြောင်းကိုလေ့လာနိုင်ရန်အတွက် အောက်တွင်ဖော်ပြထားသောစာအုပ်ကိုလည်းလေ့လာနိုင်ပါသည်။

**The Serpent of Paradise: The Incredible Story of How Satan's Rebellion Serves God's Purpose by Erwin W. Lutzer (Chicago: Moody Press, 1996).**

**၁၊၂၊ ၃၊ ၄။ ထဲတွင်အဖြစ်အပျက်များ၌ ဘုရားသခင်ကို မည်ကဲ့သို့ ပုံဆောင်ထားသနည်း။** *(စာမျက်နှာ ၁၂–၁၃)။*

**အဖြစ်အပျက် ၁ရှိ (ဃ)''ထာဝရဘုရား'' အချက်၌ဖော်ပြထားသောညွှန်ကြားချက်များကို ကျောင်းသူ/သားများထံ ပြန်ပြောပါ။ (*မြော်လင့်ခြင်းသမိုင်း*တွင်ရှိသော စာမျက်နှာ ၁၂ ရှိ စာမျက်နှာထိပ်တွင်ဖော်ပြထားသည်)။**

ဤကဲ့သို့သော သင်ခန်းစာလေ့လာမှုသည် ပထမအကြိမ်ဖြစ်သဖြင့် ကျောင်းသူ/သားများနှင့်ပူးပေါင်းပြီး သင်ကြားပေးပါရန် တိုက်တွန်းအားပေးလိုပါသည်။ ထိုသို့သင်ကြားပေးရာတွင် ကျောင်းသူ/သားများအား တတ်နိုင်သရွေ့အဖြေများစဉ်းစားနိုင်အောင် ကူညီလိုက်ပါ။ ဤပထမအကြိမ်တွင် တိကျမှန်ကန်သောအဖြေကို စဉ်းစားတွေးခေါ်နိုင်အောင် လိုအပ်သောလမ်းညွှန်ချက်များကို ပြောပြနိုင်သည်။ ထို မေးခွန်း၏အဖြေများကို နောက်ပိုင်းသင်ခန်းစာထဲတွင်လည်း ဖော်ပြထားပါသည်။

**စာမျက်နှာနှစ်ခုတွင်ပေါ်ပြထားသောအဖြစ်အပျက်လေးခုစလုံးတွင် ဂုဏ်အင်္ဂါရပ် ၁၄ ရပ်အားလုံးကို တွေ့ရှိရန် လိုအပ်လိမ့်မည်ဟု (ကျောင်းသူ/သား များအပါအဝင်)သင် မထင်အပ်ပါ။**

ကျောင်းသူ/သားများသည် ကျမ်းစာကို ဖတ်ရှုလေ့လာနေကြသည့်အတိုင်း ဘုရားသခင်၏အကြောင်း၊ သူသည် မည်သူဖြစ်တော်မူသည်ကိုလည်းကောင်း၊ မည်သည့်အရာများပြုလုပ်တော်မူခဲ့သည်ကိုလည်းကောင်း၊ မည်သည့်အရာများပြုလုပ်တော်မူသည်ကိုလည်းကောင်း၊ သူတို့က သိရှိနိုင်အောင် ''အောက်တွင်ရှိသောစာမျက်နှာနှစ်မျက်နှာ''ရှိရွေးချယ်မှုများပေးအပ်ခြင်းဖြစ်ကြောင်း သတိထားပါ။

ဥပမာအားဖြင့်၊ မေးမြန်းရမည်မှာ–

**''ဤအဖြစ်အပျက်များတွင် ဘုရားသခင်အား တန်ခိုးကြီးတော်မူသောဖန်ဆင်းရှင်အဖြစ်ပုံဆောင်ခဲ့သလား။''**

''ပုံဆောင်ထားပါသည်''ဟု ရှင်းလင်းပြတ်သားစွာ ဖြေကြားနိုင်သည်။ ထိုအဖြေအား အဖြစ်အပျက် တစ်ခု၊ နှစ်ခု၊ သုံးခုတို့တွင် ပြသသောသက်သေအထောက်အထားဖြစ်သည်။ ကျောင်းသူ/သားတစ်ဦးသည် သူ၏ထင်မြင်ယူဆချက်များကို ဝေငှနိုင်သည်။ ထိုနောက် ထပ်မံဖြည့်စွက်ထားသောအကြောင်းအရာအချို့တို့ကို ဝေမျှနိုင်ပါသည်။

**''ဤအဖြစ်အပျက်များတွင် ဘုရားသခင်အား တန်ခိုးအရှိဆုံး၊ ဩဇာအာဏာအကြီးဆုံးဖြစ်ကြောင်းပုံဆောင်ထားသလား။''**

ဆွေးနွေးပါ။

**''ဤအဖြစ်အပျက်များတွင် ဘုရားသခင်အား ဖြောင့်မတ်သောတရားသူကြီးအဖြစ် ပုံဆောင်ထားသလား။''**

ဆွေးနွေးပါ။

**''စသည်ဖြင့် ဘုရားသခင်၏ဂုဏ်အင်္ဂါတော်၁၄ခု အားလုံးကို ပြီးဆုံးသည့်အထိ သင်ကြားပါ။''**

## ၅။ လူသားများအပြစ်၏မူလအစ

**စာတန်သည် ဘုရားသခင်ကို ဆန့်ကျင်တော်လှန်သောအပြစ်ကိုဆက်လက်လုပ်ဆောင်ခဲ့သည်။ သူက ဧဝအား မစားရန်တားမြစ်ထားသော အပင်၏အသီးကို စားရန် ဖြားယောင်းသွေးဆောင်ခဲ့သည်။ အာဒံအားလည်းစားစေခဲ့သည်။ သူတို့သည် ဘုရားသခင်က မစားရန် မိန့်တော်မူခဲ့သော်လည်း ကျူးလွန်စားမိခဲ့ကြသည်။**

**(က) ဗျာဒိတ်ကျမ်းထဲတွင် ဖော်ပြထားသော ဤစကားစုများကို စွဲစွဲမြဲမြဲမှတ်သားထားပါ။ *''ရှေးမြွေဟောင်း၊ မာရ်နတ်စာတန်တည်းဟူသောနဂါး''*(ဗျာဒိတ် ၂၀း၂)။**

*ဤကျမ်းချက်က စာတန်နှင့်နတ်ဆိုးသည် တစ်ဦးတည်းဖြစ်ကြောင်းနှင့်ဝိညာဉ်ဆိုးဖြစ်ကြောင်း ကွက်ကွက်ကွင်းကွင်း ဖော်ပြထားပါသည်။ စာတန်/နတ်ဆိုးအား ''ရှေးမာရ်နတ်တည်းဟူသောနဂါး''နှင့်ဆက်နွယ်မှုရှိသည်။ အများအားဖြင့် မြွေကြီးကို ရည်ညွှန်းထားပါသည်။ လူစီဖာ(စာတန်/နတ်ဆိုး)က ဒေင်ဥယျာဉ်ထဲတွင်ရှိသော ဧဝကို ဖြားယောင်းသွေးဆောင်ခဲ့သည်။*

**(ခ) ကမ္ဘာဦးကျမ်း ၃း၁–၅တို့ကို ဖတ်ပါ။ စာတန်သည် မြွေကြီးယောင်ဆောင်ပြီး ဧဝထံ ရောက်ရှိလာခဲ့သည့်။**

- **ဘုရားသခင်၏အမိန့်တော်ကို မှားယွင်းစွာ အသုံးချခဲ့သည် (ကမ္ဘာဦးကျမ်း ၂း၁၆–၁၇နှင့် ၃း၁ တို့ကို နှိုင်းယှဉ်ပါ)။**

ကမ္ဘာဦးကျမ်း ၂း၁၆–၁၇တွင် ဘုရားသခင်၏အမိန့်တော်– ***''ကောင်းမကောင်းကို သိကျွမ်းရာအပင်မှတစ်ပါး၊ ထိုဥယျာဉ်၌ရှိသမျှသော အပင်တို့၏အသီးကို သင်သည် စားရသောအခွင့်ရှိ၏။ ထိုအပင်၏အသီးကိုကားမစားရ။''***

ကမ္ဘာဦးကျမ်း ၃း၁ တွင် စာတန်၏မေးခွန်း– **''သင်တို့သည်ဥယျာဉ်၌ရှိသမျှသောအပင်တို့၏အသီးကိုမစားရဟု ကေန်စင်စစ်ဘုရားသခင်မိန့်တော်မူသလော''** (ဘုရားသခင်က အာဒံနှင့်ဧဝတို့အား ဥယျာဉ်ထဲတွင်ရှိသောအပင်အားလုံး၏အသီးကို မစားရန် တားမြစ်တော်မူခဲ့သည်ဟု စာတန်က ပြောကြားခဲ့သည်။ ဘုရားသခင်သည် အပင်အားလုံး၏အသီးကို မစားရန် တားမြစ်တော်မူခဲ့သည်။)

- **ဘုရားသခင်ကတိတော်မူခဲ့သည့်အတိုင်း(အခန်းငယ် ၄ကိုကြည့်ပါ) ဘုရားသခင်သည် နားမထောင်ခြင်းအပြစ်ကို ဒဏ်ခတ် တော်မူလိမ့်မည်ဟု ငြင်းပယ်ခဲ့သည်။**

**''ကေန်အမှန်သေရမည်မဟုတ်။''** (တစ်နည်းအားဖြင့်၊ ''ဘုရားသခင်က သင်တို့ကို သေစေတော်မူနိုင်မည်မဟုတ်ပါ။'')

- **ဘုရားသခင်သည်အတ္တဆန်ပြီးသဝန်တိုတတ်သောဘုရားဖြစ်တော်မူသောကြောင့် ဤအမိန့်တော်ထုတ်ပြန်ခြင်းဖြစ်သည်ဟု အကြံပြုခဲ့သည် (အခန်းငယ် ၅ ကို ကြည့်ပါ)။**

''အကြောင်းမူကား၊ ထိုအသီးကိုစားသောနေ့၌ သင်တို့သည် မျက်စိပွင့်လင်းလျက်ကောင်းမကောင်းကိုသိ၍ ဘုရားသခင်ကဲ့သို့ဖြစ်ကြလတံ့သည်ကို ဘုရားသခင်သိတော်မူသည်။'' (တစ်နည်းအားဖြင့်၊ ''ဘုရားသခင်သည် သူနှင့်တူရန်အလိုတော်မရှိသောကြောင့် သင်တို့ကို ငြိုးငြင်စွာ တားမြစ်တော်မူခြင်းဖြစ်သည်။'')

**(ဂ) မှန်သလား။ မှားသလား။ *ဘုရားသခင်သည် ဧဝအား ဘုရားသခင်၏ကောင်းမြတ်မှု၊ မိမိကတိတော်များအတိုင်းလုပ်ဆောင်မှုနှင့်သန့်ရှင်းမှုတို့ကို မယုံသင်္ကာသံသယရှိအောင် စာတန်သည် အလိုရှိခဲ့သည်။***

**(ဃ) ကမ္ဘာဦးကျမ်း ၃း၆ ကိုဖတ်ပါ။ ဘုရားသခင်တားမြစ်တော်မူခဲ့သောအပင်၏အသီးကို စားရန် မည်သည့်အချက်သုံးချက်က ဧဝကို သွေးဆောင်ဖြားယောင်း၊ စွဲဆောင်စေခဲ့သနည်း။**

*၁။ ထိုအပင်၏အသီးသည် စားလိုဖွယ်ကောင်းသည်။ သူမ၏အသွေးအသားတောင့်တမှုကို တောင်းဆိုခဲ့သည်။ သူမသည် ထိုစားလိုဖွယ်ကောင်းသောအပင်၏အသီးကို ပြည့်စမ်းလိုသဖြင့် ဘုရားသခင်၏အမိန့်တော်ကို ကျူးလွန်ပြီး မစားရဟု တားမြစ်ထားသောအပင်၏အသီးကို စားခဲ့သည်။*

*၂။ ထိုအပင်၏အသီးမှာ အလွန်စွဲလမ်းမက်မောစရာကောင်းသည်။ ၄င်းက သူမ၏မျက်စိတောင့်တမှုကို တောင်းဆိုခဲ့သည်။ ထိုကြောင့် ဤလှပသောအရာကို ရယူပိုင်ဆိုင်နိုင်ရန်အတွက် ဘုရားသခင်၏အမိန့်တော်ကို ကျူးလွန်မိပြီး မစားရဟု တားမြစ်ထားသောအပင်၏အသီးကိုယူကာ စားခဲ့ပါသည်။*

*၃။ ထိုအပင်၏အသီးသည် သူမအား လောကအရာများအားဖြင့် ဉာဏ်ရည်ဉာဏ်သွေးတိုးတက်စေမည်ဖြစ်သောကြောင့် သူမအတွက် စားချင်စရာဖြစ်စေခဲ့သည်။ ထိုကြောင့် သူမသည် ဘုရားသခင်နှင့်တူသောဉာဏ်ပညာကို ရယူလို၍ရရှိနိုင်လိမ့်မည်ဟု ယူဆကာ သူမ၏ထောင်လွှားသောမာန်မာနကြောင့် မစားရဟု ဘုရားသခင်၏အမိန့်တော်ကို ကျူးလွန်ပြီး တားမြစ်ထားသောထိုအပင်၏အသီးကိုစားခဲ့သည်။*

**(င) ဘုရားသခင်၏အမိန့်တော်ကို ကျူးလွန်ပြီး နာခံခြင်းမရှိသောလုပ်ဆောင်ချက်အားလုံးသည် အပြစ်ဖြစ်သည်။**

ဤအကြောင်းနှင့်ပတ်သက်၍ မြော်လင့်ခြင်းသမိုင်းတွင်ဖော်ပြထားသောအဖြစ်အပျက်ပထမလေးချက်တို့တွင် ''အပြစ်''စကားလုံးကို အသုံး မပြုခဲ့ပါ။(ဤအဖြစ်အပျက်အတွက် အခြားသောစကားလုံးကို အသုံးပြုခဲ့သည်)။ ယခုတွင် အပြစ်တရားအကြောင်းနှင့် သင့်တော်သော အဓိပ္ပါယ်ဖွင့်ဆိုချက်ကို မိတ်ဆက်ပေးခြင်းသည် အရေးကြီးသည်။

**အကောင်းနှင့်အဆိုးကိုသိမြင်ခြင်း–** ဤအဖြစ်အပျက်နှင့်ပတ်သက်၍မရှိမဖြစ်လိုအပ်သောအကြောင်းအရာများကို ကျောင်းသူ/သားများက နားလည်သဘောပေါက်နိုင်အောင် လိုအပ်သောအကြောင်းကြားချက်များကို အောက်ပါအတိုင်းအသုံးပြုနိုင်သည်။ အခြားမလိုအပ်သော၊ အရေးမကြီးသောအကြောင်းအရာများ တင်ပြခြင်းကို အမြဲတမ်းကြဉ်ရှောင်ပါ။

သူမသည် အတွေ့အကြုံအားဖြင့် အဆိုးကိုသိမြင်နိုင်ခဲ့သောကြောင့် ဘုရားသခင်၏အမိန့်တော်ကိုနားမထောင်လျှင် အကောင်းနှင့်အဆိုးကိုသိမြင်နိုင်ရန် ဉာဏ်မျက်စိအလင်းဖွင့်ပေးခဲ့သည်။ သို့သော် စာတန်သည် သူမအား မပြောခဲ့သောအရာမှာ သူမသည် အကောင်းနှင့်အဆိုးကို မသိလျှင် ပိုကောင်းလိမ့်မည်ဟူသောအချက်ပင် ဖြစ်သည်။ (နာမခံခြင်းအားဖြင့်)။ သူမသည် ဘုရားသခင်ဖန်ဆင်းတော်မူခဲ့သည့်အတိုင်း အပြစ်ကင်းစင်သောသူအဖြစ် ဆက်လက်ရှင်သန်လျှင် သူမအတွက် ပိုကောင်းလိမ့်မည်။

မြွေကြီးဖော်ပြခဲ့သည့်အတိုင်း ဘုရားသခင်သည် အကောင်းနှင့်အဆိုးကို သိမြင်တော်မူခဲ့သည်။ ဘုရားသခင်သိရှိတော်မူသောအဆိုးမှာ အတွေ့အကြုံအားဖြင့် မဟုတ်ပါ။ ဘုရားသခင်သည် အလွန်သန့်ရှင်းတော်မူပြီး အပြစ်ကင်းစင်တော်မူခဲ့သည်။ ဘုရားသခင်သည် မိမိစိတ်ထဲတွင် အပြစ်၊ အဆိုးကို သိမြင်တော်မူခဲ့သည်။ သို့သော် အတွေ့အကြုံအားဖြင့် မဟုတ်ပါ။ ထိုကြောင့် ဧဝသည် ဘုရားသခင်၏အမိန့်တော်ကို ချိုးဖောက်ခဲ့လျှင် ဘုရားသခင်နှင့်တူလိမ့်မည်။ (သူမသည် အပြစ်သိရှိသည်)။ သို့သော် ပို၍အရေးကြီးသောအရာတစ်ခုမှာ သူမသည် ဘုရားသခင်နှင့်ပို၍မတူခြင်း ဖြစ်သည်။ (သူမသည် အပြစ်တရားကို တွေ့ကြုံလာခဲ့သည်။ သူမသည် အလွန့်အလွန်ဆိုးသွမ်းသောသူတစ်ဦး ဖြစ်လာခဲ့သည်)။

ကျမ်းစာကို ဂဃနဏ ဖတ်၍လေ့လာလျှင် ကျမ်းစာတစ်လျှောက်လုံးတွင် လူသားများအား အဓိက နည်းလမ်းသုံးခုဖြင့် စုံစမ်းသွေးဆောင်ခြင်းခံရကြကြောင်း ဖော်ပြနိုင်ပါသည်။ (သို့သော် အချိန်ကြာမြင့်စွာအသုံးပြုလျက် မရှင်းပြပါနှင့်)။ ယခု မျိုးဆက်သစ်များတွင် သူများထက်သာလွန်ရန် စုံစမ်းသွေးဆောင်ဖြားယောင်းသောအရာများမှာ အများအားဖြင့် ကိုယ်ခန္ဓာတပ်မက်ခြင်း၊ မျက်စိတပ်မက်ခြင်းနှင့်မာန်မာနထောင်လွှားခြင်းဖြစ်ပါသည်။

**၁ယော ၂း၁၆–** ''*လောက၌ရှိသမျှသောအရာတည်းဟူသော ကိုယ်ကာယတပ်မက်ခြင်း၊ မျက်စိတပ်မက်ခြင်း၊ လောကီစည်းစိမ်ဥစ္စာဝါကြွားခြင်းတို့သည် ခမည်းတော်နှင့်မစပ်ဆိုင်၊ လောကနှင့်သာစပ်ဆိုင်ကြ၏။*''

**၆။ သေခြင်းတရား၏မူလအစ**

**ဘုရားသခင်သည် သန့်ရှင်းတော်မူပြီးဖြောင့်မတ်တော်မူသောဘုရားဖြစ်တော်မူသောကြောင့် အာဒံနှင့်ဧဝတို့သည် သူတို့၏နာမခံခြင်း ဆိုးကျိုးကို ခံစားရတော့သည်။ သူတို့သည် ဝိညာဉ်ရေးရာ၌ချက်ခြင်းသေသွားခဲ့သည်။ ကိုယ်ကာယအားဖြင့်လည်း အမှန်သေရကြသည်။**

*ကမ႓ာဦးကျမ်း ၃း၇–၁၃၊ ကမ္ဘာဦးကျမ်း ၅း၅။*

**(က) သေခြင်းတရားဟူသည်မှာ ခွဲခွါခြင်းပင် ဖြစ်သည်။ အပြစ်တရားအားဖြင့် သေခြင်းသုံးမျိုးရှိသည်။ ၄င်းတို့မှာ ဝိညာဉ်ရေးရာ သေခြင်း၊ ကိုယ်ခန္ဓာသေခြင်း၊နှင့်ထာဝရသေခြင်း တို့ဖြစ်ကြသည်။**

*''သေခြင်း''စကားလုံးကို ကျမ်းစာလေ့လာသောကျောင်းသူ/သားများအားလုံးကကြားသိသောအခါ အချက်တစ်ချက်ကို စဉ်းစားနိုင်သည်။ ဝိညာဉ်ရေးရာသေခြင်းကို ချက်ခြင်း မှတ်မိကြလိမ့်မည်။ သူတို့အား သေခြင်းသည် ခွဲခွါခြင်းဖြစ်ကြောင်းနှင့် ကျမ်းစာထဲတွင် သေခြင်းတရားသုံးမျိုးဖော်ပြထားကြောင်း ရှင်းပြခြင်းသည် အလွန်အရေးကြီးသည်။*

**(ခ) ကမ္ဘာဦးကျမ်း ၃း၇–၁၃တို့ကို ဖတ်ပါ။အောက်တွင်ဖော်ပြထားသောအာဒံနှင့်ဧဝတို့၏အပြစ်ကြောင့် ပေါ်ပေါက်လာအချက်များမှ မည်သည့်ရည်ညွှန်းချက်များကို သင်တွေ့ရပါသနည်း။**

- **ဝိညာဉ်ရေးရာသေခြင်း(ဘုရားသခင်နှင့်ခွဲခွါခြင်း)၊ ၄င်းက ——ကို ဖြစ်စေသည်။**
- **အပြစ်တရား၊ ရှက်ကြောက်ခြင်းနှင့်ကြောက်ရွံ့ခြင်းတို့သည် နက်နဲသည်။ ၄င်းက——သို့လမ်းပြခဲ့သည်။**
- **လူသားအချင်းချင်းဆက်နွယ်မှု၌ ပြဿနာပေါ်ပေါက်စေသည်။**

သူတို့သည် အဝတ်အချည်းစည်းရှိကြခြင်းကို ချက်ခြင်းသိရှိခဲ့ကြပြီး မိမိကိုယ်ခန္ဓာအားဖုံးအုပ်ရန် နည်းလမ်းရှာဖွေခဲ့ကြသည် (အခန်းငယ် ၇နှင့် ၁၁)။

ဘုရားသခင်သည် သူတို့ထံ ကြွလာတော်မူခြင်းကို မစဉ်းစားမီ သူတို့သည် အတူတူနေထိုင်သော လင်မယားများဖြစ်ကြသော်လည်း သူတို့၏ အဝတ်အချည်းစည်းရှိကြခြင်းကိုဖုံးအုပ်ရန် ကြိုးစားနေကြသည်ဟု အခန်းငယ် ၇ တွင် ဖော်ပြထားသည်။

(*မြော်လင့်ခြင်းသမိုင်းတွင်ရှိသောစာမျက်နှာ ၁၂ရှိ*) အဖြစ်အပျက်(သုံး၊က)တွင်ရှိသောအကြောင်းအရာများနှင့် ကမ္ဘာဦးကျမ်း ၂း၂၅ကို နှိုင်းယှဉ်ပါ။ သူတို့သည် ဘုရားသခင်၏အမိန့်တော်မှုမချိုးဖောက်မီ အပြစ်ကင်းစင်သောအချိန်တွင် သူတို့သည် ကလေးသူငယ်များပမာ အဝတ်အချည်းစည်းရှိနေခဲ့ကြသည်။

ဥယျာဉ်တွင် သူတို့ထံ ဘုရားသခင်ကြွလာတော်မူသောခြေသံကို ကြားသောအခါ ဘုရားသခင်ထံတော်မှ ပုန်းကွယ်ရန် ကြိုးပမ်းနေကြသည် (အခန်းငယ် ၈)။

ဘုရားသခင်သည် မိမိဖန်ဆင်းတော်မူခဲ့သောလူသားများနှင့်ဖန်ဆင်းရှင်အဖြစ် ရင်းနှီးကျွမ်းဝင်စွာ မိဿဟာယဖွဲ့ရန် ဥယျာဉ်ထဲတွင် ကြွ လာတော်မူခြင်းသည် အာဒံနှင့်ဧဝတို့၏အရေးကြီးဆုံးသောနေ့စဉ်အချိန်ဇယားအတွက် အရေးကြီးဆုံးသောအချိန်ဖြစ်သည်။ သို့သော် ဖြစ်ပျက်သောအရာတစ်ခုမှာ သူတို့သည် ယခုတွင် ကြောက်ရွံ့နေကြသည်။

သူတို့သည် အဝတ်အချည်းစည်းရှိနေကြသောကြောင့် ဘုရားသခင်ထံတော်မှ ပုန်းကွယ်ခြင်းမဟုတ်ပါ။ သို့သော် သူတို့သည် ဘုရားသခင်၏အမိန့်တော်ကို ကျူးလွန်ချိုးဖောက်ခဲ့ကြသောကြာင့် ပုန်းကွယ်နေကြခြင်းပင် ဖြစ်သည်။ ကျွန်ုပ်တို့သည်လည်း မိဘများ၊ အုပ်ထိန်းသူများနှင့်အခြားအခွင့်အာဏာရှိသူများတို့၏ အမိန့်အာဏာကို ကျူးလွန်ဖျက်ဆီးနေကြပြီး အပြစ်ပြုနေကြကြောင်းသိရှိနေကြသောအခါ သူတို့ကို အတွေ့ဝံ့ကြတော့ပါ။ သူတို့ထံမှ ထွက်ပြေးတိမ်းရှောင်နေကြသည်။

အာဒံနှင့်ဧဝတို့ကလည်း ပထမအချိန်တွင် သူတို့ကို ဖန်ဆင်းတော်မူသောဖန်ဆင်းရှင်ဘုရားသခင်ကို အဆိုးမြင်ဝါဒဖြင့် ဒဏ်ခတ်တော်မူမည်ကို စိုးရိမ်ပြီး သူတို့၏နာမခံခြင်းအပြစ်အတွက် ဘုရားသခင်ပြုတော်မူမည့်အမှုအရာကို မသိဘဲလျက် ဘုရားသခင်ကို ကြောက်ရွံ့နေကြခြင်း ဖြစ်နိုင်သည်။

ထိုနောက်၊ သူတို့သည် ဘုရားသခင်၏အမိန့်တော်ချိုးဖောက်နာမခံခြင်းအပစ်မှ လွတ်မြောက်ရန် စတင်ကြိုးစားခဲ့ကြသည်။ သူတို့သည် တစ်ယောက်နှင့်တစ်ယောက် အပြစ်လွှဲချခဲ့ကြသည်။ ဧဝက မြွေကြီးကို အပြစ်လွှဲချခဲ့သည်။ အာဒံက ဧဝနှင့်ဘုရားသခင်ကို အပြစ်လွှဲချခဲ့သည် (အခန်းငယ် ၁၂–၁၃)။

**(ဂ) ကမ္ဘာဦးကျမ်း ၅း၅ ကို ဖတ်ပါ။ အာဒံသည် သူ၏အပြစ်အတွက် မည်သည့်အခြားပစ်ဒဏ်ကို ခံခဲ့ရသနည်း။**

''အာဒံသည် အသက်နှစ်ပေါင်းကိုးရာသုံးဆယ်စေ့သော် သေလေ၏''(ကမ္ဘာဦးကျမ်း ၅း၅)။

*နာခံမှုမရှိခြင်းအပြစ်အတွက် ဘုရားသခင်ကြိုတင်မိန့်တော်မူခဲ့သော ကိုယ်ကာယဆိုင်ရာ ''သေခြင်း''ပြစ်ဒဏ်ကို ခံစားရခြင်းမှာ ဘုရားသခင်၏သန့်ရှင်းသောတရားမျှတမှုဖြစ်သည်။(သေခြင်းတရားပေါ်ပေါက်စေသည်)။ သို့သော် ဘုရားသခင်၏ကျေးဇူးတော် (မထိုက်တန်ဘဲ*

*ရရှိသောကောင်းကြီးမင်္ဂလာ)သည် အလွန် ကြီးမားသောကြောင့် အာဒံသည် ဘုရားသခင်၏အမိန့်တော် ချိုးဖောက်ခဲ့ပြီးနောက် နှစ်ပေါင်းများစွာ အသက်ရှင်ခွင့်ရရှိခဲ့သည်။*

**(ဃ) ကမ္ဘာဦးကျမ်း ၅း၈၊ ၁၁၊ ၁၄၊ ၁၇၊ ၂၀၊ ၂၇၊ နှင့် ၃၁ တို့ကို ဖတ်ပါ။**

**အခန်းငယ် ၈ – ရှေသ (အာဒံ၏သား)သေခဲ့သည်။**

**အခန်းငယ် ၁၁– နေတ် (ရှေသ၏သား)သေခဲ့သည်။**

**အခန်းငယ် ၁၄– ကာဣနန် (နေတ်၏သား)သေခဲ့သည်။**

**အခန်းငယ် ၁၇– မဟာလေလဟာ(ကာဣနန်၏သား)သေခဲ့သည်။**

**အခန်းငယ် ၂၀– ယာရက် (မဟာလေလဟာ၏သား)သေခဲ့သည်။**

**အခန်းငယ် ၂၇– မသုရှလ (နေတ်၏သား)သေခဲ့သည်။**

**အခန်းငယ် ၃၁– လာမက် (မသုရှလ၏သား)သေခဲ့သည်။**

***မှတ်ချက်။*** *။ ဤလူများသည် ဘာကြောင့်အသက်နှစ်ပေါင်းများစွာ အသက်ရှင်ခဲ့ကြပြီး ယခုတွင် နှစ်ပေါင်းများစွာ အသက်မရှင်ရသလဲဟု လူတစ်စုံတစ်ယောက်က မေးခဲ့လျှင် နှစ်များစွာကြာလာသည်နှင့်အမျှ လူမျိုးနွယ်စုတွင် အပြစ်တရားသည် ပိုမိုကြီးမားကျယ်ပြန့်လာပြီး ကြီးထွားလာသောကြောင့် ဖြစ်သည်ဟု ရှင်းပြပါ။*

*ဥပမာအားဖြင့်၊ ရောဂါဘယပိုမိုကြီးထွားလာခြင်းမှာ အာဒံနှင့်ဧဝတို့၏အပြစ်တရားကြောင့် ဖြစ်သည်။ ဤရောဂါဘယများသည် တဖြည်းဖြည်းကြီးထွား ကျယ်ပြန့်လာခဲ့သည်။ ထိုရောဂါများပိုမိုကြီးထွားလာသောကြောင့် လူ့အသက်သည်လည်း တိုတောင်းခြင်းပင်ဖြစ်သည်။*

**ထိုနောက် ရောမ ၅း၁၂ ကို ဖတ်ပါ။ ကမ္ဘာဦးကျမ်း ၃ တွင်ဖော်ပြထားသော အာဒံ၏နာမခံခြင်းအပစ်က ကျွန်ုပ်တို့အားလုံးကို မည်သည့်နည်းလမ်းနှစ်လမ်းဖြင့် ဖျက်ဆီးခဲ့သနည်း။**

***၁။ အာဒံ၏အပြစ်တရားသည် ကျွန်ုပ်တို့အပေါ်၊ သူမှဆင်းသက်လာသောလူသားအားလုံးအပေါ် လက်ဆင့်ကမ်းသက်ရောက်လျက်ရှိသည်။ ကျွန်ုပ်တို့အားလုံးသည် အပြစ်တရားကို အမွေဆက်ခံလာခဲ့ကြသည်။***

***၂။ ကျွန်ုပ်တို့အားလုံးသည် အပြစ်ပြုခဲ့ကြသောကြောင့် အပြစ်တရား၏သေခြင်းပြစ်ဒဏ်(ဝိညာဉ်ရေးရာ၊ ကာယရေးရာနှင့် ထာဝရ) သည် လူသားအားလုံး(အာဒံနှင့်ဧဝတို့မှဆင်းသက်လာသောလူသားအားလုံး)က တွေ့ကြုံရင်ဆိုင်လာကြတော့သည်။***

*သင်ခန်းစာနောက်ပိုင်းတွင် ထာဝရသေခြင်းကို ဆွေးနွေးကြမည်ဖြစ်သောကြောင့် ယခုတွင် ထိုအရာကို အဆွေးနွေးဘဲ ထိုအကြောင်းကိုဖော်ပြပေးသောသင်ခန်းစာရောက်သောအချိန်၌သာဆွေးနွေးရကြမည် ဖြစ်သည်)။*

## ၇။ စာတန်ကိုအောင်မြင်သူကတိပြုခြင်း

**စာတန်သည် အာဒံနှင့်ဧဝတို့အား ဘုရားသခင်၏အမိန့်တော်ချိုးဖောက်ရန် ဖြားယောင်သွေးဆောင်သဖြင့် တစ်နေ့ဧဝ၏သားသမီးများက စာတန်အပေါ်အောင်မြင်လိမ့်မည်ဟု ဘုရားသခင်ကတိပြုတော်မူခဲ့သည်။**

*ကမ္ဘာဦးကျမ်း ၃း၁၄–၁၅။*

### (က) ကမ္ဘာဦးကျမ်း ၃း၁၄ ကိုဖတ်ပါ။ ဘုရားသခင်က မြွေတိရစ္ဆာန်အား မည်သည့်အရာသို့ ပြောင်းလဲစေတော်မူခဲ့သနည်း။

*ဤသမိုင်းအဖြစ်အပျက်ကိုဖတ်ရှုသောအခါ စာတန်သည် မြွေအဖြစ်ပုံဆောင်သလား၊ သို့မဟုတ် မြွေ၏ကိုယ်ခန္ဓာထဲသို့ဝင်သွားခဲ့သလား၊ ဟု ကျွန်ုပ်တို့စဉ်းစားနိုင်ကြသည်။ ဒေင်ဥယျာဉ်ထဲတွင် ဘုရားသခင်သည် မြွေအားမြေမှုန့်စားရန်နှင့်ဝမ်းဖြင့်သွားရန် ကျိန်ဆဲတော်မူသဖြင့် စာတန်သည် မြွေ၏ကိုယ်ခန္ဓာထဲသို့ဝင်သွားသည်ဟု ယူဆနိုင်ပါသည်။ ဤနေရာတွင် ''မြွေ–တိရစ္ဆာန်''ဟူသောစကားလုံးကို အသုံးပြုခြင်းသည် စာတန်နှင့်တိရစ္ဆာန်(မြွေ)အကြားကွဲပြားမှု၊ စာတန်သည် ဤဆိုးသွမ်းသောအမှုကိုပြုလုပ်ရန် မြွေထဲသို့ဝင်သွားသည်ဟု ယူဆနိုင်ပါသည်။*

ထိုအဖြစ်အပျက်မတိုင်မီ မြွေသည် ခြေထောက်များရှိကာ လမ်းလျှောက်နိုင်သော လှပပြီး ချစ်မက်ဖွယ်ကောင်းသောတိရစ္ဆာန်ဖြစ်နိုင်သည်ဟု ကျမ်းတတ်ပုဂ္ဂိုလ်များစွာတို့က ယူဆကြသည်။ ဤအခန်းကြီး၏အခန်းငယ်တစ်တွင် မြွေများသည် ဘုရားသခင်ဖန်ဆင်းတော်မူသောတိရစ္ဆာန်များမှ အပါးနပ်ဆုံး၊ အလိမ္မာဆုံးသောတိရစ္ဆာန်ဖြစ်သည်ဟု သိရသည်။ ဘုရားသခင်က မြွေကို ကျိန်ဆိုတော်မူခဲ့သဖြင့် ၎င်း၏အရည်အချင်းကို လျော့နည်းဆုံးရှုံးသွားခဲ့သည်။ (သူမှစ၍နောက်နောင်ဖြစ်လာသောမြွေများအပါအဝင်)။ မြွေသည် မြေပေါ်တွင် ဝမ်းဗိုက်ဖြင့်နှိမ့်ချစွာသွားသော နှိမ့်ကျသောတိရစ္ဆာန်တစ်ကောင်ဖြစ်လာခဲ့သည်။

### (ခ) ကမ္ဘာဦးကျမ်း ၃း၁၅ကို ဖတ်ပါ။

*အခန်းငယ် ၁၄ ထဲတွင် ဖော်ပြထားသော ''မြွေကြီး''သည် မြွေ–တိရစ္ဆာန်ပင်ဖြစ်သည်။ ယခုမြင်တွေ့နေရသောမြွေဖြစ်သည်။ သို့သော် အခန်းငယ် ၁၅ တွင် ပြောင်းလဲမှုတစ်ခုကို တွေ့ရပါသည်။ ဤကျမ်းပိုဒ်ထဲတွင် ''မြွေ''ဟု ဘုရားသခင်မိန့်တော်မူသောအခါ စာတန်၊ ဘုရားသခင်၏အကြီးဆုံးသောရန်သူ၊ မြွေ၏ကိုယ်ခန္ဓာထဲသို့ဝင်သွားသောသူကို မိန့်တော်မူခြင်းဖြစ်သည်ဟု ကျမ်းတတ်ပုဂ္ဂိုလ် အချို့က အများအားဖြင့် ယူဆကြသည်။ အခန်းငယ် ၁၅ ကို လေ့လာဖတ်ရှုသောအခါ ဤအကြောင်းကို စိတ်ထဲတွင် မြဲမြံစွာမှတ်ထားပါ။*

**အနက်ဖွင့်ဆိုချက်တစ်ခုကို ရွေးချယ်ပါ။**

**ဘုရားသခင်သည် လူသားနှင့်မြွေများအကြား ရန်လိုစိတ်၊ ရန်ငြိုးစိတ်ကို တည်ထောင်မှုခြင်းသာ ဖြစ်သည်။**

**မဟုတ်ပါ။ ဤနေရာတွင် ဖြစ်ပျက်သောအရာထက် ပို၍အရေးပါသောအရာတစ်ခုရှိသည်။**

*''ရန်လိုစိတ်''ဟူသည်မှာ အချင်းချင်းမုန်းတီးမှု၊ ရန်ငြိုးဖွဲ့မှုပင် ဖြစ်သည်။ လူများစွာတို့က ''မြွေများကိုမုန်းသည်''ဟုပြောကြားခြင်းမှန်ကန်သကဲ့သို့ မြွေများသည်လည်း လူများကို မုန်းတီးခြင်းသည်လည်း အမှန်ပင် ဖြစ်သည်။ လူများက လူများကို ကိုက်ကြသောအခါ လူများကို မုန်းတီးကြသော ကြောင့်မဟုတ်ဘဲ အများအားဖြင့် ကြောက်ရွံ့ပြီး မိမိကိုယ်ကို ကာကွယ်လိုသောကြောင့်သာ ဖြစ်သည်။ ကြောက်စိတ်သည် လူများနှင့်မြွေများအကြား အချင်းချင်းဆက်နွယ်မှုတွင် အပြန်အလှန်ပိုင်ဆိုင်သောအရာတစ်ခုပင် ဖြစ်သည်။*

ဤကျမ်းပိုဒ်ကိုအနက်ဖွင့်ဆိုရာတွင် ရှောင်ကြဉ်ရမည့်အချက်များမှာ–

၁။ ဤအချက်ကိုအချိန်များစွာယူ၍အသေးစိတ်ဖော်ပြခြင်းမပြုပါနှင့်။

၂။ ဤကျမ်းပိုဒ်သည် ပရောဖက်ဆိုင်ရာအရေးကြီးသော ကျမ်းပိုဒ်တစ်ပိုဒ်ဖြစ်ကြောင်း အနက်ဖွင့်ဆိုပါ။ ထိုအကြောင်းကြားချက်များကို နောက်လေ့လာမည့်သင်ခန်းစာထဲတွင် ဖော်ပြထားပါသည်။

***ဤကျမ်းပိုဒ်အား သင့်တော်မှန်ကန်စွာ လေ့လာနိုင်အောင် အောက်ပါအတိုင်း စဉ်းစားသင့်ပါသည်။***

- *အာဒံနှင့်ဧဝတို့၏အမျိုးအနွယ်(လူသားများ)နှင့်စာတန်၏အမျိုးအနွယ်များအကြားရန်လိုမှု၊ ရန်ငြိုးဖွဲ့မှုများ ရပ်တန့်ကုန်ဆုံးသောအချိန်ရှိလာပါလိမ့်မည်။*

- *ဤနေရာတွင်ဖော်ပြထားသော မြွေ၏အမျိုးအနွယ် ''မျိုးစေ့''မှာ မြွေ–တိရစ္ဆာန်၏အမျိုးအနွယ်(မြွေများ)မဟုတ်ဘဲ စာတန်အုပ်စိုးသော ကောင်းကင်တမန်များ(''နတ်ဆိုးများ'')၊ ဘုရားသခင်ကိုဆန့်ကျင်ပြီး လူစီဖာနောက်သို့လိုက်သောနတ်ဆိုးများ(အဖြစ်အပျက်လေးထဲတွင်လေ့လာပါလိမ့်မည်)ကို ဆိုလိုသည်ဟု ကျမ်းတတ်ပုဂ္ဂိုလ်များစွာတို့က ယုံကြည်ကြသည်။*

- *လူတစ်ယောက်သည် ကျမ်းစာကိုလေ့လာသောအခါ လူသားများနှင့်စာတန်ထိန်းချုပ်သောဝိညာဉ်ဆိုးများ အကြိတ်အနယ်တိုက်ခိုက်မှုကို ဤကျမ်းပိုဒ်က ရှင်းပြထားပါသည်။*

- *မြွေ–စာတန်၏ဦးခေါင်းကို ''ကြိတ်''(အချို့ဘာသာပြန်ခြင်းတွင် ''ထုချေ''ဟုဘာသာပြန်ထားသည်)မည့်သူတစ်ဦးသည် ဧဝ၏အမျိုးအနွယ်မှဆင်းသက်လာလိမ့်မည်ဟု ဤကျမ်းပိုဒ်က ဖော်ပြထားသည်။*

**(ဂ) မိန်းမ၏အမျိုးအနွယ်မှာ– (အောက်တွင်ဖော်ပြထားသောအချက်များမှန်သလား၊ မှားသလား စစ်ဆေးပါ)။**

**လူသားအားလုံးကို ကိုယ်စားပြုသောအမျိုးအနွယ်ဖြစ်သည်။**

*အခန်းငယ် ၁၅ရှိနောက်ဆုံးစကားစုများအရ အာဒံနှင့်ဧဝတို့မှ စာတန်အပေါ်အောင်မြင်သောသူတစ်ဦးပေါ်ပေါက်လာလိမ့်မည်ဟု ကျမ်းစာဘာသာပြန်ဆိုခြင်းအများစုတွင် ယူဆကြသည်။*

**မြွေ၏ကိုယ်ခန္ဓာတွင်အရေးကြီးဆုံးသောအစိတ်အပိုင်းကို ဖျက်ဆီးခြင်း ဖြစ်သည်။**

*ဦးခေါင်းသည် တိရစ္ဆာန်များ၏ကိုယ်ခန္ဓာတွင်အဓိကကျဆုံးသောအစိတ်အပိုင်းဖြစ်သည်။ ထို့ကြောင့် တိုက်ပွဲတွင် ပါဝင်ဆင်နွှဲသောသူများအတွက် သံခမောက်သည် အကောင်းဆုံးသောအကာအရံတစ်ခုဖြစ်လာသည်။ ထို့ကြောင့် ဘုရားသခင်သည် တစ်နေ့သောအခါ စာတန်၏ဦးခေါင်းကို ကြိတ်(ကြေမွအောင်ထုချေခြင်း)လိမ့်မည်ဟုမိန့်တော်မူသောအခါ စာတန်သည် ရှုံးနိမ့်လိမ့်မည်ဟု ကြွေးကြော်တော်မူခြင်း ဖြစ်သည်။*

**ခြေဖဝါးကိုက်ခြင်းသည် အနည်းငယ်သောဒဏ်ရာရခြင်းသာ ဖြစ်သည်။**

*လူတစ်ယောက်အပေါ်စာတန်သည် ခြေဖဝါးကြိတ်ခြင်းအားဖြင့် အောင်မြင်မှုရရှိခြင်းသည် ဒဏ်ရာတစ်ခုသာဖြစ်သည်။ ခြေဖဝါးသည် ခေတ္တခဏသာမျှအတွင်းသာ နာကျင်သော၊ သက်တောင့်သက်သာမဟုတ်သောအရာတစ်ခုသာ ဖြစ်သည်။ ဦးခေါင်းကြေမွအောင်ထုချေခြင်းထက်ခြေဖဝါးအနည်းငယ်ဒဏ်ရာရခြင်းသည် ပိုပြီး သက်သာပါသည်။*

**(ဃ) စိတ်ထဲတွင် မှတ်ထားရမည့်အချက်မှာ– ဤပုဂ္ဂိုလ်သည် မိန်းမ၏အမျိုးအနွယ်ဖြစ်သည်။ ယောကျ်ား၏အမျိုးအနွယ်ဖြစ်လိမ့်မည်ဟု ဖော်ပြထားခြင်းမရှိပါ။**

*အများအားဖြင့် ကျမ်းစာက လူသားများမျိုးပွားခြင်း၊ အမျိုးအနွယ်များအတွက် ''မျိုးစေ့''ဟူသောစကားလုံးကိုအသုံးပြုသောအခါ ယောကျ်ားတစ်ဦးကို ရည်ညွှန်းရန်အတွက် အသုံးပြုခြင်းဖြစ်သည်။ ဤနေရာတွင် အာဒံ (သို့မဟုတ် ''ယောကျ်ား'')ကို ဖော်ပြထားခြင်းမရှိခြင်းသည် ထူးဆန်းလှပါသည်။ ဘုရားသခင်က မိန်းမ၏အမျိုးအနွယ် (ရင်သွေး)ဟု မိန့်တော်မူခဲ့သည်။*

***မှတ်ချက်။ ။*** *ဤအချက်ကိုဆွေးနွေးတိုင်ပင်ရာတွင် အချိန်များစွာ အသုံးမပြုပါနှင့်။ အဓိကအချက်ကိုသာ ရည်ညွှန်းပြီး ဆက်လက်သင်ကြားလိုက်ပါ။ ကျမ်းချက်ကိုသာသင်ကြားပေး၍ ၎င်း၏လျှို့ဝှက်နက်နဲမှုကို မဖော်ထုတ်တော့ဘဲ ကျမ်းချက်ဖော်ပြသည့်အတိုင်း ခံယူကာသင်ကြားပေးလိုက်ပါ။*

**ထပ်မံဖြည့်စွက်ထားသောအကြောင်းအရာ**

**မိန်းမ၏အမျိုးအနွယ် –** မူရင်း(ဟေဗြဲဘာသာစကား)ဘာသာစကားတွင် ဤကျမ်းပိုဒ်၌ ''မျိုးစေ့''ဟု ဘာသာပြန်ရာတွင် အစုပြနာမ် (အမျိုးအနွယ်အဖွဲ့)နှင့် နာမ်စား ''၎င်း''ကို အသုံးပြုလျက် ဘာသာပြန်ဆိုထားပါသည်။ ''သူ''ဟု ဘာသာပြန်ဆိုခြင်းမရှိပါ။ (ကြတ္တိလိင်) သို့သော် ဤကျမ်းပိုဒ်အား သဘာဝကျစွာဘာသာပြန်ဆိုသောအခါ ခရစ်ယာန်များ၏ယဉ်ကျေးမှုဓလေ့ထုံးစံအတိုင်းအနက်ဖွင့်ဆိုတတ်ကြသည်။

ဤကျမ်းချက်နှင့်ပတ်သက်၍ပြည့်စုံစွာဆွေးနွေးနိုင်ရန်အတွက် Dr. David Brooks ရေးထားသော ဓမ္မဟောင်းကျမ်းသမိုင်းကျမ်းစာလေ့လာမှုသင်ခန်းစာရှိ ''အာဒံနှင့်ဧဝတို့ကျဆင်းခြင်း''ကို ဖတ်လေ့လာဖတ်ရှုပါ။ (ထိုစာအုပ်အား ABWE's စင်တာမှ အပြည်ပြည်ဆိုင်ရာ သာသနာလုပ်ငန်းများအတွက် အထူးထုတ်ဝေထားခြင်း ဖြစ်သည်)။

ဆက်သွယ်ရန် info@GoodSoil.com

**၈။ အဝတ်အစားများပြင်ဆင်ပေးခြင်း**

**အာဒံနှင့်ဧဝတို့သည် သူတို့၏အပြစ်နှင့်အရှက်ကိုဖုံးအုပ်ရန်အတွက် သင်္ဘောသဖန်းရွက်များကို ချုပ်ထေးခဲ့ကြပြီးနောက် ဘုရားသခင်က ထိုသစ်ရွက်များအစား တိရစ္ဆာန်အရေခွံများမှ အဝတ်အစားကို ပြုလုပ်ပေးတော်မူခဲ့သည်။**

*ကမ္ဘာဦးကျမ်း ၃း၇၊၂၁*

**(က) ကမ္ဘာဦးကျမ်း ၃း၇ကိုဖတ်ပြီးနောက် ကမ္ဘာဦးကျမ်း ၃း၂၁ ကိုဖတ်ပါ။**

*အာဒံနှင့်ဧဝတို့သည် အပြစ်ပြုခဲ့ကြပြီး သူတို့သည် အဝတ်အချည်းစည်းရှိကြခြင်းကို သိရှိခဲ့ကြပြီးနောက် အဝတ်အစားနှစ်မျိုးနှစ်စားဖြင့် ဖုံးအုပ်ထားခဲ့ကြသည်ကို ကျောင်းသူ/သားများသိရှိနားလည်သဘောပေါက်နိုင်အောင် သင်ကြားပေးလိုက်ပါ။ ယခု ထိုဝတ်လုံနှစ်မျိုးနှစ်စားကို ကြည့်ကြပါစို့။ ထိုဝတ်လုံနှစ်မျိုးတို့၏ ခြားနားမှု၊ မတူညီမှုကို ဆွေးနွေးနိုင်ပါသည်။*

**(ခ) အခန်းငယ် ၇တွင် အာဒံနှင့်ဧဝတို့ဝတ်ဆင်ထားသောအဝတ်အစားပြုလုပ်ပုံနှင့် အခန်းငယ် ၂၁ တွင် သူတို့ဝတ်ဆင်ထားသောအဝတ်အစားတို့၏ခြားနားချက်နှစ်ချက်ကို ကြည့်ပါ။ စဉ်းစားရန်– မည်သူက သူတို့၏အဝတ်အစားများကို ပြုလုပ်ပေးခဲ့သနည်း။ သူတို့သည် မည်သည့်အဝတ်အစားများကို အသုံးပြုခဲ့ကြသနည်း။**

*၁။ သူတို့(အာဒံနှင့်ဧဝ)တို့သည် သူတို့၏မရှိမဖြစ်လိုအပ်သောအဝတ်အစားများကိုပြုလုပ်ခဲ့ကြသည်(အခန်းငယ် ၇)။*

*ဘုရားသခင်သည် အခန်းငယ် ၂၁ တွင် ဝတ်လုံများကို ပြင်ဆင်ပေးတော်မူခဲ့သည်။*

*၂။ အာဒံနှင့်ဧဝတို့ချုပ်ထေးထားသော သင်္ဘောသဖန်းရွက် အဝတ်အစားများဖြစ်သည်။ ဤအဝတ်အစားများသည် တခဏအတွင်း ခြောက်သွေ့ပျက်စီးနိုင်သည်။ ယာယီအတွက်သာ ဖြစ်သည်။ ဘုရားသခင်သည် သားရေဖြင့် အဝတ်အစားများကို ပြင်ဆင်ပေးတော်မူခဲ့သည်။ ထိုအဝတ်အစားများသည် ခိုင်ခံ့ပြီး ကြာရှည်ခံသည်။*

**(ဂ) မှန်သလား။ မှားသလား။ *အပြစ်တရားကြောင့် အာဒံနှင့်ဧဝတို့သည် အပြစ်ကင်းမဲ့ခြင်းအခြေအနေဆုံးရှုံးမှုကို ကြာရှည်စွာဆက်လက်တည်တံ့ခဲ့သည်။***

*အာဒံနှင့်ဧဝတို့သည် ဘုရားသခင်ကို ဆန့်ကျင်သောအပြစ်ကျူးလွန်ခဲ့ကြပြီးနောက် သူတို့ကိုယ်တိုင်အဝတ်အစားပြုလုပ်ပေးရန် ဘုရားသခင်သည် ပစ်စလက်ခတ်ထားတော်မမူခဲ့ပါ။ အပြစ်ကင်းစင်ခြင်းဆုံးရှုံးမှုသည် သူတို့အား အသက်ရှင်နေသရွေ့ဆက်လက်တည်တံ့လိမ့်မည်ဟု ဘုရားသခင်သိတော်မူခဲ့သည်။*

**(ဃ) မှားသလား။ မှားသလား။ *အာဒံနှင့်ဧဝတို့အပြစ်က ဤအဝတ်အစားများပြင်ဆင်ပေးနိုင်အောင် အပြစ်မရှိသော တိရစ္ဆာန်တစ်ကောင် (သို့) နှစ်ကောင်သတ်ရန် လိုအပ်လာသည်။***

*ဘုရားသခင်သည် အာဒံနှင့်ဧဝတို့အတွက် အဝတ်အစားများပြင်ဆင်ပေးတော်မူရန် တိရစ္ဆာန်တစ်ကောင်(သို့)နှစ်ကောင်းသတ်တော်မူခဲ့သည်ဟု တိကျဂနစွာ ဖော်ပြထားခြင်းမရှိပါ။ ဘုရားသခင်သည် တိရစ္ဆာန်များကို ဖန်ဆင်းတော်မူခဲ့သည့်အတိုင်း တိရစ္ဆာန်အရေခွံကိုလည်း ဖန်ဆင်းတော်မူနိုင်သည်။ သို့သော် ''သက်သေအထောက်အထား''မရှိပါ။*

*သို့သော် ဤအဖြစ်တွင် တိရစ္ဆာန်များသည်အသေခံကြကြောင်း ယုံကြည်ရန် ကောင်းသောယူဆချက်အချို့ရှိသည်။*

*၁။ အာဒံနှင့်ဧဝတို့သည် အဝတ်အစားများလိုအပ်ခြင်းအကြောင်းရင်းမှာ သူတို့၏အပြစ်ကြောင့် ဖြစ်သည်။ အပြစ်ကင်းစင်သောအခြေအနေဆုံးရှုံးသွားခြင်းသည်လည်း အပြစ်တရား၏အခပင် ဖြစ်သည်။*

*၂။ ဘုရားသခင်သည် မိမိအမိန့်တော်၊ ပညတ်တော်ကို နာမခံချိုးဖောက်သောအပြစ်ဒဏ်မှာ သေခြင်းဖြစ်သည်ဟု မိန့်တော်မူခဲ့သည်။*

*၃။ အပြစ်ကင်းမဲ့သောတိရစ္ဆာန်များသတ်ခြင်းသည် အာဒံနှင့်ဧဝတို့၏အပြစ်တရားသည် အခြားဘုရားသခင်ဖန်ဆင်းတော်မူသောအရာများကို ဆိုးကျိုးဖြစ်ထွန်းစေကြောင်းသိရှိအောင် ဤသင်ခန်းစာ၏အဓိက သွန်သင်သောအချက်ပင် ဖြစ်သည်။*

*အပြစ်မရှိသောတိရစ္ဆာန်များသည် အာဒံနှင့်ဧဝတို့၏မှားယွင်းသောရွေးချယ်မှုကြောင့် သတ်ဖြတ်ခြင်းခံရကာ အသွေးသွန်းလောင်းခြင်းမြင်တွေ့ခြင်းသည် သူတို့အတွက် မည်မျှဝမ်းနည်းလွမ်းဆွတ်ဖွယ်ကောင်းသောအဖြစ်အပျက်ဖြစ်သည်ကို သင်စဉ်းစားနိုင်သလား။ သူတို့ကျူးလွန်ခဲ့သောအပြစ်မှပေါ်ပေါက်သောဆိုးကျိုးဖြစ်သည့်အပြစ်တရားနှင့်ရှက်ကြောက်ခြင်းကို သူတို့အတွက်အသေခံသော အပြစ်ကင်းစင်သောတိရစ္ဆာန်များ၏အရေခွံက ဖုံးအုပ်ထားပါသည်။*

**၅၊ ၆၊ ၇၊ ၈ အဖြစ်အပျက်များတွင် ဘုရားသခင်အား မည်ကဲ့သို့ ပုံဆောင်ထားသနည်း။** *(စာမျက်နှာ ၁၄–၁၅)။*

**လိုအပ်ပါက အဖြစ်အပျက် ၁– ''ထာဝရအသက်''(မြော်လင့်ခြင်းသမိုင်း၏ စာမျက်နှာ ၁၂ ရှိထိပ်ပိုင်း) အချက် ဃ၊၌ရှိသော ညွှန်ကြားချက်များကို ကျောင်းသူ/သားများနှင့်အတူပြန်လည်လေ့လာပါ။**

ကျောင်းသူ/သားများသည် ကျမ်းစာကို ဖတ်ရှုလေ့လာနေကြသည့်အတိုင်း ဘုရားသခင်၏အကြောင်း၊ သူသည် မည်သူဖြစ်တော်မူသည်ကိုလည်းကောင်း၊ မည်သည့်အရာများပြုလုပ်တော်မူခဲ့သည်ကိုလည်းကောင်း၊ မည်သည့်အရာများပြုလုပ်တော်မူသည်ကိုလည်းကောင်း၊ သူတို့က သိရှိနိုင်အောင် ''အောက်တွင်ရှိသောစာမျက်နှာနှစ်မျက်နှာ''ရှိရွေးချယ်မှုများပေးအပ်ခြင်းဖြစ်ကြောင်း သတိထားပါ။

**၉။ ဒေင်ဥယျာဉ်မှနှင်ထုတ်ခြင်း**

**အာဒံနှင့်ဧဝတို့သည် ဘုရားသခင်၏စကားတော်ကိုနာခံမှုမရှိ၊ ချိုးဖောက်ကျူးလွန်ခဲ့ကြသောကြောင့် ဘုရားသခင်ပေးအပ်တော်မူသော ဒေင်ဥယျာဉ်ထဲတွင် ဆက်လက်နေထိုင်ခွင့်မရကြတော့ပါ။ ဘုရားသခင်က သူတို့အား ဒေင်ဥယျာဉ်မှနှင်ထုတ်တော်မူခဲ့သည်။**

*(ကမ္ဘာဦးကျမ်း ၃း၂၂-၂၄)။*

**(က) ကမ္ဘာဦးကျမ်း ၃း၂၂တွင်ပထမဖော်ပြချက်ကို ဖတ်ပါ။**

*ထာဝရအရှင်ဘုရားသခင်ကလည်း၊ လူသည် ငါတို့တွင် တပါးပါးကဲ့သို့ဖြစ်၍ ကောင်းမကောင်းသိတတ်၏။''*

***မှတ်ချက်။ ။** ဤဖော်ပြချက်သည် <u>အဖြစ်အပျက်ငါးခုရှိထပ်မံဖြည့်စွက်ထားသောအကြောင်းအရာ</u> တွင်ဖော်ပြထားသောအရာများကို ပြန်လည်လေ့လာခြင်း ဖြစ်သည်။ ထိုအကြောင်းအရာကို ပြန်ဖတ်ပါ။*

*ဤသင်ခန်းစာသည် အဖြစ်အပျက် ၅ကို ''ပြန်လည်သင်ကြားခြင်း''ဖြစ်နိုင်သော်လည်း ကျောင်းသူ/သားများအား စွဲလမ်းမှတ်မိစေရန် ပြန်လည်သင်ကြားခြင်းဖြစ်သောကြောင့် အလွန်အရေးကြီးသည်။ အဖြစ်အပျက် ၅ တွင် ရွေးချယ်စရာအကြောင်းကြားချက်များကိုသာ တင်ပြထားသည်။ ထို့ကြောင့် ကျောင်းသူ/သားများသည် အဖြစ်အပျက် ၅ သင်ကြားသောအခါ အပြည့်အစုံနားမလည်ဘဲဖြစ်နိုင်သည။*

**မှန်သလား။ မှားသလား။ *အာဒံနှင့်ဧဝတို့သည် တားမြစ်ထားသောအပင်၏အသီးကို စားခဲ့ကြသောကြောင့် ယခုတွင် အဆိုးကို ကိုယ်တွေ့သိရှိလာခဲ့ကြတော့သည်။***

*အာဒံနှင့်ဧဝတို့သည် မစားရဟုတားမြစ်ထားသောအပင်၏အသီးကိုမစားမီ ''အကောင်း''ကိုပဲ သိခဲ့ကြသည်။ သူတို့သည် စိတ်အားဖြင့် ဖြစ်စေ၊ လုပ်ဆောင်ခြင်းအားဖြင့်ဖြစ်စေ ''အဆိုး''ကို မသိကြပါ။*

*သို့သော် သူတို့သည် ဘုရားသခင်၏အမိန့်တော်ကို ချိုးဖောက်ခဲ့ကြပြီးနောက် သူတို့သည်အကောင်းကို လက်တွေ့အားဖြင့်ဖြစ်စေ၊ စိတ်ထဲ၌ဖြစ်စေ သိရှိခဲ့ကြပြီးအဆိုးနှစ်မျိုးကိုလည်း သိရှိခဲ့ကြသည်။ လက်တွေ့သင်ယူရသောဉာဏ်ပညာနှင့်စိတ်အားဖြင့်သင်ယူရသော သင်ယူရမည့်ဉာဏ်ပညာစသောအဆိုးနှင့်ပတ်သက်သောဉာဏ်ပညာနှစ်မျိုးကို သိရှိခဲ့ကြသည်။*

**ထိုဉာဏ်ပညာသည် အဆိုးနှင့်ပတ်သက်၍ဘုရားသခင်၏ဉာဏ်ပညာတော်နှင့်မည်ကဲ့သို့ ကွဲပြားခြားနားသနည်း။**

ဘုရားသခင်သည် အဆိုးကို လုံးဝသိတော်မမူခဲ့ပါ။ ကိုယ်တော်သည် လုံးဝသန့်ရှင်းတော်မူပြီးအပြစ်ကင်းစင်တော်မူခဲ့သည်။ သို့သော် အရာခပ်သိမ်းကိုသိရှိတော်မူသောဘုရားသခင်သည် အရားအားလုံးကို သိတော်မူသည်။

**(ခ) ကမ္ဘာဦးကျမ်းအခန်းကြီး၃ရှိ အခန်းငယ် ၂၂ဒုတိယတစ်ဝက် မှ ၃း၂၄အထိ ဖတ်ပါ။**

**အချက် ၁- အခန်းငယ် ၂၃-၂၄က ဘုရားသခင်သည် အာဒံနှင့်ဧဝတို့အား ဒေင်ဥယျာဉ်မှနှင်ထုတ်တော်မူခဲ့သည်ဟု ဖော်ပြထားသည်။**

*အာဒံ၏လုပ်ငန်းတာဝန်မပြောင်းလဲသော်လည်း သူနေထိုင်သောနေရာသည် ပြောင်းလဲသွားခဲ့သည်ကို မှတ်ထားပါ။*

**အချက် ၂ - အခန်းငယန် ၂ ဒုတိယပိုင်းတွင် သူတို့အား ဘုရားသခင်နှင်ထုတ်တော်မူခြင်း၏အကြောင်းရင်းကို ဖော်ပြထားပါသည်။**

*အခန်းငယ် ၂၂ ဒုတိယအပိုင်းကို ဖတ်ပါ။ ထိုနောက် နောက်အချက်ကိုကြည့်ပါ။ (အောက်တွင်ဖော်ပြထားသော ''ဂ'')။ အခန်းငယ် ၂၂(ခ)တွင် ထိုအကြောင်းကို ဖော်ပြထားပါသည်။*

**(ဂ) အာဒံနှင့်ဧဝတို့အား ဒေင်ဥယျာဉ်မှနှင်ထုတ်ခြင်းနှင့်ပတ်သက်၍မေးခွန်းများမှာ-**

**ဤလုပ်ဆောင်မှုသည် ဘုရားသခင်၏တရားစီရင်တော်မူခြင်းဖြစ်သလား။** ဟုတ်ပါသည်။

**ဖြေရှင်းချက်-** အာဒံနှင့်ဧဝတို့သည် အပြစ်ကျူးလွန်ခဲ့ကြသောကြောင့် ဘုရားသခင်က သူတို့ကို ဒေင်ဥယျာဉ်မှ နှင်ထုတ်တော်မူခဲ့သည်ဟု ကျမ်းစာဖော်ပြချက်မရှိပါ။ သို့သော် ဒေင်ဥယျာဉ်မှနှင်ထုတ်ခြင်းအကြောင်းမှာ အပြစ်တရား၏ကွင်းဆက်ကြောင့်သာ ဖြစ်သည်။ ကောင်းကြီးဆုံးရှုံးမှုပင် ဖြစ်သည်။ ဘုရားသခင်သည် အပြစ်တရား၏ကွင်းဆက်ကြောင့် ဒဏ်ခတ်ရမည် ဖြစ်သည်။ ထို့ကြောင့် ဘုရား သခင်သည် အာဒံနှင့်ဧဝတို့အား ဥယျာဉ်တော်မှနှင်ထုတ်တော်မူခြင်းအားဖြင့် သူတို့ကို ဒဏ်ခတ်တော်မူခဲ့သည်။

**ဤလုပ်ဆောင်မှုသည် ဘုရားသခင်၏မြင့်မြတ်သောလုပ်ဆောင်မှုတစ်ချို့ဖြစ်သလား။** ဟုတ်ပါသည်။

**ဖြေရှင်းချက်-** *အခန်းငယ် ၂၂ ဒုတိယအပိုင်းကို ပြန်ဖတ်ပါ။ ''အသက်ပင်၏အသီးကို ယူ၍မစားသင့်''*

**ဘုရားသခင်သည် အာဒံနှင့်ဧဝတို့အား ဒေင်ဥယျာဉ်မှနှင်ထုတ်ရခြင်းအတွက် အဓိကအကြောင်းရင်းမှာ သူတို့အပေါ်**

**မြင့်မြတ်သော ကောင်းချီးမင်္ဂလာပင် ဖြစ်သည်။**

*၁။ ဒေဝဉယျာဉ်တွင် ''မစားအပ်သောအပင်''နှစ်မျိုးမှာ အကောင်းနှင့်အဆိုးကိုသိမြင်နိုင်သောအပင်နှင့်အသက်ပင်ဖြစ်သည်ကို မှတ်ထားပါ။*

*၂။ အသက်ပင်အကြောင်းကို များစွာ ဖော်ပြထားခြင်းမရှိပါ။ သို့သော် အခန်းငယ် ၂၂ တွင် အာဒံနှင့်ဧဝတို့သည် အသက်ပင်၏ အသီးကိုထိပြီးစားခဲ့လျှင် ထာဝရအသက်ရှင်ရကြတော့မည်ဟု ဖော်ပြထားပါသည်။*

*၃။ ထိုသို့ဖြစ်ခြင်းသည် အဘယ်ကြောင့် ဆိုးရွားသနည်း။ သူတို့သည် အပြစ်သားအဖြစ်ထာဝရအသက်ရှင်ပြီး ကိုယ်ပင်ပန်း၊ စိတ်ပင်ပန်းလျက်အသက်ရှင်ရကြမည်ဖြစ်သောကြောင့် အလွန်ဆိုးရွားခြင်းပင် ဖြစ်သည်။*

*၄။ အာဒံနှင့်ဧဝတို့သည် အပြစ်သားများအဖြစ် ထိုအသက်ပင်၏အသီးကို မတို့ထိရလေအောင် သူတို့၏ထာဝရအကျိုးအတွက် ဘုရားသခင်သည် သူတို့ကို ဒေဝဉယျာဉ်မှ နှင်ထုတ်တော်မူခြင်း ဖြစ်သည်။*

*၅။ အာဒံနှင့်ဧဝတို့ကြုံတွေ့ရမည့်သေခြင်းတရားသည် အလွန်ထိတ်လန့်ကြောက်စရာကောင်းသောကျိန်ခြင်းဖြစ်သော်လည်း သူတို့ သည်အပြစ်သားဘဝဖြင့် ထာဝရအသက်ရှင်ခြင်းထက် သေလျှင် ပိုကောင်းပါသည်။*

*၆။ ထိုသို့သောအမြင်ဖြင့် ဤအခန်းကြီး၏အခန်းငယ် ၂၄ (၃း၂၄)ကို ယခုဖတ်ပါ။*

*၇။ နောက်ပိုင်းတွင် **မြော်လင့်ခြင်းသမိုင်း**ကို လေးနက်စွာသိရှိသောအခါ လူသားများ၏စစ်မှန်သော မြော်လင့်ခြင်းမှာ သချိုင်းတစ် ဘက်ကမ်း–သေခြင်းတစ်ဖက်ကမ်းတွင်ရှိသည်ဟု သိရကြလိမ့်မည်။*

## ၁၀။ ကြီးမားသောရေလွှမ်းမိုးခြင်း

**နှစ်ပေါင်းကြာလာသည့်နှင့်အမျှ လူမျိုးနွယ်စုများသည် တိုးတက်ကြီးထွားလာပြီး အပြစ်တရားသည်လည်း ပိုမိုကြီးထွားလာသောကြောင့် ဘုရားသခင်သည် ကမ္ဘာနှင့်၎င်း၏မိုတင်းနေထိုင်သောနေရာကို ကြီးမားသောရေလွှမ်းစေတော်မူခြင်းအားဖြင့် ဆေးကြောတော်မူခဲ့သည်။ သို့သော် ဘုရားသခင်ကိုကြောက်ရွံ့ရိုသေသောနောနှင့်သူ၏မိသားစုသည် လွှတ်မြောက်ခြင်းအခွင့်ရရှိခဲ့ကြသည်။**

*ကမ္ဘာဦးကျမ်း ၆း၅–၈း၂၂*

### (က) ကမ္ဘာဦးကျမ်း ၆း၅–၇နှင့်၁၁–၁၂ တို့ကို ဖတ်ပါ။

**ဘုရားသခင်သည် ဆိုးသွမ်းသောရေထုကြီးစေလွှတ်ရန် မည်သည့်အရာက နှိုးဆော်ခဲ့သနည်း။**

မိသားစုတစ်စုကလွဲပြီး လူမျိုးနွယ်စုအားလုံးသည် သူတို့၏ဖန်ဆင်းရှင်ဘုရားသခင်ထံတော်ကို ကျောခိုင်းပြီး နောက်သို့ပြန်လှည့်ခဲ့ကြလျက် သူတို့၏ဆိုးသွမ်းသောလိုအင်ဆန္ဒအတိုင်းလုပ်ဆောင်ကျင့်သုံးခဲ့ကြသည်။

သို့သော် သန့်ရှင်းပြီးအပြစ်ကိုမုန်းတီးတော်မူသောဘုရားသခင်သည် ဤလုပ်ဆောင်ချက်များနှင့်အသက်တာများကြောင့် အလွန်အမင်းအမျက်ထွက်တော်မူခဲ့သည်။

ဘုရားသခင်သည် လူသားအားလုံးကို ဖန်ဆင်းတော်မူသောဖန်ဆင်းရှင်ဖြစ်တော်မူသည့်အတိုင်း သူသည် ဆိုးသွမ်းသောအပြုအမူနှင့်ရက်စက်ကြမ်းကြုတ်သောလုပ်ဆောင်ချက်များကို တားဆီးပြီး ထိုလုပ်ဆောင်မှုတွင်ပါဝင်သောသူများကို ဒဏ်ခတ်တော်မူမည်ဖြစ်သည်။

ဘုရားသခင်သည် ဖြောင့်မတ်ပြီးမိမိဖန်ဆင်းတော်မူခဲ့သောအရာများကို တရားစီရင်မည့်တရားတော်မူသောတရားသူကြီးဖြစ်တော်မူသည်နှင့်အလျောက် ကိုယ်တော်သည် မှန်ကန်ပြီးတရားမျှတသောအရာကို လုပ်ဆောင်တော်မူခဲ့သည်။ လူများသည် ဘုရားသခင်ကို တော်လှန်ခဲ့ကြပြီး ကိုယ်တော်၏ပညတ်တော်များကိုချိုးဖောက်ခဲ့ကြသည်။ ထိုကြောင့် ဘုရားသခင်သည် နှစ်ပေါင်းများစွာ စောင့်ကြည့်တော်မူပြီးနောက် ဤဆိုးသွမ်းသောမျိုးဆက်များကို တရားစီရင်တော်မူပြီး ဒဏ်ခတ်တော်မူခြင်းဖြစ်သည်။

**ရေလွှမ်းမိုးခြင်းဖြစ်သောပြဿနာမသည် မည်မျှကြီးမားကာ ကြောက်စရာကောင်းသနည်း။**

*အကြီးအကျယ်ဖြစ်ပျက်သောအခြေနေ၊ အဓိကအကြောင်းအရာများကို ဖော်ပြထားသော စကားလုံးများ(သို့)စကားစုများကို ကျောင်းသူ/သားများအသုံးပြုသောကျမ်းစာအုပ်ထဲတွင် ဝိုင်းရန် (သို့) မျဉ်းသားရန် ခိုင်းနိုင်သည်။ သို့မဟုတ် ထိုအဓိကအကြောင်းအရာများကို ဖော်ပြပေးသောစကားလုံး(သို့)စကားစုများကို လက်ညှိုးထိုးပြရန် ခိုင်းနိုင်သည်။ ဤနေရာတွင် တိကျမှန်ကန်သောတုန့်ပြန်မှုအချို့တို့ကို ဖော်ပြထားပါသည်။*

**''ကမ္ဘာပေါ်တွင် လူသားများ၏ဆိုးသွမ်းမှုသည် မည်မျှကြီးမားသနည်း။''**

**''လူတစ်ဦး၏နှလုံးသားထဲတွင်ရှိသောစဉ်းစားတွေးခေါ်မှုများအားလုံးသည် တစ်ချိန်လုံး အဆိုးပဲဖြစ်သည်။'' ''ကမ္ဘာကြီးသည် ယို ယွင်းပျက်ဆီးခဲ့သည်။''**

**''ကမ္ဘာပေါ်တွင် ရက်စက်ကြမ်းကြုတ်မှုများနှင့်ပြည့်ဝနေသည်။''**

**''ကမ္ဘာပေါ်တွင် ရှိသောလူသားအားလုံး၏နေထိုင်မှု၊ အပြောအဆို၊ အကျင့်အကြံနှင့်စဉ်းစားတွေးခေါ်များအားလုံးပျက်ဆီးခဲ့သည်''**

### (ခ) ကမ္ဘာဦးကျမ်း ၆း၈–၁၀နှင့်ရး၁ တို့ကို ဖတ်ပါ။

**နောသည် မိမိခေတ်ကာလတွင်နေထိုင်သောအခြားသူများနှင့် မည်ကဲ့သို့ ခြားနားခဲ့သနည်း။**

နောသည် ''ဖြောင့်မတ်''သောသူ ဖြစ်သည်။ သူသည် မှန်ကန်သောအရာကို လုပ်ဆောင်ရန် ကြိုးပမ်းအားထုတ်ခဲ့ခြင်းကို ဆိုလိုသည်။

သူသည် ''သူအချိန်တွင်အသက်ရှင်သောလူများနှင့်မတူဘဲ အပြစ်ကင်းမဲ့''ခဲ့သည်။ သူသည် ပြည့်စုံသောသူဖြစ်သည်ဟု မဆိုလိုပါ။ သူသည် အမှားပြုမိသောအခါ သူပြုခဲ့သောအမှားအတွက် တာဝန်ယူရန် ကြိုးစားခဲ့ပြီး ထိုအမှားကို ပြန်လည်ပြုပြင်ခဲ့ခြင်းကို ဆိုလိုသည်။

**''နောသည် ဘုရားသခင်နှင့်အတူသွားလာသည်''ဟူသောစကား၏အဓိပ္ပါယ်ကို သင်မည်ကဲ့သို့ယူဆသနည်း။**

ဘုရားသခင်သည် လူသားများအားအသက်ရှင်ရန် အလိုတော်ရှိတော်မူသည့်အတိုင်း နောသည် အသက်ရှင်ရန် ကြိုးစားခဲ့သည်။ သူသည် ဘုရားသခင်နှင့်နီးနီးကပ်ကပ်၊ ရင်းနှီးကျွမ်းဝင်စွာအသက်ရှင်ခဲ့သည်။ ဆုတောင်းခြင်းအားဖြင့် ဘုရားသခင်နှင့်ပုံမှန် စကားပြောခဲ့သည်။

**(ဂ) ကမ္ဘာဦးကျမ်း ၆း၅– ၈း၂၂တို့ကို ဖတ်ပါ။ ရေလွှမ်းမိုးခြင်းသမိုင်းကို စဉ်းစားသောခါ မည်သည့်နေရာများတွင် ရေလွှမ်းမိုးခဲ့သနည်း။**

**တစ်နေရာတွင်သာ ရေလွှမ်းမိုးခြင်း ဖြစ်သည်။**

**တစ်ကမ္ဘာလုံးတွင် ရေလွှမ်းမိုးခြင်း ဖြစ်သည်။**

*ဤ* ***မြော်လင့်ခြင်းသမိုင်း****စာအုပ်ထဲတွင် ကြီးမားသောရေလွှမ်းခြင်းနှင့်ပတ်သက်၍ နေရာဒေသတစ်ခု၌သာ ရေလွှမ်းမိုးခြင်း (သို့) တစ်ကမ္ဘာလုံးတွင်ရေလွှမ်းမိုးခြင်းခံယူချက်ကို အဓိကထားဖော်ပြထားခြင်းမရှိပါ။ ထိုရေလွှမ်းမိုးခြင်းသည် တစ်ကမ္ဘာလုံးရေလွှမ်းမိုးခြင်းဖြစ်ကြောင်း သက်သေအထောက်အထားရှိပါသည်။ သို့သော် ကျမ်းတတ်ပုဂ္ဂိုလ်အချို့တို့သည် ထိုအချိန်တွင် လူမျိုးကြီးတစ်ခုနေထိုင်ခဲ့ကြသော ချိုင့်ဝှမ်းတစ်ခု၌သာ ရေလွှမ်းမိုးခြင်းဖြစ်သည်ဟု အနက်ဖွင့်ဆိုခြင်းကို နားလည်ရန် အရေးကြီးပါသည်။*

*ဤမတူညီသောခံယူချက်နှစ်ခုကို ''ရေငုံနှုတ်ပိတ်''အဖြစ်မချန်လှပ်ထားသင့်ပါ။ ကျောင်းသူ/သားများ စိတ်ဝင်စားမှုရှိခဲ့လျှင် ကော်လံနှစ်ခုပါသောစာရွက်ကိုပေး၍ သူတို့ခံယူချက်ကို ရေးသားစေနိုင်ပါသည်။*

| ***နေရာဒေသတစ်ခုတည်းရေလွှမ်းမိုးခြင်း*** | ***တစ်ကမ္ဘာလုံးရေလွှမ်းမိုးခြင်း*** |
|---|---|
| ______________________________ | ______________________________ |
| ______________________________ | ______________________________ |

*ကျောင်းသူ/သားများအား ကမ္ဘာဦးကျမ်း ၆–၈ ကို ဖတ်ကြားစေပါ။ ထိုကျမ်းချက်ထဲတွင် ရေလွှမ်းမိုးခြင်းသည် နေရာဒေသတစ်ခုတည်း၌ရေလွှမ်းမိုးခြင်းဖြစ်ကြောင်း ဖော်ပြထားသောအကြောင်းအရာများကိုသော်လည်းကောင်း၊ တစ်ကမ္ဘာလုံးရေလွှမ်းမိုးခြင်းဖြစ်ကြောင်း သက်သေပြထားသောအကြောင်းအရာများကိုသော်လည်းကောင်း မှတ်စုယူစေပါ။*

**(ဃ) ကမ္ဘာဦးကျမ်း ၆း၁၅ကိုဖတ်ပါ။ သင်္ဘောကြီးသည် မည်မျှ ကြီးမားသနည်း။**

သင်္ဘောသည် အလျား ကုဗ ၃၀၀ (ပေ ၄၅၀ သို့မဟုတ် မီတာ ၁၃၈)၊ အနံ ကုဗ ၅၀ (ပေ ၇၅ သို့မဟုတ် မီတာ ၂၃)နှင့် အမြင့်ကုဗ ၃၀ (ပေ ၄၅ သို့မဟုတ် မီတာ ၁၃.၅)ရှိပါသည်။ ပစ္စည်းတန်ချိန် ကုဗပေ ၁၄၀၀၀၀၀ (ကုဗမီတာ ၄၀၀၀၀) ဝင်ဆံ့နိုင်သည်။ ကုန်တင်ကားကြီး ၅၃၃ နှင့်ညီမျှနိုင်သည်။

*ကျောင်းသူ/သားများသည် နောတည်ဆောက်ထားခဲ့သော သင်္ဘောထဲသို့ဝင်ရောက်သောတိရစ္ဆာန်များဝင်ဆံ့နိုင်မည်လားဟု သံသယရှိလျှင် ဤအကြောင်းကြားချက်သည် အလွန်အသုံးဝင်နိုင်သည်။ သင်္ဘောကြီးထဲတွင် တိရစ္ဆာန် ''အမျိုးအစား''အားလုံးမှ တစ်ကောင် သို့မဟုတ် ခုနစ်ကောင်များကိုသာ ခေါ်ဆောင်သွတ်သွင်းခြင်းဖြစ်ကြောင်းနှင့် ထို ''အမျိုးအစား''သည် ''ပိုးကောင်များ'' ထက်ပို၍ကြီးမားကြောင်းပြောပြနိုင်သည်။ ထို့ပြင် အချို့(သို့မဟုတ် အားလုံး)တို့သည် အရွယ်မရောက်ကြသေးသော တိရစ္ဆာန်များ၊ နို့ဆိုသောတိရစ္ဆာန်များဖြစ်ကြကြောင်းကိုလည်း ရှင်းပြနိုင်ပါသည်။*

**(င) ဤသမိုင်းမှ သင်ယူရရှိနိုင်သော သင်ခန်းစာများမှာ–**

- **ဘုရားသခင်အကြောင်းလော။**

  ဘုရားသခင်သည် သန့်ရှင်းတော်မူ၏။ ကိုယ်တော်သည် လူသားများ၏အပြစ်ကို ဒဏ်ခတ်တော်မူလိမ့်မည်။

  ဘုရားသခင်သည် မိမိလုပ်ဆောင်မှုတွင် တရားသောအမှုကိုသာလုပ်ဆောင်သည်။

  ဘုရားသခင်သည် စိတ်ရှည်ပြီးကျေးဇူးကြီးမားတော်မူသောကြောင့် ချက်ခြင်းတရားစီရင်တော်မူခြင်းမပြုဘဲ အချိန်စောင့်ဆိုင်းတော်မူခဲ့သည်။

  ဘုရားသခင်သည် ပျက်စီးခြင်းမှကယ်နှုတ်တော်မူသောဘုရားဖြစ်သည်။ ကိုယ်တော်သည် နောထံရေလွှမ်းမိုးလိမ့်မည်ဟု သတိပေးတော်မူသောဘုရား၊သင်္ဘောကြီးတည်ဆောက်ရန် နောအားလမ်းညွှန်တော်မူသောဘုရား၊ ရေလွှမ်းမိုးခြင်းအစပြုသော အချိန်တွင် သင်္ဘောကြီးတံခါးကို ပိတ်တော်မူသောဘုရားဖြစ်သည်။

- **လူသားများအကြောင်းလော။**

လူသားအားလုံးတို့သည် အပြစ်သားများဖြစ်ကြပြီး ဆိုးသွမ်းသောအပြုအမူအားလုံးကို လုပ်ဆောင်ရန် ဆန္ဒရှိနေကြသည်။ သူတို့သည် ဘုရားသခင်နှင့် ကိုယ်တော်၏ပညတ်တော်များကို ပုန်ကန်ထကြွသောစိတ်ဓါတ်ရှိကြသည်။ သူတို့သည် ဘုရားသခင်သတိပေးတော်မူသော တရားစီရင်ခြင်းနှင့် အပြစ်ခွင့်လွှတ်ခြင်းအတွက် ကိုယ်တော်ပြင်ဆင်ပေးတော်မူသောအမှုနှင့်ကောင်းချီးမင်္ဂလာများကို တစ်ခါတစ်ရံ ငြင်းဆိုတတ်ကြသည်။ သို့သော် နော၏အသက်တာတွင်တွေ့ရှိရသည့်အတိုင်း သူတို့သည် ဘုရားသခင်ကိုချစ်ရန်နှင့် အစေတော်ခံရန်အတွက် (ဘုရားသခင်၏ကူညီတော်မူခြင်းအားဖြင့်) ရွေးချယ်နိုင်သောအရည်အချင်းရှိပါသည်။

## (၁၁) အာဗြဟံ၏ကတိတော်များ

**ရေလွှမ်းမိုးပြီးနှစ်ပေါင်းများစွာ ကြာညောင်းခဲ့ပြီးနောက် ဘုရားသခင်သည် အာဗြဟံအားလူသားအားလုံး၏ဖခင်ကြီးဖြစ်လာရန် နှင့် သူ့အားဖြင့်ကမ္ဘာပေါ်တွင်ရှိနေကြသောလူသားအားလုံးသည် အထူးသဖြင့် ဝိညာဉ်ရေးရာကောင်းချီးမင်္ဂလာများရရှိခံစား ရန်အတွက် ရွေးကောက်တော်မူခဲ့သည်။**

*ကမ္ဘာ ၁၁း၃၁–၁၂း၇*

*''အာဗြံ''နှင့် ''အာဗြဟံ''နာမည်အကြားကွာခြားချက်ကို ရှင်းပြခြင်းအားဖြင့် ကျောင်းသူ/သားများ၏စိတ်ရှုပ်ထွေးမှုများမရှိစေရန် ကူညီ ပေးနိုင်ပါသည်။ ဘုရားသခင်သည် သူ့အား ''အာဗြံ''ဟု မှည့်ခေါ်ခဲ့သော်လည်း နောက်ပိုင်းတွင် ''အာဗြဟံ''ဟူသော နာမည်ဖြင့် ပြောင်းကာမှည့်ခေါ်လိုက်ခြင်း ဖြစ်သည်။*

### (က) ကမ္ဘာဦးကျမ်း ၁၁း၃၁–၃၂ကိုဖတ်ပြီး စာမျက်နှာ ၈နှင့်၉မြေပုံတွင်ရှိသော ဥရ၊ ခါရန်နှင့်ခါနာန်တို့နယ်မြေများကို နေရာချထားပါ။

*၁။ တေရ (အာဗြဟံ၏ဖခင်)သည်ဤလမ်းကြောင်းလိုက်လျှောက်ခဲ့ရခြင်းအကြောင်းကို ရှင်းပြပါ။ အစိမ်းရောင်ဖြင့်မှတ်သားထားသော နေရာဒေသများမှာ ထွန်ယက်စိုက်ပျိုးရန်ကောင်းသောမြေဆီလွှာများဖြစ်သည်။ တေရသည် ချမ်းသာကြွယ်ဝပြီး သိုး၊ နွား၊ တိရစ္ဆာန် များစွာကို ပိုင်ဆိုင်သောသူတစ်ဦး ဖြစ်သည်။ အာရပ်ပြည်သဲကန္တာရသည် မြေဆီလွှာညံ့ဖျင်းပြီး တိရစ္ဆာန်များအတွက် အစာ၊ရေရှားပါး သောနေရာဒေသဖြစ်သောကြောင့် ထိုနေရာတွင် အခြေချနေထိုင်ရန် မသင့်တော်တော့ပါ။ ထိုကြောင့် တေရသည် ထိုနေရာဒေသများ ကို ဖြတ်ကျော်ခဲ့ရခြင်း ဖြစ်သည်။ ထွန်ယက်စိုက်ပျိုးရန်ကောင်းသောမြေဆီလွှာရှိသောနေရာဒေသသည် စိမ်းလန်းစိုပြည်သောဒေသ၊ အစာရေကြွယ်ဝပေါများသောဒေသဖြစ်သောကြောင့် တေရ၏ မိသားစု၊ ကျွန်များနှင့်တိရစ္ဆာန်များအတွက် လိုအပ်သော အစားအစာနှင့် သောက်သုံးရေများကို ထောက်ပံ့နိုင်ခြင်း ဖြစ်သည်။*

***မှတ်ချက်။*** ***။*** *ခါရန်မြို့သည် ဥရမြို့မှ မိုင်ပေါင်း ၆၀၀ ခန့်ကွာဝေးသည်။*

*ဤမြေပုံရှိ စာမျက်နှာ ၈–၉တို့အား ယခုလက်ရှိမြေပုံများနှင့်နှိုင်းယှဉ်ကာ လေ့လာရန် ကောင်းသောနေရာဒေသဖြစ်သည်။ ယခုထို ထွန်ယက်စိုက်ပျိုးရန်ကောင်းမွန်သောနေရာဒေသများတည်ရှိရာ နိုင်ငံများကို ညွှန်ပြပါ။*

*၂။ ဥရမြို့နှင့်ခါရန်မြို့များသည် လဘုရား၊ ရုပ်တုဘုရားများကိုကိုးကွယ်သောမြို့များအဖြစ် ထင်ရှားလျက်ရှိသည်။ အာဗြဟံ၏ဖခင်ကြီး၊ တေရသည် သေဆုံးသည့်အထိ လဘုရားကိုးကွယ်သူဖြစ်သည်။ ထိုကြောင့် ဘုရားသခင်သည် အာဗြဟံအား ရုပ်တုဆင်းတုကိုးကွယ် သော သူ၏ဖခင်ကြီးသေဆုံးသည့်အချိန်အထိ ခါနာန်ပြည်သို့ပြောင်းရွှေ့နေထိုင်ရန် ခွင့်ပြုတော်မမူခြင်းပင် ဖြစ်သည်။*

### (ခ) ကမ္ဘာဦးကျမ်း ၁၂း၁–၃ကိုဖတ်ပါ။

**အခန်းငယ် ၃ ၏နောက်ဆုံးပိုင်းတွင်ဖော်ပြထားသော ကတိတော်ကို စွဲစွဲမြဲမြဲမှတ်မိခြင်းသည် အလွန်ကောင်းပေသည်။ အာဗြဟံအားဖြင့် လောကတွင်ရှိသောသူအားလုံးကောင်းချီးမင်္ဂလာခံစားရကြမည်ဟူသောကတိတော်အား ကျမ်းစာတွင် ကြိမ် ဖန်များစွာ ထပ်ခါတလဲလဲ ဖော်ပြထားပါသည်။ ထိုကြောင့် ထိုကတိတော်သည် အလွန်ကောင်းမြတ်ကြောင်း သိသာထင်ရှား လျက်ရှိသည်။ ဤကတိတော်မြတ်ကို မည်သည့်အမြင်ဖြင့် နားလည်ရမည်နည်း။ ဤမေးခွန်းကိုဖြေကြားနိုင်ရန်အတွက် မြော်လင့်ခြင်းသမိုင်း ထဲတွင်ဖော်ပြထားသောအကြောင်းအရာများကို ကြည့်ရှုလေ့လာရမည် ဖြစ်သည်။**

*ဤကတိတော်နှင့်ပတ်သက်၍သင်သိရှိသောအချက်အလက်များအားလုံးကို ရှင်းပြခြင်းမပြုပါနှင့်။ ထိုကတိတော်များသည် နောက် သင်ခန်းစာများတွင် ပြန်လည်သင်ကြားသောအခါ ကျောင်းသူ/သားများနားလည်သဘောပေါက်နိုင်အောင် ဖော်ပြပေးပြီး လိုအပ်သော အချက်အလက်များကိုသာ အထူးပြုသင်ကြားပေးပါ။*

### (ဂ) ကမ္ဘာဦးကျမ်း ၁၂း၄–၇ကိုဖတ်ပါ။ အခန်းငယ် ၇ တွင် ဘုရားသခင်သည် အာဗြဟံအား မည်သည့်ကတိတော်ကို ထပ် မံပေးအပ်တော်မူခဲ့သနည်း။

အခန်းငယ် ၇ တွင် ဘုရားသခင်သည်အာဗြံအား ကတိတော်တစ်ခုပေးအပ်တော်မူခဲ့သည်။ ''သင့်အမျိုးအနွယ်များအား ဤနယ်မြေ ဒေသ၊ ခါနာန်ကို ပေးလိမ့်မည်။''သို့သော် ပြဿနာတစ်ခုပေါ်ပေါက်လာခဲ့သည်။ ထိုနယ်မြေများတွင် အခြားအမျိုးဖြစ်သော ခါနာန်လူမျိုးများ ကျက်စားနေထိုင်ခဲ့ကြပြီး ဖြစ်သည်။ ထိုသူတို့သည် မည်သို့မည်ပုံဖြင့် ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်ကို နောက်ပိုင်းတွင် ကျွန်ုပ်တို့ လေ့လာသိရှိကြရမည် ဖြစ်သည်။

**၁၂။ ကုလားအုတ်ဖြင့်ယဇ်ပူဇော်ခြင်း**

**ဘုရားသခင်သည် အာဗြဟံအား ဝိညာဉ်ရေးရာကောင်းကြီးမင်္ဂလာရောက်လာမည့်သားဖြစ်သောဣဇာက်ဖြင့်ယဇ်ပူဇော်ခြင်းပြုရန် မိန့်တော်မူခဲ့သည်။ သို့သော် နောက်ဆုံးပိုင်းတွင် ဘုရားသခင်သည် ဣဇာက်ကိုအစားထိုးရန် ယဇ်ကောင်ကိုပြင်ဆင်ပေးတော်မူခဲ့သည်။**

*ကမ္ဘာ ၂၂း၁–၁၈*

**(က) ကမ္ဘာဦးကျမ်း ၂၂း၁–၁၄ကိုဖတ်ပါ။ မေးရမည့်မေးခွန်းနှစ်ခုရှိသည်။ ၎င်းတို့မှာ–**

- ဘုရားသခင်သည်အဘယ်ကြောင့်အာဗြဟံအားမိမိသားဖြင့် ယဇ်ပူဇော်ရန် မိန့်တော်မူခဲ့သနည်း။
- အာဗြဟံသည် အဘယ်ကြောင့် ဤကဲ့သို့သောမဖြစ်နိုင်သောလမ်းညွှန်ချက်ကို နာခံခဲ့သနည်း။

**(ခ) ဘုရားသခင်လုပ်ဆောင်နိုင်တော်မူသောအရာအပေါ် အာဗြဟံ၏ယုံကြည်မှုနှင့် သူ့အတွက် ဘုရားသခင်လုပ်ဆောင်မှုအပေါ် မူတည်သည်။**

*ကျမ်းစာကို ကိုယ်တိုင်ကိုယ်ကျမလေ့လာသောသူတစ်ဦးအတွက် ဤအဖြစ်အပျက်သည် ကမောက်ကမ၊ သဘာဝမကျသောအရာနှင့် ဘုရားသခင်သည် ချစ်ခြင်းမေတ္တာနှင့်ကင်းမဲ့သောဘုရား၊ အတ္တဆန်သောဘုရားဖြစ်သည်ဟု ယူဆနိုင်ပါသည်။ ထိုအကြောင်းအရာကို သေချာဂရုစွာ ပြန်လည်လေ့လာလျှင် ထိုသို့တောင်းဆိုမှုသည် ပို၍လေးနက်သောအကြောင်းတရားရှိကြောင်း ကျောင်းသူ/သားများ ထံရှင်းပြပါ။ ဘုရားသခင်သည် ထိုသို့ မိန့်တော်မမူမီ အချိန်များစွာကတည်းက ဖြစ်ပျက်မည့်အရာများကို သိတော်မူခဲ့သည်။*

- **အခန်းငယ် ၅ ကိုကြည့်ပါ။**

*မေးခွန်း– ''အခန်းငယ် ၅ ထဲတွင် အာဗြဟံသည် သူ၏အစေခံများအားစကားပြောသောအခါ မည်သူနှင့်သူတို့ထံ ပြန်လှည့်လာလိမ့်မည်ဟု မှာထားခဲ့သနည်း။''*

*မှတ်ချက်– ''ငါသည် သားနှင့်အတူ ထိုအရပ်သို့သွား၍—– သင်တို့ဆီသို့ပြန်လည်ဦးမည်''ဟုပြောခဲ့သည်။*

**ဟေဗြဲ ၁၁း၁၇–၁၉တို့ကို ဆက်ဖတ်ပါ။**

*ကမ္ဘာဦးကျမ်း ၂၂ ၌ပေါ်ပေါက်သောအဖြစ်အပျက်၏ နှစ်ပေါင်း ၂၀၀၀ခန့်တွင် ကျမ်းစာအုပ်၏နောက်ဆုံးပိုင်းဖြစ်သော ဟေဗြဲသြဝါဒစာကိုရေးသားခြင်းဖြစ်ကြောင်းရှင်းပြပါ။ ထိုကျမ်းပိုဒ်များထဲတွင် အာဗြဟံသည် သူ့သားဖြင့် ယဇ်ပူဇော်ခြင်းပြုရန် ယဇ်ပလ္လင်ပေါ်တွင် တင်ထားသောအခါ သူ၏စိတ်ထဲတွင် တွေးတောဆင်ခြင်းသောအရာများကို ဖော်ပြထားပါသည်။*

**ဘုရားသခင်လုပ်ဆောင်နိုင်တော်မူသောအရာနှင့်ပတ်သက်၍အာဗြဟံသည် မည်သည့်အရာကို ယုံကြည်ခဲ့သနည်း။**

ဣဇာက်သည် ပလ္လင်ပေါ်တွင် သေခဲ့ရလျှင်လည်း ဘုရားသခင်သည် သူ့အား သေခြင်းမှရှင်ပြန်ထမြောက်စေနိုင်တော်မူသည်ဟု ဘုရားသခင်၏တန်ခိုးတော်ကို အာဗြဟံက ယုံကြည်ခဲ့သည်။

- **ကမ္ဘာ ၂၂း၇–၁၄တို့ကို ကြည့်ပါ။ အာဗြဟံ၏ယုံကြည်မှုသည် မှန်ကန်ကြောင်းဤနေရာတွင် မည်ကဲ့သို့ ထင်ရှားခဲ့သနည်း။**

ဘုရားသခင်သည် ဣဇာက်ဖြင့် ယဇ်ပူဇော်ခြင်းကို ရပ်တန့်စေတော်မူ၍ သူ့ကိုယ်စားအသေခံရန် သိုးထီးတစ်ကောင်ကို ပြင်ဆင်ပေးတော်မူခဲ့သည်။

*ကျမ်းစာထဲတွင် လူသားများကိုယ်စားအပြစ်ကင်းစင်သောတိရစ္ဆာန်အသေခံခြင်းခံယူချက်သည် ဖြစ်သင့်ဖြစ်ထိုက်သောခံယူချက်နှင့် အရေးကြီးသောခံယူချက်ဖြစ်ကြောင်း ရှင်းပြပါ။ ထိုအကြောင်းအရာနှင့်ပတ်သက်၍ နောက်သင်ခန်းစာများတွင် ဆက်လက်လေ့လာမည်ဖြစ်ကြောင်း ပြောလိုက်ပါ။*

**(ဂ) ကမ္ဘာ ၂၂း၁၅–၁၈တို့ကို ဖတ်ပါ။**

**အခန်းငယ် ၁၈ တွင် မည်သည့်ကတိတော်ကို တွေ့ရှိနိုင်သနည်း။**

အာဗြဟံ၏မျိုးဆက်တစ်ဦးအားဖြင့် ကမ္ဘာပေါ်တွင်ရှိနေကြသောလူသားအားလုံးသည် ကောင်းချီးခံစားရကြလိမ့်မည်ဟု ဘုရားသခင် ကတိပြုတော်မူခဲ့သည်။

**ကမ္ဘာဦးကျမ်း ၁၂း၃ထဲတွင် ဖော်ပြထားသောအကြောင်းအရာ၏ အနည်းငယ်ထူးခြားမှုမှာ မည်သည့်အရာဖြစ်သနည်း။ အရိပ်အမြွက်– ''သင့်အားဖြင့်—–''နှင့် ''သင့်၏အမျိုးအားဖြင့်—–''တို့ကို နှိုင်းယှဉ်ပါ။**

ကမ္ဘာ ၁၂း၃တွင် သင်(အာဗြဟံ)အားဖြင့် ကမ္ဘာပေါ်တွင်ရှိသောလူသားအားလုံးသည် ကောင်းချီးခံစားရကြလိမ့်မည်ဟု ဘုရားသခင်

သည် အာဗြဟံထံမိန့်တော်မူခဲ့သည်။ သို့သော် ကမ္ဘာ ၂၂း၁၈တွင် ဖော်ပြထားသောကတိတော်ထဲတွင်မူ လူသားအားလုံးအပေါ်ရောက်ရှိလာသောကောင်းချီးမင်္ဂလာသည် သူ(အာဗြဟံ)ကိုယ်တိုင်၊ သူ၏ကိုယ်ပိုင်အသက်တာအားဖြင့်ရောက်ရှိလာမည်မဟုတ်ကြောင်း ဘုရားသခင်မိန့်တော်မူခဲ့သည်။ အထူးကောင်းချီးမင်္ဂလာသည် သူ၏ဆွေးစဉ်မျိုးဆက် သို့မဟုတ် ထိုဆွေစဉ်မျိုးဆက်မှ တစ်စုံတစ်ယောက်အားဖြင့် ရောက်ရှိလာလိမ့်မည်။

*ဆွေးနွေးရန်– ဤအထူးကောင်းချီးမင်္ဂလာသည် မည်သည့်အရာဖြစ်ကြောင်းကို လည်းကောင်း၊ မည်ကဲ့သို့အမှန်အကန်ပေါ်ပေါက်လာမည်ကို လည်းကောင်း အာဗြဟံသည် သိချင်သောစိတ်တဖွားဖွားရှိခဲ့လိမ့်မည်ဟု သင်ယူဆပါသလား။*

**(ဃ) နောက်ပိုင်းတွင် ဣဇာက်သည် ယာကုပ်(ဘုရားသခင်သည် သူ့အား ''ဣသရေလ''ဟု မှည့်ခေါ်တော်မူခဲ့သည်) သားယောကျ်ားတစ်ဦးရရှိခဲ့သည်။ ယာကုပ်သည် သားဆယ်နှစ်ယောက်ရှိခဲ့သည်။**

*ဣဇာက်၏အသက်တာ၊ ယာကုပ်မွေးဖွားခြင်းနှင့်အသက်တာများကို ဖော်ပြထားသောကျမ်းချက်များအားလုံးကို ဖတ်ကြားရန်အတွက် အချိန်မရှိသဖြင့် ဣဇာက်၏အသက်တာအဆုံးပိုင်းနှင့် ''လူသားအားလုံးအပေါ် အထူးကောင်းချီး''ရောက်ရှိလာမည့်ဣဇာက်၏ချစ်မြတ်နိုးသောသားမှာ ယာကုပ်ဖြစ်လာနိုင်ခြင်းအကြောင်းကို လိုရင်းတိုရှင်းဖြင့် ရှင်းပြပါ။ နောက်ပိုင်းတွင် ဘုရားသခင်သည် သူ၏နှလုံးသားပြောင်းလဲတော်မူခဲ့သည်။ သူ့နာမည် ''ယာကုပ်''(လိမ်ညာသူ (သို့)လှည့်ဖြားသူ) မှ ''ဣသရေလ'' (ဘုရားသခင်၏ကောင်းချီးမင်္ဂလာခံစားရန် 'ဘုရားသခင်နှင့်လုံးထွေးသောသူ')အဖြစ်သို့ ဘုရားသခင်က မှည့်ခေါ်တော်မူခဲ့သည်။*

**ဣသရေလသည်သေလုဆဲဆဲဖြစ်နေသောအခါ ကမ္ဘာဦးကျမ်း ၄၉း၁၀တွင် ဖော်ပြထားသည့်အတိုင်း မိမိသားယုဒအား မည်သည့်ကတိကိုပေးခဲ့သနည်း။ အရိပ်အမြွက်– ရာဇလှံတံသည် သစ္စာရှိသောအခွင့်အာဏာ၏အမှတ်အသားအဖြစ် ရှင်ဘုရင်များစွဲကိုင်ထားသော လှံတံဖြစ်သည်။**

*ပထမအနေဖြင့်၊ ဤနေရာတွင် ဘုရားသခင်မိန့်တော်မူသောအရာနှင့်ပတ်သက်၍ အကြံတစ်စုံတစ်ခုရှိသလားဟု ကျောင်းသူ/သားများအားမေးမြန်းပါ။ ထိုနောက် သူတို့၏တုံ့ပြန်မှုကို နားထောင်ပြီးရှင်းပြလိုက်ပါ။*

လှံတံ(ရှင်ဘုရင်၏အခွင့်အာဏာအမှတ်အသား)သည် ယုဒ၏အမျိုးအနွယ်တွင် တည်တံ့၍ တရားဥပဒေပေးအပ်သူ(အခြားသောအုပ်ချုပ်သူကို ရည်ညွှန်းခြင်း)သည် ယုဒမှဆင်းသက်လာမည်ဟု ဘုရားသခင်ကတိပြုတော်မူခဲ့သည်။ နောက်ဆုံးစကားစုတွင် ''လူသားများ'' (သို့) ''လူမျိုးများ''ကို ဤရှင်ဘုရင်နှင့်တရားသူကြီးများက အုပ်ချုပ်ကြလိမ့်မည်ဟု ဘုရားသခင်ကြိုတင်ဖွင့်ပြတော်မူခြင်း ဖြစ်နိုင်သည်။

*ဤအကြောင်းနှင့်ပတ်သက်၍ ထောက်ခံအားပေးမှုအကြောင်း များစွာမပြောပါနှင့်။ ဤကတိတော်ကို မှတ်မိနိုင်အောင် ကျောင်းသူ/သားများကို အားပေးတိုက်တွန်းလိုက်ပါ။ နောက်သင်ခန်းစာများတွင် ထိုအကြောင်းကို ဆက်လက်လေ့လာရကြမည် ဖြစ်သည်။*

**ကျမ်းစာသမိုင်းရာဇဝင်**

**ဘုရားသခင်ကို မည်ကဲ့သို့ပုံဆောင်ထားသနည်း (၉)၊ (၁၀)၊ (၁၁)၊ (၁၂)။** (စာမျက်နှာ ၁၆–၁၇)

**(၁၃) မောရှေအားဦးဆောင်ရန် ခေါ်ဖိတ်ခြင်း**

**အာဗြဟံ၏သားသမီးများ(ဣသရေလလူမျိုးများ)သည် အဲဂုတ္တုပြည်တွင် ကျွန်ခံခဲ့ပြီးနောက် သူတို့အား အဲဂုတ္တုပြည်မှနှုတ်ဆောင်ရန်နှင့် ဘုရားသခင်သည် အာဗြဟံအား ကတိပေးတော်မူခဲ့သောနေရာ၊ ခါနာန်ပြည်သို့ပို့ဆောင်ရန်အတွက် ဘုရားသခင်သည် မောရှေကို ရွေးကောက်ခန့်အပ်တော်မူခဲ့သည်။** *ထွက် ၁း၁–၁၄၊ ထွက် ၃း၁–၁၇*

**(က) ဣသရေလလူမျိုးများ၏လိုက်နာရမည့်လမ်းပြင်ဆင်ရန်အတွက် ဘုရားသခင်သည် ဣသရေလလူမျိုးများ၏အိမ်ထောင်မိသားစုအခြေအနေကို ညွှန်ကြားပြီး ယောသပ်အား အဲဂုတ္တုပြည်၌ ခေါင်းဆောင်ဖြစ်စေတော်မူခဲ့သည်။**

*ယောသပ်အကြောင်းကို စေ့စေ့စပ်စပ်၊ တစ်လုံးမကျန်၊ အသေးစိတ် မဖော်ပြဘဲ အကြောင်းအရာကို ခြုံငုံ၍အဓိကအကြောင်းအရာကိုသာပြောကြားပါ။ ယောသပ်၏အသက်တာတွင် အဓိကတွေ့ကြုံခံစားခဲ့ရသောအခက်အခဲများ၊ အဲဂုတ္တုပြည်တွင်တန်ခိုးအာဏာရရှိခြင်းအကြောင်းများကိုသာ အဓိကထား၍ပြောကြားလိုက်ပါ။*

**(ခ) ထွက်မြောက်ရာကျမ်း ၁း၁–၇တို့ကို ဖတ်ပါ။ အခန်းငယ် ၇ တွင် ဣသရေလလူမျိုးနွယ်စုများတိုးတက်ကြီးထွားခြင်းအကြောင်းကို မည်သည့်နည်းလမ်းများဖြင့် ဖော်ပြထားပါသနည်း။**

''ဣသရေလအမျိုးသားတို့သည် (၁)<u>သားကိုဘွား၍</u> (၂)<u>အလွန်တိုးပွား</u>(၃)<u>များပြား</u>သဖြင့်၊ (၄)<u>အလွန်အားကြီး၍</u> (၅)<u>တပြည်လုံး၌နှံ့ပြားကြလေ၏</u>''(ထွက် ၁း၇)။

*ဣသရေလလူမျိုးများ အဲဂုတ္တုပြည်၌နေကြစဉ် သူတို့၏လူဦးရေတိုးတက်မှုကို ထွက်မြောက်ရာကျမ်းရေးသားသူက နည်းလမ်းငါးလမ်းဖြင့် တင်ပြထားခဲ့သည်။ ဤတခြားတိုင်းတစ်ပါးအမျိုးသားတို့၏လူဦးရေတဟုန်ထိုးတိုးတက်မှုကို အဲဂုတ္တုပြည်သူပြည်သားများမြင်တွေ့ကြသောအခါ အလွန်အမင်းအံ့သြတွေဝေနေကြသည်။*

**(ဂ) ထွက်မြောက်ရာကျမ်း ၁း၈–၁၄တို့ကို ဖတ်ပါ။ ဣသရေလအမျိုးယောသပ်ကို သတိမရသောဘုရင် (သို့မဟုတ်) ဣသရေလလူမျိုးများအပေါ် အရင်ဖါရောမင်းကြီး၏ကတိများမသိသောဘုရင် အဲဂုတ္တုဖာရောဘုရင်(အသစ်)အာဏာရအုပ်စိုးလာသောအခါ မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။**

သူသည် ဣသရေလလူမျိုးများအား လူဦးရေကျဆင်းလျော့နည်းလာစေရန် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့ပေ။ ထိုကြောင့် အဲဂုတ္တုလူမျိုးများက ဣသရေလလူမျိုးများအား ကျေးကျွန်အဖြစ်မတရားစေခိုင်းခြင်းအားဖြင့်  ခေါင်းပုံဖြတ်ခဲ့ကြသည်။

**(ဃ) ထွက်မြောက်ရာကျမ်း ၃း၁–၁၀ တို့ကိုဖတ်ပါ။**

**ဘုရားသခင်သည်  မောရှေအားမည်သည့်လုပ်ငန်းမျိုးကိုစေခိုင်းတော်မူခဲ့သနည်း။**

ဘုရားသခင်သည် မောရှေအား ဣသရေလလူမျိုးများကို အဲဂုတ္တုပြည်မှနှုတ်ဆောင်ရန် အလိုတော်ရှိခဲ့သည်။ မောရှေသည် ဣသရေလလူမျိုးတစ်ယောက်ဖြစ်သော်လည်း နှစ်ပေါင်း ၄၀ ခန့် ဣသရေလနိုင်ငံ၌မနေထိုင်ဘဲ တိုင်းတပါး၌သာ နေထိုင်ခဲ့ရသည်။ သူသည် အဲဂုတ္တုပြည်တွင် မွေးစားသားအဖြစ် ဘုရင့်နန်းတော်၌ကြီးပြင်လာခဲ့သောကြောင့် ဤအလုပ်ကို လုပ်ဆောင်နိုင်ရန် ထိုက်တန်သောအရည်အချင်းရှိသည်။ မောရှေသည် မိမိခေတ်ကာလတွင် အခြားဣသရေလလူမျိုးများကြား၌ ပညာအရှိဆုံးပုဂ္ဂိုလ်ဖြစ်သည်။

**မှတ်ချက်။ ။** *မောရှေ၏မွေးဖွားခြင်းမှ ဣသရေလလူမျိုးများအားအဲဂုတ္တုပြည်မှနှုတ်ဆောင်ရန် ဘုရားသခင်ရွေးကောက်တော်မူခြင်းအချိန်အထိ ဖြစ်ပျက်သောအကြောင်းအရာများကို အနှစ်ချုပ်တင်ပြပါ။*

**ဣသရေလလူမျိုးများသည်  မည်သူများဖြစ်သည်ဟု  ဘုရားသခင်မိန့်တော်မူခဲ့သနည်း။**

အခန်းငယ် ၆– ဘုရားသခင်က သူသည် ''သင်တို့ဖခင်ကြီးဘုရား– အာဗြဟံ၏ဘုရား၊ ဣဇာက်၏ဘုရားနှင့်ယာကုပ်(ဣသရေလ)၏ဘုရားဖြစ်သည်ဟု မိန့်တော်မူခဲ့သည်။

အခန်းငယ် ၁၀– ဣသရေလလူမျိုးများ၏သားသမီးများသည် (''ငါ၏'')လူများဖြစ်ကြသည်ဟု မိန့်တော်မူခဲ့သည်။

**မှတ်ချက်။ ။** *''ဣသရေလလူမျိုးများ၏သားသမီးများ''– ဣသရေလ(ယာကုပ်)၏သားသမီး*

**(င) ထွက်မြောက်ရာကျမ်း ၃း၁၁–၁၇။**

**''ဘယ်သူက မင်းကိုစေလွှတ်ခဲ့သလဲ''ဟု ဣသရေလလူမျိုးများကမေးခဲ့လျှင် မောရှေသည် မည်ကဲ့သို့ ဖြေကြားရမည်နည်း။**

- **အခန်းငယ်၁၄ ၌ ဘုရားသခင်၏ညွှန်ကြားချက်မှာ အဘယ်နည်း။**

**''ငါဖြစ်သည်''ဟူသောပုဂ္ဂိုလ်က ငါ့ကိုစေလွှတ်ခဲ့သည်ဟု ဣသရေလလူမျိုးများအားပြောကြားရန် ဘုရားသခင်သည် မောရှေအားမိန့်တော်မူခဲ့သည်။**

*''ငါဖြစ်သည်''ဟု ဘုရားသခင်သည် မိမိကိုယ်ကို မိန့်တော်မူခြင်း၏ထူးခြားမှု၊ အရေးပါမှု၊ အနက်အဓိပ္ပါယ်သည် မည်သည့်အရာ ဖြစ်သနည်း''ဟု ကျောင်းသူ/သားများအား မေးမြန်းပါ။*

*ဤသင်ခန်းစာကို ဖတ်ရှုလေ့လာခဲ့သောကျောင်းသူ/သားတစ်ဦးသည် ''ဘုရားသခင်၏ဖြစ်ခြင်း''ဟု ဖြေကြားနိုင်ပါသည်။* ဘုရားသခင် သည် အစမရှိ။ အဆုံးမရှိပေ။ ဖန်ဆင်းခြင်းခံသောဘုရားမဟုတ်ပါ။ ဘုရားသခင်သည် ''ဖြစ်ခြင်း''ဖြစ်သည်။ (သီအိုလော်ဂျီဝေါဟာရ စကားလုံးဖြင့်ဖော်ပြရလျှင် ဘုရားသခင်၏''ထာဝရတည်ရှိတော်မူခြင်း''ဟုဆိုရပေမည်)။

- **အခန်းငယ် ၁၅၃ ဘုရားသခင်၏ညွှန်ကြားချက်မှာ အဘယ်နည်း။**

**သင်တို့ဘိုးဘေးများ၏ဘုရားသခင်၊ အာဗြဟံ၏ဘုရား၊ ဣဇာက်၏ဘုရား၊ ယာကုပ်၏ဘုရားတည်းဟူသော ထာဝရဘုရားသည် ငါ့ကိုသင်တို့ရှိရာသို့စေလွှတ်တော်မူပြီဟု ပြောရမည်ဟု ဘုရားသခင်သည် မောရှေအားမိန့်တော်မူခဲ့သည်။**

*အင်္ဂလိပ်ဝေါဟာရစကားလုံး ''LORD''(Capital ဗျည်းအက္ခရာစကားလုံးဖြင့်ရေးသားထားသည်)သည် ဟေဗြဲဘာသာစကား ("Yahweh or Jehovah)မှ ဘာသာပြန်ဆိုထားခြင်းဖြစ်သည်။ ''ငါဖြစ်သည့်အတိုင်းငါဖြစ်သည်''ဟူသောစကားစုနှင့်အနက်အဓိပ္ပါယ် တူသည်။ ဘုရားသခင်၏နာမတော်အခေါ်အဝေါ်ပင် ဖြစ်သည်။ ကျမ်းစာကို သေချာဂနစွာလေ့လာလျှင် ဘုရားအတုများစွာရှိပါသည်။ သူတို့အား ခေါ်ဝေါ်သမုတ်ထားသောအမည်နာမအသီးသီးရှိကြသည်။ (ဥပမာအားဖြင့်– ဗာလဘုရား)။ သို့သော် ''ဘုရားသခင်'' (သို့) ''ဘုရား''နာမတော်သည် စစ်မှန်သောဘုရားတစ်ဆူတည်း၏အမည်နာမတော်၊ ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူသော ဖန်ဆင်းရှင်၏နာမတော်၊ ကျမ်းစာဘုရား၏နာမတော်ပင် ဖြစ်သည်။*

## ၁၄။ ကပ်ကြီးများနှင့်ပဿခါပွဲတော်

**ဣသရေလလူမျိုးများလွတ်မြောက်ခွင့်ပြုနိုင်ရန်အတွက် ဘုရားသခင်သည် အိမ်ထောင်မိသားစုအားလုံး၏သားဦးသေဆုံးခြင်း အပါအဝင် အဲဂုတ္တုလူမျိုးများအပေါ် ကပ်ကြီးများစွာ စေလွှတ်တော်မူခဲ့သည်။ သို့သော် ဘုရားသခင်သည် မိမိအား သင့်တော်စွာယုံကြည်သောသူများကို ကာကွယ်စောင့်ထိန်းတော်မူခဲ့သည်** (ထွက်မြောက်ရာကျမ်း ၁၂း၁–၁၃၊ ၂၁–၂၃)။

**(က)အဲဂုတ္တုလူမျိုးများ၏ဘုရားအတုများအပေါ် မိမိတန်ခိုးတော်ကိုထင်ရှားစေရန်အတွက်သော်လည်းကောင်း၊ ဖာရောမင်းသည် ဣသရေလလူမျိုးများ ထွက်ခွာခွင့်ပြုနိုင်ရန်အတွက် သော်လည်းကောင်း ဘုရားသခင်သည် အဲဂုတ္တုလူမျိုးများအပေါ် အလွန်ကြောက်မက်ဖွယ်ကောင်းသောကပ်ကြီးများကို စေလွှတ်တော်မူခဲ့သည်။ ဆယ်ကြိမ်မြောက်နှင့်နောက်ဆုံးကပ်ကြီးမှာ သားဦးအားလုံးနှင့်တိရစ္ဆာန်သားဦးအားလုံးသေဆုံးခြင်းပါဝင်လျက်ရှိသည်။**

*မောရှေနှင့်ဖာရောဘုရင်တို့အကြားဆက်သွယ်မှုနှင့် ဣသရေလလူမျိုးများကျွန်ဘဝမှ လွတ်မြောက်စေရန် ဖာရောဘုရင်၏ငြင်းဆန်မှုမှ ပေါ်ပေါက်လာသောဆိုးကျိုးများအကြောင်းကို အကျဉ်းချုံး၍တင်ပြပါ။ ဤအဖြစ်အပျက်သည် အဲဂုတ္တုလူမျိုးများ၏ ဘုရားအတုများနှင့် ဣသရေလလူမျိုးများနှင့်ကျမ်းစာ၏ဘုရား၊အရာခပ်သိမ်းကိုဖန်ဆင်းတော်မူသောဘုရားတို့အကြားယှဉ်ပြိုင်သောစစ်ပွဲပင် ဖြစ်လေသည်။*

*ဤစစ်ပွဲနှင့်ကပ်ဆိုးများ၏သီအိုလော်ဂျီဆိုင်ရာအရေးပါမှုကို ချုံငုံလေ့လာနိုင်ရန်အတွက် Dr.David Brooks ရေးသားထားခဲ့သော* ***ဓမ္မဟောင်းသမိုင်းအကြောင်း***ရှိ *(''မောရှေကဣသရေလလူမျိုးများကိုဦးဆောင်ခြင်း''အပိုင်း ၄)ကို ဖတ်ပါ။*

**(ခ) ထွက်မြောက်ရာကျမ်း ၁၂း၁–၁၃၊ ၂၁–၂၃ တို့ကို ဖတ်ပါ။**

- **ယဇ်ကောင်အဖြစ်အသုံးခံမည့်တိရစ္ဆာန်တစ်ကောင်၏ဖြစ်သင့်ဖြစ်ထိုက်သောသွင်ပြင်လက္ခဏာများမှာ မည်သည့်အရာများဖြစ်ကြသနည်း။ အငယ် ၅ ကို ကြည့်ပါ။**

''[၁]သိုးသငယ်ဖြစ်စေ၊ ဆိတ်သငယ်ဖြစ်စေ၊ သင်တို့ယူသော[၂]အကောင်သည် [၃]အပြစ်မပါ၊ [၄]အခါမလည်သော[၅]အထီးဖြစ်ရမည်''(အငယ် ၅)။

**ဤယဇ်ကောင်၏အသွေးဖြင့် ဣသရေလလူမျိုးများသည် မည်သည့်အရာကို ပြုလုပ်ရကြမည်နည်း။ အငယ် ၇ နှင့် ၂၂ တို့ကို ဖတ်ပါ။**

သူတို့သည် အသွေးအချို့ကိုယူ၍ တံခါးပတ်လည်သုံးနေရာများတွင် ဖျန်းထားရမည်(လက်ဖြင့်မဖျန်းဘဲ အဝတ်ပိတ်စများဖြင့်ဖျန်းရမည်)။ (၁) တံခါးတိုင်၏ဘယ်ဖက် (၂) တံခါးတိုင်၏ညာဖက် (၃) ယဇ်ကောင်အခြောက်ကင်၍စားသောအိမ်အထက်ခန်း၏တံခါးတိုင်ထိပ်ဖျားနေရာ စသည်တို့တွင် ဖျန်းထားရမည်။

*အချို့သောကျမ်းစာလေ့လာမှုခေါင်းဆောင်များသည် ဤယဇ်ကောင်အသွေးပက်ဖြန်းသောနေရာများအား လက်ဝါးကပ်တိုင်ပုံစံအဖြစ်ရှင်းပြတတ်ကြပါသည်။ ဤလုပ်ဆောင်မှုသည် လက်ဝါးကပ်တိုင်ကိုပုံဆောင်ထားကြောင်း မရှင်းပြုရပါ။*

- **ဘုရားသခင်သည် မည်သည့်အရာကို တွေ့သောအိမ်အား သေခြင်းကပ်ဆိုးကြီးဖြင့် ကင်းလွှတ်စေတော်မူခဲ့သနည်း။ အငယ် ၁၂–၁၃၊ ၂၃ တို့ကို ဖတ်ပါ။**

ဘုရားသခင်သည် ထိုညတွင် အဲဂုတ္တုပြည်တစ်လျှောက်ကြွလာတော်မူသောအခါ တံခါးပေါ်တွင်သိုးသငယ်အသွေးသုတ်ထားသောအိမ်ကို ကျော်လွန်တော်မူခဲ့သည်။ ကိုယ်တော်သည် ထိုအိမ်ထောင်မိသားစုအပေါ် သေခြင်းတရားစီရင်ခြင်းပြုတော်မမူတော့ပါ။

*ဘုရားသခင်ကြိုတင်မိန့်တော်မူသည့်အတိုင်း တံခါးတိုင်ပေါ်တွင်အသွေးသုတ်လိမ်းခြင်းသည် အိမ်ထောင်ဦးစီးက ဘုရားသခင်အပေါ် ယုံကြည်မှုကို ညွှန်ပြထားပါသည်။*

*မေးရမည့်မေးခွန်းကောင်းတစ်ခုမှာ ''လူတစ်ယောက်သည် ဘုရားသခင်မိန့်တော်မူသည့်အတိုင်း ယဇ်ကောင်၏အသွေးကို တံခါးတိုင်ပေါ်တွင် သုတ်လိမ်းသောအခါ အထူးသဖြင့် ဘုရားသခင်အကြောင်းနှင့်ပတ်သက်၍ ထိုသူသည် မည်သည့်အရာကို ယုံကြည်သနည်း။*

***မှန်ကန်သောတုံ့ပြန်မှုအဖြေအချို့ရှိပါသည်–***

*၁။ ဘုရားသခင်သည် စစ်မှန်သောဘုရားဖြစ်တော်မူသည်။*

*၂။ ဘုရားသခင်သည် လူများအတွက် တရားစီရင်ခြင်းမှလွတ်မြောက်ရန် အခွင့်အရေးပြင်ဆင်ပေးတော်မူသည်။*

*၃။ ဘုရားသခင်၏ဂတိတော်သည် အမှန်ပေါ်ပေါက်၍ ကိုယ်တော်၏နှုတ်ကပတ်တော်ကိုလည်း ကိုးစားနိုင်သည်။*

*၄။ ဘုရားသခင်သည် သူ့ကိုယုံကြည်သောသူများအား ကွယ်ကာစောင့်ထိန်းတော်မူသည်။*

*၅။ ဘုရားသခင်သည် တန်ခိုးအလုံးစုံပိုင်ဆိုင်တော်မူကြောင်းနှင့် အဲဂုတ္တုလူများ၏ဘုရားများထက်ပို၍တန်ခိုးကြီးတော်မူသည်။*

- **ဘုရားသခင်သည် ဣသရေလလူမျိုးများအား သေဘေးမှကယ်နှုတ်တော်မူကြောင်း သတိရစေရန် မှတ်တိုင်တစ်ခုကို ထူထောင်ပေးခြင်း ဖြစ်သည်။ ထိုမှတ်တိုင်ကို  မည်သို့ခေါ်ခဲ့သနည်း။ အငယ် ၂၇ ကိုကြည့်ပါ။**

ဘုရားသခင်သည် ဣသရေလလူမျိုးများအား သူတို့၏သားသမီးများအပေါ် ပြောကြားရမည့်ဤမှတ်တိုင်မှာ ''ဘုရားသခင်၏ ပသခါယဇ်ပူဇော်ခြင်း''ပင် ဖြစ်သည်။ ယနေ့ထက်ထိတိုင် ဣသရေလလူမျိုးများစွာတို့သည် နှစ်စဉ်နှစ်တိုင်း ဤပသခါပွဲတော်ကို ကျင်းပပြုလုပ်လေ့ရှိကြသည်။

## ၁၅။ ဣသရေလလူမျိုးများအဲဂုတ္တုပြည်မှထွက်ခွါခြင်း

**ထိုနောက် မောရှေသည် ဣသရေလလူမျိုးများအား အဲဂုတ္တုပြည်မှ နှုတ်ဆောင်ခဲ့ပါသည်။ ဘုရားသခင်သည် ပင်လယ်နီကို နှစ်ခြမ်းခွဲစေတော်မူခဲ့သည်။ ဘုရားသခင်သည် ဣသရေလလူမျိုးများအား ကတိတော်နယ်မြေခါနာန်ပြည်သို့ရောက်နိုင်အောင် နည်းလမ်းကို ပြင်ဆင်ပေးတော်မူခဲ့သည်**

*ထွက်မြောက်ရာကျမ်း ၁၄း၁–၃၁။*

**(က) ထွက်မြောက်ရာကျမ်း ၁၄း၁–၁၂တို့ကိုဖတ်ပါ။**

**မည်သည့်အရာက ဣသရေလလူမျိုးများ၏ရဲရင့်မှု(အငယ်၈)ကိုကြောက်စိတ်သို့(အငယ်၁၀)လျင်မြန်စွာပြောင်းလဲစေခဲ့သနည်း။**

ဣသရေလလူမျိုးများသည် ဖာရောမင်းနှင့်သူ၏ရဲဘော်များ သူတို့အနီးသို့ချဉ်းကပ်လာကြောင်းမြင်တွေ့ကြသောအခါ သူတို့၏ရဲရင့်မှုကို ကြောက်ရွံ့စိတ်သို့ ပြောင်းလဲသွားခဲ့သည်။

**(ခ) ထွက်မြောက်ရာကျမ်း ၁၄ရှိ အငယ် ၁–၂နှင့်အငယ်၉အရ ဣသရေလလူမျိုးများတပ်ချသောနေရာကို မည်သို့ခေါ်သနည်း။**

သူတို့သည် မိဂဒေါလမြို့နှင့်ပင်လယ်နီအကြား၊ဗာလဇေဖုန်မြို့အနီး၊ ဗာလဇေဖုန်မြို့တစ်ဖက်တွင် တပ်ချခဲ့ကြသည်။

**စာမျက်နှာမြေပုံ၈ ရှိ ထိုနေရာတည်ရှိနေနေရာကို ရှာဖွေပါ။**

*ထိုနေရာဒေသ၏တည်နေရာကို သေခြာဂနစွာဖြင့် မည်သူကမှမသိပါ။ သို့သော် ဗာလဇေဖုန်သည် စာမျက်နှာ ၈ မြေပုံရှိ အမဲစက်ဖြင့်ဖော်ပြထားသောနေရာဖြစ်နိုင်ချေရှိသည်။*

**(ဂ) ထွက်မြောက်ရာကျမ်း ၁၄း၁၃–၁၄တို့ကို ဖတ်ပါ။**

**မောရှေပြောသောစကားလုံးများထဲတွင် ဘုရားသခင်အားယုံကြည်ကြောင်း မည်သည့်ဖော်ပြချက်ကို ကျွန်ုပ်တို့တွေ့ရကြသနည်း။**

ဤအချိန်အထိတိုင်အောင် လမ်းပြပို့ဆောင်တော်မူသောဘုရားသခင်သည် အဲဂုတ္တုလူမျိုးများ၏သတ်ဖြတ်ခြင်းမှ ကယ်တင်တော်မူလိမ့်မည်ဟု မောရှေသည် အခိုင်အမာယုံကြည်ခြင်းရှိသည်။ ထိုကြောင့် သူက ''ယနေ့သင်တို့တွေ့ရသော အဲဂုတ္တုလူမျိုးများကို နောက်တစ်ခါ ဘယ်တော့မှတွေ့ရမည်မဟုတ်တော့ပါ'' ''ဘုရားသခင်သည် သင်တို့အတွက် စစ်တိုက်ပေးပါလိမ့်မည်၊ ငြိမ်ဝပ်စွာနေကြပါ''ဟု ပြောခဲ့ပါသည်။

**(ဃ) အခန်းကြီး ၁၄ကိုဆက်ဖတ်သောအခါ ဘုရားသခင်သည် ဣသရေလလူမျိုးများအား အဲဂုတ္တုလူမျိုးများ၏နင်းပန်းနှိပ်စက်မှုမှလွတ်မြောက်နိုင်သောလမ်းနှင့်အဲဂုတ္တုပြည်မှထွက်ခွာနိုင်သောလမ်းကို ပြင်ဆင်ပေးတော်မူရန်အတွက် ကိုယ်တော်ပြုတော်မူခဲ့သောအံ့သြဖွယ်နိမိတ်လက္ခဏာသုံးမျိုးတို့ကို တွေ့ရပါသည်။**

**ထွက်မြောက်ရာကျမ်း ၁၄း၁၅–၃၁တို့ကို ဖတ်ပါ။**

**ဘုရားသခင်ပြုတော်မူခဲ့သောအံ့သြဖွယ်နိမိတ်လက္ခဏာများကို ကြည့်ပြီးဆွေးနွေးပါ။**

*၁။ တိမ်တိုက်ကြီးသည် အဲဂုတ္တုစစ်တပ်များနှင့်ဣသရေလလူမျိုးများ၏စစ်တပ်အကြားတွင် တည်ရှိရွေ့လျားခြင်းအားဖြင့် ဣသရေလလူမျိုးများ၏နောက်မှလမ်းပြဦးဆောင်ခဲ့ပါသည်။ ဘုရားသခင်သည် တိမ်တိုက်ကြီး၏တစ်ဖက်ကို မှောင်မိုက်စေတော်မူပြီး အခြားတစ်ဖက်ကို အလင်းလင်းစေတော်မူခဲ့သည်။ တိမ်တိုက်ကြီးက အဲဂုတ္တုလူမျိုးများအား ဣသရေလလူမျိုးများကိုမမြင်နိုင်၊ မတိုက်ခိုက်နိုင်အောင် ကာကွယ်ခဲ့သည်။*

*၂။ ဘုရားသခင်သည် ပင်လယ်နီကိုနှစ်ခြမ်းခွဲတော်မူခဲ့၍ ဣသရေလလူမျိုးများအား အဲဂုတ္တုလူမျိုးများမှလွတ်မြောက်ရန်အတွက် ပင်လယ်ထဲတွင် ခြောက်သွေ့သောကုန်းလမ်းကို ပြင်ဆင်ပေးတော်မူခဲ့သည်။*

*၃။ ဣသရေလလူမျိုးများသည် ပင်လယ်နီကိုဖြတ်ကျော်ခဲ့ကြပြီးနောက် ဘုရားသခင်သည် သူတို့နောက်မှလိုက်လံနေကြသောအဲဂုတ္တုလူများကိုဖျက်ဆီးရန်အတွက် ပင်လယ်နီရှိရေများကို ပြန်ပေါင်းစေတော်မူခဲ့သည်။*

## ၁၆။ ပညတ်တော်ဆယ်ပါး

**အဲဂုတ္တုပြည်နှင့်ခါနာန်ပြည်အကြားရှိသဲကန္တာရတွင် သန့်ရှင်းတော်မူသောဘုရားသခင်သည် အပြစ်ဟုကျွန်ုပ်သိရသော ကိုယ်တော်မုန်းတီးတော်မူသောအရာများဖော်ပြပေးသည့်ပညတ်တော်များကို ဣသရေလလူမျိုးများအားပေးအပ်တော်မူခဲ့သည်။**

**(က) ဘုရားသခင်သည် ဣသရေလလူမျိုးများအား လိုက်နာရမည့်စည်းကမ်း၊ ပညတ်တော်များကို ပေးအပ်တော်မူခဲ့သည်။ သို့သော် ပညတ်တော်၊ ဥပဒေအားလုံးကို ပညတ်တော်ဆယ်ပါးတွင် ပါဝင်လျက်ရှိသည်။**

**ထွက်မြောက်ရာကျမ်း ၂၀း၁–၇တို့ကိုဖတ်ပြီး၊ ဤအခြေခံကျသောဥပဒေသများကို သိမှတ်ပါ။**

**ပထမ(အငယ်၃)= ငါမှတစ်ပါးအခြားသောဘုရားမကိုးကွယ်နှင့်။**

*ဘုရားသခင်သည် ကျွန်ုပ်တို့ကို ဖန်ဆင်းတော်မူသောဘုရားဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၏လူများဖြစ်ကြသည်။ ကိုယ်တော်တစ်ပါးတည်းသာလျှင် ရိုသေလေးမြတ်ခြင်းနှင့်ကိုးကွယ်ခြင်းခံထိုက်ပေသည်။ ကျွန်ုပ်တို့ဘဝတွင် အခြားသောအရာများက ဘုရားသခင်အားအစားမထိုးနိုင်ပါ။ အခြားသောဘုရားများသည် ဘုရားအတုများဖြစ်ကြသောကြောင့် ၎င်းတို့ကို မကိုးကွယ်၊ မကြည်ညိုအပ်ပါ။*

*ကျွန်ုပ်တို့ဘဝတွင် ဘုရားသခင်ထက်ဦးစားပေးသောအရာများရှိခဲ့လျှင် ပညတ်တော်ပထမအချက်ကို ကျူးလွန်ချိုးဖောက်ခြင်းဖြစ်သည်။*

**ဒုတိယ(အငယ် ၄–၆)= ရုပ်တုဆင်းတုကိုဦးမချဝတ်မပြုနှင့်။**

*ဒုတိယပညတ်သည် ပထမပညတ်နှင့်ဆင်တူသည်။ သို့သော် လုံးဝမတူပါ။ ပထမပညတ်တော်ဖော်ပြထားသည့်အတိုင်း ရုပ်တုဆင်းတုကို ပြုလုပ်ကာကိုးကွယ်ခြင်းသည် မှားယွင်းသောကိုးကွယ်မှုပင် ဖြစ်သည်ကို သိရပါသည်။ သို့ရာတွင် ဤပညတ်တော်သည် ထိုအရာထက်ပို၍ နက်ရှိုင်းကျယ်ပြန့်သည်။ ရုပ်တုဆင်းတုကိုပြုလုပ်ပြီး စစ်မှန်သောဘုရားနေရာတွင်ထားရှိကာ ထိုဘုရားသခင်ကို ကိုးကွယ်မည့်အစား ရုပ်တုဆင်းတုကိုကိုးကွယ်ခြင်းသည် မှားယွင်းနေပါသည်။ ကျမ်းစာတွင်ဖော်ပြထားသောဖန်ဆင်းရှင်ဘုရားသခင်သည် နံဝိညာဉ်ဖြစ်တော်မူသောကြောင့် ကိုယ်တော်အားရုပ်ပုံတစ်ခုအဖြစ်သာ အစားထိုးမပြုလုပ်နိုင်ပါ။*

*မျက်စိဖြင့်မြင်တွေ့နိုင်သောရုပ်တုကိုပြုလုပ်ပြီး ၎င်းအားဖြင့် ဘုရားအတုများကိုကိုးကွယ်လျှင်လည်းကောင်း၊ စစ်မှန်သောဘုရားကိုကိုးကွယ်လျှင်လည်းကောင်း ဒုတိယပညတ်တော်ကို ချိုးဖောက်ခြင်းပင် ဖြစ်သည်။*

**တတိယ(အငယ်၇)= ဘုရားသခင်၏နာမတော်ကိုမုသာနှင့်ဆိုင်၍ မမြွက်ဆိုနှင့်။**

*''ဘုရားသခင်၏နာမတော်ကိုမုသာနှင့်ဆိုင်၍မြွက်ဆိုးခြင်း''သည် ဘုရားသခင်၏သန့်ရှင်းသောနာမတော်နှင့်ကိုယ်တော်အားပေါ့ပေါ့တန်တန်ထားခြင်း၊ ပြက်ရယ်ပြုခြင်း၊ မရိုမသေပြုမူစော်ကားမော်ကားပြုခြင်း ဖြစ်သည်။*

*ထိုသို့ပြုလျှင် တတိယပညတ်တော်ကို ချိုးဖောက်ခြင်း ဖြစ်သည်။*

**စတုတ္ထ(အငယ် ၈–၁၁)=ဥပုသ်နေ့ကို သန့်ရှင်းစေခြင်းငှါ ထိုနေ့ရက်ကိုအောက်မေ့လော။**

*ဖန်ဆင်းခြင်းနောက်ဆုံးနေ့တွင်(စာမျက်နှာ ၁၂ ရှိ အဖြစ်အပျက် နှစ်ခု) ဘုရားသခင်သည် သတ္တမနေ့၌ ငြိမ်ဝပ်စွာနေတော်မူသည်ဟုကျမ်းစာက ဖော်ပြထားပါသည် (ကမ္ဘာ ၂း၁–၃)။ ဘုရားသခင်သည် အနန္တတန်ခိုးနှင့်ပြည့်စုံတော်မူသောဘုရားဖြစ်တော်မူသောကြောင့် မောပန်း၍ ငြိမ်ဝပ်စွာနေခြင်း၊ အနားယူတော်မူခြင်းမဟုတ်ပါ။ လူသားများအတွက် လိုက်နာရမည့်စည်းကမ်းချက်တစ်ချက် ကြိုတင်ချမှတ်ပေးလိုသောကြောင့် ဘုရားသခင်သည် ထိုနေ့ရက်တွင် ''ငြိမ်ဝပ်စွာနေတော်မူခြင်း'' ဖြစ်သည်။ လူသားများသည် ပုံမှန်အနားယူရမည့်အချိန်လိုအပ်ကြောင်း ဘုရားသခင်သည် ဤနည်းလမ်းအားဖြင့် ပြင်ဆင်တော်မူခြင်း ဖြစ်သည်။ ကျမ်းစာ၏ပထမအဓိကကျသောအပိုင်း(ဓမ္မဟောင်းကျမ်း)တွင် ဘုရားသခင်သည် ဣသရေလလူမျိုးများအတွက် အကြံအစည်တော်တစ်ခု ဖွဲ့စည်းထူထောင်ပေးတော်မူခဲ့သည်။ သူတို့သည် သတ္တမနေ့– ''ဥပုသ်နေ့''တွင် အနားယူ၍ဘုရားသခင်ကို ကိုးကွယ်ရမည် ဖြစ်သည်။*

*ဘုရားသခင်၏အကြံအစည်တော်မြတ်သည် ကျမ်းစာ၏နောက်ဆုံးပိုင်း(ဓမ္မသစ်)ကျမ်းထဲတွင် တစ်မျိုးတစ်ဖုံပြောင်းလဲသွားခဲ့သည်။ သို့သော် ဘုရားသခင်သည် ကျွန်ုပ်တို့အား ပုံမှန်၊ အခါအားလျော်စွာဖြင့် အနားမယူဘဲ မိမိကိုယ်ကို မနှိပ်စက်ရန် အလိုတော်မရှိပါ။*

*ကျွန်ုပ်တို့ဘဝအတွက် ဘုရားသခင်၏''ငြိမ်ဝပ်စွာနေတော်မူခြင်း''သဘောတရားကို လျစ်လျူရှုပါက ကျွန်ုပ်တို့ဘဝအတွက် ဘုရားသခင်ကြံစည်တော်မူသော အရေးကြီးသောအစီအစဉ်တစ်ခုကို ကျူးလွန်ချိုးဖောက်ခြင်းဖြစ်သည်။*

**ပဉ္စမ(အငယ် ၁၂)= သင်၏မိဘကို ရိုသေစွာပြုလော့။**

*သားသမီးများအပေါ် ဘုရားသခင်ထူထောင်တော်မူသောအခွင့်အာဏာမှာ အာဒံနှင့်ဧဝတို့အချိန်ကတည်းက တည်ရှိခဲ့ပြီးသော အိမ်ထောင်မိသားစု၏အခြေခံကျသောသဘောတရားဖြစ်သည်။ သားသမီးများသည် သူတို့၏မိဘများထံမှ ဆက်ခံလာခဲ့ကြသော အပြစ်သားဘဝကြောင့်လည်းကောင်း၊ အာဒံနှင့်ဧဝတို့ထံမှအမွေဆက်ခံလာခဲ့ကြသောအပြစ်တရားကြောင်းလည်းကောင်း၊ သားသမီးများ အားလုံးက(တစ်နည်းမဟုတ်၊ အခြားတစ်နည်းအားဖြင့်) တစ်ခါတစ်ရံ သူတို့သည် သူတို့၏မိဘများအုပ်ချုပ်မှု၊ စကားကိုခုခံ၍ မရိုမသေပြုနိုင်ကြသည်။*

*ကျွန်ုပ်တို့သည် (သားသမီးများအဖြစ်) မိဘများကို မရိုမသေပြုလျှင် ပဉ္စမပညတ်တော်ကို ချိုးဖော်နေကြခြင်း ဖြစ်သည်။*

**ဆဋ္ဌမ–(အငယ် ၁၃)= လူအသက်ကိုမသတ်နှင့်။**

*ဤကျမ်းချက်ရှိဟေဗြဲဘာသာစကားကို အင်္ဂလိပ်ဝေါဟာရစကားဖြင့် ''သတ်ခြင်း''နှင့် ''သတ်ဖြတ်ခြင်း''ဟုခေါ်သည်။ ၎င်းကို ''နှင်းကန်သောင်းကျန်းသတ်ဖြတ်ခြင်း''အဖြစ်ဘာသာပြန်ဆိုထားသည်။ မိမိကိုယ်ကို ခုခံကာကွယ်ခြင်းအားဖြင့် လူအသက်သတ်ခြင်းမျိုးမဟုတ်ပါ။*

*ဘုရားသခင်သည် လူယောကျ်ားနှင့်လူမိန်းမတို့အား ''မိမိပုံသဏ္ဍာန်တော်နှင့်အညီ''ဖန်ဆင်းတော်မူကြောင်းကို ကျွန်ုပ်တို့ပြန်လည်စဉ်းစားသောအခါ လူ့အသက်သတ်ခြင်း၏ပြစ်ကြီးမှုကို လွယ်ကူစွာနားလည်နိုင်ပါသည်။ ထို့ကြောင့် လူအသက်သတ်ခြင်းသည် ဘုရားသခင်ကို တိုက်ခိုက်သတ်ဖြတ်ခြင်းဖြစ်သည်။*

*မှတ်ချက်။ ။ စစ်တိုက်ခြင်း၊ သေဒဏ်ပေးခြင်းစသည်တို့ကို ဆွေးနွေးတိုင်ပင်မှုမပြုပါနှင့်။ ထိုအရာများကို ကောင်းသောမေးခွန်းများဖြစ်ကြသည်။ ထို့ကြောင့် ၎င်းအဖြစ်အပျက်များကို မှတ်ထားပြီး နောက်နောင်တွင် ဆွေးနွေးလိုက်ပါ။ သို့သော်၊ ဤအချက်နှင့်ပတ်သက်၍ဆွေးနွေးနေလျှင် ကျွန်ုပ်တို့သင်ခန်းစာ၏အဓိကအကြောင်းအရာများကို လွဲချော်သွားနိုင်သည်။*

*ကျမ်းစာထဲတွင် အခြားသူများအား မလွန်အမင်းမုန်းတီးခြင်းသည်လည်း လူ့အသက်သတ်ခြင်းဖြစ်ကြောင်း တွေ့ရပါသည်။*

*လူသားများသည် မိမိအတ္တစိတ်၊ တစ်ကိုယ်ကောင်းဆန်စိတ်ကြောင့် လူတစ်စုံတစ်ယောက်ကို သတ်လျှင် ဆဋ္ဌမမြောက်ပညတ်ကို ချိုးဖောက်ခြင်း ဖြစ်သည်။*

**သတ္တမ(အငယ် ၁၄)= သူ့မယားကိုမပြစ်မှားနှင့်။**

*ကျမ်းစာထဲတွင် ကာမဆက်ဆံခြင်း၊ လိင်ဆက်ဆံခြင်းအပြစ်ကို ကြိမ်ဖန်များစွာဖော်ပြထားပါသည်။ ထိုအပြစ်အားလုံးသည် ဘုရားသခင်၏သန့်ရှင်းသောပညတ်တော်ကိုချိုးဖောက်ခြင်းဖြစ်ကြောင်း ကွက်ကွက်ကွင်းကွင်း ဖော်ပြထားပါသည်။ ဤပညတ်တော်တွင် ဘုရားသခင်သည် ပြည့်တန်ဆာမနှင့်ကာမဆက်ဆံမှုအပြစ်အဓိက မိန့်တော်မူခြင်း ဖြစ်သည်။ တရားဝင်လင်/မယားဖြင့် ကာမဆက်ဆံမှုကို ဖော်ပြလိုခြင်းမဟုတ်ပါ။*

*အိမ်ထောင်ဖော်/အိမ်ထောင်ဖက်မဟုတ်သော လူတစ်ဦးဦးနှင့်ကာမဆက်ဆံမှု အလွန်အမင်းတောင့်တခြင်းသည် ဘုရားသခင်၏ပညတ်တော်ချိုးဖောက်ခြင်းဖြစ်ကြောင်း ကျမ်းစာထဲတွင် ဆက်လက်တွေ့ရပါသည်။ လက်တွေ့ကာမဆက်ဆံခြင်းမပြုသော်လည်း စိတ်နှလုံးထဲတွင် တောင့်တမှုသည် ဘုရားသခင်၏ပညတ်တော်ချိုးဖောက်ခြင်း ဖြစ်သည်။*

*မိမိအိမ်ထောင်ဖော်အိမ်ထောင်ဖက်မဟုတ်သောလူတစ်ယောက်ဖြင့် ကာမဆက်ဆံမှုပြုသောသူများသည် သတ္တမမြောက်ပညတ်တော်ချိုးဖောက်ရာရောက်သည်။*

***အဋ္ဌမ(အငယ် ၁၅)=သူ့ဥစ္စာကို မခိုးနှင့်။***

*သူတစ်ပါးပိုင်ဆိုင်သောပစ္စည်းဥစ္စာကို အလေးအမြတ်ထားရှိရန်အတွက် ဘုရားသခင်သည် ကျမ်းစာထဲတွင် သေချာစွာဖော်ပြတော်မူခဲ့သည်။*

*ကျွန်ုပ်တို့မပိုင်ဆိုင်သောအခြားသူတစ်ပါး၏ပစ္စည်းဥစ္စာကို ခိုးယူအသုံးပြုလျှင် အဋ္ဌမမြောက်ပညတ်တော်ကို ချိုးဖောက်ခြင်းဖြစ်သည်။*

**နဝမ(အငယ် ၁၆)= မမှန်သောသက်သေကိုမခံနှင့်။**

*ဤပညတ်တော်၌ဖော်ပြထားသောပညတ်တော်သည် ရိုးရှင်းသည်။ မဖြူစင်သောစိတ်မပြုရပါ။ မုသာစကားမပြောရပါ။*

*ကျွန်ုပ်တို့သည် မမှန်သောစကားပြောသောအခါ၊ ''ကြီးမားသောမုသာဖြစ်စေ'' ''ငယ်သောအမှုဖြစ်စေ'' နဝမမြောက်ပညတ်တော်ကို ချိုးဖောက်ခြင်း ဖြစ်သည်။*

**ဒသမ(အငယ် ၁၇)= ကိုယ်နှင့်စပ်ဆိုင်သောသူ၏အိမ်ကို တပ်မက်လိုချင်သောစိတ်မရှိစေနှင့်။**

*ဒသမမြောက်ပညတ်တော်သည် ဆဋ္ဌမမြောက်ပညတ်တော်ကို အကျယ်ချဲ့ဆွဲဆန့်ထားခြင်း ဖြစ်သည်။ သူတစ်ပါးပိုင်ဆိုင်သောပစ္စည်းဥစ္စာများခိုးယူခြင်းသည်အပြစ်ဖြစ်သည်။ သူတစ်ပါးပိုင်ဆိုင်သောပစ္စည်းဥစ္စာမတရားတပ်မက်ခြင်းသည်လည်း အပြစ်ဖြစ်ပါသည်။*

*လူတစ်ယောက်သည် အခြားသူများပိုင်ဆိုင်သောပစ္စည်းဥစ္စာများကို လိုချင်တပ်မက်လျှင် ဒသမမြောက်ပညတ်တော်ကို ချိုးဖောက်ခြင်း ဖြစ်သည်။*

**(ခ) ဤပညတ်တော်များက ဘုရားသခင်၏ဂုဏ်အင်္ဂါရပ်များနှင့်ပတ်သက်၍ မည်သည့်အရာကို ထင်ရှားစေကြသနည်း။**

**ဤပညတ်တော်များက ဘုရားသခင်သည် သန့်ရှင်း၍တရားမျှတကာ ဖြောင့်မတ်တော်မူသောဘုရားဖြစ်တော်မူခြင်းကို ထင်ရှားစေသည်။**

*ဘုရားသခင်သည် ဤပညတ်တော်များကို ဣသရေလလူမျိုးများအားပေးအပ်တော်မူသည့်အချိန်တွင် ၄င်းတို့သည် ဣသရေလလူမျိုးများအတွက်သာ ဖြစ်သည်။*

*ထိုအချိန်တွင်ဣသရေလလူမျိုးများဘေးပတ်လည်တွင်နေထိုင်ခဲ့ကြသောသူများ၏ဘာသာရေးစနစ်များတွင် လူများကို အုပ်ချုပ်ရန် စေ့စပ်သေချာသော ကိုယ်ကျင့်တရားဆိုင်ရာ တရားဥပဒေများ မရှိသေးပါ။ ထို့ကြောင့် ထိုလူမျိုးများ၏လူမှုရေးကျင့်သုံးမှုတွင် ကိုယ်ကျင့်တရားပျက်ပြားမှုများစွာ ပေါ်ပေါက်လျက်ရှိသည်။ ကာမဆက်ဆံမှုကျူးလွန်သောအပြစ်များ၊ ကလေးသူငယ်များမတရားနှိပ်စက်မှု၊ မတရားမှု၊ ခိုးမှု၊ ရုပ်တုကိုးကွယ်မှု၊ လူ့အသက်သတ်ဖြတ်မှုနှင့်အခြားပုန်ကန်သောင်းကျန်းမှုများ ထကြွပေါ်ပေါက်လျက်ရှိသည်။*

*လူမှုဆက်ဆံမှုတွင် ဤသို့သောကိုယ်ကျင့်တရားပျက်ပြားမှုများအားလုံးကြောင့် ကျွန်ုပ်တို့၏ဖန်ဆင်းရှင်သခင်ဖြစ်သော သန့်ရှင်းတော်မူသောဘုရားသခင်ကို အသိအမှတ်ပြုခြင်း၊ ကြည်ညိုလေးစားခြင်း၊ နာခံခြင်းမရှိတော့ပါ။*

### (ဂ) သင့်ယဉ်ကျေးမှုတွင် မည်သည့်ဥပဒေများကို ကျူးလွန်ချိုးဖောက်ကြသနည်း။

*ဤမေးခွန်းနှင့်ပတ်သက်၍ ယဉ်ကျေးမှုတစ်ခုနှင့်တစ်ခု အပေါ်မူတည်၍ ဖြေကြားသောအဖြေကို တူညီကြမည် မဟုတ်ပါ။ သို့သော် ကျောင်းသူ/သားများက ''အားလုံးကိုချိုးဖောက်နေကြတယ်''ဟု ဖြေကြားနိုင်သည်။ အကယ်၍ သင်နေထိုင်သောနေရာတွင် ဘုရားသခင်၏ပညတ်တော်တစ်ခု(သို့)နှစ်ခုတို့ကို ချိုးဖောက်နေလျှင် ထိုအပြစ်များကို ပို၍ပြည့်စုံစွာ ဖော်ထုတ်လိုက်ပါ။*

### (ဃ) ဤပညတ်တော်များက လူသားများ၏သဘာဝနှင့်ကိုယ်ကျင့်တရားနှင့်ပတ်သက်၍ မည်သည့်အရာကို ထင်ရှားစေကြသနည်း။

ဤပညတ်တော်ဆယ်ပါးတို့သည် အများအတွက်ဖြစ်စေ၊ တစ်ဦးချင်းအတွက်ဖြစ်စေ၊ အများအားဖြင့် လူသားများ၏ကိုယ်ကျင့်တရားဆိုင်ရာတိုင်းတာသော ပေတံတစ်ချောင်းနှင့်တူပါသည်။ ဤကိုယ်ကျင့်တရားဆိုင်ရာပညတ်တော်ဖော်ပြချက်အရ ကျွန်ုပ်တို့အသက်တာကို စိတ်နှလုံးဖြူစင်စွာဖြင့် တိုင်းတာလျှင် လူသားအားလုံးတို့သည် တစ်ခု သို့မဟုတ်အခြားတစ်ခုကို ချိုးဖောက်နေကြပါသည်။

### (င) လူတစ်ယောက်သည် ဘုရားသခင်၏ပညတ်တော်ကိုချိုးဖောက်ကြောင်း ပြစ်တင်စွပ်စွဲနိုင်ရန် ဘုရားသခင်၏ပညတ်တော်မည်မျှချိုးဖောက်ရကြမည်နည်း။ အာဒံနှင့်ဧဝတို့ကိစ္စကို စဉ်းစားဆင်ခြင်ပါ။ စာမျက်နှာ ၁၄ရှိအဖြစ်အပျက် ၅ ကို ကြည့်ပါ။

အာဒံနှင့်ဧဝတို့သည် ဘုရားသခင်ပေးအပ်တော်မူသောပညတ်တော်တစ်ခုကို ချိုးဖောက်ခဲ့ကြသောအခါ ဝိညာဉ်ရေးရာ၌ သေသွားခဲ့ကြသည်။(သူတို့၏ဖန်ဆင်းရှင်ဘုရားသခင်နှင့် ရင်းရင်းနှီးနှီးဆက်နွယ်မှုကို ဖြတ်တောက်သွားခဲ့ရသည်)။ ဘုရားသခင်သည် သန့်ရှင်းတော်မူပြီး အပြစ်တရားနှင့်ကင်းစင်တော်မူသောကြောင့် သူတို့သည် အပြစ်တစ်ခုကို ကျူးလွန်ချိုးဖောက်ခဲ့ကြသောအခါ ဘုရားသခင်၏သန့်ရှင်းသောဂုဏ်အင်္ဂါကို စော်ကားမော်ကားပြုလျက် လျစ်လျူရှုရာရောက်သွားခဲ့သည်။

ကျမ်းစာသမိုင်းရာဇဝင်

အဖြစ်အပျက်များတွင် ဘုရားသခင်အား မည်ကဲ့သို့ပုံဆောင်ထားသနည်း။ (၁၃)၊ (၁၄)၊ (၁၅)၊ (၁၆)။ (စာမျက်နှာ ၁၈–၁၉)။

**၁၇။ သဲကန္တာရဥ်တဲတော်**

**ဣသရေလလူမျိုးများသည် ယဇ်ပူဇော်ခြင်းအမှုပြုလျက်အပြစ်များလွှတ်ငြိမ်းချမ်းသာခွင့်ရရှိနိုင်ရန် ဝတ်ပြုကိုးကွယ်သောနေရာတစ်ခုတည်ဆောက်ရန် ဘုရားသခင်သည် မောရှေအား မိန့်တော်မူခဲ့သည်။**

*ထွက်မြောက်ရာကျမ်း ၄၀း၁၇-၃၄၊ ဝတ်ပြုရာကျမ်း ၁-၁-၄၊ ၁၀။*

**(က) ထွက်မြောက်ရာကျမ်း ၄၀း၁၇-၃၄တို့ကို ဖတ်ပါ။**

**ဤကျမ်းချက်ထဲတွင်တွေ့ရသောအချက်အလက်များနှင့် စာမျက်နှာ ၁၈တွင်ဖော်ပြထားသော တဲတော်ပုံကိုနှိုင်းယှဉ်ကြည့်ပါ။**

*ထွက်မြောက်ရာကျမ်း ၄၀း၁၇-၃၄ တွင် တဲတော်တည်ဆောက်ပုံတည်ဆောက်နည်းပုံစံ၊ စီမံချက်များကို အကျဉ်းချုံးဖော်ပြထားပါသည်။ ဤကျမ်းချက်ထဲတွင်ဖော်ပြထားခဲ့သောအဓိကရည်ရွယ်ချက်များကို ရှင်းလင်းမြင်သာစွာဖြင့်သိရှိနိုင်ရန် ခက်ခဲပါသည်။*

*ဤနေရာတွင် ''သက်သေခံချက်''စကားစုသည် ပညတ်တော်ဆယ်ပါးရေးသားထားသော ကျောက်ပြားနှစ်ချပ်တို့ကို ရည်ညွှန်းဖော်ပြလိုခြင်းပင် ဖြစ်သည်။ ၎င်းတို့သည် ဘုရားသခင်၏လူများအတွက် ဘုရားသခင်၏ပညတ်တော်သက်သေခံချက်တို့ကိုမှတ်တမ်းတင်ထားသောကျောက်ပြားများဖြစ်ကြသည်။ အငယ် ၂၀ တွင်ဖော်ပြထားသည့်အတိုင်း၊ ဤကျောက်ပြားများသည် ပဋိညာဉ်သေတ္တာထဲတွင် သွင်းထားရမည် ဖြစ်သည်။*

*အငယ် ၂၂ တွင်ဖော်ပြထားသော ''စားပွဲ''သည် မုန့်တင်ထားသောစားပွဲ ဖြစ်သည်။ ရွှေဖြင့်ပြုလုပ်ထားသော ပလ္လင်မှာ သန့်ရှင်းသောနေရာနှင့်အသန့်ရှင်းဆုံးသောနေရာ(ထိုနေရာတွင် ပဋိညာဉ်သေတ္တာရှိသည်)ခြားထားသော ကုလားကာရှေ့တွင်ချထားသော ပလ္လင်တော်ငယ်လေးတစ်ခု ဖြစ်သည်။*

*ဤကျမ်းချက်များထဲတွင်ဖော်ပြထားသောအခြားအရာဝတ္ထုတစ်ခုကို တဲတော်ပုံပေါ်တွင် လွယ်ကူစွာမြင်တွေ့နိုင်ပါသည်။*

*ခေါင်းဆောင်လမ်းညွှန်ချက်စာအုပ်ဖြစ်လျှင် တဲတော်တွင်ရှိသောအဓိကအစိတ်အပိုင်းများ၏လုပ်ဆောင်ချက်များနှင့်ရည်ရွယ်ချက်များကို ရှင်းပြတတ်ရန် ခေါင်းဆောင်သည် ကြိုတင်ပြင်ဆင်မှုရှိရမည်။*

*ထွက်မြောက်ရာကျမ်းအခန်းကြီးဆယ့်ခြောက်ခု(၂၅-၄၀)တို့သည် တဲတော်အကြောင်းကို ပြည့်စုံစွာရှင်းပြနိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သောအခန်းကြီးများဖြစ်ပါသည်။ ကျောင်းသူ/သားများအား တဲတော်အကြောင်းကို စေ့စပ်ပြည့်စုံစွာသင်ကြားပေးနိုင်ရန်အတွက် ဤအခန်းကြီးများကို ဖတ်ရှုလေ့လာလျက် ကြိုတင်ပြင်ဆင်မှုပြုရန် တိုက်တွန်းလိုပါသည်။*

*ကျမ်းစာထဲတွင် အခန်းကြီး ၅၀ ကျော်တွင် တဲတော်နှင့်၎င်း၏လုပ်ဆောင်ချက်များကို ဖော်ပြထားပါသည်။ တဲတော်အသုံးပြုနေသောအချိန်ခေတ်ကာလတွင် တဲတော်သည် အရေးကြီးသောနေရာတစ်ခုဖြစ်ကြောင်း မြင်သာထင်ရှားလျက်ရှိသည်။*

***မြော်လင့်ခြင်းသမိုင်း**စာအုပ်ကိုလည်း လေ့လာရန် အလွန်အရေးကြီးသည်။ အပြစ်သားများသည် ဘုရားသခင်၏အပြစ်ခွင့်လွှတ်ခြင်းတရားရရှိခံစားနိုင်ရန်အတွက်**မြော်လင့်ခြင်းသမိုင်း**ထဲတွင် ပြည့်စုံစွာဖော်ပြထားပါသည်။*

*တဲတော်အကြောင်းနှင့်ပတ်သက်၍ သိသင့်သိထိုက်သောအရာများကိုပြည့်စုံစွာ သိရှိနားလည်သဘောပေါက်နိုင်ရန်အတွက် အောက်တွင်ဖော်ပြထားသော ဝိုဒ်ဆိုက်ကို ဖွင့်ကြည့်ရန် အားပေးလိုပါသည်။ ၎င်းဝိုဒ်ဆိုက်တွင် တင်ထားသော **တဲတော်**လက်ကမ်းစာစောင်နှင့် တဲတော်အကြောင်းဖော်ပြထားသောအချက်အလက်များ စာအုပ်ကို ဝယ်ယူသုံးစွဲရန် တိုက်တွန်းလိုပါသည်။*

http://www.the-tabernacle-place.com/

*ဖြစ်နိုင်ပါက **မြော်လင့်ခြင်းသမိုင်း** စာအုပ်နှင့်ဒွန်တွဲလျက်တဲတော်၏သွင်ပြင်လက္ခဏာများနှင့်လုပ်ဆောင်မှုများကိုသေချာစွာရှင်းပြနိုင်ရန်အတွက်   အထက်ဝိုဒ်ဆိုက်တွင်ဖော်ပြထားသောစာအုပ်များကို အသုံးပြုပါ။*

**(ဂ) တဲတော်သည် ဝတ်ပြုကိုးကွယ်သောနေရာဖြစ်သည်။ ဆိတ်သငယ်၊ သိုးသငယ်နှင့်ငှက်စသောတိရစ္ဆာန်များကိုအသုံးပြုကာ ယဇ်ပူဇော်ခြင်းအားဖြင့် လူတစ်ဦး၏အပြစ်ကို ပေးဆပ်ကျေအေးလွတ်ငြိမ်း(ဖုံးအုပ် (သို့)ခွင့်လွှတ်ခြင်းခံ)ခွင့်ရရှိနိုင်သောနေရာလည်း ဖြစ်သည်။ လူတစ်ဦးကျူးလွန်သောအပြစ်အတွက် (ခွင့်လွှတ်ခြင်းရရှိရန်(သို့)ဖုံးအုပ်နိုင်ရန်) ယဇ်ပူဇော်ခြင်းခံသောတိရစ္ဆာန်သည် အသေခံရမည် ဖြစ်သည်။**

*တဲတော်အကြောင်းကို စေ့စပ်သေချာ၊ သင့်တော်စွာလေ့လာလိုပါက အတွင်းပိုင်း(ဘုရားသခင်ကျိန်းဝပ်တော်မူသောနေရာ)မှအပြင်ပိုင်း(ယဇ်ပူဇော်ခြင်းအားဖြင့် အပြစ်သားများသည် ဘုရားသခင်ထံတော်သို့ချဉ်းကပ်သောနေရာ)သို့လေ့လာရမည် ဖြစ်သည်။ ကျောင်းသူ/သားများအား သင်ကြားပေးသောအခါ ပဋိညာဉ်သေတ္တာနှင့်အသန့်ရှင်းဆုံးသောနေရာရှိကျေးဇူးတော်ပလ္လင်မှအစပြုလိုက်ပါ။ ထို့နောက် တဲတော်ဂိတ်အတွင်းတွင်ရှိသောကြီးမားသောကြေးနီပလ္လင်ကိုလေ့လာပါ။*

**ဝတ်ပြုရာကျမ်း ၁-၁၄နှင့်၁၀-၁၄တို့ကို ဖတ်ပါ။**

**ထိုကျမ်းချက်များထဲတွင် ဖော်ပြထားသော လုပ်ထုံးလုပ်နည်းကို အကျဉ်းချုံး၍ဖော်ပြပါ။**

*အငယ် ၁–၄ကို အဓိကထားဖတ်ရှုပါ။ ဤကျမ်းချက်များထဲတွင်ဖော်ပြထားသော လုပ်ထုံးလုပ်နည်း၊ စီစဉ်ထုံးဖွဲ့ချက်များကို ကျောင်းသူ/သားများအား အကျဉ်းချုံးတင်ပြစေပါ။*

*အပြစ်မရှိသောတိရစ္ဆာန်တစ်ကောင်း၏ဦးခေါင်းပေါ်တွင်လူတစ်ယောက်လက်တင်ခြင်းကို အထူးပြုသင်ကြားပေးပါ။ ထိုနောက် ထိုအချက်တွင် ဖြစ်ပျက်သောအရာများကိုလည်းရှင်းပြပါ။ ဘုရားသခင်၏အမြင်မှာ အပြစ်သားတစ်ဦးကျူးလွန်သောအပြစ်များကို ယဇ်ပူဇော်ခြင်းခံလျက် အပြစ်မရှိသောတိရစ္ဆာန်ပေါ်သို့တင်ထားပြီးဖြစ်သောကြောင့် ထိုအပြစ်ကိုလွတ်ငြိမ်းချမ်းသာခွင့်ရရှိနိုင်ရန် ထိုတိရစ္ဆာန်သည် ကိုယ်စားပြုအသေခံရမည် ဖြစ်သည်။*

**(ဃ) ဤနေရာတွင်ဖော်ပြထားသောအချက်အလက်နှင့် စာမျက်နှာ ၁၅ရှိ အဖြစ်အပျက် ၈ ခု၌ဖြစ်ပျက်သောအဖြစ်အပျက်များတွင် မည်သည့်တူညီသောအချက်အလက်များကိုတွေ့ရှိရသနည်း။**

လူသားများ၏အပြစ်ကြောင့် အပြစ်မရှိသောတိရစ္ဆာန်များအသေခံရကြောင်းတူညီသောအချက်အလက်ကို တွေ့ရှိနိုင်ပါသည်။ ဤအစီအစဉ်သည် ဘသားများက ကောင်းကျိုးခံစားနိုင်ရန်အတွက် ဘုရားသခင်၏လမ်းညွှန်ချက်ပင် ဖြစ်သည်။

## ၁၈။ ကြေးမြွေအရုပ်

**ဣသရေလလူမျိုးများသည် ခါနာန်ပြည်သို့ သွားသောခရီးလမ်းမှာ ဘုရားသခင်ကို ပုန်ကန်ဆန့်ကျင်ခဲ့ကြသောကြောင့် မြွေဆိုးအကိုက်ခံရကြကာ သေဆုံးခဲ့ကြသည်။ သို့သော် ဘုရားသခင်သည် မြွေဆိုးဘေးမှ ကာကွယ်ကုသပေးနိုင်သော နည်းလမ်းကို ပြင်ဆင်ပေးတော်မူခဲ့သည်။** *တောလည်ရာကျမ်း ၂၁း၄-၉။*

### (က) တောလည်ရာကျမ်း ၂၁း၄-၉တို့ကိုဖတ်၍ ၄င်းမှပေါ်ပေါက်လာသောအောက်ပါအချက်အလက်များကို ဆင်ခြင်ပါ။

*ဤသမိုင်း၏နောက်ခံသမိုင်းကို အကျဉ်းချုံးဖော်ပြပါ။ ကာဒေရှဗာနာမြို့(စာမျက်နှာ ၈ မြေပုံကိုကြည့်ပါ)တွင် ဣသရေလလူမျိုးများကို ဘုရားသခင်ကို မကိုးစားကြခြင်းအကြောင်းကို ရှင်းပြ၏။ ထိုကြောင့် သူတို့သည် နှစ်ပေါင်း ၄၀ ခန့်အကြာ သိနာသဲကန္တာရတွင် လမ်းပျောက်ခရီးထွက်နေကြကြောင်း ရှင်းပြပါ။ သူတို့သည် နာခံမှုမရှိကြသောကြောင့် ထိုသို့လမ်းပျောက်သွားကြခြင်းပင် ဖြစ်သည်။*

- **မယုံကြည်မှုနှင့်ပုန်ကန်ထကြွမှုအပြစ်**

၅ သင်သည် ငါတို့ကို ဤတော၌ သေစေခြင်းငှါ၊ အဲဂုတ္တုပြည်မှ အဘယ်ကြောင့်ဆောင်ခဲ့သနည်း။ မုန့်မရှိ၊ ရေလည်းမရှိ၊ ဤပေါ့ပျက်သောစားစရာကိုလည်း ငါတို့သည် အလွန်ရွံရှာ၏ဟု ဘုရားသခင်နှင့်မောရှေကို ဆန့်ကျင်ဘက်ပြု၍ဆိုကြ၏။

- **တရားစီရင်/ဒဏ်ခတ်ခြင်း**

၆ ထိုအခါ ထာဝရဘုရားသည် ဣသရေလအမျိုးသားတို့တွင် မီးမြွေများကိုစေလွှတ်တော်မူ၍ လူအများတို့သည် အကိုက်ခံရသဖြင့်သေကြ၏။

- **အပြစ်ဝန်ချတောင်းပန်ခြင်း**

၇ ထိုကြောင့် လူများတို့သည် မောရှေထံသို့လာ၍ အကျွန်ုပ်တို့သည် ထာဝရဘုရားနှင့်ကိုယ်တော်ကိုဆန့်ကျင်လျက်ပြောဆို၍ ပြစ်မှားကြပါပြီ။

- **လွှတ်မြောက်ခြင်းအတွက်ဆုတောင်းခြင်း**

...ထာဝရဘုရားသည် မြွေများကိုအကျွန်ုပ်တို့မှပယ်ရှားတော်မူမည်အကြောင်းဆုတောင်းပါဟုလျှောက်လျှင်၊ မောရှေသည် လူအများအဘို့ ဆုတောင်းလေ၏။

- **ဘုရားသခင်ပြင်ဆင်ပေးတော်မူခြင်း**

၈ ထာဝရဘုရားကလည်း မီးမြွေရုပ်တုကိုလုပ်၍တိုင်ပေါ်မှာမြှောက်ထားလော့။ အကိုက်ခံရသောသူတိုင်းကြည့်ရှုလျှင် အသက်ချမ်းသာရကြလိမ့်မည်ဟုမောရှေအားမိန့်တော်မူခဲ့သည်။

- **ယုံကြည်ခြင်း**

၉ မောရှေသည် ကြေးဝါဖြင့်မြွေကိုလုပ်၍တိုင်ပေါ်မှာမြှောက်ထားပြီးလျှင်၊ မြွေကိုက်သောသူမည်သည်ကား ကြေးဝါမြွေကို ကြည့်ရှုသောအခါ အသက်ချမ်းသာရကြ၏။

- **အသက်**

...အသက်ချမ်းသာရကြသည်။

### (ခ) သေခြင်းမှလွတ်မြောက်ရန်အတွက် ဣသရေလလူမျိုးများသည် မည်သည့်အရာကို ပြုလုပ်ရကြမည်နည်း။

ဣသရေလလူမျိုးများသည် မိမိလိုအပ်သောအရာကို သိမှတ်ရကြမည်။ သူတို့အတွက် ဘုရားသခင်ပြင်ဆင်ပေးတော်မူသောအရာကို ကြည့်ရှုရမည်။ ကြေးမြွေမှ အနာရောဂါကုသရန်ဆေးမရှိပါ။(အခြားကျမ်းချက်ထဲတွင်လည်း ကြေးမြွေအကြောင်းကို တွေ့ရသည်)။ ဘုရားသခင်သည် မိမိကတိတော်နှင့်ပြင်ဆင်မှုကိုယုံကြည်ခြင်းအားဖြင့်အသေခံမည့်လူများကိုကယ်တင်ရန်အတွက် ကိုယ်တော်သည် ကြေးမြွေကို အသုံးပြုတော်မူခြင်း ဖြစ်သည်။

### (ဂ) ဤအကြောင်းကို စိတ်ထဲတွင် စွဲစွဲမြဲမြဲမှတ်ထားပါ။ နောက်ပိုင်းရှိကျမ်းစာသမိုင်းတွင် တတ်ကျွမ်းသောဆရာသမားများက ထိုအဖြစ်အပျက်ကိုပြန်လည်ရည်ညွှန်း၍ ဤအဖြစ်အပျက်၏ပရောဖက်ဆိုင်ရာအရေးပါမှုကိုရှင်းပြလိမ့်မည်။

*ဤအချက်နှင့်ပတ်သက်၍ စေ့စပ်ပြည့်စုံစွာပြောကြားခြင်းအားဖြင့် သမိုင်းအကြောင်းများကို ကြိုတင်မဖော်ပြသင့်ပါ။*

## ၁၉။ ဘုရင်ဒါဝိဒ်အုပ်ချုပ်မှု

**ဣသရေလလူမျိုးများသည် ခါနာန်ပြည်သို့ဝင်ရောက်ခဲ့ကြပြီးနောက် ဘုရားသခင်သည် သူတို့အား တရားသူကြီးနှင့်ဘုရင်များဖြင့်အဆင့်ဆင့်အုပ်ချုပ်တော်မူခဲ့သည်။ ရှင်ဘုရင်ထဲတွင် ဒါဝိဒ်မင်းလည်းပါဝင်သည်။ ဘုရားသခင်သည် ဒါဝိဒ်၏နိုင်ငံအား လူတစ်ဦးအားဖြင့် ထာဝရတည်တံ့စေတော်မူလိမ့်မည်ဟု ကတိပြုတော်မူခဲ့သည်။** *၂ရာ ၇း၁–၁၆။*

*ဤအဖြစ်အပျက်သည် အရင်အဖြစ်အပျက်နှင့် နှစ်ပေါင်းရာချီကွာခြားခဲ့သည်(အဖြစ်ပျက် ၁၈)။ ထိုအချိန်တွင် ပေါ်ပေါက်ခဲ့သောအဖြစ်အပျက်ကို အတိုးချုံး၍ဖော်ပြပါ။*

*ဣသရေလလူမျိုးများသည် ယေရိခေါမြို့ကိုဖြတ်ကျော်ပြီး ယောဒန်မြစ်အရှေ့ဘက်တစ်ဖက်ကမ်းနေရာဒေသသို့သွားရောက်ခဲ့ကြသောလမ်းကို ရှင်းပြနိုင်ရန်အတွက် စာမျက်နှာ ၈ (ပထဝီအနေအထားကို ခြုံငုံလေ့လာရန်)နှင့် ၇ (ခါနာန်ပြည်သို့ပြန်လည်ရောက်ရှိခြင်း)တွင်ရှိသောမြေပုံကို အသုံးပြုပါ။*

*ဣသရေလလူမျိုးများသည် (ယောရှု၏ဦးဆောင်မှုအောက်တွင်)ယောဒန်မြစ်ကို အလွန်အံ့ဩဖွယ်ကောင်းစွာဖြတ်ကျော်ခြင်း၊ ရှေးဦးစွာ ယေရိခေါမြို့ကို သိမ်းပိုက်နိုင်ခြင်းနှင့် ခါနာန်ပြည်၏အဓိကကျသောနေရာဒေသများကိုသိမ်းပိုက်နိုင်ခြင်းများကို ရှင်းပြပါ။ အဖြစ်အပျက် ၁၁ (ဤအကြောင်းများဖြစ်ပျက်လိမ့်မည်ဟု အာဗြဟံအားဘုရားသခင်ကတိပြုတော်မူသောနေရာကို ပြန်သိနိုင်ရန်အတွက်* ***မြော်လင့်ခြင်းသမိုင်း****ရှိ စာမျက်နှာ ၁၇)တွင် ဖော်ပြထားသော အချက်(ဂ)ကို ပြန်ကြည့်ပါ။*

*ဘုရားသခင်နှင့်ဣသရေလလူမျိုးများသည် အပြစ်မရှိသောလူမျိုးများကို အနိုင်ကျင့်ဒဏ်ခတ်ခြင်းမပြုကြပါ။ ခါနာန်ပြည်တွင်နေထိုင်ခဲ့ကြသောလူများ(''ခါနာန်လူမျိုးများ'')သည် နှစ်ပေါင်းများစွာ မယုံကြည်နိုင်လောက်အောင်ဆိုးသွမ်းသောသူများဖြစ်ကြပါသည်(မိမိသားသမီးများဖြင့်ပင်လျှင် ယဇ်ပူဇော်ခြင်းပြုခဲ့ကြသည်)။ သူတို့၏ဆိုးသွမ်းသောအပြုအမူအတွက် သူတို့နေထိုင်သောနေရာ ဒေသကို ဣသရေလလူမျိုးများအား လုယူသိမ်းပိုက်စေတော်မူခြင်း ဖြစ်သည်။ ဘုရားသခင်သည် မိမိတရားစီရင်တော်မူခြင်းနှောင့်နှေးကြန့်ကြာစေခြင်းသည် ကိုယ်တော်၏ကျေးဇူးတော်ပင် ဖြစ်ပါသည်။*

### (က) ခါနာန်ပြည်တွင် ဣသရေလလူမျိုးများအား တရားသူကြီးများ၊ နောက်ပိုင်းတွင်ရှင်ဘုရင်များက အုပ်ချုပ်ခဲ့ကြသည်။

*တရားသူကြီးများအုပ်ချုပ်သောအချိန်ကို အတိုချုံး၍ရှင်းပြပါ။*

*၁။ ဣသရေလလူမျိုးများသည် သူတို့နှင်ထုတ်ခဲ့သောလူဆိုးများကဲ့သို့ အသက်ရှင်ခဲ့ကြသည်။*

*၂။ သူတို့အပြစ်အတွက်ပြစ်ဒဏ်အဖြစ် အောင်မြင်သောလူစုတစ်ဖွဲ့က သူတို့ကို တိုက်ခိုက်အောင်မြင်ခဲ့ကြ၍ နှစ်ပေါင်းအချို့အတောအတွင်းအုပ်ချုပ်ခဲ့ကြသည်။*

*၃။ သူတို့သည် သူတို့၏ဘုရားသခင်ထံ ငိုကြွေးဆုတောင်းခဲ့ကြပြီး ဘေးကြပ်နံကြပ်၊ ရှေ့တိုးမရ၊ နောက်ဆုတ်မရသောအခြေအနေမျိုးနှင့်ရင်ဆိုင်နေရသောအခါ ဘုရားသခင်အကူအညီတောင်းခံခဲ့ကြသည်။*

*၄။ ဘုရားသခင်သည် ဣသရေလလူမျိုးများအား ပြန်လည်စုစည်းရန်နှင့် သူတို့ကိုအောင်မြင်သောသူများအပေါ် ချေပအနိုင်ယူနိုင်အောင် ဦးဆောင်လမ်းပြရန်အတွက် ခေါင်းဆောင်များ(''တရားသူကြီးများ'')ကို ဣသရေလလူမျိုးမှ ကြိမ်ဖန်များစွာပေါ်ထွန်းစေတော်မူခဲ့သည်။*

*၅။ ထိုနောက် အုပ်ချုပ်မှုမှာ စက်ဝိုင်းပမာ ချာချာလည်ပတ်လျက်ရှိသည်။*

### ဒုတိယဘုရင်၊ ဒါဝိဒ်မင်းသည် ဘုရင်အကြီးမားဆုံးနှင့်ဘုရားတရားအကိုင်းရှိုင်းဆုံးသောရှင်ဘုရင်ဖြစ်သည်။

*ဣသရေလလူမျိုးများသည်နှစ်ပေါင်းရာချီအတောအတွင်း ဤတရားသူကြီးများ၏အုပ်ချုပ်မှုအောက်တွင်နေခဲ့ပြီးနောက် ဘုရားသခင်ထံတော်သို့ ရှင်ဘုရင်တစ်ပါးကိုတောင်းလျှောက်ခဲ့ကြရာ ''ရှောလု''ခေါ် ပထမဦးဆုံးရှင်ဘုရင်တစ်ပါးကို ဘုရားသခင်ချပေးတော်မူခဲ့ကြောင်း ရှင်းပြပါ။ နောက်ပိုင်းတွင် ဘုရားသခင်သည် ဒါဝိဒ်အားရှင်ဘုရင်အဖြစ်ခန့်အပ်တော်မူခဲ့သည်။*

**၂ရာ ၇း၁–၇တို့ကိုဖတ်ပါ။**

### ဒါဝိဒ်သည် ဘုရားသခင်အတွက် မည်ကဲ့သို့သောအိမ်တော်ကို တည်ဆောက်လိုခဲ့သနည်း။

*ဤအချက်နှင့်ပတ်သက်၍ လူများသည် ဘုရားသခင်အား ဝတ်ပြုကိုးကွယ်ခြင်းပြုလုပ်နိုင်ကြရန်အတွက် အမြဲတမ်းအသုံးပြုနိုင်သောဗိမာန်တော်မရှိကြသေးပါ။ ဘုရားသခင်သည် မိမိလူများအကြား ကြွလာကျိန်းဝပ်နိုင်သောနေရာ၊ ပဋိညာဉ်သေတ္တာဖြစ်သည်။ ထိုသေတ္တာတော်သည် နေရာတစ်ခုမှအခြားနေရာတစ်ခုသို့ ရွှေ့လျားသယ်ဆောင်နိုင်သော ''အိမ်''ဖြစ်သောကြောင့်နှစ်ပေါင်းများစွာအသုံးပြုကာသယ်ဆောင်သွားခဲ့ကြသည်။ ဒါဝိဒ်သည်သာယာလှပသောနန်းတော်တွင်နေထိုင်ခဲ့ရသော်လည်း ဘုရားသခင်သည် မိမိလူများနှင့်တွေ့ဆုံတော်မူနိုင်သော ဗိမာန်တော်အား ရှင်ဘုရင်ဒါဝိဒ်ခေတ်ကာလတွင် မရှိသေးပါ။ ဒါဝိဒ်မင်းကြီးသည် ဘုရားသခင်အတွက် ဗိမာန်တော်(''အိမ်တော်'')တည်ဆောက်ရန် စိတ်နှလုံးတက်ကြွခဲ့ပါသည်။ သို့သော် သူ၏သားရှောလမုန်သည် တည်ဆောက်လိမ့်မည်ဟု ဘုရားသခင်မိန့်တော်မူခဲ့သည်။*

**မှတ်ချက်။ ။ ယေရုရှလင်မြို့၌လုပသာယာခန်းနားသောဗိမာန်တော်ကြီးတည်ဆောက်ရန်အတွက် ဒါဝိဒ်မင်းသည် လိုအပ်သော ပစ္စည်းပစ္စယများကိုစုစည်းပြီး စီမံကိန်းများချမှတ်လျက်ရှိခဲ့သည်။ နောက်ပိုင်းတွင် သူ၏သားရှောလမုန်က ထိုဗိမာန်တော်ကြီးကို တည်ဆောက်ခဲ့သည်။**

**(ခ) ထို*အိမ်တော်*အား တစ်ခါတစ်ရံ လူတစ်ယောက်၏ဆွေစဉ်မျိုးဆက်(သို့)မျိုးရိုးစာရင်းကိုရည်ညွှန်းလိုခြင်းဖြစ်ကြောင်းသတိပြုပါ။**

*ဤနေရာတွင် ''အိမ်''ဟူသောစကားလုံးကို မတူညီသောနည်းလမ်းနှစ်မျိုးဖြင့်အသုံးပြုထားပါသည်။ တစ်ခါတစ်ရံ ''စကားလုံးများဖြင့် ဖော်ပြခြင်း''ဟုခေါ်သည်။*

**၂ရာ ရး၁၁နောက်ဆုံးအပိုင်း မှ အငယ် ၁၃ အထိဖတ်ပါ။**

**ဘုရားသခင်သည် ဒါဝိဒ်အား မည်ကဲ့သို့သော *အိမ်*မျိုးကိုတည်ဆောက်ရန် ကတိပြုတော်မူခဲ့သနည်း။**

ထိုအချိန်ကာလတွင်အသုံးပြုသောယဉ်ကျေးမှုအရဖြစ်စေ၊ ''အိမ်''တစ်အိမ်ထားရှိခြင်းသည် **မင်းမျိုးမင်းနွယ်**၊ အိမ်ထောင်မိသားစုတစ်ခုတွင်တန်ခိုးကြီးသောခေါင်းဆောင်များဆက်တိုက်ပေါ်ထွန်းခြင်းကို ရည်ညွှန်းပေးလိုသောနည်းလမ်းပင် ဖြစ်သည်။ ထို့ကြောင့်၊ ဘုရားသခင်သည် ဒါဝိဒ်မင်းအားကတိပြုတော်မူသည်မှာ သူမှဆင်းသက်လာသောအမျိုးအနွယ်များသည် တန်ခိုးကြီးသောဘုရင်များဖြစ်လျက် သူသေဆုံးသွားခဲ့ပြီးနောက်နှစ်ပေါင်းများစွာ အုပ်ချုပ်ကြလိမ့်မည်ဟူသော ကတိတော်ပင်ဖြစ်သည်။

*အချို့သောနိုင်ငံများတွင်လည်း ထိုနည်းလမ်းကိုအသုံးပြုကြသည်။ ဥပမာအားဖြင့်၊ ''ပလ္လင်ဆက်ခံခြင်း''(ယူနိုက်တက်နိုင်ငံ)*

**(ဂ) ၂ရာ ရး၁၆ကိုဖတ်ပါ။**

**ဒါဝိဒ်၏သားရှောလမုန်အုပ်ချုပ်မှုပြီးနောက် ဤ''အိမ်ဆိုင်ရာကတိတော်''သည် မည်သည့်အတိုင်းအတာအထိ ဆက်လက်တည်တံ့ကြောင်း မည်သည့်ဖော်ပြချက်ကို တွေ့ရှိရသနည်း။**

ဒါဝိဒ်၏အိမ်နှင့်ဒါဝိဒ်၏ပလ္လင်သည်အစဉ်အမြဲတည်တံ့လိမ့်မည်ဟု ဘုရားသခင်မိန့်တော်မူခဲ့သည်။ ရှောလမုန်မင်းကြီးသည် နှစ်ပေါင်း ၄၀သာအုပ်ချုပ်ခဲ့သည်ဟု သမိုင်းအရ သိရှိရပါသည်။

**(ဃ) ဒါဝိဒ်သည် မည်သည့်ဣသရေလအမျိုးအနွယ်မှဆင်းသက်လာခဲ့သနည်း။ ကမ္ဘာ ၄၉း၁၀တွင်ဖော်ပြထားသော ယုဒအပေါ် ယာကုပ်၏ကတိကို မှတ်ထားပါ။ စာမျက်နှာ ၁၇ရှိ အဖြစ်အပျက် ၁၂ ကိုကြည့်ပါ။**

ဒါဝိဒ်ဘုရင်သည် ယုဒအမျိုးမှဆင်းသက်လာခဲ့သည်။

*အာဗြဟံ၏မြေးယာကုပ် (''ဣသရေလ''ဟု နာမည်ပြောင်းခေါ်ခဲ့သည်)သည် သားဆယ့်နှစ်ယောက်ရှိကြောင်း ကျောင်းသူ/သားများအားပြောပြပါ။ ဣသရေလမှဆင်းသက်လာသောသူအားလုံးကို လူမျိုးစုတစ်ခုအဖြစ် တည်ထောင်ခဲ့ပါသည်။ သူ၏သားသမီးတစ်ဦးချင်းစီသည် လူမျိုးတစ်မျိုး၏အမည်နာမဖြစ်လာခဲ့သည်။ ဣသရေလ(လူ)မသေမီ သူ၏သားများနှင့်သူတို့၏လူမျိုးစုများတစ်မျိုးချင်းစီနှင့်ပတ်သက်၍သူက ကြိုတင်ဟောကြားခဲ့သည်။*

*ကမ္ဘာဦးကျမ်း ၄၉း၁၀ထဲတွင် ဣသရေလသည် သူ့သားယုဒနာမည်အား လူမျိုးစုတစ်စု၏နာမည်အဖြစ်သတ်မှတ်ကြောင်းကြိုတင်ပြောကြားချက်ကို တွေ့ရသည်။*

*ကမ္ဘာဦးကျမ်း ၄၉း၂၀နှင့် ဘုရင့်မျိုးနွယ်အစဉ်အမြဲတည်တံ့ခြင်းနှင့်ပတ်သက်သော ဒါဝိဒ်ဘုရင်အပေါ်ဘုရားသခင်ပြုတော်မူခဲ့သော ကတိတော်တို့၏ဆက်နွယ်မှုအကြောင်းကို ကျောင်းသူ/သားများနှင့်ဆွေးနွေးပါ။*

## ၂၀။ မေရှိယကြွလာတော်မူရန် ပရောဖက်ပြုခြင်းများ

**ဣသရေလလူမျိုးများ၏သမိုင်းတစ်လျှောက်တွင် ဘုရားသခင်သည် မိမိပရောဖက်များကိုမှုတ်သွင်းတော်မူ၍ ဣသရေလလူမျိုးများ၏အကြောင်း၊ နောက်နောင်တစ်ချိန်တွင်မွေးဖွားလာမည့်ရှင်ဘုရင်နှင့်ကယ်တင်ရှင်အကြောင်းအသေးစိတ်ကြိုတင်ဟောပြောစေတော်မူခဲ့သည်။** ဟေရှာယ ၇း၁၄၊ ၉း၁–၂၊ ၆–၇၊ ၅၂း၁၃–၅၃း၁၂။

### (က) သူ၏မွေးဖွားခြင်း– ဟေရှာယ ၇း၁၄ ကိုဖတ်ပါ။

[၁၄] ထို့ကြောင့်၊ ထာဝရဘုရားသည် ကိုယ်တော်တိုင်နိမိတ်လက္ခဏာကိုသင်တို့အားပေးတော်မူမည်။ ကြည့်ရှုလော့။ သတို့သမီးကညာသည် ပဋိသန္ဓေစွဲယူ၍ သားယောကျ်ားကိုဘွားမြင်လတံ့။ ထိုသားကိုမေဗွေလအမည်ဖြင့်မှည့်ရလတံ့။

**ကမ္ဘာ ၃း၁၅ကို ဖတ်၍ စာတန်ပေါ်အောင်မြင်သူမှာ မိန်းမ၏အမျိုးအနွယ်ဖြစ်လိမ့်မည်ဟု ကတိတော်ကို ပြန်လည်စဉ်းစားပါ။ သို့သော် ဖခင်နာမည်ဖော်ပြထားခြင်းမရှိပါ။ စာမျက်နှာ ၁၅တွင်ရှိသော အဖြစ်အပျက် ၇ ကိုကြည့်ပါ။**

[၁၅] သင်နှင့်မိန်းမကိုင်၄း၊

သင်၏အမျိုးအနွယ်နှင့်မိန်းမ၏အမျိုးအနွယ်ကို၄င်း၊

ငါသည်ရန်ငြိုးဖွဲ့စေမည်။

သူသည် သင်၏ခေါင်းကို ကြိတ်လိမ့်မည်။

သင်သည်သူ၏ဖနောင့်ကိုကြိတ်လိမ့်မည်ဟုမိန့်တော်မူ၏။

**ဤကျမ်းချက်နှစ်ချက်တို့သည် မည်သို့ဆက်နွယ်မှုရှိကြောင်း သင်မြင်တွေ့သနည်း။**

*ဤကျမ်းချက်နှစ်ချက်တို့ဆက်နွယ်မှုကို အနက်အဓိပ္ပါယ်ဖွင့်ဆိုရာတွင် ခက်ခဲမှုများစွာရှိသောကြောင့် ဤအကြောင်းနှင့်ပတ်သက်၍ လွန်ကဲစွာအနက်မဖွင့်သင့်ပါ။*

အနက်အဓိပ္ပါယ်ဖွင့်ဆိုရမည်မှာ–

၁။ **ကမ္ဘာဦးကျမ်း ၃း၁၅**တွင် စာတန်အပေါ်အောင်မြင်သူမှာ မိန်းမ၏''အမျိုးအနွယ်'' (ရင်သွေး)ဖြစ်လိမ့်မည်။ ဖခင်မှာ မည်သူမည်ဝါဖြစ်လိမ့်မည်ဟု ဖော်ပြချက်မရှိပါ။ ထို့ကြောင့် စာတန်အပေါ်အောင်မြင်သူမှာ အလွန်မြင့်မြတ်သောအပျိုကညာမှ ဖွားမြင်ခြင်းခံရလိမ့်မည်ဟူသောအရိပ်အယောင်ဖြစ်နိုင်သည်။

၂။ **ဟေရှာယ ၇း၁၄**တွင် ဘုရားသခင်၏ပရောဖက်ဖြစ်သောဟေရှာယက ဣသရေလလူမျိုးများအား နိမိတ်လက္ခဏာကိုပေးခဲ့ပါသည်။ ၄င်းမှာ အပျိုကညာသည် ပဋိသန္ဓေစွဲယူ၍သားယောကျ်ားကိုဖွားမြင်လိမ့်မည်။ ထိုအပျိုကညာမှဖွားမြင်လာသောသားအား ''မောန္ဒေလ'' ဟုမှည့်ခေါ်ရမည်။ မောန္ဒေလအဓိပ္ပါယ်မှာ ''ကျွန်ုပ်တို့နှင့်အတူရှိတော်မူသောဘုရား''ဖြစ်သည်။

၃။ ဤပရောဖက်ဆိုင်ရာကတိတော်နှစ်ခုတို့သည် လူပုဂ္ဂိုလ်တစ်ဦးကိုသာ ရည်ညွှန်းထားသည်။ ဤကျမ်းချက်နှစ်ခုတို့သည် တစ်ခုနှင့်တစ်ခုဆက်နွယ်မှုရှိသည်ဟု အချို့သောဓမ္မဝေလီဆိုင်ရာကျမ်းတတ်ပုဂ္ဂိုလ်များက ယုံကြည်ကြသည်။

### (ခ) သူ၏မွေးဖွားသောနေရာဌာန– မိက္ခာ ၅း၂ ကို ဖတ်ပါ။

[၂] ''အိုဗက်လင်ဖေရတ်မြို့၊

အစိုးရသောယုဒမြို့တို့တွင် သင်သည် မြို့ငယ်မြို့ယုတ်ဖြစ်သော်လည်း၊

ဣသရေလအမျိုးကိုအုပ်စိုးရသောသခင်သည် ငါ့အဘို့

သင်၏အထဲမှာပေါ်ထွန်းလတံ့။

ထိုသခင်သည် ရှေးကပ်ကမ္ဘာမှစ၍

ပေါ်ထွန်းသောသခင်ဖြစ်၏။''

*''ဗက်လင်ဖေရတ်မြို့''သည် ခါနာန်နယ်မြေတွင်ရှိသော မြို့ငယ်ကလေးဖြစ်ကြောင်းကျောင်းသူ/သားများအားရှင်းပြပါ။ ယုဒမှဆင်းသက်လာသောဣသရေလလူမျိုးများပိုင်ဆိုင်သော နယ်မြေဒေသဖြစ်သည်။ စာမျက်နှာ၇တွင်ရှိသောမြေပုံတွင် ၄င်း(ဗက်လင်မြို့)ကိုရှာဖွေပါ။*

**ဤကျမ်းပိုဒ်သည် ကမ္ဘာဦးကျမ်း ၄၉း၁၀တွင်ဖော်ပြထားသော ဣသရေလက သူ၏သားယုဒအပေါ် ရာဇလုံ့တံကတိတော်နှင့် မည်ကဲ့သို့ ဆက်နွယ်မှုရှိသနည်း။ စာမျက်နှာ ၁၇တွင်ရှိသော အဖြစ်အပျက် ၁၂ ကိုကြည့်ပါ။**

ဣလသရေလ(လူ)သေဖို့အချိန်နီးကပ်လာသောအခါ သူက ယုဒမှဆင်းသက်လာသောအမျိုးအနွယ်များမှ အုပ်ချုပ်သူရှင်ဘုရင်နှင့်တရား ဥပဒေချမှတ်သူများပေါ်ထွန်းလာလိမ့်မည်ဟု ကြိုတင်ပြောကြားခဲ့သည်။ ''လူများ'' (သို့) ''လူမျိုးနွယ်စုများ''များက ဤရှင်ဘုရင်၏ အမိန့်ကို နာခံကြလိမ့်မည်။

အရင်အဖြစ်အပျက်(အဖြစ်အပျက်၁၉)တွင် (၁) ဒါဝိဒ်သည် ယုဒအမျိုးအနွယ်မှဆင်းသက်လာသောရှင်ဘုရင်တစ်ပါးဖြစ်ကြောင်း (၂) ရှင်ဘုရင်မင်းဆက်များသည် ဒါဝိဒ်၏အမျိုးအနွယ်မှဆင်းသက်လာမည်ဟု ဘုရားသခင်ကတိပြုတော်မူကြောင်း တွေ့ရပါသည်။

***မှတ်ချက်။ ။** ဒါဝိဒ်မင်းကြီးသည် ဗက်လင်မြို့မှ ဖွားမြင်လာခဲ့သည်။*

*မိက္ခာသည် ဒါဝိဒ်မင်းကြီးသေဆုံးပြီးနှစ်ပေါင်း ၃၀၀ခန့်တွင် ရေးသားခဲ့သည်။ သူက အခြားသော ဣလသရေလလူမျိုးအုပ်ချုပ်သူသည် ဗက်လင်မြို့မှ ပေါ်ထွန်းလာလိမ့်မည်ဟု ကြိုတင်ဟောပြောဟန်တူသည်။ သို့သော် မိက္ခာသည် အနာဂတ်ကာလတွင်ပေါ်ထွန်းလာမည့် အုပ်ချုပ်သူ၏ထူးခြားမှုကိုတစ်စုံတစ်ခုကို ထည့်သွင်းဖော်ပြထားပါသည်။ သူသည် ''ထာဝရကာလ၊ ရှေးခေတ်ကာလကတည်းက တည်ရှိခဲ့သည်။''*

*ထိုဖော်ပြချက်၏အနက်အဓိပ္ပါယ်မှာ မည်သည့်အရာဖြစ်သနည်း။ ထိုအကြောင်းကို စဉ်းစားကြည့်ပါ။*

**(ဂ) ဂလိလဲပြည်တွင် သူ၏လုပ်ဆောင်ချက်– ဟေရှာယ ၉း၁–၂နှင့်၆တို့ကို ဖတ်ပါ။**

**ဤနေရာဒေသမှာ ဂလိလဲပင်လယ်တစ်ဝိုက်ဖြစ်သည်။**

*စာမျက်နှာ ၇ တွင်ရှိသောမြေပုံတွင် ထိုနယ်မြေကိုရှာဖွေပါ။ ထိုနေရာဒေသများတွင် ကပေရနောင်မြို့၊ဗေသေသဒမြို့နှင့် နာဇရက်တို့ပါဝင်သည်။*

*ဒါဝိဒ်မင်းကြီးသေဆုံးခဲ့ပြီးနှစ်ပေါင်းများစွာအတောအတွင်း ဣလသရေလလူမျိုးများ၏ရန်သူများက ဂါလိလဲပတ်လည်တွင်ရှိသောနယ်မြေများကို မကြာခဏဖိနှိပ်ချုပ်ချယ်ခဲ့ကြကြောင်းရှင်းပြပါ။ လူများစွာတို့သည် ကျေးကျွန်များအဖြစ် ဖမ်းဆီးချုပ်နှောင်ခြင်းခံခဲ့ရကြသည်။ ကျေးကျွန်များအဖြစ်ဖမ်းဆီးသိမ်းသွားခြင်းခံသောဣလသရေလလူမျိုးများကိုယ်စား အစားထိုးနေထိုင်ရန်အတွက် ဣလသရေလလူမျိုးမဟုတ်သောသူများ (ဟေလသလူမျိုးများ)ကို ထိုနေရာဒေသသို့ပို့ဆောင်ခဲ့ကြသည်။ ထိုကြောင့် ထိုနေရာဒေသသည် ဖိနှိပ်ချုပ်ချယ်မှုခံရသော နေရာဒေသအဖြစ် သတ်မှတ်ခြင်းခံရသည်။*

*ဤနေရာဒေသတွင်အသင်းယူဆောင်လာမည့်သားယောကျာ်းတစ်ဦး ဖွားမြင်လာလိမ့်မည်။*

**(ဃ) သူ၏အသေခံခြင်း– ဟေရှာယ ၅၂း၁၃–၅၃း၁၂။**

**. . . ဤနေရာတွင်ဖော်ပြထားသောပုဂ္ဂိုလ်အပေါ် မည်သည့်ဆိုးကျိုးပေါ်ပေါက်လိမ့်မည်နည်း။**

အောက်တွင် ထိုဆိုးကျိုးအနည်းငယ်ဖော်ပြထားပါသည်။

၅၂း၁၄– သူသည် လူမဟုတ်သကဲ့သို့မျက်နှာပျက်ခြင်း၊ လူသားမဟုတ်သကဲ့သို့အဆင်းအသေရေပျက်ခြင်းခံရလိမ့်မည်။

၅၃း၂– သူသည် အဆင်းတင့်တယ်ခြင်းမရှိ။ ချစ်လိုဖွယ်သောမျက်နှာလက္ခဏာနှင့်မပြည့်စုံပါ။

၅၃း၃– သူသည် မထီမဲ့မြင်ပြုခြင်းကိုခံရ၍ လူတို့တွင် အယုတ်ဆုံးသောသူ၊ငြိုငြင်သောသူ၊ နာကြဉ်းဝေဒနာနှင့်ကျွမ်းဝင်သောသူဖြစ်သည်။ သူတပါးမျက်နှာလွှဲခြင်းကိုခံရလိမ့်မည်။

၅၃း၄– ဘုရားသခင်ဆုံးမ၍နှိမ့်ချတော်မူခြင်းကိုခံရသောသူဖြစ်လိမ့်မည်။ ၅၃း၅– သူသည် နာကျင်စွာထိုးခြင်း၊နှိပ်စက်ခြင်းကိုခံရလိမ့်မည်။

၅၃း၇– သူသည် ညှဉ်းဆဲခြင်းနှင့်နှိမ့်ချခြင်းကိုခံရလိမ့်မည်။အသေသတ်ရန်ဆောင်သွားသောသိုးသငယ်ကဲ့သို့သူ့ကိုဆောင်သွားလိမ့်မည်။

၅၃း၈– သူသည် အသက်ရှင်သောသူတို့၏နေရာမှသုတ်သင်ပယ်ရှင်းခြင်းခံရလိမ့်မည်။

**သူ၏ညှဉ်းပန်းနှိပ်စက်မှုခံခြင်းမှ ကောင်းကျိုးများမှာ မည်သည့်အရာများဖြစ်သနည်း။**

အောက်တွင် အနည်းငယ်ဖော်ပြထားပါသည်။

၅၂း၁၅– သူသည် အများသောလူမျိုးတို့ကို သန့်ရှင်းစေလိမ့်မည်။ (မည်သည့်အရာကိုဆိုလိုသနည်း ဟုမေးပါ)။

၅၃း၅– သူသည် ငါတို့လွန်ကျူးခြင်းအပြစ်များကြောင့် နာကျင်စွာထိုးခြင်း၊ နှိပ်စက်ခြင်းကိုခံရလိမ့်မည်။– သူသည် ကျွန်ုပ်တို့ခံရမည့် အပြစ်ဒဏ်ကိုယူဆောင်သွားလိမ့်မည်။

၅၃း၆– စာမျက်နှာ ၂၀တွင်ရှိသော အဖြစ်အပျက် ၁၇တွင် ဖော်ပြထားသော နည်းလမ်းအတိုင်း ဘုရားသခင်သည် ခပ်သိမ်းသောငါတို့၏အပြစ်များကို သူ့အပေါ်၌တင်တော်မူလိမ့်မည်။

၆၃း၁၁– သူသည် လူများစွာတို့၏အပြစ်ကို ယူဆောင်သွားမည်ဖြစ်သောကြောင့် သူ(ဤနေရာတွင် ''ဘုရားသခင် (ငါ)၏ ဖြောင့်မတ်သော အစေခံကျွန်ဟုခေါ်သည်) အားဖြင့် လူများစွာတို့သည် ''ဖြောင့်မတ်ခြင်း''ခံရကြလိမ့်မည်။

၅၃း၁၂– သူပြုလုပ်သောကောင်းမြတ်သောအမှု–အပြစ်သားများစွာ(ရာဇဝတ်သူများ)တို့၏အပြစ်များအတွက် အသေခံခြင်း– ကြောင့် ဘုရားသခင်သည် သူ့အား ''မြင့်မြတ်သောပုဂ္ဂိုလ်''ဟုရေတွက်ပါလိမ့်မည်။

**(c) သေခြင်းမှ ထမြောက်ခြင်း– ဆာလံ ၁၆း၈–၁၀တို့ကို ဖတ်ပါ။**

**အငယ် ၁၀ တွင် မည်သည့်အရာကို ညွှန်ပြထားသနည်း။**

အငယ် ၁၀ အစပိုင်းသည် (''ကိုယ်တော်သည် အကျွန်ုပ်၏ဝိညာဉ်ကိုမရဏာနိုင်ငံ၌ပစ်ထားတော်မမူ'')ဤပုဂ္ဂိုလ်၏ဝိညာဉ်ရေးရာအစိတ်အပိုင်း (သူ၏စိတ်ဝိညာဉ်)ကို ရည်ညွှန်းဟန်တူသည်။

အငယ် ၁၀ နောက်ဆုံးပိုင်းသည် (''ကိုယ်တော်၏သန့်ရှင်းသောသူအားလည်းပုပ်စပ်ခြင်းကိုရှိစေတော်မမူ'') ဤပုဂ္ဂိုလ်၏ကိုယ်ခန္ဓာအား သင်္ချိုင်းဂူအတွင်း၌ဆွေးမြေ့ပျက်စီးခြင်းရှိလိမ့်မဟုတ်ကြောင်းရည်ညွှန်းဟန်တူသည်။

**(စ) သူ၏ထာဝရနိုင်ငံ– ဟေရှာယ ၉း၆–၇ တို့ကို ဖတ်ပါ။**

*အငယ် ၇ တွင် မေရှိယသည် ဒါဝိဒ်၏ပလ္လင်တော်ကို အုပ်စိုးတော်မူ၍ မိမိနိုင်ငံတော်ကိုအုပ်ချုပ်တော်မူမည်ဟု ညွှန်ပြထားပါသည်။ သူသည် မိမိနိုင်ငံတော်ကို တရားစီရင်ခြင်းနှင့်တရားမျှတခြင်းအားဖြင့် ထာဝရတည်ထောင်ပါလိမ့်မည်။*

*ဘုရားသခင်သည် ဒါဝိဒ်မင်းအား ရှင်ဘုရင်အဖြစ် ချီးမြှောက်တော်မူကြောင်း(စာမျက်နှာ ၂၁)အဖြစ်အပျက် ၁၉ တွင်ရှိသော ကတိတော်ကို ကျောင်းသူ/သားများအား ပြန်ပြောလိုက်ပါ။*

*ကျမ်းစာသမိုင်းရာဇဝင်*

*အဖြစ်အပျက်များတွင် ဘုရားသခင်အား မည်ကဲ့သို့ပုံဆောင်ထားသနည်း(၁၇)၊ (၁၈)၊ (၁၉)၊ (၂၀)။ (စာမျက်နှာ ၂၀–၂၁)။–*

***မှတ်ချက်။ ။** ခရစ်တော်၏သက်တော်စဉ်အချို့တင်ဆက်မှုအစီအစဉ်သည် နောက်ပိုင်းတွင် တည်းဖြတ်ထုတ်ဝေသော **မြော်လင့်ခြင်းသမိုင်း** (၂၀၁၁ခုနှစ်တွင် တည်းဖြတ်ထုတ်ဝေခြင်း)တွင် တင်ပြထားပါသည်။ နောက်ပိုင်းတွင် တည်းဖြတ်ထုတ်ဝေသောစာအုပ်သည် အစောပိုင်းတွင်ထုတ်ဝေသောစာအုပ်(၂၀၁၀နှင့်အစောပိုင်း)တွင်တင်ပြထားသောအစီအစဉ်နှင့် ကွာခြားမှုရှိသည်။ အဖြစ်အပျက်များသည် တူညီသည်။ သို့သော် ဖြစ်ပျက်သောအကြောင်းအရာများတင်ဆက်မှုအစီအစဉ်သည် ကွာခြားမှုရှိသည်။*

**ကျမ်းစာသမိုင်းရာဇဝင်**

**၂၁။ နာဇရက်မြို့သားယေရှုဖွားမြင်တော်မူခြင်း**

**ဘုရားသခင်သတ်မှတ်တော်မူသောအချိန်စေ့လာသောအခါ ကိုယ်တော်သည် လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းရှင်ဘုရင်နှင့်ကယ်တင်ရှင်စေလွှတ်တော်မူမည်ဟု ကတိပြုတော်မူခဲ့သည့်အတိုင်း အပျိုကညာမာရိအားဖြင့် မိမိတစ်ပါးတည်းသောသားတော်ကို ဤလောကသို့ စေလွှတ်တော်မူခဲ့သည်။** *(မဿဲ ၁း၁-၂၊ ၁၈-၂၅၊ လုကာ ၂း၁-၁၄)။*

**မဿဲ ၁း၁-၂တွင်ဖော်ပြထားသောသခင်ယေရှု၏ဆွေစဉ်မျိုးဆက်စာရင်ကိုအစမှ ဖတ်ရှုပါ။**

**သခင်ယေရှု၏မျိုးရိုးအကြောင်းနှင့်ပတ်သက်၍ မည်သည့်အရာကို သင်မှတ်မိပါသနည်း။**

**အာဗြဟံ>ဣဇာက်>ယာကုပ်(''ဣသရေလ'')>ယုဒ**

***အာဗြဟံ= စာမျက်နှာ ၁၇တွင် ရှိသောအဖြစ်အပျက် ၁၁ကို ကြည့်ပါ။***

*ဘုရားသခင်သည် အာဗြဟံအား ခါလဒဲပြည် ဥရုမြို့မှ ခေါ်ထုတ်တော်မူခဲ့သည်။ သူသည် ဖခင်ကြီး (တေရ)နှင့်အတူ ခါရန်မြို့သို့သွား၍ထိုနေရာတွင်နေထိုင်ခဲ့သည်။ တေရသေဆုံးသွားပြီးနောက် ဘုရားသခင်က သူ၏ဆွေစဉ်မျိုးဆက်များအားပေးအပ်တော်မူမည်ဟု ကတိပေးခဲ့သောနေရာ၊ ခါနာန်ပြည်သို့ အာဗြဟံသည် ပြောင်းရွှေ့နေထိုင်ခဲ့ပါသည်။*

*ဘုရားသခင်သည် အာဗြဟံအား သူနှင့်သူ၏ဆွေစဉ်မျိုးဆက်များအားဖြင့် ကမ္ဘာပေါ်တွင်ရှိသောလူသားအားလုံးကို ကောင်းကြီးပေးမည်ဟု ကတိပြုတော်မူခဲ့သည်။*

***ဣဇာက်= စာမျက်နှာ ၁၇ တွင်ရှိသော အဖြစ်အပျက် ၁၂ ကို ကြည့်ပါ။***

*ဣဇာက်သည် အာဗြဟံနှင့်ဇနီးစာရာ အသက်ကြီးအိုရင့်အရွယ်ရောက်ပြီးမှ ဘုရားသခင်ချပေးသနားတော်မူခဲ့သော သားတစ်ဦးဖြစ်သည်။ ဣဇာက်အား ယဇ်ကောင်အဖြစ်အသုံးပြုလျက်ယဇ်ပူဇော်ခြင်းပြုရန် ဘုရားသခင်သည် အာဗြဟံ၏ယုံကြည်ခြင်းကို စုံစမ်းတော်မူခဲ့သည်။ ဘုရားသခင်သည် အာဗြဟံအား သူ၏သားဖြင့် ယဇ်ပူဇော်ခြင်းမပြုရန်ဟန့်တားတော်မူခဲ့၍ ဣဇာက်နေရာတွင် ကိုယ်စားပြုအသေခံရန် ယဇ်ကောင်(သိုးထီးတစ်ကောင်)ကို ပြင်ဆင်ပေးတော်မူခဲ့သည်။ ထိုအဖြစ်ပျက်အစကတည်းက အာဗြဟံသည် မိမိသားဣဇာက်မသေဘဲ အသက်ရှင်လျက် သူနှင့်အတူပြန်လှည့်လာမည်ဟု ယုံကြည်ခြင်းရှိခဲ့သည်ဟု ကျမ်းစာက ဖော်ပြထားပါသည်။ ဘုရားသခင်သည် ကောင်းမြတ်တော်မူ၍ ဘုရားသခင်သည် သူ့သားအားသေခြင်းမှပြန်လည်ထမြောက်စေနိုင်သောတန်ခိုးတော်ရှိသည်ဟု အာဗြဟံက ယုံကြည်ခြင်းရှိခဲ့သည်။*

*ဘုရားသခင်သည် အာဗြဟံအားဖြင့် ကမ္ဘာပေါ်တွင်ရှိသောလူသားအားလုံးကောင်းကြီးချပေးတော်မူမည်ဟု ကတိတော်သည် အာဗြဟံ၏သားဣဇာက်အားဖြင့် အကောင်အထည်ဖော်ပေါ်ပေါက်လာမည် ဖြစ်သည်။*

***ယာကုပ်(''ဣသရေလ''=စာမျက်နှာ ၁၇ တွင်ရှိသော အဖြစ်အပျက် ၁၂ (အချက် ဂ)ကိုကြည့်ပါ။** စာမျက်နှာ ၂၁ တွင်ရှိသော အဖြစ်အပျက်၁၉နှင့် စာမျက်နှာ ၂၁ တွင်ရှိသော အဖြစ်အပျက် ၂၀ (အချက် ခ)ကိုလည်းကြည့်ပါ။*

*သူအနစ္စရောက်လုနီးပါးဖြစ်သောအခါ ဣသရေလ(လူ)သည် သူတို့မှဆင်းသက်လာမည့်သူ၏သားသမီးများနှင့်လူမျိုးစုများအားလုံးအကြောင်းနှင့်ပတ်သက်၍ ကြိုတင်ဟောကြားခဲ့ပါသည်။ ဘုရားသခင်သည် ဣသရေလ၏သားများမှတစ်ဦးဖြစ်သော ယုဒအမျိုးအနွယ်မှ ''ရာဇလှံတံ''(ရှင်ဘုရင်များကသာအသုံးပြုသောလှံတံ)အား မထွက်ခွါရဟု မိန့်တော်မူခဲ့သည်။ ၎င်းရာဇလှံတံကိုကိုင်ဆောင်သောသူကို လူမျိုးစုများက ဩဇာအာဏာညောင်းလိမ့်မည်ဟု ဘုရားသခင်မိန့်တော်မူခဲ့သည်။*

**(ခ) မဿဲ ၁း၁၈-၂၅တို့ကို ဖတ်ပါ။**

**သခင်ယေရှုသည် ထူးဆန်းသောကလေးငယ်ဖြစ်ကြောင်း မည်သည့်ဖော်ပြချက်ကို တွေ့ရသနည်း။ အရိပ်အယောင်- သခင်ယေရှုမွေးဖွားတော်မူခြင်းနှင့် ယေရှုနှင့်မောန္နေလဟူ၍ မှည့်ခေါ်ခြင်းအကြောင်း ဖြစ်သည်။**

*၁။ လူယောကျ်ားနှင့်ဆက်ဆံခြင်းအားဖြင့် မာရိဝမ်းဗိုက်တွင်သခင်ယေရှုအား ပဋိသန္ဓေတည်နေခြင်းမဟုတ်ပါ။ မာရိသည် ကိုယ်ဝန်ရှိသည့်အချိန်တွင် ယောသပ်နှင့်မဆက်ဆံသေးပါ။ မာရိ၏ကိုယ်ဝန်သည် မြင့်မြတ်သောဘုရားသခင်၏သန့်ရှင်းသောလုပ်ဆောင်ချက်ပင် ဖြစ်ပါသည်။*

*၂။ ဘုရားသခင်သည် ကောင်းကင်တမန်တစ်ပါးအား ယောသပ်(မာရိနှင့်ထိမ်းမြားရန် စေ့စပ်ခဲ့ပြီးသူ)ထံစေလွှတ်တော်မူ၍ မာရိ မွေးဖွားမည့်ထိုကလေးငယ်အား ''ယေရှု''ဟူသောအမည်ဖြင့်မှည့်ခေါ်ရန် ပြောကြားစေတော်မူခဲ့သည်။ ယေရှုနာမည်၏အနက်အဓိပ္ပါယ်မှာ ''ယေ*

*ဟောဝါဘုရားသခင်သည် ကယ်တင်ရှင်ဖြစ်သည်'' ဖြစ်သည်။ ထိုအချိန်တွင် ''ယေရှု''ဟုမှည့်ခေါ်ခဲ့သော အခြားကလေးများလည်း ရှိပါသည်။ သို့သော် မာရိမွေးဖွားသောကလေးငယ်သည် သူ၏နာမည်နှင့်လိုက်ညီစွာဖြင့် ''မိမိလူများကို အပြစ်မှ ကယ်တင်လိမ့်မည်'' ဟု ကောင်းကင်တမန်က ယောသပ်ထံ ပြောကြားခဲ့ပါသည်။*

*၃။ ဤကလေးငယ်အား ''မောနွေလ''ဟုမှည့်ခေါ်ရမည်ဟု ကောင်းကင်တမန်က ကြွေးကြော်ခဲ့သည်။ ''မောနွေလ''၏အနက်အဓိပ္ပါယ်မှာ ''ငါတို့နှင့်အတူရှိတော်မူသောဘုရား'' ဖြစ်သည်။*

**(ဂ) လုကာ ၂း၁–၇တို့ကိုဖတ်၍ ဤအဖြစ်အပျက်များနှင့် မိက္ခာ ၅း၂တွင်ဖော်ပြထားသောပရောဖက်ကို နှိုင်းယှဉ်ကြည့်ပါ။ စာမျက်နှာ ၂၁တွင်ရှိသော အဖြစ်အပျက် ၂၀ကို ကြည့်ပါ။**

*ယေရှု၏မိခင်၊ (ယောသပ်)နှင့်ထိမ်းမြားရန်စေ့စပ်ခဲ့ပြီးသောသူ၊ မာရိသည် နာဇရက်မြို့တွင် နေထိုင်ခဲ့သည်။ စာမျက်နှာ ၇တွင် ရှိသော မြေပုံ၌ နာဇရက်မြို့ကို ညွှန်ပြပါ။*

*ယောသပ်နှင့်မာရိတို့သည် ထိုအချိန်တွင် နာဇရက်မြို့၌နေထိုင်ခဲ့ကြသော်လည်း သူတို့သည် ယုဒအမျိုးအနွယ်၊ ဒါဝိဒ်မင်းမှဆင်းသက်လာသောသူများဖြစ်ကြပါသည်။ ထိုအကြောင်းကြောင့် ထိုအချိန်တွင် ရောမဆီဇာသြဂုတ္တုထံ သန်းခေါင်စာရင်းသွင်းရန်အတွက် ယုဒလူမျိုးများသီးသန့်နေထိုင်သောခါနာန်ပြည်တစ်ဝိုက်၊ ဗက်လင်မြို့(ဒါဝိဒ်မင်းကြီးမွေးဖွား၍ကြီးပြင်းလာခဲ့သောနေရာဒေသ)သို့ သွားရောက်ရမည် ဖြစ်သည်။ သူတို့သည် နာဇရက်မြို့မှ မိုင်ပေါင်း ၇၀ (၁၁၃ကီလိုမီတာ)ကွာဝေးသောနေရာသို့ ခရီးသွားရမည် ဖြစ်သည်။ စာမျက်နှာ ၇ တွင်ရှိသော မြေပုံရှိ ဗက်လင်မြို့ကို ညွှန်ပြပါ။*

***မြော်လင့်ခြင်းသမိုင်း**တွင်ရှိသော စာမျက်နှာ ၂၁၊အဖြစ်အပျက် ၂၀ရှိ အချက် (ခ)ကို ပြန်ကြည့်ပါ။*

**မိက္ခာ ၅း၂တွင် မာရိ၏သားတော်သခင်ယေရှုမဖွားမြင်မီနှစ်ပေါင်း ၇၀၀ ခန့်တွင် ဘုရားသခင်၏ပရောဖက်တစ်ပါးဖြစ်သော မိက္ခာသည် ဗက်လင်မြို့(ယုဒနယ်မြေဒေသတွင် သေးငယ်သောမြို့ငယ်ဖြစ်သော်လည်း)တွင် ရှေ့အနာဂတ်တွင်အုပ်ချုပ်မည့်သူ မွေးဖွားလာပြီး ဤအုပ်ချုပ်သူမှာ ''ထာဝရကာလအချိန်ကတည်းက တည်ရှိခဲ့သောအုပ်ချုပ်သူ''ဖြစ်လိမ့်မည်ဟု ကြိုတင်ဟောကြားခဲ့ပါသည်။**

*ဤအကြောင်းကို အသေးစိတ်မသင်ကြားပေးပါနှင့်။ နောက်ပိုင်းသင်ခန်းစာထဲတွင် ထိုအကြောင်းအရာကိုအသေးစိတ်ဖော်ပြပေးမည် ဖြစ်သောကြောင့် ယခုတွင် ထိုအကြောင်းကို အသေးစိတ်၊ လုံးစေ့ပတ်စေ့မသင်ကြားပါနှင့်။*

**(ဃ) လုကာ ၂း၈–၁၄တို့ကို ဖတ်ပါ။**

**သခင်ယေရှုအား ''*ကယ်တင်ရှင်၊ ခရစ်တော်သခင်*''ဟု ရည်ညွှန်းထားပါသည်။ *ကယ်တင်ရှင်၊ ခရစ်တော်*နှင့်သခင်စကားလုံးများတို့သည် မည်သည့်အရာညွှန်ပြသနည်း။ စဥ်းစားရန်– ခရစ်တော်သည် ဂရိဘာသာစကားဖြစ်၍ ဟေဗြဲဘာသာစကားအားဖြင့် မေရှိယ(ရှင်ဘုရင်ဖြစ်လာရန် ဘိသိက်ခြင်းခံရသောသူ)ဖြစ်ပါသည်။**

ကယ်တင်ရှင်= ကယ်တင်ခဲ့သူဖြစ်သည်(ကိုယ်ခန္ဓာရေးရာဖြစ်စေ၊ ဝိညာဉ်ရေးရာဖြစ်စေ) ''ကယ်တင်ခြင်း''အမျိုးမျိုးအတွက် အသုံးပြုသောစကားလုံးပင်ဖြစ်သည်။

ခရစ်တော်= ဂရိဘာသာစကားမှ ဘာသာပြန်ဆိုထားခြင်း ဖြစ်သည်။ ထိုစကားလုံးသည် ဟေဗြဲဘာသာစကား(ဓမ္မဟောင်းခေတ်တွင် ဣသရေလလူမျိုးများအသုံးပြုသောဘာသာစကား) ''မေရှိယ'' သို့မဟုတ် ''ဘိသိက်ခြင်းခံရသောသူ''နှင့်တူပါသည်။ ဘုရားသခင်သည် ဣသရေလလူမျိုးများအတွက် ရှင်ဘုရင်တစ်ပါးဖြစ်လာမည့် မေရှိယ(ဘုရားသခင်ဘိသိက်တော်မူခြင်းခံရသောသူ)ကိုစေလွှတ်တော်မူလိမ့်မည်ဟု ဣသရေလလူမျိုးများက ယုံကြည်ခဲ့ကြသည်။

ဘုရားသခင်= သခင် (သို့)အစေအပါးခံရသူ– ကျမ်းစာကိုရေးသားပြုစုသောသူများက ကျမ်းစာ၏ဖန်ဆင်းရှင်ဘုရားသခင်ကို ရည်ညွှန်းရန်အတွက် အသုံးပြုလေ့ရှိသောစကားလုံးဖြစ်သည်။

ဤအသုံးပြုသောစကားလုံးများကိုကြည့်သော် မာရိမွေးဖွားမည့်သားတော်သည် မြင့်မြတ်သောပုဂ္ဂိုလ်ဖြစ်ကြောင်း ထင်ရှားသည်။ သူသည် မိမိလူမျိုးများ၊ ဣသရေလလူမျိုးများ၏ မေရှိယ (ဘိသိက်ခြင်းခံရသောရှင်ဘုရင်)ဖြစ်လာလိမ့်မည်။ သူသည် သူတို့၏သခင်ဖြစ်ပြီး ''သူတို့ကို ကယ်တင်''မည့်သူလည်း ဖြစ်ပါသည်။

**(င) စာမျက်နှာ ၂၂–၃၁ရှိ စာမျက်နှာနှစ်ခုစီတိုင်း၏အောက်ဆုံးတွင်ဖော်ပြထားသော အချက်အလက်များမှ စာမျက်နှာနှစ်ခုရှိ အဖြစ်အပျက်လေးခုတွင် သခင်ယေရှုအား မည်ကဲ့သို့ပုံဆောင်ထားသည်ကို ဘေးတွင် အမှတ်ခြစ်ပါ။**

*(စာမျက်နှာ ၂၂–၂၃ရှိ)စာမျက်နှာနှစ်ခုတွဲအောက်တွင်ဖော်ပြထားသော သွင်ပြင်လက္ခဏာများ၏ပြောင်းလဲမှုကို စဥ်းစားပါ။ အရင်က ကျွန်ုပ်တို့လေ့လာခဲ့ကြသည့်အတိုင်း အဖြစ်အပျက်များတွင် ဘုရားသခင်၏ဂုဏ်အင်္ဂါရပ်များနှင့်ပတ်သက်၍ပုံဆောင်ချက်များကို ကျွန်ုပ်တို့မြင်တွေ့ခဲ့ကြပြီး ဖြစ်ပါသည်။*

*နောက်စာမျက်နှာ ၂၂–၃၁တွင် တစ်ခါတစ်ရံ ''နာဇရက်မြို့သားယေရှု''ဟုခေါ်၍(နာဇရက်မြို့တွင်ကြီးပြင်းလာခဲ့သော ကြောင့် ထိုသို့ခေါ်ခြင်းဖြစ်သည်)၊ အများအားဖြင့် ''သခင်ယေရှုခရစ်တော်''ဟုခေါ်သော သခင်ယေရှု၏ဂုဏ်အင်္ဂါရပ်များကို လေ့လာရကြမည် ဖြစ်သည်။*

**၂၂။ စာတန်၏စုံစမ်းနှောင့်ယှက်ခြင်း**

**သခင်ယေရှုသည် မိမိသာသနာလုပ်ငန်းမစတင်မီ စာတန်၏စုံစမ်းခြင်းကို ခံခဲ့ရပါသည်။ သို့သော် ကိုယ်တော်သည် စာတန်၏ စုံစမ်းခြင်းကို ဓမ္မဟောင်းကျမ်းရှိ ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် ခုခံအနိုင်ယူတော်မူခဲ့သည်။**

*မဿဲ ၄း၁-၁၁။*

*ဤအကြောင်းအရာနှင့်ပတ်သက်၍ ''ဓမ္မဟောင်းကျမ်း''သည် ကျမ်းစာ၏အဓိကကျသောပထမအပိုင်းဖြစ်သည်ဟု သင်ရှင်းပြခဲ့ပြီးဖြစ်နိုင်သည်။ ဤလောကတွင် သခင်ယေရှုအသက်ရှင်တော်မူသည့်အချိန်တွင် ဓမ္မဟောင်းကျမ်းကို ရေးသားခဲ့ပြီးဖြစ်သောကြောင့် သခင်ယေရှုက ဓမ္မဟောင်းကျမ်းကို ကောင်းမွန်စွာ သိရှိတော်ခဲ့သည်။*

**(က) ယေရှုသည် ယောသပ်လက်သမားလုပ်ငန်းလုပ်ကိုင်သောနေရာ နာဇရက်မြို့တွင် ကြီးပြင်းတော်မူခဲ့သည်။**

*သခင်ယေရှုအသက်တာအကြောင်းကို ကျွန်ုပ်တို့အနည်းငယ်သိခဲ့ကြသည်။ လုကာ ၂း၅၂ ''သခင်ယေရှုသည် အစဉ်အတိုင်းကြီး၍ ပညာတိုးပွားလျက်၊ ဘုရားသခင်ရှေ့၊ လူတို့ရှေ့မှာမျက်နှာရတော်မူ၏''ကျမ်းချက်က သခင်ယေရှု၏ငယ်စဉ်ဘဝမှ အသက်၃၀အထိ အသက်တာကို ဖော်ပြထားပါသည်။*

**(ခ) သခင်ယေရှုအသက် ၃၀ ခန့်တွင် ဘုရားသခင်၏ပရောဖက်၊ ဗတ္တိဇံယောဟန်သည် ကိုယ်တော်ကို နှစ်ခြင်းပေးခဲ့ပြီးနောက် စာတန်၏စုံစမ်းခြင်းခံရန် ဘုရားသခင်၏ဝိညာဉ်တော်သည် တောထဲသို့ပို့ဆောင်တော်မူခဲ့သည်။**

*စာတန်သည် ဒေဝဉယျာဉ်ထဲတွင် ဧဝကိုစုံစမ်းသွေးဆောင်သောသူဖြစ်ကြောင်း ကျောင်းသူ/သားများအားသိစေပါ။ ''စာတန်၏စုံစမ်းခြင်းအပေါ်သခင်ယေရှု၏တုံ့ပြန်မှုနှင့် လွန်ခဲ့ပြီးသောနှစ်ပေါင်းများစွာက ဧဝတုံ့ပြန်မှုကိုနှိုင်းယှဉ်ကြပါစို့''ဟု ပြောခြင်းအားဖြင့် ဤအဖြစ်အပျက်ကို မိတ်ဆက်ပေးလိုက်ပါ။*

**(ဂ) မဿဲ ၄း၁-၄တို့ကို ဖတ်ပါ။**

**သခင်ယေရှု၏ပထမစုံစမ်းခြင်းအကြောင်းကို သင်မည်ကဲ့သို့အတိုချုံးဖော်ပြရမည်နည်း။**

*သခင်ယေရှုသည် နေ့ညရက်ပေါင်း ၄၀ အစာရှောင်သောကြောင့် ဆာလောင်မွတ်သိပ်တော်မူခဲ့သည်။ ''အစာရှောင်ခြင်း''ဟူသည်မှာ-ဘုရားသခင်နှင့်စကားပြောရန်ရည်ရွယ်၍ အစာမစားဘဲ မိမိကိုယ်ကို ချိုးနှိမ်ခြင်း၊ ဆက်ကပ်ခြင်း၊ ဝိညာဉ်ရေးရာ ထိန်းသိမ်းထားခြင်းဖြစ်ပါသည်။*

စာတန်သည် သခင်ယေရှုအား ကိုယ်တော်၏ဆာလောင်မွတ်သိပ်ခြင်းကိုကျေနပ်စေရန်အတွက် ကျောက်ခဲများကိုမုန့်ဖြစ်စေ ခြင်းအားဖြင့် အစာရှောင်ခြင်းကို ရပ်တန့်ရန် စုံစမ်းခဲ့ပါသည်။

**ကိုယ်တော်သည် မည်ကဲ့သို့ တုံ့ပြန်တော်မူခဲ့သနည်း။**

ကိုယ်ကာယတောင့်တမှုကျေနပ်စေသောအစားအစာထက် ဝိညာဉ်ရေးရာကျေနပ်မှုဖြစ်စေသောကျမ်းစာရှိဘုရားသခင်၏နှုတ်ကပတ်တော်သည်ပို၍အရေးကြီးကြောင်း စာတန်အားသိစေရန် သခင်ယေရှုသည် ဓမ္မဟောင်းကျမ်း (တရားဟောရာကျမ်း ၈း၃)ကျမ်းချက်ကို ကိုးကားတော်မူခဲ့သည်။

**(ဃ) မဿဲ ၄း၅-၇ တို့ကို ဖတ်ပါ။**

**သခင်ယေရှု၏ဒုတိယစုံစမ်းနှောင့်ယှက်ခြင်းအပေါ် သင်မည်ကဲ့သို့ အတိုချုံးဖော်ပြရမည်နည်း။**

စာတန်သည် ယေရုရှလင်မြို့တွင်ရှိသောဗိမာန်တော်ထိပ်သို့သခင်ယေရှုကို ပို့ဆောင်ခဲ့၍ ဘုရားသခင်၏ကောင်းကင်တမန်တော်များသည် ကိုယ်တော်ကို မထိခိုက်မနာကျင်အောင် စောင့်ထိန်းကွယ်ကာမည်ဖြစ်သောကြောင့် ဗိမာန်တော်မှခုန်ဆင်းခြင်းအားဖြင့် ဘုရားသခင်၏သားတော်ဖြစ်ကြောင်းသက်သေထူရန် ကိုယ်တော်ကို စိန်ခေါ်ခဲ့သည်။

**ကိုယ်တော်သည် မည်ကဲ့သို့တုံ့ပြန်တော်မူခဲ့သနည်း။**

သခင်ယေရှုသည် ဓမ္မဟောင်းကျမ်း (ဆာလံ ၉၁း၁၁၊ ၁၂ နှင့် တရားဟောရာကျမ်း ၆း၁၆)တွင်ဖော်ပြထားသော ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကိုးကားတော်မူခဲ့သည်။ ''သင်၏ဘုရားသခင်ထာဝရဘုရား''-ဘုရားသခင်အား စာတန်၏အမိန့်ကိုနာခံရန် စုံစမ်းခြင်းမပြုရဟု ကိုယ်တော်သည် စာတန်ကို ဆုံးမတော်မူခဲ့သည်။

**(င) မဿဲ ၄း၈-၁၁တို့ကို ဖတ်ပါ။**

**သခင်ယေရှု၏တတိယစုံစမ်းနှောင့်ယှက်ခြင်းအပေါ် သင်မည်ကဲ့သို့ အတိုချုံးဖော်ပြရမည်နည်း။**

စာတန်သည် သခင်ယေရှုအားမြင့်မားသောတောင်ထိပ်သို့ခေါ်၍ တိုင်းနိုင်ငံအားလုံးနှင့်၎င်းတို့၏သာယာလှပမှု၊ မက်မောစရာကောင်းမှုတို့ကို ပြသခဲ့ပါသည်။ သခင်ယေရှုသည် စာတန်၏ရှေ့တွင်ဒူးထောက်ရှိခိုးပြီးကိုးကွယ်လျှင် ထိုတိုင်းနိုင်ငံအားလုံးကို သခင်ယေရှုအားပေးအပ်မည်ဟု စာတန်က ကတိပြုခဲ့သည်။

### ကိုယ်တော်သည် မည်ကဲ့သို့တုံ့ပြန်တော်မူခဲ့သနည်း။

ဤအချိန်တွင် ကိုယ်တော်သည် စာတန်အား ''ထွက်သွား''ဟု ခိုင်မာစွာ မောင်းထုတ်ခြင်းအားဖြင့် ဆုံးမတော်မူခဲ့သည်။ ထိုနောက် သခင်ယေရှုသည် ဓမ္မဟောင်းကျမ်းတွင် မောရှေက ဣသရေလလူမျိုးများထံပြောကြားခဲ့သော ''သင်၏ဘုရားသခင်ထာဝရဘုရားကို ကြောက်ရွံ့ရမည်။ ထိုဘုရားသခင်ကိုသာဝတ်ပြုရမည်''(တရားဟောရာ ၆း၁၃)ကို ပြန်လည်ကိုးကားတော်မူခဲ့သည်။

**(စ) စာတန်၏စုံစမ်းခြင်းအပေါ် သခင်ယေရှု၏တုံ့ပြန်မှုသည် ဧဝ၏တုံ့ပြန်မှုနှင့်မည်ကဲ့သို့ ကွာခြားသနည်း။ စာမျက်နှာ ၁၅ ရှိ အဖြစ်အပျက် ၅ ကို ကြည့်ပါ။**

*၁။ ဧဝက စာတန်ခိုင်းသည့်အတိုင်းပြုလုပ်ခဲ့သည်။ သခင်ယေရှုက ခုခံအနိုင်ယူတော်မူခဲ့သည်။*

*၂။ ဧဝသည် ဘုရားသခင်၏စကားတော်ကိုသံသယရှိခဲ့သည်။ သခင်ယေရှုက ဘုရားသခင်၏နှုတ်ကပတ်တော်ကို ရဲဝံ့စွာအသုံးချတော်မူခဲ့သည်။*

*၃။ ဘုရားသခင်အား ဧဝ၏နာခံမှုမရှိခြင်းက သူ၏အားနည်းချက်ကို ထင်ရှားစေခဲ့သည်။ ဘုရားသခင်အား သခင်ယေရှု၏နာခံခြင်းက ကိုယ်တော်၏ဝိညာဉ်ရေးရာ ထက်မြက်မှု၊ အားသန်မှုကို ထင်ရှားစေခဲ့သည်။*

**(ဆ) သခင်ယေရှုသည် စာတန်၏စုံစမ်းခြင်းအား ခုခံအနိုင်ယူသောနည်းလမ်းကို သင်ဖတ်ရှုသောအခါ မည်သည့်အရာကို သင်မှတ်မိခဲ့သနည်း။**

*ကျောင်းသူ/သားများသည် သူတို့၏စိတ်ထဲတွင် ပေါ်လာသောအရာများကို မေးမြန်းပါ။*

ဤမေးခွန်းနှင့်ပတ်သက်၍ အဓိပ္ပါယ်ရှိသောတုံ့ပြန်မှုများစွာ ပေါ်ပေါက်လာနိုင်သည်။ နမူနာအချို့တို့မှာ– စိတ်အားထက်သန်မှု–ရဲရင့်မှု–ခုခံအောင်မြင်မှု– ရဲစွမ်းသတ္တိ– သစ္စာစောင့်သိမှု–ဆုံးဖြတ်ချက်ချမှတ်ခြင်း–စသည်ဖြင့်။

## ၂၃။ ဗတ္တိဇံယောဟန်၏ကြွေးကြော်ခြင်း

**ဘုရားသခင်၏ပရောဖက်၊ ဗတ္တိဇံယောဟန်က နာဇရက်မြို့သားယေရှုသည် ရှင်ဘုရင်နှင့်ကယ်တင်ရှင်၊ လောကအပြစ်များကို ယူဆောင်သွားသောဘုရားသခင်၏သိုးသငယ်တော်ဖြစ်ကြောင်းကြွေးကြော်ခဲ့ပါသည်။**

*ယောဟန် ၁း၂၉–၃၄။*

**(က) သခင်ယေရှုသည် စာတန်၏စုံစမ်းခြင်းကိုအောင်မြင်တော်မူခဲ့ပြီးနောက် နောင်တရသောသူများအား ဗတ္တိဇံယောဟန် နှစ်ခြင်းပေး၍မေရှိယကြွလာမည့်အကြောင်းဟောပြောခဲ့သောနေရာ၊ယောဒန်မြစ်သို့ သခင်ယေရှုပြန်လည်ကြွလာတော်မူခဲ့သည်။**

*စာမျက်နှာ ဂတွင်ဖော်ပြထားသောမြေပုံတွင် နာဇရက်မြို့ကို ညွှန်ပြ၍ ဗတ္တိဇံယောဟန်အမှုတော်ဆောင်သောနေရာယောဒန်မြစ်နှင့် နယ်နိမိတ်ချင်းဆက်နွယ်ကြောင်း ညွှန်ပြပါ။*

*အထူးသဖြင့်၊ ယဇ်ပူဇော်ခြင်းခံရသောတိရစ္ဆာန်များ၏သွင်ပြင်လက္ခဏာများနှင့် ယဇ်ပူဇော်ခြင်းခံသောယဇ်ကောင်အပေါ် ယဇ်ပူဇော်သူများ၏အပြစ်များလွှဲပြောင်းခြင်းဆက်စပ်မှုကို ကျောင်းသူ/သားများအားပြောပြပါ။ တိရစ္ဆာန်တစ်ကောင်သည် ယဇ်ပလ္လင်ပေါ်တွင် ယဇ်ကောင်အဖြစ်နေရာယူခြင်းနှင့် ယဇ်ပူဇော်သောသူ၏အပြစ်ဒဏ်ကိုယူဆောင်ခြင်းကို ပြန်လည်ပြောကြားလိုက်ပါ။*

**ဤ''ဘုရားသခင်၏သိုးသငယ်တော်''ဟု ပြောသောအခါ ယောဟန်သည် မည်သည့်အရာကို ရည်ညွှန်းလိုသနည်း။**

*ဤမေးခွန်းကို ကျောင်းသူ/သားများအား မှန်ကန်စွာ ဖြေကြားစေပါ။ ဤအချက်သည်* ***မြော်လင့်ခြင်းသမိုင်း****စာအုပ်၏အရေးကြီးဆုံးသောအချက်ပင် ဖြစ်သည်။ ဤမေးခွန်းနှင့်ပတ်သက်၍ဆွေးနွေးပြီးရှင်းလင်းစွာသင်ကြားပေးနိုင်ရန်အတွက် အချိန်များစွာပေးရမည် ဖြစ်သည်။*

*သခင်ယေရှုသည်ကျွန်ုပ်တို့အတွက်အသေခံတော်မူရန် ဘုရားသခင်စေလွှတ်တော်မူသောသူဖြစ်ကြောင်း ဗတ္တိဇံယောဟန်က ကြွေးကြော်ခဲ့ပါသည်။ သခင်ယေရှုအသေခံတော်မူခြင်းအားဖြင့် ကျွန်ုပ်တို့သည် အပြစ်လွတ်ငြိမ်းချမ်းသာခွင့်ရှိနိုင်ကြသည်။ သင်ခန်းစာအစောပိုင်းတွင် လူများသည်အပြစ်လွှတ်ရန်အတွက် တဲတော်ရှိကြေးပလ္လင်ပေါ်တွင် သိုးသငယ်ဆွဲချိတ်ပြီး အသေခံခဲ့ကြောင်း တွေ့ရပါသည်။ ထိုနည်းတူ သခင်ယေရှုသည်လည်း ''ကမ္ဘာလူသားအားလုံး၏အပြစ်''ကိုယူဆောင်ရန် ဘုရားသခင်ပြင်ဆင်ပေးတော်မူသော၊ စေလွှတ်တော်မူခြင်းခံရသောသူဖြစ်သည်။*

*နောက်ပိုင်းသင်ခန်းစာတွင် ဤအမှုအရာအားလုံးသည် မည်ကဲ့သို့လုပ်ဆောင်ကြောင်း ဂဃနဏသိကြလိမ့်မည်ဟု ရှင်းပြပါ။*

**(ဂ) ကမ္ဘာဦးကျမ်း ၁၂း၃နှင့်၂၂း၁၈တို့တွင် အာဗြဟံအပေါ်ပြုခဲ့သောကတိတော်ကိုမှတ်မိသေးပါသလား။ စာမျက်နှာ ၁ဂ တွင်ရှိသောအဖြစ်အပျက် ၁၁နှင့်၁၂ တို့ကို ကြည့်ပါ။**

***မြော်လင့်ခြင်းသမိုင်း****တွင်ဖော်ပြထားသော စာမျက်နှာ ၁ဂ အဖြစ်အပျက်များ ၁၁နှင့်၁၂တို့ကိုပြန်ကြည့်၍ ကမ္ဘာဦးကျမ်း ၁၂း၃နှင့် ကမ္ဘာဦးကျမ်း ၂၂း၁၅–၁၈တို့တွင်ဖော်ပြထားသော ဤကတိတော်ကို ပြန်ကြည့်ပါ။*

*အာဗြဟံနှင့်သူ၏ဆွေစဉ်မျိုးဆက်များအားဖြင့် ကမ္ဘာလူသားများအားလုံးကို ကောင်းချီးပေးမည်ဟု ဘုရားသခင်ကတိပြုတော်မူခဲ့သည်။*

**သခင်ယေရှုသည် အာဗြဟံ၏ဆွေစဉ်မျိုးဆက်တစ်ဦးဖြစ်သည်။ သခင်ယေရှုနှင့်အာဗြဟံပေါ်ပြုသောကတိတော်တို့၏ဆက်နွယ်မှုမှာ မည်သည့်အရာ ဖြစ်သနည်း။**

*ဘုရားသခင်သည်အာဗြဟံနှင့်သူ၏ဆွေစဉ်မျိုးဆက်များအားကတိပြုတော်မူခဲ့သောကတိတော်နှင့် သခင်ယေရှုအား''လောက၏အပြစ်ကိုယူဆောင်သွားခဲ့သောသိုးသငယ်တော်''ဖြစ်ကြောင်းဗတ္တိဇံယောဟန်၏ကြွေးကြော်မှုတို့ဆက်နွယ်မှုနှင့်ပတ်သက်၍ ကျောင်းသူ/သားများ၏ထင်မြင်ယူဆချက်ကို မေးမြန်းပါ။*

*လိုအပ်ပါက ''သခင်ယေရှုသည် လောကလူသားအားလုံးတို့၏အပြစ်များကို ယူဆောင်နိုင်ရန်အတွက် တစ်စုံတစ်ခုပြုတော်မူနိုင်လျှင် ထိုလုပ်ဆောင်မှုသည် သူတို့အတွက်ကြီးမားသောကောင်းချီးမင်္ဂလာဖြစ်ပါသလား''ဟု မေးလိုက်ပါ။ ကြီးမားသောကောင်းချီးမင်္ဂလာဖြစ်ကြောင်းအသေးစိတ်ဖော်ပြပါ။ နောက်သင်ခန်းစာထဲတွင် ထိုအကြောင်းကို လေ့လာရကြမည် ဖြစ်သည်။*

**(ဃ) ယောဟန် ၁း၃၀–၃၄တို့ကို ဖတ်ပါ။**

**သခင်ယေရှုအကြောင်းနှင့်ပတ်သက်၍ အခြားမည်သည့်အရာများ သင်ယူနိုင်သနည်း။**

*၁။ ဗတ္တိဇံယောဟန်သည် ဘုရားသခင်ထံတော်မှစေလွှတ်ခြင်းခံရသောကြီးမြတ်သောပရောဖက်တစ်ပါးဖြစ်သော်လည်း သခင်ယေရှုအား ''သူ(ယောဟန်)ထက်ပို၍ကြီးမြတ်သည်''ဟု ကြွေးကြော်ခဲ့သည်။*

*၂။ ဗတ္တိဇံယောဟန်သည် သခင်ယေရှုထက် လအနည်းငယ်အသက်ပိုကြီးခဲ့သော်လည်းသူက ''သခင်ယေရှုသည် ငါမမွေးဖွားမီအချိန်ကတည်းက ရှိခဲ့တယ်''ဟု ပြောခဲ့သည်။ မည်သည့်အဓိပ္ပါယ်ကို ဆိုလိုသနည်း။ လိုရင်းတိုရှင်းဖြင့်ရှင်းပြပါ။ ဗတ္တိဇံယောဟန်မဖွားမြင်မီ*

*သခင်ယေရှုတည်ရှိတော်မူခဲ့ခြင်းအကြောင်းကို ထိုစကားစက ထင်ရှားစေပါသည်။*

*၃။ ဘုရားသခင်၏ဝိညာဉ်တော်သည် ချိုးငှက်ကဲ့သို့ကောင်းကင်မှ သခင်ယေရှုအပေါ်ဆင်းသက်တော်မူခဲ့ခြင်းကို ဗတ္တိဇံယောဟန်က မြင်တွေ့ခဲ့သည်။*

*၄။ သခင်ယေရှုသည် ''ဘုရားသခင်၏သားတော်''ဖြစ်သည်ဟု ယောဟန်က သက်သေခံခဲ့သည်။*

**ထပ်မံဖြည့်စွက်ထားသောအကြောင်းအရာ**

**ဤသင်ခန်းစာထဲတွင် အဘယ်ကြောင့်သခင်ယေရှုအား ''ဘုရားသခင်၏သိုးသငယ်တော်''ဖြစ်သည်ဟု သခင်ယေရှု၏စုံစမ်းသွေးဆောင်ခြင်းခံခဲ့ပြီးနောက်ကြွေးကြော်ခဲ့သနည်း။** ရှင်ယောဟန် အခန်းကြီး ၁ တွင် ''ဘုရားသခင်၏သိုးသငယ်တော်''အဖြစ်ကြွေးကြော်ခြင်းကို သခင်ယေရှုနှစ်ခြင်းခံတော်မူပြီး စာတန်၏စုံစမ်းခြင်းခံရန် တောထဲသို့သန့်ရှင်းသောဝိညာဉ်တော်ပို့ဆောင်တော်မူခြင်းမတိုင်မီ ဖြစ်ပျက်ခဲ့သည်ဟု သွန်သင်မှုကို ကျွန်ုပ်တို့အများစုက ကြားသိခဲ့ကြသည်။

သို့သော် ရှင်ယောဟန်ခရစ်ဝင် အခန်းကြီး ၁ တွင် သခင်ယေရှုသည် နှစ်ခြင်းမင်္ဂလာခံယူတော်မူကြောင်းဖော်ပြချက်မရှိပါ။ (ရှင်ယောဟန်ခရစ်ဝင်အခန်းကြီး ၁ တွင် အခြားအဖြစ်အပျက်ကို ဖော်ပြထားသည်)။ ရှင်ယောဟန်ခရစ်ဝင် အခန်းကြီး ၁ တွင် ဗတ္တိဇံယောဟန်က သခင်ယေရှုဗတ္တိဇံမင်္ဂလာခံတော်မူခဲ့ပြီးနောက် (ချိုးငှက်ဆင်းသက်ခြင်း)စိတ်ဝင်စားဖွယ်ကောင်းသောအဖြစ်အပျက်တစ်ခုအကြောင်းကို ဖော်ပြထားပါသည်။ ထိုအကြောင်းကို သိရှိရန် ယောဟန် ၁း၂၉–၃၄တို့ကို အာရုံစူးစိုက်စွာဖြင့် ဖတ်ပါ။

*တစ်ဆက်တည်းပေါ်ပေါက်နိုင်သောအဖြစ်အပျက်များ–*

*၁။ သခင်ယေရှုသည် ဗတ္တိဇံမင်္ဂလာကိုခံယူတော်မူခဲ့သည် (မဿဲ ၃း၁၆–၁၇၊ မာကု ၁း၂–၁၁၊ လုကာ ၃း၂၁–၂၂တို့တွင် တွေ့ရသည်)။*

*၂။ သခင်ယေရှုဗတ္တိဇံမင်္ဂလာခံယူတော်မူသည့်အချိန်တွင် သန့်ရှင်းသောဝိညာဉ်တော်(ချိုးငှက်ပုံသဏ္ဍာန်)သည် သခင်ယေရှုအပေါ် ဆင်းသက်တော်မူခဲ့၍ ကောင်းမှ ခမည်းတော်ဘုရားသခင်က သခင်ယေရှုသည် မိမိချစ်မြတ်နိုးတော်မူသောသားဖြစ်ကြောင်း သက်သေထူနှုတ်မြွက်တော်မူခဲ့သည်။*

*၃။ ထိုနောက်သခင်ယေရှုသည် စုံစမ်းနှောင့်ယှက်ခြင်းခံရန်တောထဲသို့ ပို့ဆောင်ခြင်းခံရပါသည်။*

*၄။ သခင်ယေရှုသည် စုံစမ်းနှောင့်ယှက်ခြင်းခံရပြီးနောက် ယောဟန်ဗတ္တိဇံပေးခဲ့သောနေရာ ယောဒန်မြစ်သို့ပြန်လှည့်တော်မူခဲ့သည်။*

*၅။ ထိုအချိန်တွင် ဗတ္တိဇံယောဟန်က ''ဘုရားသခင်၏သိုးသငယ်တော်ကြည့်ကြပါ''(ယောဟန် ၁း၂၉–၃၄)ဟု ကြွေးကြော်ခဲ့သည်။ သခင်ယေရှုသည် စာတန်၏စုံစမ်းနှောင့်ယှက်ခြင်းကိုခံတော်မူခဲ့ပြီးနောက် လောကအပြစ်များကိုယူဆောင်သွားသောဘုရားသခင်၏သိုးသငယ်တော်ဖြစ်လာရန် အရည်အချင်းပြည့်မီကြောင်းထင်ရှားစေတော်မူခဲ့သည်။*

## ၂၄။ ဘာသာရေးခေါင်းဆောင်နှင့်တွေ့ဆုံခြင်း

**တစ်ချိန်က သခင်ယေရှုသည် ဘာသာရေးခေါင်းဆောင်တစ်ဦးအား ဘုရားသခင်၏နိုင်ငံတော်သို့ဝင်ရောက်နိုင်ရန်အတွက် ဝိညာဉ်ရေးရာဒုတိယမွေးဖွားခြင်းခံရမည်ဟု မိန့်တော်မူခဲ့သည်။** *ယောဟန် ၃း၁–၁၈*

**(က) ယောဟန် ၃း၁–၄တို့ကို ဖတ်ပါ။**

**''*ဒုတိယမွေးဖွားခြင်း*''အကြောင်းနှင့်ပတ်သက်၍သခင်ယေရှု၏ဖော်ပြချက်ကို နေကောဒင်က မည်ကဲ့သို့နားလည်ခဲ့သနည်း။**

***မှတ်ချက်။ ။*** *ဓမ္မဟောင်းခေတ်ကာလ(ယေရမိ ၃၁နှင့်ယေဇကျေလ ၃၆)တွင် ဘုရားသခင်က မောရှေနှင့်ဣသရေလလူမျိုးများတို့ဖြင့် ပြုလုပ်ခဲ့သောပဋိညာဉ်ဟောင်းအား ပဋိညာဉ်အသစ်ဖြင့်အစားထိုးလဲလှယ်လိမ့်မည်ဟု ဘုရားသခင်က ကတိပြုတော်မူခဲ့သည်။ တစ်နည်းတစ်လမ်းအားဖြင့် ဘုရားသခင်ပြင်ဆင်တော်မူမည့်ပဋိညာဉ်အသစ်သည် ဝိညာဉ်ရေးရာကောင်းချီးမင်္ဂလာကို ဖြစ်ထွန်းစေလိမ့်မည်။ ထိုဝိညာဉ်ကောင်းချီးမင်္ဂလာများသည် မောရှေနှင့်ချုပ်ဆိုသောပဋိညာဉ်ဟောင်းအောက်တွင် ဝိညာဉ်ရေးရာအသက်တာအတွက် ပို၍သာလွန်သည်။ ကိုယ်တော်သည် မိမိလူများအား မဖြောင့်မတ်ခြင်းမှဆေးကြောရန်အတွက်* ***ရေ*** *ဖြင့်ပက်ဖျန်းတော်မူ၍ သူတို့အထဲ၌ သူ၏**ဝိညာဉ်**ထည့်သွင်းတော်မူလိမ့်မည်။ သခင်ယေရှုသည် နေကောဒင်နှင့်စကားပြောရာတွင် မိန့်တော်မူခဲ့သောအရာမှာ ''ရေနှင့်ဝိညာဉ်'' ဖြစ်နိုင်သည်။ နေကောဒင်သည် မောရှေနှင့်ချုပ်ဆိုသောပဋိညာဉ်ဟောင်း၌ ရှင်သန်သောအသက်တာကို တွေးတောခဲ့သည်။ သို့သော် သခင်ယေရှုသည် များစွာသာလွန်သောဝိညာဉ်ရေးရာအသက်တာကို စဉ်းစားတော်မူခဲ့သည်။ ထိုအသက်တာတွင် ဘုရားသခင်၏ ဝိညာဉ်တော်ကျိန်းဝပ်တော်မူခြင်းအားဖြင့် မဖြောင့်မတ်ခြင်းမှ ဆေးကြောခြင်းနှင့် ဝိညာဉ်ရေးရာနှိုးဆော်လျက်စွမ်းစွမ်းတမံအင်အားဖြည့်တင်းခြင်းများပါဝင်သည်။*

**(ခ) ယောဟန် ၃း၅–၈တို့ကို ဖတ်ပါ။**

**သခင်ယေရှုမိန့်တော်မူခဲ့သော ဒုတိယမွေးဖွားခြင်းမှာ မည်သည့်အရာဖြစ်သနည်း။**

သခင်ယေရှုသည် ဝိညာဉ်ရေးရာအသစ်မွေးဖွားခြင်း(ကိုယ်ခန္ဓာရေးရာမွေးဖွားခြင်းမဟုတ်)ကို ပြောကြားခြင်းဖြစ်ကြောင်း ရှင်းပြတော်မူခဲ့သည်။

***မှတ်ချက်။ ။*** *အငယ် ၅တွင်ဖော်ပြထားသော ''ရေဖြင့်မွေးဖွားခြင်း''စကားစုသည် ကိုယ်ခန္ဓာဆိုင်ရာမွေးဖွားခြင်း ဖြစ်စဉ်နှင့်ဒွန်တွဲလျက်ရှိကြောင်း များစွာသောကျမ်းတတ်ပုဂ္ဂိုလ်များက ယုံကြည်ကြသည်။*

**(ဂ) ဝိညာဉ်တော်အားဖြင့်ဒုတိယမွေးဖွားခြင်းခံရန်လိုအပ်သည်ဟု သခင်ယေရှုမိန့်တော်မူခြင်းသည် မည်သည့်အရာကိုဆိုလိုသည်ဟု သင်ယူဆသနည်း။ ယောဟန်အခန်းကြီး ၁ ကိုပြန်ကြည့်၍ အငယ် ၁၀–၁၃တို့ကို ဖတ်ပါ။ သူက သခင်ယေရှုကို ရည်ညွှန်းထားပါသည်။**

*ယောဟန် ၁း၁၀–၁၃တွင် စာရေးဆရာသည် သခင်ယေရှုအကြောင်းကို ဖော်ပြထားသည်။*

အသွေးအသားဆိုင်ရာအိမ်ထောင်မိသားစုတစ်ခုတွင်ဝင်ရောက်နိုင်ရန်အတွက် မွေးဖွားခြင်းအား မရှိမဖြစ်လိုအပ်လျက်ရှိသည်။ သခင်ယေရှုသည် လောကသို့ကြွဆင်းတော်မူခဲ့သော်လည်း မိမိလူမျိုးယုဒလူမျိုးများစွာတို့က ကိုယ်တော်ကိုငြင်းပယ်ခဲ့ကြသည်။ သို့သော် ကိုယ်တော်ကို ယုံကြည်ပြီး (ယုံကြည်ခြင်းအားဖြင့်) ကိုယ်တော့်ကိုလက်ခံသောသူများအား ဘုရားသခင်၏အိမ်ထောင်မိသားစုဝင်– ဘုရားသခင်၏ သားသမီးဖြစ်ရသောအခွင့်ရရှိကြသည်။

ဘုရားသခင်၏အိမ်ထောင်မိသားစုထဲသို့မွေးဖွားလာခြင်းဖြစ်စဉ်မှာ ကိုယ်ခန္ဓာမွေးဖွားခြင်းမဟုတ်ပါ။ (အသွေးအသားဆက်နွယ်မှု၊ လူ့အသွေးအသား၊ လူသားများ၏လိုအင်ဆန္ဒဖြင့် မွေးဖွားခြင်းမျိုး မဟုတ်ပါ)။ ဘုရားသခင်အားဖြင့် မွေးဖွားခြင်းဖြစ်သည်။ ဝိညာဉ်ရေးရာလုပ်ဆောင်မှုဖြစ်သည်။ ထိုသို့အားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏မိသားဝင်တစ်ဦးဖြစ်လာနိုင်ကြသည်။ အခန်းကြီးနှစ်ခုတွင် သခင်ယေရှုက နေကောဒင်ထံမိန့်တော်မူခဲ့သောအရာမှာ ထိုအကြောင်းအရာ ဖြစ်သည်။

**(ဃ) တောလည်ရာကျမ်း ၂၁း၄–၉တွင်ရှိသော ကြေးမြွေရုပ်တုနှင့်ပတ်သက်၍ ဣသရေလလူမျိုးများ၏အတွေ့အကြုံများကို ပြန်ကြည့်ပါ။ (စာမျက်နှာ ၂၀ရှိ အဖြစ်အပျက် ၁၈ ကိုကြည့်ပါ)။**

***မြော်လင့်ခြင်းသမိုင်း*** **၅ထိုအဖြစ်အပျက်ကိုပြန်ကြည့်၍ ဖြစ်ပျက်သောအကြောင်းအရာများကို ကျောင်းသူ/သားများအား အကျဉ်းချုံးဖော်ပြစေပါ။**

**ယောဟန် ၃း၁၄ ကိုယခုဖတ်ပါ။ မှတ်ချက်– ''လူသား''ဟူသောစကားလုံးသည် သခင်ယေရှုကို ရည်ညွှန်းထားပါသည်။**

**ဣသရေလလူမျိုးများ၏အတွေ့အကြုံများအပေါ်ကျွန်ုပ်တို့သိရှိသောအကြောင်းအရာများကိုအခြေခံ၍ သခင်ယေရှုသည် မိမိအပေါ်ဖြစ်ပျက်လာမည့်အရာနှင့်ပတ်သက် မည်သည့်အရာကို ကြိုတင်ဟောပြောတော်မူသည်ဟု သင်ယူဆပါသနည်း။**

*ကြေးမြွေအရုပ်နှင့်သခင်ယေရှုအပေါ်ဖြစ်ပျက်မည့်အရာများ၏ဆက်စပ်မှုကို ကျောင်းသူ/သားများအားသိစေရန် သင်ကြားပေးလိုက်ပါ။*

*သို့သော် သခင်ယေရှုအပေါ်ဖြစ်ပျက်မည့်အကြောင်းအရာများကို အသေးစိတ်လုံးစေ့ပတ်စေ့မသင်ကြားပေးပါနှင့်။ နောက်သင်ခန်းစာများတွင် ထိုအကြောင်းအရာကို ပို၍များပြားစွာသင်ကြားပါလိမ့်မည်ဟု ကျောင်းသူ/သားများအားရှင်းပြပါ။*

**(ဂ) ယောဟန် ၃း၁၅–၁၈တို့ကို ဖတ်ပါ။**

**ဤကျမ်းချက်များ၏အဓိကအကြောင်းအရာကို အနှစ်ချုပ်တင်ပြပါ။**

တောလည်ရာကျမ်း ၂၁တွင် ဘုရားသခင်ကိုယုံကြည်ခြင်းအားဖြင့် ကြေးမြွေအရုပ်ကိုကြည့်သောဣသရေလလူမျိုးများသည် ခန္ဓာကိုယ်ကျန်းမာခြင်းရရှိခဲ့ကြသည်။

ထိုထက်မက ဘုရားသခင်သည် ကျွန်ုပ်တို့အားအလွန်ချစ်တော်မူသောကြောင့် မိမိတစ်ပါးတည်းသောသားတော်ကို ဤလောကသို့ စေလွှတ်တော်မူခဲ့သည်။ ကျွန်ုပ်တို့သည် ဝိညာဉ်ရေးရာမပျက်စီးရန်၊ ထာဝရအသက်ရရှိရန်အတွက်ပင် ဖြစ်သည်။ ဤထာဝရအသက်ရရှိရန်အတွက် ကျွန်ုပ်တို့သည် သခင်ယေရှုကို အမှန်ယုံကြည်ရကြမည် ဖြစ်သည်။ သခင်ယေရှုကိုမယုံကြည်မကိုးစားသောသူများသည် ယခု၌ပင်လျှင် ဘုရားသခင်၏တရားစီရင်တော်မူခြင်းခံရကြပြီ ဖြစ်သည်။

*အထူးသဖြင့်၊ ဤခံယူချက်များအပေါ် ကျောင်းသူ/သားများသည် စိတ်ပါဝင်စားမှုရှိလျှင် အချိန်များစွာပေး၍ ဆွေးနွေးတိုင်ပင်လိုက်ပါ။*

**ကျမ်းစာသမိုင်းရာဇဝင်**

**အဖြစ်အပျက်များတွင် သခင်ယေရှုအား မည်ကဲ့သို့ပုံဆောင်ထားသနည်း(၂၅)၊ (၂၆)၊ (၂၇)၊ (၂၈)။** *(စာမျက်နှာ ၂၄–၂၅)။*

အဖြစ်အပျက် ၂၁ *(မြော်လင့်ခြင်းသမိုင်း–လေ့ကျင့်ခန်းစာအုပ်ရှိ စာမျက်နှာ ၂၂အပေါ် ''နာဇရက်မြို့သားယေရှုဖွားမြင်ခြင်း'')*အချက်(င)ညွှန်ကြားချက်များကိုကျောင်းသူ/သားများအားပြန်ပြောပါ။

. . .

**စာမျက်နှာနှစ်မျက်နှာတွဲစာရွက်ပေါ်ရှိအဖြစ်အပျက်လေးခုတွင်ရှိသောဂုဏ်အင်္ဂါရပ်များ ၁၄ ချက်အားလုံးရှာဖွေတွေ့ရှိရန်လိုအပ်သည်ဟု မယူဆသင့်ပါ။**

ဤ ''စာမျက်နှာနှစ်ခုအောက်ဆုံးတွင်'' ဖော်ပြထားသောအချက်များ၏ရည်ရွယ်ချက်ကို မှတ်ထားပါ။ သခင်ယေရှုသည် မည်သူဖြစ်တော်မူသည်ကိုလည်းကောင်း၊ မည်သည့်အရာလုပ်ဆောင်တော်မူခဲ့သည်ကိုလည်းကောင်း ကျောင်းသူ/သားများသည် ကျမ်းစာကိုဖတ်ရှုသည့်အတိုင်းသိရှိအောင် သွန်သင်ပါ။

ဥပမာအားဖြင့်–

**''ဤအဖြစ်အပျက်များတွင် သခင်ယေရှုအား နှိမ့်ချသောလူသားအဖြစ်ပုံဆောင်ထားပါသလား။''**

ကျောင်းသူ/သားများအားသူတို့၏ယူဆချက်ကိုဝေငှခွင့်ပြုလိုက်ပါ။ ထိုနောက် သင်သည်လည်း အခြားလိုအပ်သောအချက်အလက်များကို ဖြည့်ဆည်းပေးလိုက်ပါ။

**''ဤအဖြစ်ပျက်များတွင် သခင်ယေရှုအားအပြစ်ကင်းမဲ့သောလူသားတစ်ဦးအဖြစ် ပုံဆောင်ထားပါသလား။''**

ဆွေးနွေးပါ။

**''ဤအဖြစ်အပျက်များတွင် သခင်ယေရှုအားလူသားအသွေးအသားရှိသောဘုရားသခင်အဖြစ် ပုံဆောင်ထားပါသလား။''**

ဆွေးနွေးပါ။

**စသည်ဖြင့် . . . သခင်ယေရှု၏ဂုဏ်အင်္ဂါရပ် ၁၄ ချက်အားလုံးပြီးဆုံးသည့်အထိ သင်ကြားပေးလိုက်ပါ။**

## ၂၅။ ရှမာရိမိန်းမနှင့်တွေ့ဆုံခြင်း

**တစ်ချိန်က သခင်ယေရှုသည် ရှမာရိမိန်းမအား ဘုရားသခင်က သူမ၏ဝိညာဉ်ရေးရာ ဆာငတ်တောင့်တမှုကို ထာဝရဖြည့်ဆည်းပေးနိုင်တော်မူကြောင်း ရှင်းပြခဲ့ပါသည်။**

*ယောဟန် ၄း၃–၄၂*

**(က) သခင်ယေရှုခေတ်ကာလတွင် ယုဒလူမျိုးအများစုက ရှမာရိမြို့မှလာသောသူများကို အထင်သေးအမြင်သေး၍ အမုန်းပွားနေခဲ့ကြသည်။ ယုဒလူမျိုးများအား သူတို့၏ဘာသာရေးခေါင်းဆောင်များက ရှမာရိလူမျိုးများကိုစကားစမြည်မပြောရန် တားမြစ်ထားပါသည်။ ရှမာရိလူမျိုးများအား ဘာသာရေးအရ မသန့်ရှင်းသောသူများဟု သတ်မှတ်ကြပါသည်။**

*စာမျက်နှာ ၇ တွင်ရှိသော ရှမာရိမြို့ကို ညွှန်ပြပါ။*

*ရှမာရိလူမျိုးများသည် ယုဒလူမျိုးအချို့နှင့်အခြားလူမျိုးအချို့တို့ ရောနှောနေထိုင်ခဲ့သောမြို့တစ်မြို့ဖြစ်သည်။ လွန်ခဲ့သောနှစ်ပေါင်းများစွာက တိုင်းတစ်ပါးနိုင်ငံရေးခေါင်းဆောင်များအစိုးရသောအချိန်တွင် လူမျိုးရောနှောသောသူများစွာ ပေါ်ပေါက်လာနိုင်ရန်အတွက် ရှမာရိမြို့(ဣသရေလလူမျိုးများနေထိုင်သောနေရာ)တွင် အခြားတိုင်းတစ်ပါးလူမျိုးများ ခေါ်ဖိတ်နေထိုင်စေခဲ့သည်။*

**ထိုအကြောင်းအရာကို သိပြီးနောက် ယောဟန် ၄း၃–၉တို့ကို ဖတ်ပါ။**

*စာမျက်နှာ ၇ကို ကြည့်၍သခင်ယေရှုနှင့်မိမိတပည့်တော်များသည် ရှမာရိမြို့ကိုဖြတ်ကျော်၍ ယုဒမှဂလိလဲပြည်သို့သွားသောလမ်းကို ညွှန်ပြပါ။ ယုဒလူမျိုးအများစုတို့သည် ယောဒန်မြစ်အရှေ့ဘက်ကမ်းရိုးတန်းတစ်လျှောက်သို့သွားခြင်းအားဖြင့် ရှမာရိမြို့ကို ရှောင်လွှဲဖြတ်ကျော်ခဲ့ကြသည်။*

*သခင်ယေရှုပြုတော်မူခဲ့သောအမှုသည် ‘‘ယဉ်ကျေးမှုစည်းကမ်းချိုးဖောက်မှု’’(ယုဒလူမျိုးများ၏အမြင်အရ)ပင် ဖြစ်သည်။ သို့သော် သခင်ယေရှုသည် ထိုသို့ပြုတော်မူခြင်းအားဖြင့်၊ ကိုယ်တော်သည် လူတန်းစားအမျိုးမျိုးမှလာသောလူအားလုံးနှင့်လူမျိုးစုအားလုံးချစ်တော်မူကြောင်း သခင်ယေရှုက ထင်ရှားစေတော်မူခဲ့သည်။*

**(ခ) ယောဟန် ၄း၁၀–၁၅တို့ကို ဖတ်ပါ။**

**မိန်းမသည် မည်ကဲ့သို့သောရေကို ယူဆခဲ့သနည်း။ သူမယူဆသောရေသည် သခင်ယေရှုပြောသောရေနှင့်မည်ကဲ့သို့ ခြားနားမှုရှိသနည်း။**

သခင်ယေရှုသည် ‘‘ဝိညာဉ်ရေးရာရေ’’ကို ဆိုလိုခြင်းဖြစ်သည်။ ထိုရေသည် ရှမာရိမိန်းမ၏ဆာငတ်မှုကို အစဉ်အမြဲ ဖြည့်ဆည်းပေးနိုင်သည်။ သခင်ယေရှုက ရေအကြောင်းပြောသောအခါ ထိုမိန်းမက သူတို့ရှေ့တွင်ရှိသော ရေတွင်းထဲရှိ ရိုးရိုးသာမန်ရေအကြောင်းပြောနေသည်ဟု ယူဆခဲ့သည်။

*နေကောဒင်၏နားလည်သဘောမပေါက်ခြင်းနှင့်ရှမာရိမြို့မှလာသောဤမိန်းမ၏နားလည်သဘောမပေါက်ခြင်းတို့ တူညီချက်၊ ဆင်တူခြင်းကို ပြသပါ။ သခင်ယေရှုသည် ဝိညာဉ်ရေးရာအကြောင်းများကို မိန့်တော်မူသောအခါ သူတို့က ကိုယ်ခန္ဓာရေးရာအကြောင်းကို ချက်ခြင်းနားလည်သဘောပေါက်ခဲ့ကြသည်။ သခင်ယေရှုသည် သူတို့၏စိတ်အာရုံကို အဓိပ္ပါယ်ရှိစွာဖြင့် ဆွဲဆောင်နိုင်ခဲ့သောကြောင့် ကိုယ်တော်ကသူတို့အပေါ်ဖြစ်ပျက်သောဝိညာဉ်ရေးရာဖြစ်စဉ်များကို ရှင်းပြနိုင်တော်မူခဲ့သည်။*

*‘‘ရေ’’(ဝိညာဉ် (သို့)သက်စမ်းရေ)ဟူသောဥပမာစကားကိုကျမ်းစာရှိ ကျမ်းချက်များစွာ၌တွေ့ရကြောင်း ရှင်းပြပါ။ ဘုရားသခင်သည် မပါလျှင် ကျွန်ုပ်တို့သည် ဝိညာဉ်ရေးရာဆာငတ်မှုကို ခံစားရကြသည်။ ကျွန်ုပ်တို့ဘဝတွင်အရေးကြီးသောအရာတစ်စုံတစ်ခု လက်လွှတ်ဆုံးရှုံးသွားသကဲ့သို့ ခံစားရကြသည်။ ဘုရားသခင်၏သားတော်၊ သခင်ယေရှုခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့် ကျွန်ုပ်တို့ဘဝသို့ဝင်ရောက်ရန် ခေါ်ဖိတ်သောအခါ ကိုယ်တော်သည် ကျွန်ုပ်တို့၏ဝိညာဉ်ရေးရာဆာငတ်မှုကို အငတ်ပြေစေနိုင်ပါသည်။ ယုံကြည်ခြင်းမရှိမီ အရင်ဘဝကမခံစားရသေးသော ငြိမ်သက်ခြင်းနှင့်ရောင့်ရဲတင်းတိမ်မှုကို ကိုယ်တော်တိုင်ချပေးသနားတော်မူလိမ့်မည်။*

**(ဂ) ယောဟန် ၄း၁၆–၁၈တို့ကို ဖတ်ပါ။**

**ဤမိန်းမ၏ဘဝနှင့်ပတ်သက်၍ မည်သည့်အရာကို တွေ့ရှိရသနည်း။**

ဤရှမာရိမိန်းမသည် ငါးကြိမ်တိုင်တိုင် အိမ်ထောင်ကျခဲ့ပြီး ဖြစ်သည်။ တရားဝင်အိမ်ထောင်ပြုခြင်းမရှိဘဲလျက် အခြားယောကျ်ားများနှင့်ဆက်ဆံသောသူလည်း ဖြစ်သည်။ ထို့ပြင် သူမသည် ကိုယ်ကျင့်တရားဖောက်ပြန်ပျက်စီးနေသောယောကျ်ားများနှင့်ပေါင်းသင်းဆက်ဆံခြင်းအားဖြင့် သူမ၏ဘဝကို ဖျက်ဆီးခဲ့ပါသည်။

*သခင်ယေရှုသည် သူမကို တရားစီရင်၊ ဒဏ်ခတ်တော်မူခြင်းပြုတော်မမူခဲ့ပါ။ အခြားနေရာ၌ ကိုယ်တော်သွန်သင်သောတရားတော်၌ သူမ၏အသက်ရှင်ခြင်းကိုလည်း ခွင့်လွှတ်တော်မူခြင်း၊ အားပေးတော်မူခြင်းမပြုကြောင်းကိုလည်း သေခြာစွာ ရှင်းပြတော်မူခဲ့သည်။*

*ဤမိန်းမနှင့်ကိုယ်ကျင့်တရားတူညီသောကျောင်းသူတစ်ဦးဦးအတန်းထဲတွင်ရှိနေနိုင်သည်။ ထိုသို့ရှိခဲ့လျှင် ရှမာရိမိန်းမ၏ဘဝအကြောင်းကို ပဲပြောကြားပါ။ သူတို့ကို တရားစီရင်ခြင်းမပြုပါနှင့်။ သခင်ယေရှုပြုတော်မူခဲ့သည့်အတိုင်း သူတို့ကို ချစ်ပါ။*

**(ဃ) ယောဟန် ၄း၁၉–၂၆တို့ကို ဖတ်ပါ။**

**သခင်ယေရှုက မိမိအကြောင်းနှင့်ပတ်သက်၍ သူမထံမည်သည့်အရာများပြောကြားတော်မူခဲ့သနည်း။**

သခင်ယေရှုက သူသည် လွန်ခဲ့သောရာစုနှစ်များစွာကတည်းက ယုဒပရောဖက်များကြိုတင်ဟောပြောခဲ့သော မေရှိယ(ခရစ်တော်) ဖြစ်ကြောင်း ပြောကြားတော်မူခဲ့သည်။

*ရှမာရိလူမျိုး(ယုဒနှင့်ယုဒလူမျိုးမဟုတ်သောသူ)တစ်ဦးအဖြစ် ထိုမိန်းမသည် ယုဒလူမျိုးများ၏ယဉ်ကျေးမှုဓလေ့ထုံးစံနောက်ခံသမိုင်းကို သိရှိခဲ့သည်။ သူမသည် ဓမ္မဟောင်းအကြောင်းအချို့တို့ကို ဂရုတစိုက်လေ့လာသိရှိသောသူလည်းဖြစ်သည်။*

**(င) ယောဟန် ၄း၂၈–၂၉တို့ကို ဖတ်ပါ။ သခင်ယေရှုသည် ထိုမိန်းမအား ထိုနေရာဒေသများတွင် တစ်ကြိမ်တစ်ခါမျှမမြင်ခဲ့ဘူးသော်လည်း သူမအကြောင်းကို မည်ကဲ့သို့ ပြောကြားနိုင်တော်မူခဲ့သနည်း။**

*ကျမ်းစာနှင့်ပတ်သက်၍ ကျောင်းသူ/သားများတို့၏ ဗဟုတုတအပေါ်မူတည်၍ ဤမေးခွန်းသည် ခက်ခဲနိုင်သည်၊ လွယ်ကူနိုင်ပါသည်။ သို့သော် ကျောင်းသူ/သားများအား မိမိကိုယ်ကို တွေးတောဆင်ခြင်စေလိုက်ပါ။ အကယ်၍သူတို့က သခင်ယေရှုသည် ဘုရားသခင်ဖြစ်တော်မူကြောင်း (ဤစာအုပ်ရှိ နောက်သင်ခန်းစာနှစ်ခုတွင်ဖော်ပြထားသည်) နားလည်သဘောပေါက်ခြင်းမရှိခဲ့လျှင် ဤအကြောင်းနှင့်ပတ်သက်၍ကျောင်းသူ/သားများအား အတင်းအဓမ္မဖြေကြားစေခြင်းမပြုရပါ။ ''မကြာခင် အဲဒီမေးခွန်းရဲ့အဖြေကို ငါတို့သိကြလိမ့်မည်'' ဟူ၍သာ ရှင်းပြပါ။*

**(စ) ယောဟန် ၄း၃၀၊ ၃၉–၄၂တို့ကို ဖတ်ပါ။**

**အခြားသောရှမာရိလူများက သခင်ယေရှုအပေါ် မည်ကဲ့သို့တုံ့ပြန်ခဲ့ကြသနည်း။ သူတို့က မည်သည့်အကြောင်းအရာများ ထည့်သွင်းဖော်ပြခဲ့ကြသနည်း။**

ရှမာရိလူများစွာတို့က သခင်ယေရှုကို ယုံကြည်ခဲ့ကြပါသည်။ သခင်ယေရှုသည် ''ခရစ်တော်၊ လောကကို ကယ်တင်သောအရှင်သခင်'' ဖြစ်သည်ဟု ပြောခဲ့ကြသည်။

*(ယောဟန် ၁း၁၀–၁၃)အဖြစ်အပျက်တွင် တွေ့ရှိသည့်အတိုင်း သခင်ယေရှုကို ယုံကြည်ခြင်းအားဖြင့် ဤရှမာရိလူများသည် ဤအချိန်တွင် ဒုတိယမွေးဖွားခြင်း–ဘုရားသခင်၏မိသားစုထဲသို့ဝိညာဉ်ရေးရာမွေးဖွားခြင်းရရှိခဲ့ကြပါသည်။*

## ၂၆။ ဘုရားသခင်နှင့်တစ်လုံးတစ်ဝဖြစ်ကြောင်းကြွေးကြော်ခြင်း

**သခင်ယေရှုက သူသည် ဘုရားသခင်နှင့်တူညီကြောင်း၊ တစ်လုံးတစ်ဝတည်းဖြစ်ကြောင်း ပြောကြားတော်မူသောအခါ အချို့က သူ့ကို ဆန့်ကျင်၍သတ်ချင်ခဲ့ကြသည်။** *ယောဟန် ၅း၁၆–၁၈၊ ယောဟန် ၈း၄၈–၅၉၊ ယောဟန် ၁၀း၂၂–၃၃။*

*ဤကျမ်းချက်သည် ''သခင်ယေရှုဘုရားဖြစ်တော်မူခြင်း''အကြောင်းကို ဖော်ပြထားသောအကြောင်းအရာဖြစ်သောကြောင့် သမိုင်းတွင် အဓိကသော့ချက်တစ်ချက်ပင်ဖြစ်သည်။*

*ကျမ်းစာကိုစတင်လေ့လာသူများနှင့်ခရစ်ယာန်ဘာသာကို စတင်စူးစမ်းသောသူများအတွက် ''သုံးပါးတစ်ဆူဘုရား''ဓမ္မခံယူချက်ကို နားလည်သဘောပေါက်ရန် အလွန်ခက်ခဲသည်။ ''သုံးပါးတစ်ဆူ''စကားလုံးမဖော်ပြလျှင် အကောင်းဆုံးဖြစ်သည်။ (ထိုစကားလုံးသည် သီအိုလော်ဂျီဝေါဟာရစကားလုံးသာဖြစ်သည်။ ကျမ်းစာထဲတွင် မတွေ့ရပါ)။ သို့သော် ထိုခံယူချက်ကို သတ်နိုင်သရွေ့ နားလည်သဘောပေါက်နိုင်အောင် ရှင်းပြပါ။ ဘုရားသခင်အကြောင်းနှင့်ပတ်သက်၍ လူ့ဦးနှောက်အတွေးအခေါ်ဖြင့် နားမလည်နိုင်သောအကြောင်းအရာများစွာရှိသေးကြောင်းကျောင်းသူ/သားများအား ရှင်းပြပါ။ ၄င်းမှ သုံးပါးတစ်ဆူအကြောင်းလည်းပါဝင်သည်။*

*ဤခေါင်းစဉ်ဖြေရှင်းပုံဖြေရှင်းနည်းအကူအညီအဖြစ်သိရှိနိုင်ရန် ထပ်မံဖြည့်စွက်ထားသောအကြောင်းအရာကို ကြည့်ပါ။*

**(က) ရိုးရိုးသာမန်လူတစ်ဦးသည် ဘုရားသခင်ဖြစ်ကြောင်းကိုလည်းကောင်း၊ ဘုရားသခင်နှင့်တူကြောင်းကိုလည်းကောင်း ကြွေးကြော်ခြင်းသည် ဘုရားနာမတော်ကို ရှုတ်ချခြင်း၊ စော်ကားမော်ကားပြုခြင်းပင် ဖြစ်သည်။ ဓမ္မဟောင်းကျမ်းတွင် ဘုရားသခင်၏နာမတော်ကိုရှုတ်ချသောသူများအား ကျောက်ခဲဖြင့်ပစ်သတ်ခြင်းခံရသည်။**

*ရှင်းပြရန်– ဘုရားသခင်၏ဂုဏ်အင်္ဂါရပ်များနှင့်ပတ်သက်၍ ကျွန်ုပ်တို့လေ့လာသောအကြောင်းအရာမှ လူတစ်ယောက်သည် ဘုရားနှင့်တူကြောင်းကိုလည်းကောင်း၊ ဘုရားသခင်နှင့်တစ်လုံးတစ်ဝဖြစ်ကြောင်းကိုလည်းကောင်းကြွေးကြော်ခြင်းသည် ရိုးသွပ်မှု၊ မိုက်ရိုင်းမှု တစ်ခုဖြစ်ကြောင်း တွေ့ရပါသည်။*

**(ခ) ယောဟန် ၅း၁၆–၁၈တို့ကို ဖတ်ပါ။**

***မှန်သလား။ မှားသလား။ ဘုရားသခင်သည် သူ၏ခမည်းတော်အဖြစ်ဖော်ပြခြင်းအားဖြင့် သခင်ယေရှုသည် ဘုရားသခင်ကဲ့သို့ တူညီသောဂုဏ်အင်္ဂါရှိတော်မူကြောင်း (တူညီကြောင်း) အသိအမှတ်ပြု ဖော်ပြလိုခြင်း ဖြစ်သည်။***

*ခြွင်းချက်။ ။ ဤကျမ်းပိုဒ်များတွင် သခင်ယေရှုပြောကြားတော်မူခဲ့သောအကြောင်းကို သံသယ၊ မယုံသင်္ကာရှိသူတစ်စုံတစ်ဦးရှိခဲ့လျှင် ''သခင်ယေရှုသည် ဘုရားသခင်နှင့်တစ်လုံးတစ်တည်းဆက်နွယ်ကြောင်းအသိအမှတ်ပြုရန် ဤကျမ်းချက်ထဲတွင် သခင်ယေရှုက မည်သည့်အရာများပြောကြားတော်မူခဲ့သနည်း''ဟု မေးနိုင်ပါသည်။*

*၁။ သခင်ယေရှုသည် ''ဘုရားသခင်အား မိမိခမည်းတော်''ဖြစ်ကြောင်းကြွေးကြော်သောကြောင့် ယုဒလူမျိုးများက သူ့ကို သတ်ရန် ရှာဖွေခဲ့ကြသောအခါ ဘုရားသခင်သည် မိမိခမည်းတော်ဖြစ်ကြာင်းကြွေးကြော်ခြင်းအားဖြင့် သခင်ယေရှုက မငြင်းဆိုခဲ့ပါ(အငယ် ၁၈–၁၉)။*

*၂။ သခင်ယေရှုက သူနှင့်ဘုရားသခင် ''ခမည်းတော်''တို့သည် အတူတူဖြစ်ကြောင်းနှင့်အတူတကွအမှုပြုတော်မူကြောင်း ကြွေးကြော်ခဲ့ပါသည်(အငယ် ၁၇၊ ၁၉–၂၀)။*

*၃။ ခမည်းတော်သည် လူသေများကို ထမြောက်စေတော်မူခဲ့သည့်အတိုင်း သခင်ယေရှုသည်လည်း သူအလိုရှိတော်မူသောသူများကို အသက်ပေးနိုင်သောတန်ခိုးရှိတော်မူသည် (အငယ် ၂၁)။*

*၄။ တရားစီရင်ခြင်းအားလုံးခမည်းတော်သည် သခင်ယေရှု(သားတော်)ထံ အပ်နှင်းတော်မူခဲ့သည်ဟု သခင်ယေရှုက မိန့်တော်မူခဲ့သည်။ ''လူအပေါင်းတို့သည် ခမည်းတော်ကိုရိုသေသည်နည်းတူသားတော်ကိုရိုသေစေမည်အကြောင်း''(အငယ် ၂၂–၂၃)။*

*၅။ ခမည်းတော်သည် သားတော်(သခင်ယေရှု)ကိုစေလွှတ်တော်မူခဲ့သည်ဟု သခင်ယေရှုမိန့်တော်မူခဲ့သည်(အငယ် ၂၃)။*

**(ဂ) ယောဟန် ၈း၄၈–၅၉တို့ကို ဖတ်ပါ။**

**ဘုရားသခင်သည် ထာဝရဘုရား–ထာဝရကာလမှထာဝရကာလအထိ–ဖြစ်တော်မူကြောင်း ကျွန်ုပ်တို့သင်ခန်းစာအစပိုင်းတွင် သင်ယူခဲ့ကြပါသည်။**

**ဤနေရာတွင် သခင်ယေရှုက မိမိကိုယ်ကို မည်ကဲ့သို့ပြောကြားတော်မူခဲ့သနည်း။**

*သခင်ယေရှုဖွားမြင်တော်မမူမီ နှစ်ပေါင်း ၂၀၀၀ခန့်တွင် အာဗြဟံအသက်ရှင်ခဲ့သည်။ အာဗြဟံ၏အသက်နှင့်သခင်ယေရှုတို့၏အသက်ကွာဟမှုသည် သခင်ယေရှုအသက်ရှင်သောအချိန်ကာလနှင့်ယခု ကျွန်ုပ်တို့အသက်ရှင်သောအချိန်ကာလတို့အကြားကွာဟမှုပမာဖြစ်သည်။*

''အာဗြဟံမရှိမီ ငါရှိခဲ့ပြီ''ဟု သခင်ယေရှုက အငယ် ၅၈ တွင် တိကျစွာ မိန့်တော်မူခဲ့သည်။ သခင်ယေရှုသည် အာဗြဟံမရှိမီ တည်ရှိတော်မူခဲ့ကြောင်း အတိအကျ ကြွေးကြော်တော်မူခြင်း ဖြစ်သည်။ သို့သော် ''ငါ''ဟူသောစကားသည် သခင်ယေရှုက ပို၍မှတ်သားဖွယ်ကောင်းသောအရာတစ်စုံတစ်ခုကြွေးကြော်တော်မူကြောင်း ညွှန်ပြထားပါသည်။

**ထွက်မြောက်ရာကျမ်း ၃း၁၄ကိုဖတ်၍ ဤကျမ်းချက်နှင့်နှိုင်းယှဉ်ပါ။ စာမျက်နှာ ၁၈တွင်ရှိသော အဖြစ်အပျက် ၁၃ကိုကြည့်ပါ။**

*စာမျက်နှာ ၁၈တွင်ရှိသော အဖြစ်အပျက် ၁၃ ၏ အချက် ''င''ကို ကြည့်ပါ။*

**အငယ် ၅၈ တွင် သခင်ယေရှုက သူသည် ဘုရားဖြစ်တော်မူကြောင်း ပြောကြားတော်မူခဲ့သည်။ သူသည် လောင်ကျွမ်းသောချုံဖုတ်မှမောရှေကိုစကားခဲ့သော ''ငါ''ဟူသော ထာဝရဘုရားသခင်ပင် ဖြစ်သည်။**

*အောက်ဖယားကွက်တွင်ဖော်ပြထားသော အဖြစ်အပျက် ၁၃အတွက် ခေါင်းဆောင်မှုလမ်းညွှန်ကို ပြန်ကြည့်နိုင်ပါသည်။*

*(ဇယားအကွက်)*

**(င) ထွက်မြောက်ရာကျမ်း ၃း၁၁-၁၇တို့ကို ဖတ်ပါ။**

**ဣသရေလလူမျိုးများက မောရှေအား ''သင့်ကို အဘယ်သူစေလွှတ်ခဲ့သနည်း''ဟုမေးကြသောအခါ သူက မည်ကဲ့သို့ဖြေကြားခဲ့သနည်း။**

- **အငယ် ၁၄တွင်ဖော်ပြထားသော ဘုရားသခင်၏ညွှန်ကြားတော်မူချက်မှ ဟုဖြေကြားခဲ့သလား။**

ဣသရေလလူမျိုးများအား ''ငါ''ဟူသောပုဂ္ဂိုလ်က ငါ့ကိုစေလွှတ်ခဲ့သည်ဟု ပြောရန် ဘုရားသခင်က မောရှေအားမိန့်တော်မူခဲ့သည်။

*''ဘုရားသခင်က မိမိကိုယ်ကို 'ငါ'ဟုရည်ညွှန်းတော်မူခြင်း၏ အဓိပ္ပါယ် (သို့)အရေးပါမှုမှာ မည်သည့်အရာဖြစ်သည်ဟု သင်ယူဆသနည်း'' ဟု ကျောင်းသူ/သားများအား မေးမြန်းပါ။*

*ဤသင်ခန်းစာကိုသေချာဂနစွာလေ့လာခဲ့ပြီးသောသူတစ်ဦးက ''ဘုရားသခင်တစ်ပါးတည်းသာလျှင် ဘုရားဖြစ်တော်မူသောကြောင့် ဖြစ်သည်''ဟုဖြေကြားနိုင်ပါသည်။ ၄င်းအဖြေသည် နက်နဲ၍အဓိပ္ပါယ်ရှိသော အဖြေပင် ဖြစ်သည်။ ဘုရားသခင်၌ အစ၊ အဆုံးမရှိပါ။ ဘုရားသခင်သည် ဖန်ဆင်းခြင်းခံရသော ဘုရားမဟုတ်ပါ။ ဘုရားသခင်သည် ထာဝရဘုရားပင် ဖြစ်သည်။(သီအိုလော့ဂျီဝေါဟာရစကားလုံးအရ ဘုရားသခင်၏''ထာဝရတည်ရှိတော်မူခြင်း''ဟု ခေါ်ပါသည်)။*

- **အငယ် ၁၅တွင်ဖော်ပြထားသောဘုရားသခင်၏လမ်းညွှန်ချက်မှ ဟုဖြေကြားသလား။**

သင်တို့ဘိုးဘေးများ၊ အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့၏ ဘုရား ''သခင်''သည် သူ့ကိုစေလွှတ်တော်မူခဲ့ကြောင်းဣသရေလလူမျိုးများအားပြောကြားရန် ဘုရားသခင်သည် မောရှေအား မိန့်တော်မူခဲ့သည်။

*''သခင်''(LORD ဟု ဗျည်းအက္ခရာစလုံးကြီးဖြင့်ရေးရပါသည်)ဟူသောဝေါဟာရစကားလုံး( ''ယာဝေး'' သို့မဟုတ် ''ယေဟောဝါ'') မှ ဘာသာပြန်ဆိုခြင်း ဖြစ်သည်။ ''ငါ''ဟူသော ဝေါဟာရစကားလုံးနှင့်အနက်အဓိပ္ပါယ်အတူတူပင် ဖြစ်သည်။ ဘုရားသခင်၏ပင်ကိုအမည်နာမ ဖြစ်သည်။ ကျမ်းစာကို နှိုက်နှိုက်ချွတ်ချွတ်လေ့လာသောအခါ ဘုရားအတုများစွာရှိပြီး ထိုဘုရားငယ်များသည် ကိုယ်ပိုင်နာမ အသီးသီးရှိကြသည်။ (ဥပမာအားဖြင့်၊ ဗာလဘုရား)။ သို့သော် အထူးသဖြင့်''ဘုရားသခင်'' သို့မဟုတ် ''ထာဝရဘုရား''နာမတော်သည် စစ်မှန်သောဘုရား၊ ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းတော်မူသောဘုရား၊ ကျမ်းစာ၏ဘုရား ဖြစ်တော်မူသည်။*

**(ဃ) ယောဟန် ၁၀း၂၂-၃၃တို့ကို ဖတ်ပါ။**

**သခင်ယေရှုက မိမိကိုယ်ကို ဘုရားဖြစ်တော်မူကြောင်းပြောကြားသောအခါ ယုဒလူမျိုးများက တိကျမှန်ကန်စွာ နားလည်သဘောပေါက်ခဲ့ကြသလား။**

**''ငါသည် ငါ့ခမည်းတော်နှင့်တလုံးတဝတည်းဖြစ်သည်'' (အငယ် ၃၀)-ယေရှု**

**သခင်ယေရှုက သူသည် ဘုရားဖြစ်ကြောင်း မိန့်တော်မူခြင်းသည် မှန်ကန်သည်။**

*ကျောင်းသူ/သားများအား ပြောပြပါ-*

*''နောက်ပိုင်းတွင် သခင်ယေရှု၏သက်တော်စဉ်ကို အသေးစိတ်သင်ယူကြပါလိမ့်မည်။ နာဇရက်မြို့သားယေရှု၏အကြောင်းနှင့်ပတ်သက်၍ ကျောင်းသူ/သားများ၏ခံယူချက်၊ ယူဆချက်ကို ကြားသိချင်သည်။*

***ထပ်မံဖြည့်စွက်ချက်များ***

**သုံးပါးတစ်ဆူ-** ဤအကြောင်းနှင့်ပတ်သက်၍ သုံးပါးတစ်ဆူအကြောင်းကို သဘာဝတရား၊ အရာဝတ္ထုများဖြင့်သွန်သင်ခြင်းမပြုပါနှင့်။ ဖြစ်နိုင်လျှင် ''သုံးပါးတစ်ဆူ''စကားလုံးမဖော်ပြလျှင် အကောင်းဆုံးဖြစ်သည်။ အကြောင်းမှာ ကန့်သတ်ထားသောအချိန်အတောအတွင်း သုံးပါးတစ်ဆူဘုရားအကြောင်းကို မရှင်းပြနိုင်လောက်အောင် မေးခွန်းများစွာပေါ်ပေါက်လာနိုင်မည် ဖြစ်သောကြောင့် ဖြစ်သည်။

သို့သော် သင်ကိုယ်တိုင်နားလည်သဘောပေါက်နိုင်ရန်အတွက် အောက်တွင် မြေပုံဇယားဖြင့် ဖော်ပြထားပါသည်။ ၄င်းမြေပုံအား သုံးပါးတစ်ဆူဘုရားဖော်ပြရာတွင် နှစ်ပေါင်းများစွာအသုံးပြုခဲ့သောမြေပုံဖြစ်သည်။

နည်းလည်သဘောပေါက်ရန် အဓိကယူဆချက်များမှာ–

- **ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းတော်မူသောကျမ်းစာ၏အရှင်သခင်ဘုရားတစ်ဆူတည်းရှိသည်။**
- **''သုံးပါးတစ်ဆူ''ဟု ကျမ်းစာသွန်သင်သူများဖော်ပြထားသည့်အတိုင်း မတူညီသောပုဂ္ဂိုလ်သုံးပါးရှိသည်။**

*၁။ ခမည်းတော်ဘုရား– သူသည် ဘုရားအစစ်အမှန်ဖြစ်သည်။*

*၂။ သခင်ယေရှုခရစ်တော်– (''သားတော်ဘုရား'')– သူသည် ဘုရားအစစ်အမှန်ဖြစ်သည်။*

*၃။ သန့်ရှင်းသောဝိညာဉ်တော်– သူသည် ဘုရားအစစ်အမှန်ဖြစ်သည်။*

- **ထို့ကြောင့် သခင်ယေရှုသည် ''ဘုရားသခင်၏သားတော်''နှင့် ''ဘုရား''ဖြစ်သည်။**

**ဘုရားသခင်၏သားတော်၊သခင်ယေရှု၊ –** ကျမ်းစာက သခင်ယေရှုအား ''ဘုရားသခင်၏သားတော်''ဟု ရည်ညွှန်းသောအခါ သခင်ယေရှုသည် ခမည်းတော်ဘုရားသခင်နှင့် အလွန်ရင်းနှီးကျွမ်းဝင်မှုနှင့်တစ်လုံးတစ်ဝဖြစ်ကြောင်းကို ဆိုလိုခြင်း ဖြစ်သည်။ သူတို့သည် မတူသောပုဂ္ဂိုလ်များဖြစ်ကြသော်လည်း တစ်လုံးတစ်ဝတည်း ဖြစ်သည်။

သခင်ယေရှု၏ဘုရားသားတော်ဖြစ်ခြင်းက ဘုရားသခင်၏သားတော်မတည်ရှိတော်မူသောအချိန်ရှိခြင်း၊ အခြားသော ''ဘုရား''နှင့် ပေါင်းသင်းခြင်းမှသခင်ယေရှု မွေးဖွားလာခြင်းကို မရည်ညွှန်းပါ။ ဘုရားသခင်၏သားတော်၊ သခင်ယေရှုသည် ခမည်းတော်ဘုရားသခင်၊ သန့်ရှင်းသောဝိညာဉ်တော်နှင့်ထာဝရကာလကတည်းက တည်ရှိတော်မူခဲ့ပြီး ဖြစ်သည်။

ထို့ကြောင့် စာမျက်နှာ ၂၂ အဖြစ်အပျက် ၂၁ တွင် မည်သည့်အရာကို တွေ့ရသနည်း။ ''နာဇရက်မြို့သား သခင်ယေရှုဖွားမြင်တော်မူခြင်း''သည် လူ့သမိုင်း၌ ဘုရားသခင်၏သားတော်(အစဉ်အမြဲတည်ရှိတော်မူခဲ့သော)သည် လူ့အသွေးအသားဖြင့် လူ့ကမ္ဘာသို့ဝင်ရောက်လာခြင်းနှင့် အပျိုကညာ မာရိမှ ဖွားမြင်တော်မူခြင်း ဖြစ်သည်။ သခင်ယေရှုသည် ကျွန်ုပ်တို့အား အပြစ်သားများဖြစ်ကြောင်းသိစေရန်နှင့် သူသည် အပြစ်ကင်းစင်သောဘဝ၊ ပြည့်စုံသောဘဝဖြင့်အသက်ရှင်ကြောင်းထင်ရှားစေတော်မူရန်အတွက် လူသားတစ်ဦးအဖြစ်ဖွားမြင်လာခြင်း ဖြစ်သည်။ ထိုသို့အပြစ်ကင်းစင်သောသူတစ်ဦးဖြစ်လာခြင်းအားဖြင့် သူသည် ကျွန်ုပ်တို့အပြစ်များပေးဆပ်ကျေအေးစေသောကိုယ်စားပြုယဇ်ပူဇော်ခြင်းခံရသောသူအဖြစ်အသေခံရန် အရည်အချင်းပြည့်မီပါသည်။ ''လူသားတစ်ဦးဖြစ်လာခြင်း''သည် ဘုရားသခင်၏သားတော်သည် လူသားတစ်ဦးဖြစ်လာတော်မူကြောင်း ရည်ညွှန်းဖော်ပြရန်အသုံးပြုသော သီအိုလော်ဂျီဆိုင်ရာ ဝေါဟာရစကားလုံးပင် ဖြစ်သည်။

ခမည်းတော်သည်ဘုရားဖြစ်သည်။

သားတော်သည် ဘုရားဖြစ်သည်။

သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားဖြစ်သည်။

ခမည်းတော်သည် သားတော်မဟုတ်ပါ။

သားတော်သည် သန့်ရှင်းသောဝိညာဉ်တော်မဟုတ်ပါ။

သန့်ရှင်းသောဝိညာဉ်တော်သည် ခမည်းတော်မဟုတ်ပါ။

## ၂၇။ ငရဲအကြောင်း သွန်သင်မှုများ

**သခင်ယေရှုသည် လူသားများကိုခွန်အားပေးတိုက်တွန်းတော်မူသည့်အတိုင်း မယုံကြည်သူများအားငရဲမီးအိုင်၌ ထာဝရတရားစီရင်ခြင်းသည်အမှန်တကယ်ဖြစ်ကြောင်းနှင့်၄င်းမှလွတ်မြောက်ရန်လိုအပ်ကြောင်း သတိပေးတော်မူခဲ့သည်။**

*မာကု ၉း၄၂–၄၈၊ လုကာ ၁၆း၁၉–၃၁*

*ယခုခေတ်ကာလတွင် ခရစ်ယာန်များသည်တစ်ခါတစ်ရံ ကျမ်းစာသွန်သင်သောငရဲအကြောင်းကြောင့် စိတ်ကသိကအောင့်ဖြစ်တတ်ကြသည်။ ကျွန်ုပ်တို့ခေတ်ကာလတွင် ငရဲအကြောင်းသည် ''နိုင်ငံရေးအရမှန်ကန်သော''ခံယူချက်မဟုတ်ပါ။ ငရဲမီးအိုင်အကြောင်းကို ကျွန်ုပ်တို့လေ့လာသောအခါ မှတ်ထားရမည့်အချက်အနည်းငယ်ရှိပါသည်။*

*၁။ ငရဲမီးအိုင်အကြောင်းသင်ကြားသောအခါ ကျမ်းစာကိုအခြေမပြုဘဲ သင်ကြားဖို့မဟုတ်ပါ။ ငရဲမီးအိုင်အကြောင်းနှင့်ပတ်သက်၍ ကျမ်းစာသွန်သင်သောအရာများကိုသာ ရောင့်ရဲကျေနပ်စွာ သင်ကြားပါ။*

*၂။ ဂရုဏာတရားဖြင့် ငရဲအကြောင်းကို သေချာစွာ သင်ကြားပေးပါ။ တရားစီရင်ခြင်း၊ ဒဏ်ခတ်သောစိတ်ဖြင့် မသင်ကြားရပါ။*

*၃။ ငရဲအကြောင်းဆွေးနွေးသောအခါ ဘုရားသခင်၏ဂုဏ်အင်္ဂါရပ်နှစ်ခုကို တင်ပြခြင်းအားဖြင့် နိဒါန်း၊ အစပြုနိုင်ပါသည်။*

*(က) **သန့်ရှင်းခြင်း–** ကျွန်ုပ်တို့အပြစ်က သန့်ရှင်းတော်မူသောဘုရားသခင်အား ဆန့်ကျင်ဘက်ပြုကြောင်းကို ကျွန်ုပ်တို့နားလည်သဘောပေါက်ကြသောအခါ ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင်၏အမျက်တော်မခံရကြသေးကြောင်း တွေ့ကြပါလိမ့်မည်။ အပြစ်အတွက် ဘုရားသခင်ချမှတ်တော်မူခဲ့သောပြစ်ဒဏ်သည် ဘုရားသခင်၏သန့်ရှင်းခြင်းကို ဆန့်ကျင်သောသူများအတွက် အလွန်ရက်စက်ကြမ်းကြုတ်သောအရာမဟုတ်ကြောင်း ကျွန်ုပ်တို့နားလည်သဘောပေါက်ကြပါလိမ့်မည်။*

*(ခ) **တရားမျှတခြင်း–** ဘုရားသခင်၏ပြည့်စုံသောဖြောင့်မတ်ခြင်း(ဘုရားသခင်သည် ဖြောင့်သောအရာ၊ တရားမျှတသောအမှုအရကို လုပ်ဆောင်တော်မူသည်)ကို စဉ်းစားလျှင် ကျွန်ုပ်တို့၏အပြစ်များအတွက် ဘုရားသခင်သည် ကျွန်ုပ်တို့အား ယခုပင်တရားစီရင်တော်မူလျှင် တရားမျှတသောအမှုအရာဖြစ်သည်ဟု နားလည်ရကြလိမ့်မည်။ ကျွန်ုပ်တို့အားလုံးသည် ဖန်ဆင်းရှင်ဘုရားသခင်၏ပညတ်တော်ကို ချိုးဖောက်ခဲ့ကြသောကြောင့် အားလုံးသည် အပြစ်သားများဖြစ်ကြသည်။ ယခုတွင် ကျွန်ုပ်တို့ကျူးလွန်သောအပြစ်အတရားဘုရားသခင်၏အမျက်တော်မခံစားရခြင်းမှာ ဘုရားသခင်၏မေတ္တာတော်နှင့်ဂရုဏာတော်ကြောင့်သာလျှင် ဖြစ်သည်။*

**(က) သင်ခန်းစာအစောပိုင်း(စာမျက်နှာ ၁၃ ရှိအဖြစ်အပျက် ၄)တွင် စာတန်နှင့်နတ်ဆိုးများတို့အားဒဏ်ခတ်ရန်အတွက် ထာဝရငရဲမီးအိုင်ကို ဖန်ဆင်းခြင်းဖြစ်ကြောင်း တွေ့ရသည်။ မဿဲ ၂၅း၄၁ ကိုဖတ်ပါ။**

**စာတန်၏နောက်သို့လိုက်သောသူများသည်လည်း စာတန်နှင့်အတူ ငရဲမီးအိုင်တွင် ဒဏ်ခတ်ခြင်းခံရကြမည်ဟု သခင်ယေရှုက မိန့်တော်မူခဲ့သည်။**

*သခင်ယေရှုသည် အခြားသူများနှင့်မတူဘဲ ''ငရဲမီးအိုင်''အကြောင်းကို ကြိမ်ဖန်များစွာ မိန့်တော်မူခဲ့ကြောင်း ရှင်းပြပါ။ အဘယ်ကြောင့်နည်း။ အကြောင်းမှာ သခင်ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်တော်မူသောကြောင့် အသက်ရှင်ခဲ့သောသူအားလုံးထက် ငရဲမီးအိုင်အကြောင်း၊ ငရဲမီးအိုင်အမှန်တည်ရှိခြင်းအကြောင်းကို ပို၍သိတော်မူသောကြောင့် ဖြစ်သည်။ သခင်ယေရှုသည် ကျွန်ုပ်တို့ကဲ့သို့သောလူသားများအပေါ် ချစ်ခြင်းဂရုဏာသက်ရောက်တော်မူသောကြောင့် ဘုရားသခင်၏နည်းလမ်းလိုက်လျှောက်ကာ ငရဲမီးအိုင်မှ လွတ်မြောက်ရန်အတွက် သတိပေးတော်မူခြင်း ဖြစ်သည်။*

**(ခ) မာကု ၉း၄၂–၄၈ တို့ကို ဖတ်ပါ။**

**ငရဲမီးအိုင်သည် အဘယ်အရာနှင့်တူကြောင်းကိုဖော်ပြရန် သခင်ယေရှုသည် အငယ် ၄၈တွင် မည်သည့်စကားစုတို့ကို အသုံးပြုတော်မူခဲ့သနည်း။**

''မီးမငြိမ်းပါ။'' (ဤစကားစုကို ဤကျမ်းပိုဒ်တွင် ငါးကြိမ်တိုင်တိုင် တွေ့ရှိနိုင်သည်။ အချို့သောဘာသာပြန်ဆိုခြင်းတွင် နှစ်ကြိမ်၊ သုံးကြိမ်ခန့်သာတွေ့နိုင်သည်။ ဂရိမူရင်းစာပေတွင် ဤစကားစုကို ငါးကြိမ်တိတိတွေ့ရှိနိုင်သည်)။

*''ငရဲမီးအိုင်''သည် ကျွန်ုပ်တို့အပြစ်များအတွက် ဘုရားသခင်၏ပြင်းထန်သောအမျက်တော်ဖော်ပြရန် ပုံဥပမာအဖြစ်အသုံးပြုသောစကားလုံးဖြစ်သည်ဟု လူအချို့ (ကျမ်းစာယုံကြည်သောကျမ်းတတ်ပုဂ္ဂိုလ်များအပါအဝင်)က ယုံကြည်ကြသည်။ ထိုအကြောင်းကို ဆွေးနွေးပြီး သင်ခန်းစာမသင်ကြားဘဲအချိန်မကုန်စေသင့်ပါ။*

*''ငရဲမီးအိုင်း''သည် အမှန်တကယ်တည်ရှိကြောင်းကျွန်ုပ်တို့ယုံကြည်ကြသည်။ လူတစ်ယောက်သည် ဘုရားသခင်၏မြော်လင့်ခြင်းသမိုင်းတွင် ဖော်ပြထားသောအကြောင်းအရာကို မယုံကြည်လျှင် ထိုသူသော သေသောအခါ သင်္ချိုင်းကုန်းအပြင်ဘက်တွင် အလွန့်အလွန်ပြင်းထန်သော ငရဲမီးအိုင်က စောင့်ကြိုလျက်ရှိသည်။*

***မှတ်ချက်။** ။ ဤအကြောင်းနှင့်ပတ်သက်၍ထပ်မံသိလိုလျှင် အောက်တွင်ဖော်ပြထားသောထပ်မံဖြည့်စွက်ချက်ကို ကြည့်ပါ။*

**(ဂ) တစ်ခါက လူတစ်ယောက်သေ၍ငရဲမီးအိုင်ရောက်သောလူတစ်ယောက်အကြောင်းကို သခင်ယေရှုက မိန့်တော်မူခဲ့သည်။**

*ဤသမိုင်းပုံပြင်သည် ထိုအချိန်တွင်အသက်ရှင်သောသူများ၏ဖြစ်ရပ်မှန်လား(သို့မဟုတ်) လူများတီထွင်ဖန်တီးသောပုံပြင်လား ဟု လူအချို့ ကျမ်းတတ်ပုဂ္ဂိုလ်များအကြား သဘောထား၊ ယုံကြည်မှုကွဲလွဲနေကြသည်။ သခင်ယေရှုပြောကြားတော်မူခဲ့သောပုံပြင်ဖြစ်ကြောင်းကိုသာ သင်ကြားပေးပါ။ ''ဖြစ်ရပ်မှန်လား(သို့)စိတ်ကူးယဉ်ပုံပြင်လား''ဟူသောဆွေးနွေးမှုမပြုပါနှင့်။ သမိုင်းအကြောင်းမှသင်ယူသောသင်ခန်းစာများသည် သဘာဝအဖြစ်အပျက်ဆိုင်ရာသမိုင်းမဟုတ်ပါ။*

*မှတ်ချက်။ ။ သခင်ယေရှုသည် သမိုင်းပုံပြင်ပြောကြားတော်မူသောအခါ အမည်နာမကို အတိအကျဖော်ပြထားသောကြောင့် ကိုယ်တော်ပြောသောပုံပြင်များသည် ဖြစ်ရပ်မှန်ဖြစ်ကြောင်း ထင်ရှားသည်။*

**လုကာ ၁၆း၁၉–၃၁တို့ကို ဖတ်ပါ။**

**သခင်ယေရှုသွန်သင်တော်မူခဲ့သောအကြောင်းအရာများအရ**

- **မှန်သလား၊ မှားသလား။ *ငရဲမီးအိုင်သည် စိတ်ပိုင်းဆိုင်ရာဒုက္ခခံသောနေရာ ဖြစ်သည်။***

*ကျောင်းသူ/သားများအားဤမေးခွန်းကို စဉ်းစား၍ဖြေကြားစေပါ။ သူတို့သည် မည်သည့်သမိုင်းအဖြစ်အပျက်ပေါ်တွင် အခြေပြုလျက် ဖြေကြားခဲ့သနည်းဟု မေးကြည့်ပါ။ လိုအပ်လျှင် လိုအပ်သလိုအချိန်ပေး၍ ဆွေးနွေးပါ။*

- **မှန်သလား။ မှားသလား။ *လူတစ်ယောက်သည် ငရဲမီးအိုင်ထဲသို့တစ်ကြိမ်ရောက်လျှင် ပြန်လွတ်နိုင်မလား။***

*အထက်တွင်ဖော်ပြထားသည့်အတိုင်း သူတို့ကို မေးမြန်းပါ။ ဤအကြောင်းနှင့်ပတ်သက်၍ အကျယ်ချဲ့၍ဆွေးနွေးပါ။*

**ထပ်မံဖြည့်စွက်ထားသောအကြောင်းအရာ**

**ငရဲမီးအိုင်မှာ ဥပမာအလင်္ကာဖြစ်ပါသလား။** လူတစ်ယောက်အားအရှင်လတ်လတ်မီးရှို့ခြင်းသည် လူ့ဦးနှောက်ဖြင့်စဉ်းစားသောအခါ အလွန်ကြောက်မက်ဖွယ်ကောင်းသောပြစ်ဒဏ်ခတ်ခြင်းဖြစ်သောကြောင့် လူသားများသည် ဘုရားသခင်နှင့်ဝေးကွာနေလျှင် ဘေးဒုက္ခနှင့် မည်သို့ရင်ဆိုင်ရကြမည်ကို ဘုရားသခင်သည် ဖော်ပြလိုသောကြောင့် ငရဲမီးအိုင်ဟု ပုံဥပမာအဖြစ်အသုံးပြုထားခြင်းဖြစ်သည်ဟု လူအချို့က ပြောတတ်ကြသည်။

သို့သော် ''ငရဲမီးအိုင်''ကို ကျမ်းချက်များစွာတို့တွင် တွေ့ရပါသည်။ ထိုကြောင်း ''မီးငရဲ''ဟု ဖော်ပြသောအခါ ပုံဥပမာအဖြစ်ဖော်ပြထားခြင်းမဟုတ်ဘဲ အမှန်တကယ်တည်ရှိသောငရဲမီးအိုင်ဖြစ်ကြောင်း ထင်ရှားသည်။ ငရဲသည် မီးမငြိမ်းသောနေရာ ဖြစ်သည်။ ဓမ္မသစ်ကျမ်းတစ်ခုတည်းတွင် ငရဲမီးအိုင် စကားလုံး ၂၀ ကျော်တွေ့ရသည်။ အများစုမှာ ငရဲမီးအိုင်ကိုဖန်ဆင်းတော်မူခဲ့သော သဗ္ဗညုတဉာဏ်တော်နှင့်ပြည့်စုံသောဘုရားသခင်၏သားတော်၊ သခင်ယေရှုမိန့်တော်မူချက်တွင် တွေ့ရသည်။

**''ပိုးမသေ''– ထိုအရာသည်မည်သည့်အရာကို ဆိုလိုသနည်း။** ဤစကားစုသည် ဟေရှာယကျမ်း(ဟေရှာယ ၆၆း၂၄)အငယ် ၂၄ ၏နောက်ဆုံးပိုင်းတွင် ပထမဦးဆုံးတွေ့ရသည်။ ဟေရှာယသည် မြော်လင့်ခြင်းသမိုင်း နောက်ဆုံးအဖြစ်အပျက်နှစ်ခု– ယုံကြည်သူများ၏ ထာဝရတည်ရှိမည့်နေရာ(အငယ် ၂၂–၂၃)နှင့်မယုံကြည်သူများ၏ထာဝရတည်ရှိမည့်နေရာ (အငယ် ၂၄)တို့ကို ကြိုတင်ဟောပြောထားခြင်း ဖြစ်သည်။

ဤနေရာတွင် ဖော်ပြထားသော ''ပိုးကောင်''မှာ အမှိုက်ပုံးမှ တက်လာသော တီကောင်ကဲ့သို့သော လောက်ကောင်မျိုးကို ရည်ညွှန်းထားသည်။ အမှိုက်ပုံးကို မီးရှို့ဖျက်ဆီးသောအခါ ထိုပိုးကောင်များသည်လည်း လောင်ကျွမ်းခြင်းခံရကြသည်။ ထိုနည်းတူ၊ ငရဲထဲတွင်ရှိသော မီးသည်လည်း ငရဲထဲသို့ပစ်ချခြင်းခံရသောသူများကို လောင်ကျွမ်းစေမည်မဟုတ်ပါ။ သူတို့သည် ထိုနေရာတွင် ထာဝရဒဏ်ခတ်ခြင်းခံရကြမည် ဖြစ်သည်။

## ၂၈။ သခင်ယေရှုနိမိတ်လက္ခဏာများ

**ဒုက္ခခံစားနေရသောသူများအပေါ်ဂရုဏာပြသရန်နှင့် ဘုရားသခင်၏တန်ခိုးတော်ထင်ရှားစေရန်အတွက် သခင်ယေရှုက နာမကျန်းသောသူများ၊ ကိုယ်လက်အင်္ဂါမသန်စွမ်းသောသူများကို ကျန်းမာစေတော်မူခဲ့သည်။ နတ်ဆိုးများကိုနှင်ထုတ်ပြီး သေသောသူများကိုလည်း ပြန်လည်ထမြောက်စေတော်မူခဲ့သည်။**

*(မဿဲ ၄း၂၃–၂၄၊ ယောဟန် ၁၁း၁–၄၅)။*

**(က) ယောဟန်ဖော်ပြသည့်အတိုင်း သခင်ယေရှုက သူသည် ''ဘုရားသခင်၏သားတော်''အမှန်ဖြစ်တော်မူကြောင်း ထင်ရှားစေရန်အတွက် အံ့ဩဖွယ်နိမိတ်လက္ခဏာများစွာ ပြုတော်မူခဲ့သည်။**

*လူ့သမိုင်းခေတ်ကာလတစ်ခုအတောအတွင်းတွင် ဘုရားသခင်သည် အံ့ဩဖွယ်နိမိတ်လက္ခာပြုလုပ်ရန် လူအချို့ကို တန်ခိုးပေးတော်မူခဲ့သည်။ ဘုရားသခင်သည် မောရှေအားဣသရေလလူမျိုးများအား ကျွန်ဘဝမှနှုတ်ဆောင်ရန် ရွေးကောက်တော်မူကြောင်းနှင့် အဲဂုတ္တုလူမျိုးများ၏ဘုရားအတုများအပေါ် ဘုရားသခင်၏တန်ခိုးတော်ထင်ရှားစေနိုင်ရန်အတွက် ဘုရားသခင်သည် မောရှေအား အံ့ဩဖွယ်နိမိတ်လက္ခဏာပြုနိုင်သောတန်ခိုးကို ပေးအပ်တော်မူခဲ့သည်။*

*ကျမ်းစာတွင်ဖော်ပြထားသောဘုရားသခင်၏အခြားပရောဖက်အနည်းငယ်တို့သည်လည်း ဤကဲ့သို့သော အံ့ဩဖွယ်နိမိတ်လက္ခဏာမျိုးတို့ကို ပြုနိုင်ခဲ့ကြသည်။ အံ့ဩဖွယ်နိမိတ်လက္ခဏာပြုနိုင်သူများသည် ဘုရားသခင်ကိုယ်စားစကားပြောသောသူများဖြစ်ကြသည်။ သူတို့သည် ဝိညာဉ်ရေးရာမဲမှောင်ပြီး စိတ်ပျက်ဖွယ်ကောင်းသောအချိန် (သို့မဟုတ်) လူ့သမိုင်းတွင် ပြုပြင်ပြောင်းလဲမှုကြီးလိုအပ်နေသည့်အချိန်တွင် အသုံးတော်ခံသောသူများဖြစ်ကြသည်။*

*သခင်ယေရှုသည် မိမိအသက် ၃၀ ရှိပြီး အမှုတော်စတင်ဆောင်ရွက်တော်မူသောအခါ ကိုယ်တော်၏အကြောင်းကို ပရောဖက်များက ကြိုတင်ဟောကြားခဲ့ကြပြီး ဖြစ်သည်။ သခင်ယေရှုဖွားမြင်တော်မူခြင်းမရှိမီအချိန်ကတည်းက ဘုရားသခင်၏ကောင်းကင်တမန်က သူသည် ''မောန္ဓေလ''ဟုမှည့်ခေါ်ရမည်ဟု ကြိုတင်ဟောကြားခဲ့ပြီး ဖြစ်သည်။ ''မောန္ဓေလ''၏အနက်အဓိပ္ပါယ်မှာ ''ငါတို့နှင့်အတူရှိတော်မူသောဘုရား''ဖြစ်သည်။ ဗတ္တိဇံယောဟန်က သခင်ယေရှုသည် ''ဘုရားသခင်၏သိုးသငယ်တော်'' နှင့် ''ဘုရားသခင်၏သားတော်''ဖြစ်သည်ဟု ကြွေးကြော်ခဲ့သည်။ သခင်ယေရှုသည် ဘုရားသခင်နှင့်အထူးဆက်နွယ်မှုရှိတော်မူကြောင်း ထင်ရှားစေရန်အတွက် လောကတွင် ဘုရားသခင်အကြောင်းဟောပြောတော်မူသောအခါ အံ့ဩဖွယ်နိမိတ်လက္ခဏာများစွာ ပြုလုပ်တော်မူခဲ့သည်။*

**(ခ) မဿဲ ၄း၂၃–၂၄ တို့ကိုဖတ်ပါ။**

**ဂါလိလဲပြည်သာသနာလုပ်ငန်းတွင် သခင်ယေရှုသည် မည်သို့သော အံ့ဩဖွယ်နိမိတ်လက္ခဏာမျိုးကို ပြုလုပ်ဆောင်မူခဲ့သနည်း။**

*စာမျက်နှာ ၇ တွင်ရှိသော ဂါလိလဲပြည်ကို ညွှန်ပြပါ။*

ကိုယ်တော်သည် ''ဖျားနာသောသူအားလုံးနှင့် ရောဂါဘယခံစားသောသူအားလုံး''တို့ကို ကျန်းမာပကတိဖြစ်စေတော်မူခဲ့သည်။ (ရိုးရိုးနာမကျန်းသောသူ၊ ကုသ၍ရသောရောဂါအမျိုးအစားမဟုတ်ပါ)။

နတ်ဆိုးစွဲသောသူများ၊ ဝက်ရူးပြန်ရောဂါခံစားသောသူများ၊ ကိုယ်လက်အင်္ဂါသေနေသောသူများအားလုံးတို့ကို ပြန်လည်ကျန်းမာစေတော်မူခဲ့သည်။

*သခင်ယေရှုသည် နာမကျန်းသောသူများကျန်းမာစေတော်မူသောအခါ ထိမ်ဝှက်မှုမရှိ၊ ''မြင်သာထင်ရှား''စွာဖြင့် ပြုလုပ်တော်မူခဲ့သည်။ ထိုကြောင့် သခင်ယေရှုသည် လူများခံစားသောအနာရောဂါများပြန်ငြိမ်းစေတော်မူသောအခါ လူတိုင်းက ကိုယ်တော်၏အနာရောဂါငြိမ်းစေတော်မူခြင်းအံ့ဩဖွယ်နိမိတ်လက္ခဏာကို မြင်တွေ့နိုင်ခဲ့ကြသည်။*

**(ဂ) ယောဟန် ၁၁း၁–၄ တို့ကို ဖတ်ပါ။**

**သခင်ယေရှုမိန့်တော်မူချက်အရ၊ လာဇရု၏ရောဂါသည် မည်သို့သောရည်ရွယ်ချက် ဖြစ်သနည်း။**

''ထိုအနာသည် သေနာမဟုတ်။ ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေသောအနာဖြစ်၏'' (အငယ် ၄)။

**(ဃ) ယောဟန် ၁၁း၅–၁၆ တို့ကို ဖတ်ပါ။**

**တပည့်တော်များမသိသေးသောမည်သည့်အရာကို သခင်ယေရှုသည် သိရှိတော်မူခဲ့သနည်း။**

လာဇရုသည် ရိုးရိုးသာမန်အိပ်ပျော်နေသည်ဟု တပည့်တော်များက ထင်ခဲ့ကြသည်။ လာဇရုသည် သေဆုံးသွားခဲ့သည်ဟု သူတို့က မသိခဲ့ကြပါ။

**(င) ယောဟန်၁၁း၁၇–၂၇ တို့ကိုဖတ်ပါ။**

သခင်ယေရှုသည် မာရိအား သူသည် ''ရှင်ပြန်ထမြောက်ခြင်းနှင့်အသက်''ဖြစ်ကြောင်း၊ သူ့ကိုယုံကြည်သောသူသည် သေလွန် (ခန္ဓာကိုယ်သေခြင်း)သော်လည်း ပြန်ရှင်မည့်အကြောင်း မိန့်တော်မူခဲ့သည်။ သူ့ကိုယုံကြည်သောသူများသည် ဘယ်တော့အခါမှ မသေရတော့ပါ(ဝိညာဉ်ရေးရာသေခြင်း)ဟု ထပ်မံမိန့်တော်မူခဲ့သည်။ အငယ် ၂၅–၂၆ တို့ကို ဖတ်ပါ။

*သခင်ယေရှုက သူ့ကိုယုံကြည်သောသူများအားလုံးသည် ထာဝရအသက်ပိုင်ဆိုင်ကြလိမ့်မည်ဟု ဂတိပြုတော်မူခဲ့သည်။*

**မာသ၏ပြန်လည်တုံ့ပြန်မှုမှာ မည်သည့်အရာဖြစ်သနည်း။**

''ကိုယ်တော်သည် ခရစ်တော်တည်းဟူသော ဤလောကသို့ကြွတော်မူသောဘုရားသခင်၏သားတော်ဖြစ်သည်ကို ကျွန်မယုံပါသည်'' (အငယ် ၂၇)။

*သခင်ယေရှုသည် လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက ပရောဖက်ပြုခဲ့သော ဣသရေလလူမျိုးများ၏ရှင်ဘုရင်ဖြစ်တော်မူကြောင်းနှင့် ''ဘုရားသခင်၏သားတော်''ဖြစ်တော်မူကြောင်း မာသက ယုံကြည်ခဲ့ပါသည်။*

**(စ) ယောဟန် ၁၁း၂၈–၄၆တို့ကိုဖတ်ပြီး အငယ် ၄၀–၄၅ ကိုအထူးသဖြင့် ဆင်ခြင်သုံးသတ်ပါ။**

**ဤနိမိတ်လက္ခဏာကိုမြင်တွေ့သောယုဒလူမျိုးများက မည်ကဲ့သို့အကောင်းမြင်ဝါဒီဖြင့် ပြန်လည်တုံ့ပြန်ခဲ့ကြသနည်း။**

''ယုဒလူအများတို့သည် ယေရှုပြုတော်မူသောအမှုကိုမြင်လျှင် ကိုယ်တော်ကို ယုံကြည်ကြ၏''(အငယ် ၄၅)။

**မှတ်ချက်။ ။ ဓမ္မသစ်ကျမ်းထဲတွင်ဖော်ပြထားသော ယုဒလူမျိုးများသည် ဓမ္မဟောင်းကျမ်းထဲတွင်ဖော်ပြထားသော ဣသရေလလူမျိုးများနှင့်အခြေခံအားဖြင့် အတူတူပင် ဖြစ်သည်။**

*ဤသင်ခန်းစာစာအုပ်ထဲတွင် **ယုဒလူမျိုးများ**အကြောင်းကို ကြိမ်ဖန်များစွာ ဖော်ပြထားသောကြောင့် သူတို့အကြောင်းကို တိကျမှန်ကန်စွာ သိရှိခြင်းသည် အလွန်အရေးကြီးသည်။*

*ယုဒလူမျိုးများနှင့်ဣသရေလလူမျိုးများ အသုံးအနှုန်းမှာ ခြားနားမှုတစ်စုံတစ်ခုရှိကြောင်း ကျမ်းတတ်ပုဂ္ဂိုလ်များက သိကြသည်။ သူတို့သည် တူညီသောစကားလုံးမဟုတ်ပါ။ သို့သော် ဤစကားလုံးနှစ်ခုတို့၏အသုံးပြုမှုအကြား ကွဲပြားခြားနားမှုကို ဖြေရှင်းပေးရန် မကြိုးပမ်းပါနှင့်။ ဓမ္မဟောင်းကျမ်းထဲတွင် ဖော်ပြထားသော ဣသရေလလူမျိုးများနှင့် ဓမ္မသစ်ကျမ်းထဲတွင်ဖော်ပြထားသောယုဒလူမျိုးများ ဖြစ်ကြကြောင်း သေချာစွာသိရှိခြင်း၊ ပိုင်းခြားခြင်းသည် အလွန်အရေးကြီးသောအချက်အလက်ပင် ဖြစ်သည်။*

**ကျမ်းစာသမိုင်းရာဇဝင်**

**အဖြစ်အပျက်များထဲတွင် သခင်ယေရှုအား မည်ကဲ့သို့ ပုံဆောင်ထားသနည်း။ (၂၅)၊ (၂၆)၊ (၂၇)၊ (၂၈)။** *(စာမျက်နှာ ၂၄–၂၅တို့ကို ကြည့်ပါ)။*

အကယ်၍ လိုအပ်လျှင် အဖြစ်အပျက် ၂၁ ရှိ အချက် (င) ညွှန်ကြားချက်များကို ကျောင်းသူ/သားများနှင့်ပြန်ကြည့်ပါ။ (မြော်လင့်ခြင်းသမိုင်းတွင် ရှိသော စာမျက်နှာ ၂၂ ထိပ်ဆုံးရှိ ''နာဇရက်မြို့သားသခင်ယေရှုဖွားမြင်တော်မူခြင်း'')။

သင် (နှင့်ကျောင်းသူ/သားများ)သည် စာမျက်နှာနှစ်ခုတွင်ဖော်ပြထားသောအဖြစ်အပျက်လေးခုအားလုံးရှိ သွင်ပြင်လက္ခဏာ ၁၄ခုတို့ကို သိရှိရန်လိုအပ်သည်ဟု မယူဆပါနှင့်။

''အောက်စာမျက်နှာနှစ်ခု''ဖော်ပြထားသောအချက်အလက်များသည် သခင်ယေရှုက မည်သို့သောပုဂ္ဂိုလ်ဖြစ်တော်မူသည်ကိုလည်းကောင်း၊ မည်သည့်အရာလုပ်ဆောင်မူခဲ့သည်ကိုလည်းကောင်း ကျောင်းသူ/သားများသည် ကျမ်းစာဖတ်ရှုသောအခါ နားလည်သဘောပေါက်ရန် ရည်ရွယ်ထားခြင်းဖြစ်ကြောင်း သိစေလိုသည်။

ဥပမာအားဖြင့်၊ မေးရမည့်မေးခွန်းမှာ–

**''ဤအချက်အလက်များတွင် သခင်ယေရှုအား နှိမ့်ချသောလူသားအဖြစ်ပုံဆောင်ခြင်းကို မြင်တွေ့ပါသလား။''**

ကျောင်းသူ/သားများအား သူတို့၏ထင်မြင်ယူဆချက်ကို ပြောကြားခွင့်ပြုပါ။ ထိုနောက် ထပ်မံဖြည့်စွက်ထားသောအကြောင်းအရာအချို့တို့ကို ဝေမျှပါ။

**''ဤအချက်အလက်များတွင် သခင်ယေရှုအား အပြစ်ကင်းမဲ့သောလူသားအဖြစ် ပုံဆောင်ခြင်းကို မြင်တွေ့ပါသလား။''**

ဆွေးနွေးပါ။

**''ဤအချက်အလက်များတွင် သခင်ယေရှုအား လူ့ဇာတိအသွေးအသားအဖြစ်ရှင်သန်သောဘုရားဖြစ်ကြောင်း ပုံဆောင်ခြင်းကို မြင်တွေ့ပါသလား။''**

ဆွေးနွေးပါ။

**စသည်ဖြင့် . . . သခင်ယေရှု၏ဂုဏ်အင်္ဂါ ၁၄ ရပ်ပြီးဆုံးသည့်အထိတိုင်အောင် ဆွေးနွေးပါ။**

## ၂၉။ သခင်ယေရှုအား သစ္စာဖောက်ရောင်းစားခြင်း

**ယုဒရှကာရုတ်(သခင်ယေရှု၏တပည့်တော်ဆယ့်နှစ်ပါးမှတစ်ပါး)သည် သခင်ယေရှုအား သစ္စာဖောက်ရောင်းစားသောအခါ သခင်ယေရှုသည် မိမိတန်ခိုးကိုအသုံးပြုလျက် ခုခံတိုက်ခိုက်ရုန်းထွက်ခြင်းမပြုဘဲ သူ့အားဖမ်းဆီးရန်ရောက်လာသောသူများ ထံ မိမိကိုယ်ကို အပ်နှံခဲ့သည်။**

*မဿဲ ၂၆း၁-၂၊ ၁၄-၂၈၊ ၄၅-၅၆*

### (က) မဿဲ ၂၆ကို မဖတ်မီ ဆာလံ ၄၁း၇-၉တို့၌ဖော်ပြထားသော ပရောဖက်ပြုချက်ကို အရင်ဖတ်ပါ။

*ဆာလံဆရာက မေရှိယ (ခရစ်တော်)အားရောင်းစားမည့်ရန်သူအကြောင်းကို ကြိုတင်ဟောကြားခဲ့သည်။ သခင်ယေရှုအား သစ္စာဖောက်ရောင်းစားသူထဲတွင် မေရှိယ၏ အရင်းနှီးဆုံးသောမိတ်ဆွေ (''ငါ့အသားကိုစားသောသူ'')လည်းပါဝင်သည်။*

### (ခ) မဿဲ ၂၆း၁-၂ တို့ကို ဖတ်ပါ။

**သခင်ယေရှုသည် သူ့အပေါ်ဖြစ်ပျက်မည့်အရာနှင့်ပတ်သက်၍ မည်သည့်အရာကို သိတော်မူခဲ့သနည်း။**

*သခင်ယေရှုက မိမိရင်ဆိုင်ရမည့်ဒုက္ခကို သိရှိတော်မူခဲ့သည်။ ကိုယ်တော်သည် နှစ်ပေါင်းများစွာကတည်းက ကြိုတင်ဟောပြောခဲ့သော ပရောဖက်စကားများကို သိတော်မူခဲ့သည်။ သခင်ယေရှုသည် ဘုရားဖြစ်တော်မူသောကြောင့် အရာခပ်သိမ်းကိုသိတော်မူခဲ့သည်။ နောင်အနာဂတ်ကာလတွင် ဖြစ်ပျက်မည့်အရာအားလုံးကိုလည်းသိတော်မူခဲ့သည်။*

### (ဂ) မဿဲ ၂၆း၁၄-၂၈ တို့ကို ဖတ်ပါ။

*ယုဒရှကာရုတ်သည် ''တပည့်တော်ဆယ့်နှစ်ပါးမှတစ်ပါး''ဟု ဖော်ပြသောအခါ သူသည် သုံးနှစ်သုံးမိုးလုံးလုံး သခင်ယေရှုနှင့်အတူသွားလာ၍အသက်ရှင်သောတပည့်တော်ဆယ့်နှစ်ပါးမှတစ်ပါးဖြစ်ကြောင်းကို ဆိုလိုကြောင်း ရှင်းပြပါ။*

**သခင်ယေရှုက မိမိကိုယ်ခန္ဓာအား ချိုးဖဲ့ခြင်းခံရကာအသွေးတော်သွန်းလောင်းတော်မူခြင်းခံရမည့်အကြောင်းကို ကြိုတင်ဟော ပြောတော်မူခဲ့သည်။**

*ဤနေရာတွင် သခင်ယေရှုသည် ''ခရစ်ယာန်ဘာသာဆိုင်ရာအသားစား၊အသွေးသောက်သုံးခြင်းစနစ်''ကို ထူထောင်ခြင်းမဟုတ်ကြောင်း ရှင်းပြပါ။ ကိုယ်တော်သည် မမြင်နိုင်သောအရာကို မြင်သာအောင်၊ သိသာအောင်အတွက်သာ ဖော်ပြတော်မူခြင်း ဖြစ်သည်။ ဤနောက်ဆုံးညစာစားပွဲတွင် ချိုးဖဲ့ထားသောမုန့်သည် ကိုယ်တော်၏ကိုယ်ခန္ဓာချိုးဖဲ့ခြင်း (ကိုယ်ခန္ဓာနာကျင်ခြင်း)ကို ပုံဆောင်ထားသည်။ သူတို့သုံးဆောင်သောစပျစ်ရည်သည် သခင်ယေရှုမကြာခင်သွန်းလောင်းတော်မူမည့်အသွေးတော်ကို ပုံဆောင်ထားသည်။*

*သခင်ယေရှုသည် မိမိတပည့်တော်များနှင့်အတူနောက်ဆုံးညစာသုံးဆောင်တော်မူလျက် မကြာခင်ဖြစ်ပျက်မည့် -လူများစွာတို့၏ အပြစ်ဖြေလွှတ်ရန်သွန်းလောင်းတော်မူမည့်အသွေးတော်အကြောင်းကို ပြောကြားတော်မူခဲ့သည်။*

**အငယ် ၂၈၌ သခင်ယေရှုဖော်ပြချက်က အစောပိုင်းတွင်ဗတ္တိဇံယောဟန်ကြွေးကြော်ခဲ့သော ''ဤလောက၏အပြစ်ကိုဆောင်သွားသောဘုရားသခင်၏သိုးသငယ်ကိုကြည့်လော့''စကားကို မည်ကဲ့သို့ရှင်းလင်းစေခဲ့သနည်း။ စာမျက်နှာ ၂၂ ရှိ အဖြစ်အပျက် ၂၂ ကို ကြည့်ပါ။**

*သခင်ယေရှုခရစ်တော်၏သက်တော်စဉ်အကြောင်းကို ပြုံငုံလေ့လာသောအခါ သခင်ယေရှု၏သာသနာလုပ်ငန်းအစပိုင်းတွင် ဗတ္တိဇံယောဟန် ကြွေးကြော်ခဲ့သောအကြောင်းအရာသည် ပို၍အနက်အဓိပ္ပါယ်ရှိလာခဲ့သည်။ ဓမ္မဟောင်းကျမ်းတွင် ကြေးယဇ်ပလ္လင်ပေါ်၌ယဇ်ပူဇော်သောသူများ၏အပြစ်ကိုခွင့်လွှတ်ခြင်းရရှိရန် ယဇ်ပူဇော်ခြင်းခံသောသိုးသငယ်များသည် အသေခံခဲ့သည်။ ထိုနည်းတူ ''ဘုရားသခင်၏သိုးသငယ်တော်''သခင်ယေရှုသည်လည်း အသေခံရမည် ဖြစ်သည်။ သို့သော်သခင်ယေရှုသည် ''လူများစွာ''တို့၏အပြစ်- ''တစ်လောကလုံး၏အပြစ်များ''အတွက် အသေခံတော်မူလိမ့်မည်။*

### (ဃ) မဿဲ ၂၆း၄၅-၅၆တို့ကို ဖတ်ပါ။

**ဖမ်းဆီးချုပ်နှောင်မှုကို ခုခံကာကွယ်နိုင်သောတန်ခိုး သခင်ယေရှုမှာ ရှိတော်မူခဲ့သလား။**

ယခုပင် ငါ့အဘကိုငါတောင်းနိုင်သည်ကိုင်၄း၊ တောင်းလျှင်ကောင်းကင်တမန်နှစ်တပ်မက ငါ့ထံသို့စေလွှတ်တော်မူမည်ကိုင်၄း သင်သည် မထင်သလော (အငယ် ၅၃)။

*မှတ်ချက်။ ။ရောမတပ်ကြီးတစ်ခုတွင် ယောက်ျား ၆၀၀၀ ရှိသည်။ ထိုကြောင့် ကောင်းကင်တစ်မန် ၁၂ တပ်တွင် ၇၂ ၀၀၀ ရှိလိမ့်မည်။ သို့သော် သခင်ယေရှုသည် တောင်းလိုလျှင် ကောင်းကင်တမန်အများအပြားတို့ကို ခေါ်နိုင်သည်ကို ဆိုလိုခြင်း ဖြစ်သည်။*

**သခင်ယေရှုသည် ဖမ်းဆီးသောသူများလက်ထဲသို့ မိမိကိုယ်ကို ဆက်ကပ်တော်မူခြင်းသည် မည်သည့်အရာဖြစ်သည်ဟု ယူဆသနည်း။**

သခင်ယေရှုသည် ဤဖမ်းဆီးချုပ်နှောင်မှုအား မတရားသောအမှု၊ ဘုရားသခင်၏အကြံအစည်တော်ဖြစ်သည်ဟု သိတော်မူခဲ့သည်။ ဓမ္မဟောင်းကျမ်းထဲတွင် ထိုသို့ဖြစ်ပျက်လိမ့်မည်ဟု ပရောဖက်ပြုခဲ့ပြီး ဖြစ်သည်။ ခမည်းတော်၏အလိုတော်အတိုင်းလုပ်ဆောင်ရန်နှင့် ပရောဖက်ပြုထားသောကျမ်းချက်များပြည့်စုံရန်အတွက် သခင်ယေရှုသည် ဖမ်းဆီးချုပ်နှောင်ရန်လာရောက်သောသူများလက်ထဲသို့ မိမိကိုယ်ကို အပ်နှံခြင်းပင် ဖြစ်သည်။

**၃၀။ မတရားသောတရားသူကြီးရှေ့၌ရောက်ရှိလာခြင်း**

**သခင်ယေရှုသည် ဘာသာတရားအရာဖြစ်စေ၊ နိုင်ငံရေးအရဖြစ်စေ အပြစ်ကျူးလွန်ကြောင်းအပြစ်တစ်စုံတစ်ရာမတွေ့ရသော်လည်း ရောမလူမျိုးများက ကားတိုင်တင်အသတ်ခံရန် မတရားသဖြင့်စွပ်စွဲကာ တရားစီရင်ခဲ့ပါသည်။**

*မဿဲ ၂၇း၁-၂၊ ၁၁-၂၆။*

**(က) မဿဲ ၂၇း၁-၂တို့ကို ဖတ်ပါ။**

**သခင်ယေရှုသည် မတရားဖမ်းဆီးခြင်းခံရမည်ဖြစ်ကြောင်း ဤကျမ်းချက်များတွင် မည်သည့်ဖော်ပြချက်ကို ဦးစွာတွေ့ရသနည်း။**

ဘာသာရေးခေါင်းဆောင်များက ''သခင်ယေရှုအားသတ်ရန် လျှို့ဝှက်ကြံစည်ခဲ့ကြသည်။'' သူတို့သည် သခင်ယေရှုအား မတရားစွပ်စွဲပြီး ဖမ်းဆီးချုပ်နှောင်ရန် ကြံစည်ခဲ့ကြသည်။ သူတို့စီစဉ်ထားခဲ့ကြသည့်အတိုင်း သခင်ယေရှုအား အပြစ်ကျူးလွန်ကြောင်း အပြစ်ရှာ၍ ''သေဒဏ်''ပေးရန် ကြံစည်ထားခြင်း ဖြစ်သည်။

**(ခ) မဿဲ ၂၇း၁၁-၁၄ တို့ကို ဖတ်ပါ။**

**သခင်ယေရှုအား ယုဒလူမျိုးများ၏ရှင်ဘုရင်ဖြစ်ကြောင်း စွပ်စွဲမှုကို သခင်ယေရှုက ငြင်းပယ်ခဲ့သလား။**

မြို့ဝင်မင်းက ''သင်သည် ယုဒရှင်ဘုရင်မှန်သသလောဟုမေးလျှင်၊ ယေရှုက၊ မင်းကြီးမေးသည့်အတိုင်းမှန်သည်'' မိန့်တော်မူ၏ (အငယ် ၁၁)။

*သခင်ယေရှုက ထိုစွပ်စွဲချက်ကို ငြင်းပယ်တော်မမူခဲ့ပါ။ သို့သော် ကိုယ်တော်သည် ယုဒလူမျိုးများထင်မြင်သည့်အတိုင်း နိုင်ငံရေးဆိုင်ရာ ရှင်ဘုရင်မဟုတ်ပါ။ ဘာရေးခေါင်းဆောင်များက ထိုအချိန်တွင် အစိုးရသော ရောမအစိုးရကို သွေးထိုး၍ သခင်ယေရှုအားနိုင်ငံတော်ပုန်ကန်သူ၊ အစိုးရပုန်ကန်သူဖြစ်ကြောင်း ဖမ်းဆီးချုပ်နှောင်သတ်ဖြတ်ရန်လှုံ့ဆော်ပေးခဲ့ကြသည်။ သူတို့သည် ဤနည်းလမ်းဖြင့် သခင်ယေရှုကို ဖမ်းဆီးချုပ်နှောင်သတ်ဖြတ်ရန် ကြံစည်ခဲ့ကြသည်။ ထိုအချိန်တွင် သခင်ယေရှုသည် နိုင်ငံရေးဆိုင်ရာအာဏာကို လုံးလုံးလျားလျားစိတ်ပါဝင်စားမှုရှိတော်မမူခဲ့ပါ။*

- **ကမ္ဘာဦးကျမ်း ၄၉း၁၀တွင် ရာဇလှံတံ၊ မင်းမျိုးမင်းနွယ်ဖြစ်ကြောင်းအမှတ်အသားသည် ယုဒလူမျိုးများမှ မထွက်ခွါရဟု ဘုရားသခင်ကတိပြုတော်မူခဲ့သည်။ သခင်ယေရှုသည်လည်း ယုဒအမျိုးအနွယ်ဖြစ်တော်မူသောကြောင့် ယုဒလူမျိုးများ၏ရှင်ဘုရင်ဖြစ်ရန် အရည်အချင်းပြည့်မီသည်။ စာမျက်နှာ ၁၇ တွင်ရှိသောအဖြစ်အပျက် ၁၂၊ အချက် (ဃ)ကို ပြန်ကြည့်ပါ။**

*ဣသရေလ(အစောပိုင်းတွင် ယာကုပ်ဟုသိရသည်)များသည် ယုဒ၏ဖခင်ဖြစ်သည်။ မိမိသားယုဒအမျိုးအနွယ်မှ ရှင်ဘုရင်နှင့်တရားဥပဒေပေးအပ်သူကို ပေါ်ပေါက်လာမည်ဟု ဣသရေလက ကြိုတင်ဟောပြောခဲ့သည်။ နောက်ပိုင်းတွင် ယုဒသည် ဣသရေလမှဆင်းသက်လာသော(ဣသရေလလူမျိုးများ)လူမျိုး ၁၂ မျိုးမှ လူမျိုးစုတစ်ခု၏ ဦးခေါင်းဖြစ်လာခဲ့သည်။ သခင်ယေရှု၏လူသားဆိုင်ရာ ဘိုးဘွားများနှင့်မိဘများ၊ ယောသပ်နှင့်မာရိတို့သည် ယုလလူမျိုး(ယုဒမှဆင်းသက်လာသောသူများ)မှဆင်းသက်လာသောသူများဖြစ်ကြသည်။*

- **စာမျက်နှာ ၂၁ရှိ အဖြစ်အပျက် ၁၉ရှိ အချက် (ခ)၊ (ဂ)နှင့်(ဃ)တို့ကိုပြန်ကြည့်ပါ။ သခင်ယေရှုသည် ယုဒလူမျိုးမှဆင်းသက်လာသူ ဒါဝိဒ်ရှင်ဘုရင်၏အမျိုးအနွယ်ဖြစ်သောကြောင့် ဒါဝိဒ်၏အိမ်ထောင်မိသားစုမှဘုရင့်မင်းမျိုးမင်းနွယ်ပြန်လည်တည်ထောင်ရန် ထိုက်တန်တော်မူခဲ့သည်။**

*ကမ္ဘာဦးကျမ်း ၄၉း၁၀တွင်ဖော်ပြထားသောရာဇလှံတံဆိုင်ရာပရောဖက်ပြည့်စုံစေရန်အတွက် ဒါဝိဒ်သည်ယုဒမှပထမဦးဆုံးဆင်းသက်လာခဲ့သောသူဖြစ်သည်။ ဣသရေလလူမျိုး(ယုဒလူမျိုး)များ၏ပထမဆုံးသောရှင်ဘုရင်လည်း ဖြစ်သည်။ ဒါဝိဒ်မင်းကြီးအနိစ္စရောက်ခဲ့ပြီးနောက် သားရှောလမုန်က နှစ်ပေါင်းများစွာ အုပ်ချုပ်ခဲ့သည်။ ထိုနောက် ဒါဝိဒ်၏အခြားသောသားသမီးများက ဣသရေလလူမျိုးများကို ဆက်တိုက်အုပ်ချုပ်ခဲ့ကြသည်။ (နောက်ပိုင်းတွင် ''ယုဒလူမျိုးများ''ဟု သိရသည်)။*

*သို့သော် သခင်ယေရှုဖွားမြင်တော်မူသည့်အချိန်တွင် ဒါဝိဒ်မင်းကြီးအမျိုးအနွယ်မှ ဣသရေလလူမျိုးများအား ရှင်ဘုရင်အဖြစ်အုပ်ချုပ်ခြင်းသည် နှစ်ပေါင်း ၅၀၀ ကျော်ကြာခဲ့ပြီး ဖြစ်သည်။ အထက်တွင်ဖော်ပြထားသည့်အတိုင်း သခင်ယေရှု၏အဘိုးအဘွားများနှင့်မိဘများ၊ ယောသပ်နှင့်မာရိတို့သည် ယုဒအမျိုးအနွယ်မှဆင်းသက်လာသောသူများဖြစ်ကြသည်။ သို့သော် ပို၍တိကျစွာဖော်ပြရလျှင် သူတို့သည် ဒါဝိဒ်မင်းကြီးမှဆင်းသက်လာကြသောသူများဖြစ်ကြသည်။*

*သခင်ယေရှုအားဖြင့် ဒါဝိဒ်မင်းကြီး၏မင်းဆက်အား ပြန်လည်တည်တံ့ခဲ့ပါသည်။ သို့သော် ဘုရားသခင်က ဒါဝိဒ်၏မင်းဆက်အား ထာဝရတည်တံ့လိမ့်မည်ဟု ကတိပြုတော်မူခဲ့သည်။ သခင်ယေရှုသည် မကြာခင်သေဆုံးသွားလျှင် မည်သို့တည်တံ့နိုင်မည်နည်း။*

*ထိုမေးခွန်းကို မှတ်ထားပါ။ နောက်သင်ခန်းစာထဲတွင် ထိုမေးခွန်း၏အဖြေကို မြင်တွေ့ရကြမည် ဖြစ်သည်။*

**(ဂ) မဿဲ ၂၇း၁၅-၂၆တို့ကို ဖတ်ပါ။**

**သခင်ယေရှုကို ဖမ်းဆီးရန်ကြိုးပမ်းနေကြသော်လည်း ကိုယ်တော်သည် အပြစ်တစ်စုံတစ်ခုမျှကျူးလွန်ခြင်းရှိတော်မမူကြောင်း ဤကျမ်းချက်များထဲတွင် မည်သည့်သက်သေအထောက်အထားများဖော်ပြထားသနည်း။**

၁။ မြို့ဝန်ပိလတ်(တရားသူကြီးအဖြစ်ဆောင်ရွက်သူ)၏မိန်းမက သူ၏ခင်ပွန်းအား ''ထိုလူအပေါ် ဘာမျှအပြစ်တစ်စုံတစ်ခုမပြုနှင့်''ဟု တိုက်တွန်းခဲ့ပါသည်။ သခင်ယေရှုအကြောင်းနှင့်ပတ်သက်၍ ဘုရားသခင်သည် အိပ်မက်ထဲတွင် စကားပြောတော်မူခဲ့ပြီး ဖြစ်သည် (အငယ် ၁၉)။

၂။ သခင်ယေရှုသည် ''လူသားတစ်ဦးဖြစ်တော်မူကြောင်း'' ပိလတ်မင်းကြီးက ပြောကြားခဲ့သည် (အငယ် ၂၄)။

**သခင်ယေရှုအပေါ် ကျူးလွန်သောအပြစ်တစ်စုံတစ်ခုမျှမတွေ့ရသော်လည်း လူထုပရိတ်သတ်ကိုကြောက်သောကြောင့် သခင်ယေရှုကို ရိုက်နက်ရန်နှင့်ကားတိုင်တင်သတ်ရန်အတွက် ပိလတ်မင်းက ကိုယ်တော်အား စစ်တပ်လက်သို့အပ်နှံခဲ့ပါသည်။**

**၃၁။ ကားတိုင်ပေါ်တွင် သခင်ယေရှုအသေခံတော်မူခြင်း**

**သခင်ယေရှုသည် ယဇ်ပူဇော်ခြင်းခံရသောသိုးသငယ်ကဲ့သို့ ကားတိုင်ပေါ်တွင်အသေခံတော်မူခဲ့၍ အာဒံနှင့်ဧဝတို့အပေါ် ဘုရားသခင်ကတိပြုတော်မူခဲ့သည့်အတိုင်း စာတန်ပြုသောဒဏ်ချက်များကို သက်သာကောင်းမွန်စေခဲ့ပါသည်။**

*လုကာ ၂၃း၂၆-၃၈၊ ၁ကော ၅း၇။*

**(က) ကားတိုင်တင်အသေခံခြင်းသည် ''သေဆိုး၊ အပြင်းထန်ဆုံးသောသေခြင်း''ဖြစ်သည်ဟု ယုဒသမိုင်းပညာရှင်ကြီး ယောစီဖတ်(စ်) Josephus ကဆိုသည်။ အကျဉ်းသားတစ်ဦးအား ဆူးကြိုးများဖြင့် နာကျင်စွာ၊ ရက်ရက်စက်စက်ရိုက်နက်ခဲ့ပါသည်။ ထိုနောက် သူသည် ကားတိုင်ပေါ်တွင် နာကျင်စွာအသက်မထွက်မီ နာရီများစွာကားတိုင်တင်၍ ကြီးစွာသောဒုက္ခဝေဒနာကိုခံစားရပါသည်။**

*ဤသင်ခန်းစာကိုဦးဆောင်သင်ကြားပေးသောအခါ ကားတိုင်တင်ခြင်းနှင့်ပတ်သက်၍(အောက်တွင်ဖော်ပြထားသည့်အတိုင်း) ထပ်မံဖြည့်စွက်ထားသောအကြောင်းအရာကို ဖတ်ရှုပါ။*

*(အောက်တွင်ဖော်ပြထားသော) ''ကားတိုင်းတင်သတ်ခြင်း''အတွက် ထပ်မံဖြည့်စွက်ထားသောအကြောင်းအရာ [၁]မိတ္တူကူးယူလျှင် သင်ကြားမှုကို များစွာအထောက်အကူပြုလိမ့်မည်။ ထိုနောက် ကျောင်းသူ/သားများအား [၂]မိတ္တူတစ်စောင်စီ ဝေငှလိုက်ပါ။ အောက်တွင်ပေးထားသောကျမ်းချက်များမဖတ်မီ [၃]ထိုမိတ္တူကို ကျယ်ကျယ်ဖတ်ပါ။*

*ကျောင်းသူ/သားများသည် ကားတိုင်တင်သတ်ခြင်းအကြောင်းကို ပို၍နားလည်သဘောပေါက်လေလေ သူတို့သည် သခင်ယေရှုခရစ်တော်၏အသေခံတော်မူခြင်းအရေးပါမှုကို ပို၍နားလည်သဘောပေါက်လေလေဖြစ်ကြပါလိမ့်မည်။*

**(ခ) ဆာလံ ၂၂း၁-၁၈တို့ကို ဖတ်ပါ။ ဒါဝိဒ်ရှင်ဘုရင်သည် သခင်ယေရှုမမွေးဖွားမီ လွန်ခဲ့သောနှစ်ပေါင်း ၁၀၀၀ခန့်က ယုဒလူမျိုးများ၏မေရှိယအကြောင်းနှင့် ခါနန်ပြည်တွင်ကားတိုင်တင်သေဒဏ်ပေးခြင်းစကားလုံးမသုံးမီနှစ်ပေါင်း ရာချီအချိန်ကတည်းကကားတိုင်တင်သတ်ခြင်းအကြောင်းကို ဤဆာလံကျမ်းထဲတွင်ရေးထားခဲ့ပါသည်။ ဤနေရာတွင်ဖော်ပြထားသောပုဂ္ဂိုလ်(မေရှိယ)သည် ကားတိုင်ပေါ်တွင်အသေခံမည့်အကြောင်းဖော်ပြချက်များကို ကြည့်ပါ။**

*ရှင်းပြရန်- ဒါဝိဒ်မင်းကြီးသည် သူကိုယ်တိုင်လေ့လာတွေ့ရှိသောအရာတစ်စုံတစ်ခုကို ဖော်ပြထားခြင်းမဟုတ်ပါ။ ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်၏မှုတ်သွင်းတော်မူသောအကြောင်းအရာများကို ရေးသားထားခြင်း ဖြစ်သည်။ သူရေးထားခဲ့သောအကြောင်းအရာများကို သူကိုယ်တိုင်နားလည်သဘောပေါက်ခြင်းမရှိပါ။*

သူဖော်ပြထားသောပုဂ္ဂိုလ်သည် ကားတိုင်တင်ပေါ်တွင် အသေခံလိမ့်မည်ဟု ဖော်ပြချက်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

အငယ် ၆-၇ -လူများက သူ့ကို လူအများရှေ့တွင် ကဲ့ရဲ့ ပြောင်လှောင်ကြလိမ့်မည်။

အငယ် ၈ - သူသည် ရွေးနှုတ်ခြင်း (သို့) ကယ်တင်ခြင်းခံရရန် လိုအပ်သည်။ သူသည် အလွန်ကြောက်မက်ဘွယ်ကောင်းသောအခြေအနေ၌ ရှိသည်။ အငယ် ၁၂-၁၃- သူ့ကိုနှောက်ယှက်နေသောရန်သူများက ဝိုင်းရံလျက်ရှိသည်။ အငယ် ၁၄- သူ၏အသက်တာသည် ''ရေကဲ့သို့သွန်ခြင်းခံရပြီး သူ၏အရိုးအဆစ်အားလုံးတို့သည် ပြုတ်ကြပါသည်။

အငယ် ၁၅- သူ၏ခွန်အားသည် ခန်းခြောက်သွား၍ ဒုက္ခဝေဒနာခံစားရသဖြင့် ဆာငတ်မွတ်သိပ်မှုကို ခံစားခဲ့ရသည်။

အငယ် ၁၆- သူ၏ခြေထောက်များသည် နာကျင်စွာထိုးခြင်းခံစားရသည်။

အငယ် ၁၇ - သူ၏အရိုးတို့သည် မြင်တွေ့/ရေတွက်နိုင်သည်(သူ၏အသားများသည် ဆုတ်ဖြဲခြင်းခံရသည်)။

အငယ် ၁၈ - လူတစ်ယောက်သည် သူ၏ဝတ်လုံများပိုင်ဆိုင်မည့်သူကို စာရေးတံချသည် (ဤအချိန်တွင် သူသည် အဝတ်အစားမရှိ၊ မဝတ်ပါ)။

**(ဂ) လုကာ ၂၃း၂၆-၃၈တို့ကို ဖတ်ပါ။**

**အငယ် ၃၄တွင် သခင်ယေရှု၏ဆုတောင်းချက်က သူ့အကြောင်းနှင့်ပတ်သက်၍ မည်သည့်အရာကို ဖော်ပြထားသနည်း။**

သခင်ယေရှုသည် ညှဉ်းပန်းနှိပ်စက်မှုသည်းခံလျက် မိမိကိုယ်ကိုလည်းကောင်း၊ ဘုရားသခင်နှင့်လည်းကောင်း၊ မိမိရန်သူများနှင့်လည်းကောင်း ငြိမ်သက်ခြင်းရှိတော်မူခဲ့သည်။ သခင်ယေရှုသည် မိမိကိုယ်ကိုထက်အခြားသူများကို ပို၍ဦးစားပေး၊ စဉ်းစားပေးတော်မူသည်။ ကိုယ်တော့်မှာသေထိုက်သောအပြစ်တစ်စုံတစ်ခုမျှမရှိသော်လည်း ကြောက်မက်ဘွယ်၊ ရက်စက်စွာအသေခံရန် ကားတိုင်တင်သတ်သောသူများကိုပင်လျှင် သခင်ယေရှုက ခွင့်လွှတ်တော်မူခဲ့သည်။

**(ဃ) ၁ကော ၅း၇ ရှိနောက်ဆုံးစာကြောင်းကို ဖတ်ပါ။**

''ခရစ်တော်တည်းဟူသောငါတို့ပသခါသိုးသငယ်သည် ငါတို့အဘို့ယဇ်ပူဇော်ရာဖြစ်၏။''

**အဲဂုတ္တုပြည်တွင် ပသခါပွဲသိုးသငယ်နှင့် ကားတိုင်ပေါ်တွင် သခင်ယေရှုအသေခံတော်မူခြင်းတို့တူညီချက်များကို စဉ်းစားကြည့်ပါ။ စာမျက်နှာ ၁၈ ရှိအဖြစ်အပျက် ၁၄ ကိုကြည့်ပါ။**

ဤသင်ခန်းစာရှိအဓိကအချက်ကို ကျောင်းသူ/သားများက နားလည်သဘောပေါက်နိုင်ရန်အတွက် တူညီသောအချက်အချို့တို့ကို အောက်တွင်ဖော်ပြထားပါသည်။ ဆက်လက်လေ့လာပါက အခြားတူညီသောအချက်များကိုလည်းရှိသေးပါသည်။ သို့သော် ထိုအခြားတူညီသောအရာများကို တင်ပြစရာမလိုသေးပါ။

*၁။ ပသခါသိုးသငယ်သည် အထီးဖြစ်၍အပြစ်အနာအဆာကင်းမဲ့သည် (ထွက် ၁၂း၅)။*

*၂။ သိုးသငယ်သည် မိမိပြုသောအပြစ်အတွက်ကြောင့် အသေခံခြင်းမဟုတ်ပါ။*

*၃။ အပြစ်မရှိသောသိုးသငယ်သည် မိမိအသွေးသွန်းလောင်း၍ အခြားသူများကိုကယ်တင်ရန် အသေခံခဲ့သည်။*

**ထပ်မံဖြည့်စွက်ထားသောအကြောင်းအရာ**

**ကားစင်တင်သတ်ခြင်း–** ကားစင်တင်သတ်ခြင်းသည် အထူးသဖြင့် နာကျင်စွာသတ်ခြင်း (နာကျင်စွာသတ်ခြင်းစကားလုံးမှာ ''ကားစင်တင်သတ်ခြင်း''ဖြစ်သည်)၊ ရက်စက်ကြမ်းကြုတ်စွာသတ်ခြင်း (ရာဇဝတ်သားတစ်ဦးအား ကားစင်ပေါ်တွင်သတ်ခြင်း)၊ လူအများရှေ့မှောက်တွင်သတ်ခြင်း (''ကားတိုင်ပေါ်တွင် သံမှိုဖြင့်ရိုက်၍သတ်ခြင်း)ကို ဆိုလိုသည်။ မည်သို့ပင်ဆိုစေကာမူ ကားစင်တင်သတ်ခြင်းသည် ရက်ရက်စက်စက်၊ ညှဉ်းပန်းနှိပ်စက်မှုခံရကာ လူအများရှေ့မှောက်တွင် အသေခံခြင်းပင် ဖြစ်သည်။ ကားစင်တင်သတ်ခြင်းပုံစံမှာ နေရာဒေသနှင့်အချိန်ကာလပေါ်တွင် မူတည်၍ အမျိုးမျိုးရှိပါသည်။

ဂရိနှင့်ဟေဗြဲဝေါဟာရစကားလုံးတွင် ''ကားစင်တင်သတ်ခြင်း''အား ပုံစံအမျိုးမျိုးဖြင့် နာကျင်စွာသတ်ခြင်းအတွက် အသုံးပြုထားသောဝေါဟာရစကားလုံးဖြစ်သည်။ သစ်တိုင်တစ်ခုပေါ်တွင်ချည်၍ သစ်ပင်ပေါ်တွင်ကပ်ခြင်း၊ သစ်တိုင်တစ်တိုင်ပေါ်တွင် သတ်ခြင်း (သို့) အလျားလိုက်နှင့်ထောင်လိုက်ပေါင်းထားသော(လက်ဝါးကားတိုင်ပုံစံ)ကားတိုင်ပေါ်တွင် သတ်ခြင်းစသည်တို့ ဖြစ်ပါသည်။

လက်ဝါးကားတိုင်ပုံစံအသုံးပြုလျက်လူတစ်စုံတစ်ယောက်အား သေဒဏ်ပေးသောအခါ ထိုကားတိုင်၏အလျားလိုက်အသုံးပြုသောတိုင်ပေါ်တွင် သံကြိုးဆူးများရစ်ပတ်ကား အသေခံမည့်နေရာအထိ ထိုသူအား သယ်ထမ်းစေရပါသည်။ ကားတိုင်တစ်ခုလုံး၏အလေးချိန်မှာ ပေါင် ၃၀၀ (ကီလိုမီတာ ၁၃၅)ရှိသည်။ သို့သော် အလျားလိုက်အသုံးပြုသောတိုင်၏အလေးချိန်မှာ ပေါင် ၇၅–၁၂၅ (ကီလိုမီတာ ၃၅–၆၀)ရှိပါသည်။

တစ်ခါတစ်ရံအသေခံမည့်သူကို ထိုကားတိုင်ပေါ်တွင် ကြိုးဖြင့် ချည်နှောင်ထားသည်။ သို့သော် ယောစီဖတ်(စ်)Josephus က ယေရုရှလင်မြို့တွင်အကျဉ်းသားအကြောင်းကိုဖော်ပြသောအခါ သံမှိုဖြင့်ရိုက်ထားသောသူများလည်းရှိကြောင်း တွေ့ရသည်။ ''စစ်သားများက သူတို့ဖမ်းဆီးခဲ့သောရာဇဝတ်သားများကို နည်းလမ်းအမျိုးမျိုးဖြင့်လှောင်ပြောင်၊ ပျက်ရယ်ပြုလျက် ကားတိုင်ပေါ်တွင် သံမှိုဖြင့် ရိုက်ထားခဲ့ကြပါသည်။''

ယေရုရှလင်မြို့ရှိအကျဉ်းထောင်တွင် တိတုက အကျဉ်းသားများကို သေဒဏ်ပေးသောအခါ နှိပ်စက်မှုအမျိုးမျိုးနှင့်အသေခံသည့်ပုံစံအမျိုးမျိုးရှိသည်ဟု ယောစီဖတ်(စ်)Josephus က ဖော်ပြထားခဲ့သည်။ Seneca the Younger က ''ထိုနေရာတွင် ကားတိုင်ပုံစံအမျိုးမျိုးတွေ့ရတယ်။ အချို့သောအသတ်ခံရသူများမှာ စောက်ထိုး/ပြောင်းပြန်လှန်အသေခံကြတယ်။ အချို့မှာ လှံတံဖြင့်အထိုးခံရကြတယ်။ အချို့မှာ လက်များသစ်တိုင်ပေါ်တွင်ဆန့်တန်းလျက်အသေခံကြတယ်''ဟု ဖော်ပြထားသည်။

ထိုအချိန်များတွင် သစ်တိုင်မှာ ထောင်လိုက်ထောင်ထားသောသစ်တိုင်တစ်ခုတည်းရှိသည်။ ထိုသစ်တိုင်မှာ သေဒဏ်ခံရမည့်သူတွေအတွက် အလွယ်ဆုံးပြုလုပ်ထားသော သစ်တိုင်ပင် ဖြစ်သည်။ သို့သော် အင်္ဂလိပ်အက္ခရာ T ပုံစံရှိသောကားတိုင်မျိုးလည်းရှိသည်။ ခရစ်ယာန်များအသုံးပြုသောသင်္ကေတ လက်ဝါးကပ်တိုင်ပုံစံဖြင့် ဆင်တူသည်။ အခြားသောကားတိုင်ပုံစံများမှာ အင်္ဂလိပ်အက္ခရာ X နှင့် Y ပုံစံရှိသည်။

သခင်ယေရှုအသေခံတော်မူသောကားတိုင်ပုံစံကို အစောဆုံးဖော်ပြသောနေရာတွင် အင်္ဂလိပ်အက္ခရာ T ပုံစံ (ဂရိဘာသာစကားဖြင့် tau )ဖြစ်သည်။ ထောင်လိုက်ထောင်ထားသောသစ်တိုင်နှင့်အလျားလိုက်ထောင်ထားသောသစ်တိုင်ဖြစ်ပြီး အထက်တွင် သစ်သားအနည်းငယ်ပိုသည်။

ကားစင်တင်အသတ်ခံရသောအခါ ကားတိုင်ပေါ်တွင်အသေခံမည့်သူများကို လက်ကောက်တွင် သံမှိုဖြင့်ရိုက်ရပါသည်။ လက်ဖဝါးသည် ကိုယ်ခန္ဓာတစ်ခုလုံးအား သယ်နိုင်ရန် ခွန်အားမရှိပါ။

ယောစီဖတ်(က်)တင်ပြချက်အရ ကားတိုင်ရှေ့ဘက်တွင်သစ်သားတုံးတစ်ခု ခံထားပါသည်။ ထိုသစ်သားတုံးသည် အသေခံမည့်သူအတွက် ခြေထောက်တင်ထားရန် ဖြစ်သည်။ ထိုသို့ခြေတင်သောအခါ ကိုယ်ခန္ဓာအလေးချိန်ကြောင့် သံမှိုရိုက်ခြင်းခံရသောလက်ကောက်များ မကျွတ်ကျစေရန်အတွက် ဖြစ်သည်။ ထိုသစ်သားတုံးသည် အသေခံသောသူ၏ ကိုယ်ခန္ဓာကို နာကျင်ခြင်း၊ ကျိုးပဲ့ခြင်း၊နှင့် စိတ်ဓါတ်ကျဆင်းခြင်းမှကာကွယ်ပေးသဖြင့် ကားစင်တင်အသေခံသောသူသည် ကားတိုင်ပေါ်တွင် ချက်ခြင်းမသေဘဲ ရက်များစွာ နာကျင်မှုခံစားရရန်အတွက် ထိုသို့ပြုခြင်းဖြစ်သည်။ ထိုသို့ကားတိုင်ပေါ်တွင် အသေခံခြင်းသည် အခြားသောညှဉ်းပန်းနှိပ်စက်မှုနှင့်နာကျင်စေရန်တရားစီရင်ခြင်းပင် ဖြစ်သည်။ ထိုသို့အသေခံခြင်းသည် အရက်စ က်ကြမ်းကြုတ်ဆုံးသော အသေခံခြင်းနည်းလမ်းပင် ဖြစ်သည်။

ကြိုးဖြင့်မချည်နှောင်ရခြင်းမှာ သံမှိုဖြင့် လက်ကောက်ထိပ်ရှိအရိုးနှစ်အကြားမှာ ရိုက်ထားပြီဖြစ်ပြီး မကျွတ်ကျအောင် လက်ကောက်ထိပ်ဖျားရှိလက်ဖဝါးအရိုးအဆစ်များက ကာကွယ်ထားသောကြောင့် ဖြစ်သည်။ အရိုးအဆစ်လေးခုအကြားရှိ လက်ကောက်အရိုးအဆစ်အကြားတွင် သံမှိုဖြင့်ရိုက်လျှင်ဝင်နိုင်ပါသည်။အခြားတစ်ခုမှာ သံမှိုများသည် ခြေဖဝါးအရိုးအဆစ်များကြားတွင် ရိုက်လျှင် ဝင်နိုင်သည်။ ခြေဖဝါးအရိုးအဆစ်များသည်လည်း လက်ဖဝါးအရိုးအဆစ်များကဲ့သို့ ၄င်းအရိုးအဆစ်များကြားတွင် သံမှိုများဝင်နိုင်က ကိုယ်ခန္ဓာမပြုတ်ကျအောင် ခုခံပေးနိုင်ပါသည်။

သေရမည့်ကြာချိန်မှာ ကားတိုင်ပေါ်တွင်ဆွဲချိတ်ခြင်းခံရသောနေ့ရက်ကြာချိန်၊ အသေခံသည့်ပုံစံ၊ ကားတိုင်ပေါ်ဆွဲချိတ်ခြင်းခံရသောသူ၏ကျန်းမာရေးနှင့်ပတ်ဝန်းကျင်အခြေအနေပေါ်တွင် မူတည်သည်။

သေခြင်း၏အဓိကအကြောင်းရင်းမှာ စိတ်ဓါတ်ကျဆင်းခြင်းဖြစ်သည်ဟု အခြားသီအိုလျော်ဂျီတစ်ခုက ဆိုထားပါသည်။ ကိုယ်ခန္ဓာတစ်ခုလုံးအား ဆွဲချိတ်ခြင်းခံရသောလက်ကောက်များဖြင့်သာထိန်းချုပ်ထားသဖြင့် ကားတိုင်ပေါ်တွင်ဆွဲချိတ်ခြင်းခံရသောသူသည် အဆုတ်ကအလုပ်မလုပ်တော့သဖြင့် အသက်ရှူရန် ခက်ခဲသည်။ ထိုကြောင့် ကားတိုင်ပေါ်တွင် ဆွဲချိတ်ခြင်းခံရသောသူသည် သူ၏လက်များဖြင့်အပေါ်သို့မိမိကိုယ်ကို မြှောက်တင်ရန် ကြိုးပမ်းခဲ့သည်။ ကားတိုင်ရှေ့တွင် ကပ်ရိုက်ထားသောသစ်သားတုံးကလေးကို ခြေထောက်ဖြင့်နင်း၍ ကြိုးပမ်းသည်။ ကားတိုင်ပေါ်တွင် ဆွဲချိတ်ခြင်းခံရသောသူသည် လျှင်မြန်စွာ အသက်ထွက်နိုင်ရန်အတွက် ကားတိုင်ပေါ်တွင် အချိန်တစ်ခုအတောအတွင်းဆွဲချိတ်ခြင်းခံရပြီးနောက် ခြေထောက်များချိုးရန် ရောမစစ်သားများကို စေခိုင်းရပါသည်။ ကားတိုင်ပေါ်တွင် ဆွဲချိတ်ခြင်းခံရသောသူသည် မိမိကိုယ်ကိုမထူမနိုင်၊ မမြှောက်တင်နိုင်တော့သည့်အခါ မိနစ်အနည်းငယ်အတောအတွင်းအသက်ထွက်သွားခဲ့ရပါသည်။ အသက်ရှူကျပ်၍ချက်ခြင်းမသေလျှင် အခြားသောကိစ္စအမျိုးမျိုးကြောင့် ဖြစ်နိုင်သည်။ ကားတိုင်ပေါ်တွင် တင်သည့်အချိန်တွင် နာကျင်စွာ ရိုက်နက်မှု၊ နှိပ်စက်မှုများကြောင့် ကိုယ်ခန္ဓာတုန်လှုပ်ခြောက်ခြားမှုများ၊ သံမှိုရိုက်ထားသောနာကျင်မှု၊ အလွန်အမင်းမောပန်းနွမ်းနယ်မှုနှင့်အလွန်ထိန်လန့်မှုများကြောင့်လည်း သေဆုံးသွားနိုင်သည်။

အတွေ့အကြုံရှိသူအချို့တို့က လက်များသည် ၆၀ဒီဂရီမှ ၇၀ ဒီဂရီအကြားစောင့်၍ ချိတ်ဆွဲထားပါကအသက်ရှူရန် မခက်ခဲတော့ဘဲသက်တောင့်သက်သာဖြစ်ကာနာကျင်မှုလည်းလျော့နည်းသွားသည်ဟု ပြောကြသည်။ ထိုကြောင့် ရောမစစ်သားများက ရာဇဝတ်သားများအား ကားတိုင်ပေါ်တွင် အချိန်ကြာမြင့်စွာနာကျင်မှုဖြင့်ဆွဲချိတ်ခြင်းခံရန်၊ အံသွားခဲကြိတ်ခံစားရန်နှင့် ရက်ရက်စက်စက်အသေခံရန်အတွက် ဤသို့ပြုလုပ်ခြင်း ဖြစ်သည်။

**မှီငြမ်းကိုးကားချက် –** http://en.wlkipedia.org

စာရေးသူမှတ်တမ်း– သခင်ယေရှုကားတိုင်ပေါ်တွင် ဆွဲချိတ်တော်မူခြင်းခံရသောအခါ လက်ဖဝါးမဟုတ်ဘဲ လက်ကောက်မှ သံမှိုများဖြင့်ရိုက်ထားခြင်းဖြစ်သည်။ တစ်ခါတစ်ရံ ဂရိဘာသာစကားတွင် ''လက်''ဟုဘာသာပြန်ဆိုသောအခါ ပို၍ကြီးမားသောလက်ကောက်ကိုရည်ညွှန်းထားခြင်း ဖြစ်နိုင်သည်။

သို့သော် သခင်ယေရှု၏ ''လက်တော်များ''အား သံမှိုဖြင့်ရိုက်ထားသောနေရာကို အတိအကျကျွန်ုပ်တို့မသိရသောကြောင့် ပန်းချီဆရာများသရုပ်ဆောင်ရေးဆွဲထားသောပုံအတိုင်း လူအများမြင်တွေ့သောနေရာ၊ ဖြစ်နိုင်ခြေရှိသောနေရာများနှင့်ဆန့်ကျင်ဘက်ဖြစ်သော်လည်း ကျွန်ုပ်တို့မှန်းဆမြင်ယောင်ရကြခြင်းဖြစ်သည်။

## ၃၂။ အသေခံမည့်ဓါးပြနောင်တရခြင်း

**ကားတိုင်ပေါ်တွင် သခင်ယေရှုအသေခံတော်မူသည့်အချိန်တွင် ကိုယ်တော့်ဘေးနားတွင်ဆွဲချိတ်ခြင်းခံသောဓားပြတစ်ဦးသည် သခင်ယေရှုကိုယုံကြည်၍ ပရဒိသုခဘုံတွင်နေထိုင်နိုင်ရန်အသက်ဆုကျေးဇူးရရှိခဲ့ပါသည်။**

*လုကာ ၂၃း၃၉-၄၇။*

**(က) လုကာ ၂၃း၃၉-၄၂တို့ကို ဖတ်ပါ။**

**ဓားပြနှင့်ပတ်သက်၍ အောက်တွင်ဖော်ပြထားသောအချက်များမှ မည်သည့်အချက်များသည်မှန်ကန်ပါသနည်း။**

☐ **သူသည် ဘုရားသခင်ကို ကြောက်သည်။**

[၃၉] ဆွဲထားသောလူဆိုးနှစ်ယောက်တွင်တစ်ယောက်က၊ သင်သည်ခရစ်တော်မှန်လျှင်ကိုယ်ကိုငှင်း၊ ငါတို့ကိုငှင်း၊ ကယ်တင်လော့ဟု ကိုယ်တော်ကို ကဲ့ရဲ့၍ ဆိုလေ၏။

[၄၀] တစ်ယောက်မူကား၊ မိမိအဘော်ကိုဆုံးမ၍ သင်သည်ဤသူနည်းတူအပြစ်ဒဏ်ခံလျက်ပင်ဘုရားသခင်ကို မကြောက်သလော။

☐ **သူသည် မိမိအပြစ်ကို သိရှိခဲ့သည်။**

[၄၁] ငါတို့သည် ကိုယ်ပြုမိသောအပြစ်နှင့်အလျောက်ခံရသည်။

☐ **သူသည်သခင်ယေရှုအား အပြစ်ကင်းစင်သူအဖြစ်သိရှိခဲ့သည်။**

[၄၁] ဤသူကားအဘယ်အပြစ်ကိုမျှမပြု. . .

☐ **သခင်ယေရှုသည် စစ်မှန်သောရှင်ဘုရင်ဖြစ်ကြောင်း သူကယုံကြည်ခဲ့သည်။**

[၄၂] သခင်၊ ကိုယ်တော်သည် နိုင်ငံတော်တည်လျက်ကြွလာတော်မူသောအခါ အကျွန်ုပ်ကိုအောက်မေ့တော်မူပါ။

***မှတ်ချက်။*** *။ အချို့သောဂရိဘာသာပြန်ဆိုခြင်းတွင် ''သခင်''ဟု မဖော်ပြပါ။ ''ယေရှု''ဟုသာဖော်ပြထားပါသည်။*

☐ **သေပြီးနောင်တမလွန်ဘဝကို သူက ယုံကြည်ခဲ့သည်။**

[၄၂] နိုင်ငံတော်တည်လျက်ကြွလာတော်မူသောအခါ အကျွန်ုပ်ကိုအောက်မေ့တော်မူပါ. . .

☐ **သခင်ယေရှုက သူ့အား ''နိုင်ငံတော်တွင် မျက်နှာသာ''ပေးတော်မူလိမ့်မည်ဟု သူက ယုံကြည်ခဲ့သည်။**

[၄၂] နိုင်ငံတော်တည်လျက်ကြွလာတော်မူသောအခါ အကျွန်ုပ်ကိုအောက်မေ့တော်မူပါ. . .

☐ **သူက သခင်ယေရှုအားယုံကြည်ခြင်းကိုအခြေခံသောတောင်းဆိုမှုပြုခဲ့သည်။**

[၄၂] နိုင်ငံတော်တည်လျက်ကြွလာတော်မူသောအခါ အကျွန်ုပ်ကိုအောက်မေ့တော်မူပါ. . .

**(ခ) လုကာ ၂၃း၄၃ ကို ဖတ်ပါ။**

**သခင်ယေရှု၏ကတိတော်နှင့်ပတ်သက်၍ *အကြောင်းအရာ၊ အချိန်နှင့် သေချာမှုတို့ကို* ဆွေးနွေးပါ။**

သခင်ယေရှု၏ကတိတော်နှင့်ပတ်သက်၍ ''အကြောင်းအရာ''= သခင်ယေရှုက ဤပုဂ္ဂိုလ်အား ပရဒိသုခဘုံတွင် သူ(သခင်ယေရှု)နှင့် အတူစိုးစံလိမ့်မည်ဟု ကတိပြုတော်မူခဲ့သည်။

သခင်ယေရှု၏ကတိတော်နှင့်ပတ်သက်၍ ''အချိန်''= ''ယနေ့''ဖြစ်ပျက်လိမ့်မည်။

သခင်ယေရှု၏ကတိတော်နှင့်ပတ်သက်၍ ''သေချာမှု''= ''အမှန်တရားကိုငါပြောသည်. . . ''ဟုအစချီကတိပြုခြင်းအားဖြင့် သခင်ယေရှုသည် မိမိကတိပြုချက်အမှန်ဖြစ်မည်ဟု သေချာစေတော်မူခဲ့သည်။

**(ဂ) ကျမ်းစာထဲရှိအစောပိုင်းတွင် ဘုရားသခင်သည် အခြားမည်သည့်ပါရဒိသုခဘုံကို ဖန်ဆင်းတော်မူခဲ့သနည်း။**

*၁။ ဘုရားသခင်သည် ဒေင်ဥယျာဉ်ကိုဖန်ဆင်းတော်မူခဲ့၍ အာဒံနှင့်ဧဝတို့အား ထိုနေရာတွင် ထားရှိတော်မူခဲ့သည်။ ထိုဥယျာဉ်သည် အလွန်လှပပြီးသစ်သီးဝလံပေါများသောပါရဒိသုခဘုံပင် ဖြစ်သည်။*

*၂။ တစ်ခါတစ်ရံ ကျမ်းစာက ''ကောင်းကင်''ဟုဖော်ပြသောအခါ သခင်ယေရှုခရစ်တော်ကိုယုံကြည်သောသူများသေသောအခါ ဝင်စားမည့်နေရာလက်ရှိပါရဒိသုခဘုံဖြစ်ကြောင်း ရှင်းပြပါ။ အပြစ်နောင်တရသောဓားပြသည် ယခုတွင် သခင်ယေရှုနှင့်ပါရဒိသုခဘုံတွင် စိုးစံခဲ့ကြောင်း ရှင်းပြပါ။ သူသည် ဘုရားသခင်၏နိုင်ငံတော်ပါရိဒိသုခဘုံတွင် သခင်ယေရှုနှင့်အတူအသက်ရှင်ခွင့် မည်ကဲ့သို့ရှိခဲ့ကြောင်း ရှင်းပြပါ။*

*၃။ နောက်ပိုင်းသင်ခန်းစာထဲတွင် အပြစ်ခွင့်လွှတ်ခြင်းရရှိရန်အတွက် သခင်ယေရှုအား ကယ်တင်ရှင်အဖြစ်ယုံကြည်သောသူများအတွက် ဘုရားသခင်ပြင်ဆင်ပေးတော်မူသောအလွန်လှပသာယာသောပါရဒိသုခဘုံအကြောင်းကိုတွေ့ရကြမည် ဖြစ်သည်။ သခင်ယေရှုခရစ်တော်ကိုယုံကြည်သောသူအားလုံး ထိုနေရာတွင် ထာဝရအသက်ရှင်နိုင်ကြမည် ဖြစ်သည်။*

**(ဃ) လုကာ ၂၃း၄၄–၄၇တို့ကို ဖတ်ပါ။**

**တပ်မှူးက မည်သည့်အရာဖြင့် အဆုံးသတ်ဖော်ပြခဲ့သနည်း။**

*မှတ်ချက်။ ။ တပ်မှူးတစ်ဦးသည် ရောမစစ်သားဖြစ်ဖြစ်ပြီး လူအယောက် ၁၀၀ အုပ်ချုပ်ခဲ့ပါသည်။ သခင်ယေရှုကားစင်တင်အသတ်ခံတော်မူရန် ခေါ်ဆောင်သောသူသည် တပ်မှူးတစ်ဦးဖြစ်နိုင်သည်။ ရောမတပ်မှူးတစ်ဦးအနေဖြင့် မေရှိယဖြစ်သည်ဟုကြွေးသောသူများကားစင်တင်သတ်ခြင်းအပါအဝင် ကားစင်တင်သတ်ခြင်းများစွာတို့၌ လေ့လာသုံးသပ်ကာပါဝင်နိုင်ပါသည်။*

တပ်မှူးက နောက်ဆုံးဖော်ပြသည်မှာ [၄၇]''ထိုအခြင်းအရာတို့ကိုတပ်မှူးသည်မြင်လျှင် စင်စစ်ဤသူသည် ဖြောင့်မတ်သောသူမှန်ပေ၏ ဟုဆို၍ ဘုရားသခင်ကို ချီးမွမ်းလေ၏။''ဖြစ်သည်။

ဤအဖြစ်အပျက်တွင် တပ်မှူးဖော်ပြသောအခြားအကြောင်းအရာမှာ ''စင်စစ်ဤသူသည် ဘုရားသခင်၏သားတော်ဖြစ်သည်'' (မဿဲ ၂၇း၅၄၊ မာကု ၁၅း၃၉) ဖြစ်သည်။ တပ်မှူးသည် ဤဖော်ပြချက်နှစ်ခုကို တစ်ပြိုင်တည်းပြုနိုင်ခဲ့သော်လည်း သေချာသောအရာတစ်ခုမှာ ထိုအချိန်ခါတွင် သူလေ့လာသုံးသတ်မှုများက သူ့အား အလွန်အမင်း စိတ်ဝင်စားစေခဲ့သည်။ သူက ''ဘုရားသခင်၏နာမတော်ကို ချီးမွမ်းပါသည်''ဟူသောကြွေးကြော်ချက်ကို မှတ်ထားပါ။

**(င) မာကု ၁၅း၃၃–၃၉တို့ကို ဖတ်ပါ။**

**ဤကျမ်းချက်များတွင် သခင်ယေရှုအသေခံတော်မူခြင်းနှင့်ပတ်သက်၍ အခြားမည်သည့်သမိုင်းအချက်အလက်များကိုတွေ့ရပါသနည်း။**

အရေးကြီးသောအခြားအချက်အလက်များအချို့တို့မှာ–

*၁။ အငယ် ၃၃–၃၄ – ဤအချက်တွင် သခင်ယေရှုသည် ကျွန်ုပ်တို့အပြစ်များကို သူ့အပေါ်သို့တင်ထားတော်မူသောကြောင့် ခမည်းတော်ဘုရားသခင်သည် မိမိသားတော်၊ သခင်ယေရှုကို ပြန်လှည့်ကြည့်တော်မူကြောင်းရှင်းပြပါ။*

*၂။ အငယ် ၃၇–၃၈ – ''ဗိမာန်တော်ကန့်လန့်ကာသည် အထက်မှအောက်သို့နှစ်ခြမ်းကွဲသွားခြင်း''အကြောင်းကို ရှင်းပြပါ။ တဲတော်တွင်ရှိသောကုလာကာ (စာမျက်နှာ ၁၀ ကို ကြည့်ပါ)သည် အသန့်ရှင်းဆုံးဌာန၊ ဘုရားသခင်ကျိန်းဝပ်တော်မူသောနေရာ နှင့်သန့်ရှင်းရာဌာနတို့ကိုပိုင်းခြားထားသောဝတ်လုံကြီးဖြစ်ကြောင်း ကျောင်းသူ/သားများကို ရှင်းပြပါ။ ယေရုရှလင်မြို့ဗိမာန်တော်တွင်လည်း ထိုကဲ့သို့သောကန့်လန့်ကာရှိကြောင်းရှင်းပြပါ။ (ဒါဝိဒ်ရှင်ဘုရင်ပြင်ဆင်ပြီးခဲ့သောပစ္စည်းဥစ္စာများဖြင့် ဘုရားသခင်အတွက် ဒါဝိဒ်၏သားက ဗိမာန်တော်တည်ဆောက်ခဲ့သည်)။ သခင်ယေရှုအသေခံတော်မူသည့်အချိန်တွင်ငါးရမ်းအသုံးပြုထားသောကုလားကာမှာ ဤကန့်လန့်ကာပင် ဖြစ်သည်။*

*ထိုအဖြစ်အပျက်နှင့်ပတ်သက်၍ ကျောင်းသူ/သားများ၏ထင်မြင်ယူဆချက်ကို မေးမြန်းပါ။ သခင်ယေရှုသည် ကျွန်ုပ်တို့အပြစ်များအတွက် ပြစ်ကြွေးများပေးဆပ်ကျေအေးစေရန်အသေးခံတော်မူကြောင်း၊ ကျွန်ုပ်တို့အတွက် သခင်ယေရှုပြုလုပ်ပေးတော်မူခဲ့သောအရာကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်ထံတော်သို့ချဉ်းကပ်နိုင်ကြကြောင်းရှင်းပြပါ။ သခင်ယေရှု၏အသေခံတော်မူခြင်းက ကျွန်ုပ်တို့အား ဘုရားသခင်နှင့် ရောင့်ရဲစွာနှင့် ရင်းနှီးကျွမ်းဝင်စွာ ပြန်လည်ဆက်နွယ်စေခဲ့ပါသည်။*

*၃။ အငယ် ၃၉ – သခင်ယေရှု၏အသေခံတော်မူခြင်းက သခင်ယေရှုသည် ''ဘုရားသခင်၏သားတော်ဖြစ်တော်မူကြောင်း''ကြွေးကြော်ထားသည်ဟု စာရေးဆရာ (မာကု)ကဖော်ပြထားကြောင်းရှင်းပြပါ။ ရှင်လုကာခရစ်ဝင်ကျမ်း(လုကာ ၂၃း၄၃–၄၇)တွင် တပ်မှူးက သခင်ယေရှုသည် ''ဖြောင့်မတ်သောသူ''ဖြစ်တော်မူကြောင်းကြွေးကြော်ခဲ့သည်ဟု မှတ်တမ်းတင်ခဲ့သည်။ တပ်မှူးသည် ဤစကားများကို ကြွေးကြော်ခဲ့သောကြောင့် သူသည်အလွန်စိတ်ဝင်စားကြောင်းနှင့် ကြည်ညိုကိုးကွယ်သောနှလုံးသားရှိကြောင်းထင်ရှားသည်။*

***ကျမ်းစာသမိုင်းရာဇဝင်***

**အဖြစ်အပျက်များတွင် သခင်ယေရှုအားမည်ကဲ့သို့ ပုံဆောင်ထားသနည်း။ (၂၉)၊ (၃၀)၊ (၃၁)၊ (၃၂)။** *(စာမျက်နှာ ၂၆–၂၇)။*

**(၃၃) သခင်ယေရှုရှင်ပြန်ထမြောက်တော်မူခြင်း**

**သခင်ယေရှုအသေခံတော်မူ၍သင်္ဂြိုဟ်တော်မူခြင်းခံတော်မူပြီးသုံးရက်မြောက်သောနေ့တွင် အပြစ်တရား၊ သေခြင်းတရားနှင့် ငရဲမီးအိုင်အပေါ်တန်ခိုးရှိကြောင်းထင်ရှားစေရန်အတွက်ဘုရားသခင်သည် ကိုယ်တော်အား သေခြင်းမှထမြောက်စေတော်မူခဲ့သည်။**

*လုကာ ၂၄း၁-၁၂၊ ၃၆-၄၃။*

**(က) ဟေဗြဲ ၂း၁၄-၁၅တို့ကို ဖတ်ပါ။**

**အငယ် ၁၄တွင် သခင်ယေရှု၏အသေခံတော်မူခြင်းက မည်သည့်အရာပြုလုပ်ခဲ့သည်ကို တွေ့ရှိနိုင်သနည်း။**

သေခြင်းတန်ခိုးပိုင်ဆိုင်သောစာတန်ကို ဖျက်ဆီးခဲ့သည်။

*ကမ္ဘာဦးကျမ်း ၃း၁၅ (စာမျက်နှာ ၁၅၊ အဖြစ်အပျက် ၇)ကို ပြန်ကြည့်နိုင်သည်။*

**အငယ် ၁၅ တွင် မည်သည့်အရာဖော်ပြထားသနည်း။**

သေခြင်းတရားကိုကြောက်ရွံ့နေသောသူများအား လွတ်မြောက်ခြင်းအခွင့်ပေးခဲ့သည်။

**(ခ) လုကာ ၂၄း၁-၁၂တို့ကို ကြည့်ပါ။**

**သခင်ယေရှုသည် သင်္ချိုင်းဂူထဲတွင်မရှိတော့ကြောင်းသက်သေများကိုကြည့်ပါ။**

*၁။ အငယ် ၂ - တံဆိပ်ခပ်ထားသောကျောက်တုံးကြီးအဝေးသို့ လှိမ့်လှန်သွားခဲ့သည်။*

*၂။ အငယ် ၃ - သင်္ချိုင်းဂူထဲသို့ဝင်သွားသောမိန်းမများက သခင်ယေရှု၏ကိုယ်ခန္ဓာကို မတွေ့ကြတော့ပါ။*

*၃။ အငယ် ၄-၆ - သခင်ယေရှုသည် ''ဤနေရာတွင်မရှိတော့ကြောင်း၊ ရှင်ပြန်ထမြောက်တော်မူခဲ့ကြောင်း''ကောင်းကင်တမန်နှစ်ပါးတို့ကမိန်းမများထံပြောကြားခဲ့ကြသည်။*

*၄။ အငယ် ၆-၇ - သခင်ယေရှုက သူသည် သုံးရက်မြောက်သောနေ့တွင် ရှင်ပြန်ထမြောက်တော်မူလိမ့်မည်ဟု မိန့်တော်မူခဲ့ကြောင်း ကောင်းကင်တမန်များက မိန်းမများထံပြောကြားခဲ့ကြသည်။*

*၅။ အငယ် ၁၂ - ပေတရုသည် သင်္ချိုင်းသို့သခင်ယေရှုအလောင်းကြည့်ရန်ဆင်းသွားခဲ့သော်လည်း ကိုယ်တော်၏အလောင်းကိုရစ်ပတ်ထားသောဝတ်လုံဖြူကလွဲပြီးအခြားသောအရာတစ်စုံတစ်ခုမျှ မတွေ့ခဲ့ရပါ။*

**(ဂ) လုကာ ၂၄း၃၆-၄၃တို့ကို ဖတ်ပါ။**

**သခင်ယေရှုက သူသည် ဝိညာဉ်မဟုတ်ကြောင်း၊သေခြင်းမှ ခန္ဓာကိုယ်ဖြင့်ထမြောက်တော်မူခဲ့ကြောင်း မည်သည့်သက်သေဖြင့်ထင်ရှားစေတော်မူခဲ့သနည်း။**

*၁။ သခင်ယေရှုက မိမိလက်တော်များနှင့်ခြေထောက်များ(ကားတိုင်တင်အသေခံတော်မူသည့်အချိန်တွင် သံမှိုဖြင့်ရိုက်ထားသောဒဏ်ရာဒဏ်ချက်များ)ကိုပြသတော်မူ၍သူ့ကိုစမ်းသပ်ရန်နှင့်ဝိညာဉ်တစ္ဆေမဟုတ်ကြောင်းကြည့်ကြရန် ခေါ်ဖိတ်တော်မူခဲ့သည်(အငယ် ၃၆-၄၀)။*

*၂။ သခင်ယေရှုက စားစရာတစ်စုံတစ်ခုပေးပါဟု တောင်းခဲ့သည်။(အငယ် ၄၁-၄၃)။*

**(ဃ) ဘုရားသခင်သည်သခင်ယေရှုကို သေခြင်းမှပြန်လည်ထမြောက်စေတော်မူခဲ့သောကြောင့် . . .**

- **<u>မှန်သလား</u>။ မှားသလား။** ***သခင်ယေရှုက မိမိအကြောင်းကိုဖော်ပြသောအရာအားလုံးမှန်ကန်ကြောင်း ကျွန်ုပ်တို့ယုံကြည်စိတ်ချခဲ့ကြသည်။***

*ဘုရားသခင်အကြောင်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့လေ့လာသင်ကြားမှုအရ(ဘုရားသခင်သန့်ရှင်း၊ ဖြောင့်မတ်၊ တရားတော်မူသောဘုရား) သခင်ယေရှုသည် ဘုရားသခင်နှင့်ဆက်နွယ်မှုအပေါ်မှားယွင်းစွာ၊ မဟုတ်မမှန်ကြွေးကြော်ခဲ့လျှင် ဘုရားသခင်သည် သခင်ယေရှုကို သေခြင်းမှထမြောက်စေတော်မူလိမ့်မည်မဟုတ်ပါ။*

- **<u>မှန်သလား</u>၊ မှားသလား။** ***ဘုရားသခင်သည် သခင်ယေရှု၏အသေခံတော်မူခြင်းအား ကျွန်ုပ်တို့၏အပြစ်များအတွက် ပြစ်ကြွေးပေးဆပ်ကျေအေးစေရန်ဖြစ်သည်ဟုကျေနပ်တော်မူကြောင်း ကျွန်ုပ်တို့ယုံကြည်စိတ်ချနိုင်ကြပါသည်။***

*ခရစ်တော်၏ရှင်ပြန်ထမြောက်တော်မူခြင်းနှင့် ကျွန်ုပ်တို့၏ပြစ်ကြွေးများပေးဆပ်ကျေအေးစေရန်သခင်ယေရှု၏အသေခံတော်မူခြင်းအပေါ် ဘုရားသခင်၏ကျေနပ်အားရတော်မူခြင်းတို့ဆက်နွယ်မှုကို ကျောင်းသူ/သားများက နားလည်သဘောပေါက်ရန် အလွန်အရေးကြီးသည်။ အောက်တွင်ဖော်ပြထားသောစာပိုဒ်များကိုဖတ်၍ဤအဖြစ်အမှန်ကို ကိုယ်ကိုယ်တိုင်ရှင်းပြတတ်ရန် ပြင်ဆင်ထားပါ။*

*ဘုရားသခင်သည် သခင်ယေရှုအားသေခြင်းမှရှင်ပြန်ထမြောက်စေတော်မူသောအခါ သခင်ယေရှု၏အသက်တာနှင့်သေခြင်းအပေါ်*

*ဘုရားသခင်သည် ကျေနပ်အားရတော်မူခြင်းကို ထင်ရှားစေတော်မူသည်။ ဘုရားသခင်လုပ်ဆောင်စေလိုသောအမှုအရာအားလုံးကို သခင်ယေရှုက အကုန်အစင် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။*

*သခင်ယေရှုသည် အပြစ်ကင်းစင်သောအသက်တာဖြင့်အသက်ရှင်တော်မူခဲ့ပြီး လူသားများ၏အပြစ်များအတွက် အသေခံတော်မူခဲ့သည်။ သို့သော် သခင်ယေရှုသည် အပြစ်ကင်းမဲ့သောယဇ်ကောင်သိုးသငယ်နှင့်မတူဘဲ ကိုယ်တော်သည် ကားတိုင်ပေါ်တွင်အသေခံခြင်းအားဖြင့် ကမ္ဘာပေါ်တွင်ရှိသောလူသားအားလုံး၏အပြစ်များအားလုံးကို ယူဆောင်သွားခဲ့ပါသည်။ သခင်ယေရှုအသေခံတော်မူသည့်အချိန်တွင် ခမည်းတော်သည် မိမိသားတော်၊ သခင်ယေရှုကို မျက်နှာလွှဲတော်မူခဲ့သည်။ အကြောင်းမှာ သခင်ယေရှု (အပြစ်လုံးဝမသိတော်မူသောသူ)သည် ကျွန်ုပ်တို့အပြစ်များအတွက် ပြစ်ဒဏ်ခံတော်မူသောကြောင့် ဖြစ်သည်။ ကျမ်းချက်တစ်ချက်တွင် ဤသို့ဖော်ပြထားပါသည်။*

*[၂၁] အဘယ်ကြောင့်နည်းဟူမူကား၊ ဘုရားသခင်သည် အပြစ်နှင့်ကင်းစင်သောသူကိုငါတို့အတွက်ကြောင့် အပြစ်ရှိသောသူဖြစ်တော်မူ၏။ အကြောင်းမူကား၊ ငါတို့သည် သူအားဖြင့် ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်သောသူဖြစ်မည်အကြောင်းတည်း။*

*(၂ကော ၅း၂၁)။*

***မှတ်ချက်။ ။*** *ဤကျမ်းချက်သည် ''အပြစ်အတွက်ယဇ်ပူဇော်ခြင်း''ကိုဆိုလိုသည်။*

*သခင်ယေရှု၏တမန်တော်တစ်ပါးဖြစ်သော ရှင်ယောဟန်က သခင်ယေရှု၏အသေခံတော်မူခြင်းကို မှတ်တမ်းတင်ခဲ့သည်။ ထိုမှတ်တမ်းတွင် သခင်ယေရှုမိန့်တော်မူခဲ့သောနောက်ဆုံးစကား ''အမှုပြီးပြီ''(ယောဟန် ၁၉း၃၀)ကို မှတ်တမ်းတင်ထားသည်။ သခင်ယေရှုသည် အာရမိဘာသာစကားကိုပြောကြားနိုင်ခဲ့သော်လည်း ဤနေရာတွင် ဂရိဘာသာစကား ''tetelestai''ကို ကိုယ်တော်ကအသုံးပြုတော်မူခဲ့သည်။*

*ဤစကားလုံးသည် လူအများနားလည်နိုင်သော ဘာသာစကားဖြစ်သည်။ အဓိပ္ပါယ်မှာ ''ပြည့်စုံစွာပေးဆပ်ခဲ့ပြီ''ဖြစ်သည်။ အကြွေးအားလုံးအကုန်အစင်ပေးဆပ်ခဲ့သောအခါ ''tetelestai''(အသံထွက် "tuh-tell-uh-sty"ဖြစ်သည်)စကားလုံးကို အကြွေးမှတ်ထားသော စာရွက်ပေါ်တွင် ရေးထားပါသည်။ ပထမရာစုတွင် လူများသည် အကြွေးအားလုံးပြည့်စုံစွာပြန်ဆပ်ခဲ့ကြသောအခါ သူတို့က ''tetelestai'' ဟု ဟစ်ကြွေးခဲ့ကြသည်။ အောင်မြင်ခြင်း. . . အနိုင်ယူခြင်းကြွေးကြော်သံပင် ဖြစ်သည်။ သခင်ယေရှုက ''အမှုပြီးပြီ''ဟု ကြွေးကြော်သောအခါ အောင်မြင်ခြင်းကို နှုတ်မြွက်ကြွေးကြော်ခြင်းပင် ဖြစ်သည်။ ကမ္ဘာပေါ်တွင်ရှိသောလူသားများအားလုံး၏အပြစ်ကြွေးအားလုံးကို ပေးဆပ်ကျေအေးစေတော်မူခဲ့ပြီး ဖြစ်သည်။*

*သခင်ယေရှုရှင်ပြန်ထမြောက်တော်မူခြင်းသည် ဘုရားသခင်ပေးထားတော်မူသော ဖြတ်ပိုင်းပင် ဖြစ်သည်။ ကျွန်ုပ်တို့၏အပြစ်ကြွေးအားလုံးပေးဆပ်ကျေအေးပြီဖြစ်ကြောင်း အသိအမှတ်ပြုစာရွက်စာတမ်းပင် ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့၏ပြစ်ကြွေးအားလုံးပေးဆပ်ကျေအေးစေပြီဖြစ်ကြောင်းအသိအမှတ်ပြုလွှာကို လက်ခံမည်၊ ငြင်းပယ်မည်ဟုသောအရာကို ကျွန်ုပ်တို့၏ရွေးချယ်မှုပင် ဖြစ်သည်။*

**(င) ကျွန်ုပ်တို့လေ့လာခဲ့ပြီးသောသင်ခန်းစာများကိုပြန်စဉ်းစားလျှင် ဤမေးခွန်းကို သင်မည်ကဲ့သို့ဖြေဆိုလိမ့်မည်နည်း။ ''သခင်ယေရှုသည် မည်သူဖြစ်သနည်း။'' စာပေကျွမ်းကျင်သူနှင့်ဒသဗေဒပညာရှင်တစ်ဦးက ထိုမေးခွန်းနှင့်ပတ်သက်၍ အဆိုသုံးချက်ရှိသည်ဟု ဆိုခဲ့ဘူးသည်။**

- ☐ **သူသည် စိတ်မမှန်၊ ရူးသွပ်သည်။**
- ☐ **သူသည် လိမ်လည်သူဖြစ်သည်။**
- ☐ **သူပြောခဲ့သည့်အတိုင်း ဘုရားသခင်ဖြစ်တော်မူသည်။**

ဘုရားသခင်နှင့်တစ်လုံးတစ်ဝတည်းဖြစ်တော်မူကြောင်းဖော်ပြချက်တွင် ယူဆချက်သုံးချက်တို့ကိုလည်းတွေ့နိုင်ပါသည်။

*၁။ သခင်ယေရှုသည် စိတ်မမှန်၊ ရူးသွပ်သောသူ– လှည့်ဖြားခြင်းခံရသောသူဖြစ်သည်ဟု ခံယူနိုင်သည်။*

*၂။ သခင်ယေရှုသည် လူများကို လှည့်စားသူ– မိမိအကြောင်းကို မဟုတ်မမှန်ပြောသော်လည်း သူလုပ်သောအရာကို တိကျစွာသိရှိသောသူဖြစ်သည်ဟု ခံယူနိုင်သည်။*

*၃။ သခင်ယေရှုသည် သူကိုယ်တိုင်ကြွေးကြော်သည့်အတိုင်း ဘုရားဖြစ်သည်– ကျွန်ုပ်တို့အပြစ်များကိုခွင့်လွှတ်နိုင်သောတန်ခိုးပိုင်ဆိုင်သူနှင့် ထာဝရအသက်ပေးပိုင်သူဖြစ်သည်ဟု ခံယူနိုင်သည်။*

*ဤအကြောင်းအရာဆွေးနွေးခြင်းအဆုံးသတ်ရန်အတွက် အောက်တွင်ဖော်ပြထားသောထပ်မံဖြည့်စွက်ထားသောအကြောင်းရှိဆောင်းပါးကို ဖတ်ပါ။ ထိုစာထဲတွင် အထက်ကဖော်ပြထားသော အချက်များမှ မှန်ကန်သောအချက်ကို သေချာစွာပိုင်းခြားရွေးချယ်နိုင်ရန်အတွက် ကူညီလမ်းပြပေးပါလိမ့်မည်။ အချို့က ''trilemma''ဟုခေါ်သည်။*

*ဖြစ်နိုင်လျှင် ထိုဆောင်းပါးကို စာရွက်ပေါ်တွင် မိတ္တူကူးယူ၍ ကျောင်းသူ/သားများကြည့်ရှုလေ့လာနိုင်အောင် ဝေမျှပေးရန် အကြံပြုလိုပါသည်။*

**ထပ်မံဖြည့်စွက်ထားသောအကြောင်းအရာ**

**စိတ်မမှန်ရူးသွပ်ခြင်းလား။ လှည့်စားခြင်းလား။ ဘုရားသခင်ဖြစ်သလား။**

*မှီငြမ်းကိုးကားခြင်း– www.Existence-of-God.com*(March 8, 2008)

ခရစ်ယာန်ဘာသာသို့မဝင်သောသူများပင်လျှင် သခင်ယေရှုကို အလွန်ကြည်ညိုလေးစားတတ်ကြပါသည်။ သခင်ယေရှုသည် ဘုရားဖြစ်တော်မူကြောင်းငြင်းပယ်သောသူများထဲကတောင် သခင်ယေရှု၏တရားတော်ကိုလိုက်လျှောက်သောသူများစွာရှိသေးသည်။ အချို့က ‘‘သခင်ယေရှုသည် ဘုရားမဟုတ်။’’ ‘‘ကိုယ်ကျင့်တရားသွန်သင်သောဆရာ’’ဖြစ်သည်ဟုပြောကြသည်။ ဤအမြင်အရ သခင်ယေရှုအားစံပြထိုက်သောလူပုဂ္ဂိုလ်တစ်ဦးအဖြစ် နောက်လိုက်ရမည်ဖြစ်သည်။ ဘုရားအဖြစ် မယုံကြည်သင့်ပါ။

C.S.Lewis က Part 2 of Mere Christianity တွင် ခုခံတင်ပြထားသည့်အတိုင်း အထက်ကဖော်ပြထားသောခံယူချက်က သခင်ယေရှုသည် စံပြထိုက်သောလူပုဂ္ဂိုလ်တစ်ဦးသာဖြစ်ကြောင်း၊ ဥပမာ–နာမည်ကျော်လူပုဂ္ဂိုလ်တစ်ဦးသာဖြစ်ကြောင်း၊ ထိုထက်မပိုကြောင်း ဖော်ပြထားခြင်း ဖြစ်သည်။

သခင်ယေရှုက ဘုရားသခင်အကြောင်း၊ လူမှုရေးနှင့်ကိုယ်ကျင့်တရား၊ မိမိအကြောင်းကို အံ့သြဖွယ်အကောင်းဆုံးပြောကြားတော်မူခဲ့သည်။ အပြစ်များခွင့်လွှတ်နိုင်သောအခွင့်အာဏာပိုင်ဆိုင်ကြောင်း၊ လူသားများသည် ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်ခြင်းအခွင့်ရရှိနိုင်ရန်လူသားအားလုံးကိုယ်စားပြုအသေခံတော်မူကြောင်းနှင့် လူသားများကယ်တင်ခြင်းရရှိနိုင်ရန် လမ်းတစ်ခုတည်းသည် ကိုယ်တော်ပင်ဖြစ်တော်မူကြောင်း သခင်ယေရှုက မိန့်တော်မူခဲ့သည်။

သခင်ယေရှုကြွေးကြော်တော်မူခြင်းများကို ဆန့်ကျင်ပြောဆိုမည်ဆိုလျှင် ကိုယ်တော့်အကြောင်းနှင့်ပတ်သက်၍ ဖော်ပြနိုင်သောအချက်သုံးချက်ရှိသည်။ သခင်ယေရှုပြောသောအရာများသည်မှားယွင်းပြီးကိုယ်တော်က ထိုအရာကို သိတော်မူသည်။ ကိုယ်တော်ပြောသောအရာများမှားယွင်းပြီး ထိုအရာကို ကိုယ်တော်သိတော်မမူပါ။ ကိုယ်တော်ပြောသောအရာများသည် မှန်ကန်သည်။ ဤယူဆချက်များသည် သခင်ယေရှုအားကြီးမားသောသူဖြစ်ကြောင်း မထင်ရှားစေပါ။ သူသည် သာမန်လူသား၊ ဆရာသမားဖြစ်ကြောင်းသာထင်ရှားစေသည်။ ထိုသို့သောခံယူချက်ရှိသောသူများသည် ပြန်လည်စဉ်းစားဆင်ခြင်ရန်လိုအပ်သည်။

ပထမအဆိုနှင့်ပတ်သက်၍သခင်ယေရှု၏ပြောကြားသောအရာများမှား၍ထိုအရာကို မသိလျှင် သခင်ယေရှုသည် လိမ်ညာလှည့်ဖြားသောသူဖြစ်သည်။ သခင်ယေရှုက မိမိ အကြောင်းနှင့်ပတ်သက်၍ ပြောကြားချက်များမယုံကြည်လျှင် သူသည် မိမိပြောသောအရာများလှည့်ဖြားမှုဖြစ်ကြောင်း ထင်ရှားစေခြင်း ဖြစ်သည်။

မိမိအကြောင်းနှင့်ပတ်သက်၍ သခင်ယေရှု၏ပြောကြားချက်များမှာ သူသွန်သင်သောတရားတော်များ၏အဓိကအကြောင်းအရာပင် ဖြစ်သည်။ ထို့ကြောင့်သခင်ယေရှုကို ကြီးမားသောဆရာဟု ယူဆနိုင်ပါသည်။ သခင်ယေရှုသည် မိမိအကြောင်းနှင့်ပတ်သက်၍ပြောဆိုသောအကြောင်းအရာများနှင့် လူသားများ၏အပြစ်များဖြေလွှတ်ခြင်းအကြောင်းကို စနစ်တကျလှည့်ဖြားနေလျှင် သူသည် ကမ္ဘာပေါ်တွင်ရှိသောဆရာအားလုံးထက်ပို၍ဆိုးသွမ်းသောဆရာဖြစ်ပါလိမ့်မည်။

ဒုတိယအဆိုနှင့်ပတ်သက်၍သခင်ယေရှုသည် မိမိဟောကြားမှုများမှား၍ ထိုအကြောင်းကိုမသိခဲ့လျှင် သူသည် စိတ်မနှံ့ကျပ်မပြည့်သူဖြစ်ပါလိမ့်မည်။ သခင်ယေရှုသည် မိမိ အကြောင်းနှင့်ပတ်သက်၍ဟောကြားတော်မူချက်များအားမှန်ကန်သည်ဟု ယုံကြည်၍ မမှန်လျှင် သူသည် ရူးသွပ်၊ ကျပ်မပြည့်သောသူဖြစ်ပါလိမ့်မည်။ သာမန်လူ တစ်ဦးသည် မိမိကိုယ်ကိုဘုရားဖြစ်ကြောင်းယုံကြည်လျှင် ထိုသူသည် ရူးသွပ်သောသူဖြစ်ပါသည်။

တဖန်၊ သခင်ယေရှုက မိမိသည်ဘုရားဖြစ်ကြောင်းမှားယွင်းစွာသွန်သင်နေလျှင် သူသည် ဆိုးသွမ်းသော၊ လမ်းမှားပို့ဆောင်သောဆရာသမားဖြစ်ပါလိမ့်မည်။

တတိယအဆိုနှင့်ပတ်သက်၍ သခင်ယေရှုက သူသည် ဘုရားဖြစ်တော်မူကြောင်းကြွေးကြော်ချက်သည်မှန်ကန်လျှင် သူသည် ဘုရားပင်ဖြစ်တော်မူသည်။ သခင်ယေရှုက ဘုရားဖြစ်တော်မူသည်ဟု မိမိပြောကြားချက်အားမှန်ကန်နေလျှင် သခင်ယေရှုသည် ကြီးမားသောလူပုဂ္ဂိုလ်ကြီးတစ်ဦးသာမဟုတ်ဘဲ ဤလောက၏အရှင်သခင်ဖြစ်တော်မူသည်။

သခင်ယေရှုကို အရေးကြီးသောပုဂ္ဂိုလ်တစ်ဦးအဖြစ်ခံယူလျှင် သူဟောပြောသောအကြောင်းအရာများကိုလည်း အရေးတကြီးယုံကြည်ရမည် ဖြစ်သည်။ သခင်ယေရှုသည် လေးစားထိုက်သော၊ စံနမူနာယူထိုက်သောဆရာမဟုတ်သောကြောင့် သူဟောပြောသွန်သင်သောတရားတော်များသည်မှားယွင်းနေသည်ဟု ကျွန်ုပ်တို့မပြောနိုင်ကြပါ။ သခင်ယေရှုသည် နာမည်ကြီးသောလူပုဂ္ဂိုလ်မဟုတ်ပါ။ လူသာမည၊ ဆရာတစ်ယောက်သာဖြစ်သည်။ သူသည် ဆရာတစ်ယောက်ထက်လည်းလျှော့နည်းနိုင်ပါသည်။ သာလွန်နိုင်ပါသည်။

သခင်ယေရှုသည် လှည့်ဖြားသောသူ (သို့)ရူးသွပ်သောသူဖြစ်သည်ဟု မယုံကြည်သောသူများသည် သခင်ယေရှုကို သခင်အဖြစ် ယုံကြည်လက်ခံသောသူများဖြစ်ကြပါသည်။ ဤခံယူချက်တွင် သခင်ယေရှုသည်ဘုရားမဟုတ်၊ ကြီးမားသောဆရာတစ်ယောက်ဖြစ်သည်ဟူသောအဆိုကို တိုက်လှန်ကန့်ကွက်ထားသည်။ သခင်ယေရှုသည် အလွန်ကြောက်စရာကောင်းသောဆရာတစ်ပါးဖြစ်သည်ဟူ၍လည်းဖော်ပြချက်မရှိပါ။ သခင်ယေရှုအား လှည့်ဖြားသူ၊ ရူးသွပ်သူမဟုတ်၊ သခင်ဖြစ်တော်မူကြောင်း ထင်ရှားစွာပြသရန် သခင်ယေရှုက မိမိအကြောင်းကိုကြွေးကြော်ခြင်းအကြောင်းရင်းအချို့တို့ကို သေချာစွာလေ့လာသုံးသတ်ရမည် ဖြစ်သည်။

သခင်ယေရှုဟောပြောတော်မူခြင်းများကို အရေးတယူခံယူနိုင်ရန် အကြောင်းရင်းရှိသလား။ လူများစွာတို့က ငြင်းခုံမှုပြုခဲ့ကြသည်။ သခင်ယေရှုသည် သူဟောပြောသောအကြောင်းအရာများကို သေချာစွာသိရှိတော်မူကြောင်း သဘာဝတရားထက်သာလွန်သောအဖြစ်အပျက်များကိုစဉ်းစားခြင်းအားဖြင့် သက်သေပြသနိုင်ပါသည်။ သခင်ယေရှုသည် သေခြင်းမှရှင်ပြန်ထမြောက်တော်မူကြောင်း သမိုင်းသက်သေအရ တွေ့ရသည်။ ဘာသာရေးအခွင့်အရေးအတွက် သခင်ယေရှုမိန့်တော်မူချက်တို့ကို မှီခိုအားထားရပါသည်။

ရှင်ပြန်ထမြောက်ခြင်းသည် သခင်ယေရှုသွန်သင်တော်မူသောတရားတော်များသည် ဘုရားသခင်ပေးအပ်တော်မူသောတရားဖြစ်ကြောင်း၊ သခင်ယေရှု၏သွန်သင်တော်မူသောတရားတော်များကို ဘုရားသခင်အသိအမှတ်ပြုတော်မူကြောင်းထင်ရှားစေသည်။ ဤအရာသည်မှန်ကန်နေလျှင် အထက်တွင်ဖော်ပြထားသောအဆိုသုံးချက်မှ မည်သည့်အဆိုသည် မှန်ကန်နေကြောင်း ပြောပြစရာမလိုတော့ပါ။ ရှင်ပြန်ထမြောက်ခြင်းသည် အရေးကြီးသောသက်သေအထောက်အထားဖြစ်လျှင် သခင်ယေရှုကို အရေးတကြီးယုံကြည်လက်ခံရမည် ဖြစ်သည်။

http://www.existence-of-god.com/lord-liar-licitic.html

**(၃၄) သခင်ယေရှုချီဆောင်ခြင်းခံတော်မူခြင်း**

**သခင်ယေရှုသည် သေခြင်းမှပြန်လည်ထမြောက်တော်မူခဲ့ပြီးနောက် တပည့်တော်များထံ ကြိမ်ဖန်များစွာထင်ရှားတော်မူခဲ့ပြီး နောက် မိမိခမည်းတော်ရှိတော်မူသောနေရာကောင်းကင်ဘုံသို့တက်ကြွတော်မူခဲ့သည်။**

*၁ကော ၁၅း၃–၈၊ တမန် ၁း၆–၁၁။*

**(က) ၁ကော ၁၅း၃–၈ တို့ကိုဖတ်ပါ။**

***မှန်သလား။ မှားသလား။ သခင်ယေရှုရှင်ပြန်ထမြောက်တော်မူခဲ့ပြီးနောက် လူ ၅၀၀ ထက်မနည်းသောသူများက ကိုယ်တော်ကို မြင်တွေ့ခဲ့ကြပြီး ကောရိန္တုသြဝါဒစာရေးသားသည့်အချိန်တွင် အများစုတို့သည် အသက်ရှင်သေးကြသည်။***

*ပေါလုသည် သခင်ယေရှု၏ရှင်ပြန်ထမြောက်တော်မူခြင်းအကြောင်းကို ရေးသားသည့်အချိန်တွင် သခင်ယေရှု၏သေခြင်းမှရှင်ပြန်ထမြောက်တော်မူခြင်းကို မြင်တွေ့သောသူ ၅၀၀ ထက်မနည်းအသက်ရှင်သေးခြင်းသည် အလွန်အရေးပါသောသက်သေအထောက်အထားပင် ဖြစ်သည်။ လူတစ်စုံတစ်ယောက်သည် ပေါလုဖော်ပြချက်ကိုမယုံသံသယရှိလျှင် သူတို့သည် ဤလူအချို့တို့ကိုရှာဖွေ၍ ပေါလုဟောပြောသောအရာကို မှန်/မမှန် မေးမြန်းနိုင်ပါသည်။*

**(ခ) တမန် ၁း၆–၁၁တို့ကို ဖတ်ပါ။**

*ဤအဖြစ်အပျက်သည် သခင်ယေရှုရှင်ပြန်ထမြောက်တော်မူပြီးရက်ပေါင်း ၄၀တွင် ပေါ်ပေါက်ခဲ့သောအဖြစ်အပျက်ဖြစ်ကြောင်း ရှင်းပြပါ။ ထိုအချိန်တွင် ဖြစ်ပျက်သောအရာများကို အတိုချုံး၍ရှင်းပြပါ။ သခင်ယေရှုသည် မိမိတပည့်တော်များနှင့်နေရာများစွာတို့တွင် တွေ့ဆုံတော်မူခဲ့သည်။ ထိုအချိန်တွင် သခင်ယေရှုပြုတော်မူခဲ့သောအရာများတို့သည် ကျမ်းစာအုပ်ထဲတွင် မှတ်တမ်းတင်ထားခြင်းထက်ပို၍ များပြားကြောင်း ရှင်းပြပါ။*

*သခင်ယေရှု၏တပည့်တော်များမေးမြန်းသော ''နိုင်ငံတော်ဆိုင်ရာမေးခွန်း''ကိုရှင်းပြပါ။ သခင်ယေရှုသည် လောကီနိုင်ငံတော်တည် ထောင်တော်မူလိမ့်မည်ဟု သူတို့က မြော်လင့်ခဲ့ကြသည်။ နောက်ပိုင်းရှိသင်ခန်းစာများတွင် သူတို့မြော်လင့်သောလောကီနိုင်ငံတော်အကြောင်းကို ကျွန်ုပ်တို့အသေးစိတ်လေ့လာကြမည်ဟု ရှင်းပြပါ။ သူတို့၏မြော်လင့်ချက်မှာ မှန်ကန်နေသော်လည်း သူတို့သည် ဆန္ဒစောကြသည်။*

**တမန် ၁း၈ တွင် သခင်ယေရှု၏နောက်ဆုံးစကားတော်ကို မှတ်တမ်းတင်ထားပါသည်။ တမန် ၁း၈ကိုဖတ်ပြီး သခင်ယေရှုက မိမိတပည့်တော်များအပေါ် နောက်ဆုံးမိန့်တော်မူခဲ့သောစကားကို အတိုးချုံး၍တင်ပြပါ။**

*''သန့်ရှင်းသောဝိညာဉ်တော်''သည် မိမိတပည့်တော်များအပေါ်သို့ ဆင်းသက်တော်မူလိမ့်မည်ဟု သခင်ယေရှုက ကတိပြုတော်မူခဲ့သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် သုံးပါးတစ်ဆူမှ တစ်ပါးဖြစ်တော်မူကြောင်းရှင်းပြပါ။ သခင်ယေရှုနှင့်ခမည်းတော်တို့သည် ဘုရားဖြစ်ကြသည့်နည်းတူ သူ(သန့်ရှင်းသောဝိညာဉ်တော်)သည် ဘုရား ဖြစ်သည်။*

*သန့်ရှင်းသောဝိညာဉ်တော်သည် ယုံကြည်သူများအထဲ၌ကျိန်းဝပ်တော်မူသော သုံးပါးတစ်ဆူမှပုဂ္ဂိုလ်တစ်ပါးဖြစ်တော်မူ၍၊ ယုံကြည်သူများသည် ဘုရားသခင်၏တန်ခိုးတော်အားဖြင့် ဘုရားသခင်အားအစေခံနိုင်ရန်အတွက် တန်ခိုးကိုချပေးတော်မူသောဘုရားဖြစ်သည်။*

**(ဂ) တမန် ၁း၉–၁၁တို့ကိုဖတ်ပါ။**

**ဖြူစင်သောအဝတ်အစားဝတ်သောကောင်းကင်တမန်နှစ်ပါးက သခင်ယေရှု၏နောက်လိုက်တပည့်များထံ မည်သည့်ကတိကို ပေးခဲ့ကြသနည်း။**

သခင်ယေရှုသည် လောကသို့တဖန်ပြန်လည်ကြွလာတော်မူလိမ့်မည်ဟု ပြောကြားခဲ့ကြသည်။ သူတို့ပြောကြားသောကတိမှ အရေးကြီးသောအချက်နှစ်ချက်ရှိပါသည်။

*၁။ ''သင်တို့မြင်တွေ့နေသောယေရှု''– သူတို့အလယ်မှာအသက်ရှင်တော်မူခဲ့၍ အသေခံတော်မူလျက် သေခြင်းမှပြန်လည်ထမြောက်တော်မူသော သခင်ယေရှုပင် ဖြစ်သည်။*

*၂။ ''သင်တို့မြင်တွေ့သည့်အတိုင်းပြန်လည်ကြွလာတော်မူမည်''– ကိုယ်တွေ့မျက်မြင်ချီဆောင်မှုခံရခြင်းသည် သခင်ယေရှုပြန်လည်ကြွလာတော်မူခြင်းသည်လည်း ကိုယ်တွေ့မျက်မြင်ဖြစ်သည့်အကြောင်းကို ဆိုလိုသည်။*

**(ဃ) နောက်တဖန် ကျမ်းစာသမိုင်း၌ သခင်ယေရှုပြန်လည်ထင်ရှားတော်မူခြင်းကို ကျမ်းချက်အနည်းငယ်တွင် တင်ပြထားပါသည်။ တမန် ၇း၅၄–၅၆တို့ကို ဖတ်ပါ။**

*အကြောင်းအရာကိုလေ့လာပါ– သတေဖန်အသတ်ခံရခြင်း*

**ထိုအချိန်တွင် သခင်ယေရှုသည် မည်သည့်နေရာတွင်ရှိတော်မူခဲ့သနည်း။**

သခင်ယေရှုသည် ကောင်းကင်နိုင်ငံတော်တွင်ရှိတော်မူသည်။ ဘုရားသခင်၏လက်ယာတော်ဘက်တွင် မတ်သပ်ရပ်တော်မူသည်။ ကိုယ်တော်သည် သတေဖန်အပေါ်ဖြစ်ပျက်သောအရာများကို မြင်တွေ့တော်မူ၍ ယခုစစ်မှန်သောယုံကြည်သူများရောက်သောနေရာ ပါရဒိသုခဘုံတွင် သတေဖန်အားလက်ခံရန် ရပ်လျက်စောင့်ကြိုတော်မူခဲ့သည်။

**(င) ယခုကောင်းကင်နိုင်ငံတွင် သခင်ယေရှုသည် မည်သည့်အရာကိုလုပ်ဆောင်တော်မူသနည်း။**

**ဟေဗြဲ ၇း၂၄–၂၅တို့ကို ဖတ်ပါ။ မှတ်ချက် ။ ။ *သူနှင့်သူ့ကို (*New King James Version နှင့်အခြားဘာသာပြန်ဆိုခြင်းများ)က သခင်ယေရှုကို ရည်ညွှန်းထားပါသည်။**

သခင်ယေရှုသည် သူအားဖြင့်ဘုရားသခင်ထံတော်သို့ရောက်ရှိလာသောသူများအတွက် ကိုယ်စားပြုဆုတောင်းပေးရန် ''အစဉ်အမြဲအသက်ရှင်''တော်မူသည်။ ''သခင်ယေရှုသည် မိမိအားဖြင့် ဘုရားသခင်ထံတော်သို့ ရောက်ရှိလာရန် အလိုတော်ရှိသည်''ဟု ကျောင်းသူ/သားများအားရှင်းပြပါ။ ထိုသို့ပြုလျှင် ''မိတ်ဆွေ၏လိုအပ်မှုများအတွက် သခင်ယေရှုသည် ဘုရားသခင်ထံတောင်းလျှောက်ပေးလိမ့်မည်''

**မှတ်ချက်။ ။** *The King James Versionတွင် "uttermost" စကားလုံးသည် ''ပြည့်စုံခြင်း'' (သို့) ''အမြဲတမ်း'' ဖြစ်သည်။*

## (၃၅) ပေတရုသတင်းကောင်းဟောပြောခြင်း

**သခင်ယေရှုကောင်းကင်ဘုံသို့တက်ကြွတော်မူခဲ့ပြီးနောက် တပည့်တော်များထံ သခင်ယေရှုက မည်သူဖြစ်တော်မူသည်ကိုလည်းကောင်း၊ မည်သည့်အရာများလုပ်ဆောင်တော်မူခဲ့သည်ကိုလည်းကောင်း၊ လူများသည် ကိုယ်တော့်အား အဘယ်ကြောင့်ကယ်တင်ရှင်အဖြစ်ယုံကြည်သင့်သည်ကိုလည်းကောင်း ဝေငှဟောပြောခဲ့ကြသည်။**

*တမန် ၂း၂၂–၃၆*

**(က) သခင်ယေရှုကောင်းကင်ဘုံသို့ချီးဆောင်ခံပြီးဆယ်ရက်မြောက်သောနေ့တွင် ကတိတော်ရှိသည့်အတိုင်း ဘုရားသခင်၏ဝိညာဉ်တော်သည် သခင်ယေရှု၏နောက်လိုက်တပည့်တော်များအပေါ် သက်ရောက်ခဲ့ပါသည်။**

*သခင်ယေရှုချီဆောင်တော်မူခြင်းခံပြီးနောက် ပင်တေကုတ္တေနေ့ယုံကြည်သူများ ၁၂၀ အထက်ခန်းတွင်စုရုံးပြီး သန့်ရှင်းသောဝိညာဉ်တော်ဆင်းကြွလာသောအချိန်ထိ အဖြစ်အပျက်များကို ချုံငုံရှင်းပြပါ။ အသေးစိတ်၊ လုံးစေ့ပတ်စေ့မရှင်းပြပါနှင့်။ နှစ်ပတ်လည်ပင်တေကုတ္တေပွဲနေ့အတွက် ယေရုရှလင်မြို့သို့ရောက်ရှိလာသောသူများအပေါ် အခြားဘာသာစကားဖြင့် အချင်းချင်းဆက်သွယ်နိုင်ရန် သန့်ရှင်းသောဝိညာဉ်တော်က သခင်ယေရှု၏နောက်လိုက်တပည့်တော်များအပေါ် အံ့ဩဖွယ်ကောင်းသောတန်ခိုး၊အစွမ်းအစချပေးတော်မူကြောင်းရှင်းပြပါ။*

*ထိုအချိန်မှစ၍ယခုချိန်အထိ လူတစ်ယောက်သည် သခင်ယေရှုခရစ်တော်ကိုယုံကြည်လက်ခံသောအခါ ဘုရားသခင်၏ဝိညာဉ်တော်သည် ထိုသူအထဲ၌ ချက်ခြင်းကျိန်းဝပ်တော်မူကြောင်း အတိုချုပ်၍ရှင်းပြပါ။*

**(ခ) အချိန်တစ်ခုတွင် သခင်ယေရှု၏နောက်လိုက်တပည့်တစ်ဦး(ပေတရု)က သခင်ယေရှုအကြောင်းကို စတင်ဟောပြောခဲ့ပါသည်။ ပေတရုသည် ကိုယ်တိုင်ကြားသိသောအရာများကိုအခြေပြုလျက် သခင်ယေရှုအကြောင်းကို မည်သို့ဟောပြောခဲ့သနည်း။**

**တမန် ၂း၂၂–၃၆တို့ကို ဖတ်ပါ။**

- **သူ၏ဘဝ(အငယ် ၂၂)**

[၂၂]''ဣသရေလလူတို့၊ ငါ့စကားကိုနားထောင်ကြလော့။ သင်တို့သိကြသည့်အတိုင်းနာဇရက်မြို့သားယေရှုသည် ထူးဆန်းသောတန်ခိုး၊ နိမိတ်လက္ခဏာ၊ အံ့ဘွယ်သောအမှုတို့ကိုသင်တို့တွင်ပြုရသောအခွင့်နှင့် ဘုရားသခင်ပေးတော်မူသောသက်သေကိုရသောသူဖြစ်သည်–

*၁။ သခင်ယေရှုသည် ဘုရားသခင်၏သားတော်၊ ဘုရားဖြစ်တော်မူကြောင်းသူပြောပြခဲ့သည့်အတိုင်း သခင်ယေရှုအားဖြင့်ပြုသောအံ့ဩဖွယ်နိမိတ်လက္ခဏာအားဖြင့် ဘုရားသခင်က ခိုင်မာစွာ သက်သေပြသတော်မူခဲ့သည်။*

*၂။ ''သင်တို့ကိုယ်တိုင်မြင်တွေ့ကြသည့်အတိုင်း''– လူများစွာတို့သည် သခင်ယေရှုပြုတော်မူခဲ့သော အံ့ဩဖွယ်နိမိတ်လက္ခဏာများကိုမြင်တွေ့ခဲ့ကြသည်။ သူတို့သည်မယုံကြည်နိုင်အောင် မငြင်းဆိုနိုင်ကြပါ။*

- **သူ၏အသေခံတော်မူခြင်း(အငယ် ၂၃)**

[၂၃]''ဘုရားသခင်ပြဋ္ဌာန်းတော်မူသောအလိုတော်အားဖြင့်၄င်း၊ အနာဂတံသဉာဏ်အားဖြင့်၄င်း၊ အပ်နှံခြင်းကိုခံသောထိုယေရှုကို သင်တို့သည် ဖမ်းဆီး၍ မတရားသောသူတို့လက်ဖြင့် လက်ဝါးကပ်တိုင်၌ရိုက်၍ကွပ်မျက်ကြပြီ။

*၁။ သခင်ယေရှုအသေခံတော်မူခြင်းသည် လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက ဘုရားသခင်၏အကြံအစည်တော်ပင် ဖြစ်သည်။ ကမ္ဘာမတည်မရှိမီအချိန်က ကြိုတင်ပြင်ဆင်ထားခဲ့ခြင်းဖြစ်သည်ဟု အခြားကျမ်းချက်များတွင် ဖော်ပြထားပါသည် (ဖေက် ၁း၃–၇)။*

*၂။ သို့သော် ''မတရားသောလက်များ''က သခင်ယေရှုကိုဖမ်းဆီး၍ ကားတိုင်ပေါ်တွင် သတ်ခဲ့ရပါသည်။*

- **သူ၏ရှင်ပြန်ထမြောက်တော်မူခြင်း(အငယ် ၂၄–၃၂)**

ထိုနောက် ရှင်ဘုရင်ဒါဝိဒ်ရေးထားသောဓမ္မဟောင်းကျမ်းရှိဆာလံကျမ်း(သီချင်း)ကျမ်းချက်တစ်ခုကို ပေတရုက ကိုးကားခဲ့ပါသည်– ဆာလံ ၁၆း၂၄–၃၂။

[၂၄]''ထိုသူကို သေခြင်းဝေဒနာသည် အစဉ်ချည်နှောင်ချုပ်ကိုင်၍မဖြစ်နိုင်သည်နှင့် ထိုဝေဒနာကို ဘုရားသခင်သည် ချွတ်ပယ်၍ထမြောက်စေတော်မူပြီ။ [၂၅]ထိုသူကိုအကြောင်းပြုလျက် ဒါဝိဒ်မင်းက

'ငါသည်ထာဝရဘုရားကိုအစဉ်မပြတ်မျက်မှောက်ပြု၏။

အကြောင်းမူကား၊ ငါ့လက်ျာဘက်၌ တည်ရှိတော်မူသည်ဖြစ်၍ ငါသည်လှုပ်ရှားခြင်းမရှိရ။

[၂၆]ထိုကြောင့်ငါ့စိတ်နှလုံးသည် သာယာခြင်း၊ငါ့ဝိညာဉ်သည်လည်းရွှင်လန်းခြင်းရှိ၏။

ထိုမှတပါးငါ့အသားသည်မြော်လင့်လျက်ကျိန်းဝပ်လိမ့်မည်။

[၂၇]အကြောင်းမူကား၊ ကိုယ်တော်သည်အကျွန်ုပ်၏ဝိညာဉ်ကိုမရဏာနိုင်ငံ၌ပစ်ထားတော်မမူ။ ကိုယ်တော်၏ သန့်ရှင်းသောသူအားလည်း

ပုပ်စပ်ခြင်းကိုရှိစေတော်မမူဘဲလျက်၊ အသက်ရှင်ခြင်းလမ်းကိုပြည့်ဆွန်တော်မူလိမ့်မည်။

၂၈ မျက်နှာတော်ကိုဖူးမြင်ရသောအားဖြင့်ဝမ်းမြောက်သောစိတ်နှင့်အကျွန်ုပ်ကို ပြည့်စုံစေတော်မူလိမ့်မည်ဟု ဒါဝိဒ်ဆိုသတည်း။

၂၉ ညီအစ်ကိုတို့၊ အမျိုး၏အဘဖြစ်သောဒါဝိဒ်၏အကြောင်းကို ငါသည်သင်တို့အားအတည့်အလင်းပြောပါရစေ။ ထိုဒါဝိဒ်သည် သေ၍
သင်္ဂြိုဟ်သောတွင်းသည်ယခုတိုင်အောင်ငါတို့၌ ရှိ၏။ ၃၀ ထိုသူသည် မိမိအမျိုးအနွယ်ထဲကလူဇာတိအားဖြင့် ခရစ်တော်ကိုဘုရားသခင်
ထမြောက်စေ၍ မိမိပလ္လင်ပေါ်မှာ တင်တော်မူမည်အကြောင်း ဓိဌာန်ကျိန်ဆိုတော်မူသည်ကိုပရောဖက်ဉာဏ်အားဖြင့်သိ၍၊ ၃၁ ခရစ်တော်၏
ထမြောက်ခြင်းအကြောင်းကို ရည်မှတ်လျက်၊ ထိုခရစ်တော်၏စိတ်ဝိညာဉ်ကို မရဏာနိုင်ငံ၌ ပစ်ထားတော်မမူ။ အသားသည်လည်း
ပုပ်စပ်ခြင်းသို့မရောက်ဟု အနာဂတံသဉာဏ်နှင့်ဟောလေ၏။ ၃၂ ထိုယေရှုကို ဘုရားသခင်ထမြောက်စေတော်မူသည်ကို ငါတို့ရှိသမျှ
သည် သက်သေခံဖြစ်ကြ၏။

**မှတ်ချက်။ ။ ပေတရုသည် ဆာလံ ၁၆း၈–၁၀ကို အငယ် ၂၅–၂၈တွင် ပြန်လည်ကိုးကားခဲ့ပါသည်။ ဤဆာလံကျမ်းသည် သခင်ယေရှုတည်ရှိတော်မမူမီနှစ်ပေါင်း ၁၀၀၀ခန့်တွင် ဒါဝိဒ်မင်းကြီးရေးသားခဲ့ခြင်းဖြစ်ကြောင်း ဂရုစိုက်ပါ။**

- **သူ၏ချီဆောင်မှုခံတော်မူခြင်း(အငယ် ၃၃–၃၅)**

၃၃ ထိုသို့ဘုရားသခင်သည် လက်ျာလက်တော်နှင့်ချီးမြှောက်တော်မူသဖြင့်၊ ထိုသခင်သည်ဂတိတော်နှင့်ယှဉ်သောသန့်ရှင်းသောဝိညာဉ်တော်ကိုခမည်းတော်ထံ၌ခံပြီးဖြစ်၍ သင်တို့သိမြင်ကြားရသောအရာကို ညွှန်းလောင်းတော်မူ၏။

၃၄ ဒါဝိဒ်သည် ကောင်းကင်သို့မသက်သေး။

၃၅ သို့ရာတွင်ထာဝရဘုရားက၊ သင်၏ရန်သူတို့ကို သင်၏ခြေတင်ရာငါမချမထားမှီတိုင်အောင်ငါ့လက်ျာဘက်၌ထိုင်နေလော့ဟုငါ့သခင်အားမိန့်တော်မူသည်ဟု ဒါဝိဒ်စကားရှိ၏။

**(ဂ) နာဇရက်မြို့သားယေရှုအကြောင်းနှင့်ပတ်သက်၍ ပေတရုက မည်ကဲ့သို့ နောက်ဆုံးစကားပြောခဲ့သနည်း။**

**အငယ် ၃၆ကို ဖတ်ပါ။**

၃၆ ထိုကြောင့် သင်တို့သည် လက်ဝါးကပ်တိုင်မှာကွပ်မျက်သောယေရှုကို ဘုရားသခင်သည် ခရစ်တော်အရာ၌၄င်း၊ အစိုးရသောအရှင်အရာ၌၄င်းခန့်ထားတော်မူသည့်အကြောင်းကို ဣသရေလအမျိုးသားအပေါင်းတို့အတပ်အမှန်သိမှတ်ကြလော့ဟု ပေတရုဟောလေ၏။

*ပေတရုက သခင်ယေရှုအား အခြားသူများကဲ့သို့ ကောင်းမွန်စွာ သိရှိခဲ့သည်ကို မှတ်ထားပါ။ ပေတရုက သခင်ယေရှုနှင့်အတူ သုံးနှစ်သုံးမိုးလုံးလုံး နေထိုင်စားသောက်ခဲ့သည်။ ကိုယ်တိုင်ကိုယ်ကျ သခင်ယေရှု၏အသက်တာကိုလေ့လာခဲ့သည်။ ကိုယ်တော်၏တရားတော်ကိုနာခံခဲ့သည်။ ကိုယ်တော်ပြုသောအံ့သြဖွယ်နိမိတ်လက္ခဏာများကိုလည်း မြင်တွေ့ခဲ့သည်။ ရှင်ပြန်ထမြောက်တော်မူခဲ့ပြီးနောက် နာရီပေါင်းများစွာ သခင်ယေရှုနှင့်အတူ သွားလာခဲ့သည်။ ကောင်းကင်ဘုံသို့ချီဆောင်ခြင်းခံရခြင်းကိုလည်းမြင်တွေ့ခဲ့သည်။ ပေတရုက သူ ပြောသောအရာများကို သေချာဂနစွာသိရှိခဲ့သည်။*

*သို့သော် မယုံကြည်နိုင်စရာအဖြစ်အပျက်တစ်ခုမှာ ရက်ပေါင်း ၅၃အတောအတွင်း ပေတရုသည် မိမိယုံကြည်မှုကို လွဲချော်သွားခဲ့သည်။ သူပြောခဲ့သောအရာများကို သူမမှတ်မိတော့ပါ။ ပင်တေကုတ္တေပွဲနေ့ရောက်သည့်အထိ သူက သခင်ယေရှုကို ငြင်းပယ်ခဲ့ပါသည်။ သခင်ယေရှုသည် မည်သူဖြစ်တော်မူကြောင်းကို ပြန်လည်ယုံကြည်နိုင်ရန်အတွက် ထိုအချိန်တွင် တစ်စုံတစ်ရာ အဖြစ်အပျက်တစ်ခုလိုအပ်လာပါသည်။ သခင်ယေရှုသည် မည်သူဖြစ်တော်မူသည်ကိုလည်းကောင်း၊ ''သခင်နှင့်ခရစ်တော်''ဖြစ်တော်မူသည်ကိုလည်းကောင်း သူ၏ယုံကြည်မှုပြန်လည်ခိုင်ခံစေနိုင်ရန်သောအရာမှာ သခင်ယေရှု၏ရှင်ပြန်ထမြောက်ခြင်းပင် ဖြစ်သည်။*

**(၃၆)ယုံကြည်သူများအတွက် ယေရှုပြန်လည်ကြွလာခြင်း**

**သခင်ယေရှုသည် လောကတွင်အသက်ရှင်တော်မူစဉ်ခါ ကတိပြုတော်မူခဲ့သည့်အတိုင်း ကိုယ်တော်သည် မကြာမီ ပြန်လည်ကြွလာတော်မူ၍ သူ့ကိုယုံကြည်သောသူများအား သူနှင့်အတူကောင်းကင်နိုင်ငံတော်တွင် အသက်ရှင်ရန် သိမ်းဆည်းတော်မူမည် ဖြစ်သည်။**

*ယောဟန် ၁၄း၁–၃၊ ၁သက် ၄း၁၃–၁၈။*

**(က) ကြီးမားသောကျမ်းစာသမိုင်းအပိုင်းရှိနောက်ဆုံးအဖြစ်အပျက်ငါးခုတို့မတိုင်မီ ဤအကြောင်းအရာကို အနည်းငယ်တင်ဆက်ထားခြင်း ဖြစ်သည်။ ကျွန်ုပ်တို့သည် ကျမ်းစာသမိုင်းအကြောင်းကိုလေ့လာနေကြသည်။ သို့သော် ယခုတွင် *မြော်လင့်ခြင်းသမိုင်း* သည် ကျမ်းစာသမိုင်းမှ ကျမ်းစာပရောဖက်ပြုခြင်းသို့ တဖြည်းဖြည်းရွေ့သွားခြင်းကို တွေ့ကြပါလိမ့်မည်။**

**(ခ) သခင်ယေရှုသည် အသေခံတော်မမူမီ တပည့်တော်များထံ မည်သည့်စကားဖြင့် နှစ်သိမ့်အားပေးတော်မူခဲ့သနည်း။**

**ယောဟန် ၁၄း၁–၃တို့ကို ဖတ်ပါ။**

*သခင်ယေရှုက တပည့်တော်များကိုစွန့်ခွါသွားမည့်အကြောင်းပြောပြတော်မူသောအခါ သူတို့သည် အလွန်အမင်းစိတ်ပူပန်ခဲ့ကြသည်ဟု ရှင်းပြခြင်းအားဖြင့် ဤသင်ခန်းစာ၏အဓိကအကြောင်းအရာကို ပြောပြပါ။*

**သခင်ယေရှုက ကတိလေးခုကိုပေးအပ်တော်မူခြင်းအားဖြင့် သူတို့ကိုနှစ်သိမ့်တော်မူခဲ့သည်။**

***၁။ ကောင်းကင်နိုင်ငံတော်(ငါ့အဖ၏အိမ်တော်)တွင် နေစရာအခန်းအများအပြားရှိသည်။***

***မှတ်ချက်။*** *။ အချို့သောနေရာတွင် ''နေရာများ''၊ အချို့တွင် ''အခန်းများ''ဟုဘာသာပြန်ဆိုထားပါသည်။ ဘုရားသခင်၏အိမ်တော်(ကောင်းကင်နိုင်ငံ)တွင် ''နေရာအခန်းများ''ဟုဖော်ပြထားလျှင် နေအိမ်များကို မျက်စိတွင်မြင်ယောင်ပြီး ချက်ခြင်းနားလည်ပါလိမ့်မည်။*

*၂။ သင်တို့အတွက် နေရာအခန်းများပြင်ဆင်ရန် ငါသွားရမည်။*

*၃။ ငါသွားသည့်အတိုင်း သင်တို့ကိုပြန်လည်သိမ်းဆည်းရန် ပြန်လာဦးမည်။*

*၄။ ငါရှိသောနေရာ (ခမည်းတော်၏အိမ်တော်)တွင် သင်တို့နှင့်အတူနေရမည်။*

**(ဂ) *ချီဆောင်ခြင်းခေါ်* သခင်ယေရှုပြန်လည်ကြွလာတော်မူခြင်းအကြောင်းကို သိရှိနိုင်ရန် ၁သက် ၄း၁၃–၁၈တို့ကို ဖတ်ပါ။**

- **သေပြီးသောသခင်ယေရှု၏နောက်လိုက်တပည့်တော်များအပေါ် မည်သည့်အရာဖြစ်ပျက်လိမ့်မည်နည်း။**

အငယ် ၁၃–၁၄ – သခင်ယေရှုပြန်လည်ကြွလာတော်မူသောအခါ ဘုရားသခင်သည်သူတို့ကို ခေါ်တော်မူလိမ့်မည်။ ယခုတွင်သူတို့သည် ဘုရားသခင်နှင့်အတူရှိကြောင်း ညွှန်ပြထားပါသည်။

အငယ် ၁၆ – ''ခရစ်တော်၌သေလွန်သောသူတို့သည် အဦးထမြောက်ကြလိမ့်မည်။'' ဘုရားသခင်သည် သေလွန်သောသူများအား အဦးဆုံးထမြောက်စေတော်မူလျှင် သူတို့သည်မည်သည့်ပုံစံဖြင့် အရင်ဦးဆုံးထမြောက်ကြလိမ့်မည်နည်း။

*ယုံကြည်သူတစ်ဦးသေဆုံးသွားသောအခါ မျက်စိဖြင့်မမြင်နိုင်သောအစိတ်အပိုင်း– လူတစ်ဦး၏မရှိမဖြစ်လိုအပ်သောအစိတ်အပိုင်း (''ဝိညာဉ်'' သို့မဟုတ် ''စိတ်''ဟုခေါ်သည့်)သည် သခင်ယေရှု၊ဘုရားသခင်နှင့်အတူနေထိုင်ရန် ကောင်းကင်ဘုံသို့သွားပါသည်။ သူ၏ရုပ်ကလပ်သည် လောက၌သာကျန်ရစ်ခဲ့သည်။ သခင်ယေရှုပြန်လည်ကြွလာတော်မူသောအခါ ယုံကြည်သူများ၏ဝိညာဉ်များသည်လည်း သခင်ယေရှုနှင့်အတူပြန်လည်ကြွလာကြလိမ့်မည်။ သူတို့၏ကိုယ်ခန္ဓာများသည်လည်း ပြန်လည်ထမြောက်ကြလိမ့်မည်။(မပျက်ဆီးသောကိုယ်ခန္ဓာ)။ ထိုအချိန်တွင် သူတို့၏ဝိညာဉ်များသည် ရှင်ပြန်ထမြောက်သောကိုယ်ခန္ဓာများဖြင့် ပြန်ပေါင်းကြပါလိမ့်မည်။*

- **အသက်ရှင်သေးသောသခင်ယေရှု၏တပည့်တော်များအပေါ် မည်သည့်အရာဖြစ်ပျက်လိမ့်မည်နည်း။**

အငယ် ၁၅–၁၇ – သူတို့သည် သေပြီးသောယုံကြည်သူများနှင့်အတူ ''ချီဆောင်ခြင်း''ခံရကြ၍ မိုးတိမ်ပေါ်တွင် သခင်ယေရှုနှင့်တွေ့ဆုံကြလိမ့်မည်။ သူတို့သည် သခင်ယေရှုနှင့်အတူအစဉ်အမြဲနေထိုင်ရကြလိမ့်မည်။

*''ချီဆောင်ခြင်း''စကားလုံးကို ဤအဖြစ်အပျက်အတွက် အသုံးပြုသောအခါ လာတင်ဘာသာစကားဖြင့် ''သိမ်းဆည်းခြင်း'' (လာတင်= rapiemur ဖြစ်သည်)။*

**(ဃ) ၁ကော ၁၅း၁–၅၇တို့ကို ဖတ်ပါ။ သခင်ယေရှုခရစ်တော်ပြန်လည်ကြွလာတော်မူခြင်းနှင့်ပတ်သက်၍ ဤကျမ်းချက်များတွင် မည်သည့်အရာကို ထပ်မံဖော်ပြထားသနည်း။**

ဤကျမ်းချက်များတွင် အရင်ကဖော်ပြထားသောအကြောင်းအရာများကို ပြန်လည်တင်ဆက်ထားပါသည်။ အောက်တွင် သော့ချက်အချို့တို့ကို ဖော်ပြထားပါသည်။

*၁။ ''ကျွန်ုပ်တို့အားလုံးသေရမည်မဟုတ်ပေ။''– ယုံကြည်သူအချို့ (သခင်ယေရှုပြန်လည်ကြွလာတော်မူသောအခါ အသက်ရှင်သေးသော သူများ)သည် သေခြင်းနှင့်ရင်ဆိုင်ရတော့မည်မဟုတ်ပါ။ ယုံကြည်သူများအတွက် သခင်ယေရှုပြန်လာကြွလာတော်မူသောအခါ သူတို့၏ ကိုယ်ခန္ဓာများသည် ''မသေနိုင်၊ မပျက်ဆီးနိုင်သော''ကိုယ်ခန္ဓာသို့ ပြောင်းလဲသွားကြမည်ဖြစ်သည်။ ထိုခန္ဓာကိုယ်ဖြင့်ကောင်းကင်နိုင်ငံတော်သို့ ဝင်ရောက်ရကြမည်ဖြစ်သည်။*

***မှတ်ချက်။ ။*** *မသေနိုင်သောကိုယ်ခန္ဓာ=မပုပ်ပျက်ခြင်း၊ မပျက်ဆီးနိုင်သောကိုယ်ခန္ဓာ=မသေနိုင်ခြင်း*

*၂။ ''ချီဆောင်ခြင်း''သည် ဖျက်ခနဲဖြစ်ပျက်လိမ့်မည်– ''လျှပ်စစ်ကဲ့သို့၊ မျက်စိတစ်မှိတ်ကဲ့သို့။''*

*၃။ ဤအဖြစ်အပျက်စတင်ဖြစ်ပျက်တော့သည့်အချိန်တွင် တံပိုးမှုတ်သံကြားရပါလိမ့်မည်။*

*၄။ ထိုအချိန်တွင် သခင်ယေရှုခရစ်တော်၌ယုံကြည်သူများက သေခြင်းအပေါ် ''ကြီးမားသောအောင်မြင်ခြင်း''ခံစားရကြမည်။*

*ကျောင်းသူ/သားများမေးရမည့်မေးခွန်းမှာ– ''သခင်ယေရှုသည် ယုံကြည်သူများအတွက် ယခုပင်ကြွလာတော်မူလျှင် သင်သည် အဆင်သင့်ဖြစ်နေပါသလား။''*

*ကျမ်းစာသမိုင်းရာဇဝင်*

**သခင်ယေရှုအား အဖြစ်အပျက်များတွင် မည်ကဲ့သို့ ပုံဆောင်ထားသနည်း (၃၃)၊ (၃၄)၊ (၃၅)၊ ၃၆)။**

## (၃၇) ဘုရင်အဖြစ်ယေရှုပြန်လည်ကြွလာတော်မူခြင်း

**သခင်ယေရှုသည် ယုံကြည်သူများအတွက်ပြန်လည်ကြွလာတော်မူပြီးနောက် မကြာမီ ကိုယ်တော်သည် ကောင်းကင်ဘုံသို့ ချီဆောင်ခြင်းခံသောသူများနှင့်အတူပြန်လာကြွလာတော်မူ၍ ဘုရင်အဖြစ်တစ်ကမ္ဘာလုံးကို အုပ်ချုပ်တော်မူလိမ့်မည်။**

*ဗျာဒိတ် ၁၉း၁၁–၁၉၊ ဗျာဒိတ် ၂၀း၁–၆။*

**(က) ဗျာဒိတ်ကျမ်း၏စာပေးအရေးအသားသည် နက်နဲသော ပုံဆောင်ချက်များကိုအသုံးပြုထားကြောင်း သတိပြုပါ။ သို့သော် ထိုပုံဆောင်ချက်များကိုအသုံးပြုထားသောစကားလုံးများကိုနှိုက်နှိုက်ချွတ်ချွတ်ကြည့်လျှင် အဓိကအချက်လေးချက်တွေ့ရသည်။ ဗျာဒိတ် ၁၉း၁၁–၁၉တို့ကိုဖတ်ပါ။**

- **သခင်ယေရှုသည် လောကသို့ ပြန်ကြွလာတော်မူမည်။ (ကျွန်ုပ်တို့လေ့လာခဲ့သောအကြောင်းအရာတွင် သူသည် သခင်ယေရှုဖြစ်သည်ဟု အဘယ်ကြောင့်ယူဆသနည်း။)**

*ဤကျမ်းပိုဒ်များထဲတွင် ယုဒလူမျိုးမေရှိယ(ခရစ်တော်)နှင့်ဟပ်စပ်ဆက်နွယ်သော ပုံဆောင်ချက်များစွာ တွေ့ရပါသည်။ သို့သော် ကျမ်းချက်ဖော်ပြသည့်အတိုင်းသာ ရှင်းပြပါ။ မြင်းစီးသူမှာ သခင်ယေရှုဖြစ်ကြောင်းဖော်ပြချက်ကိုသာအဓိကထားပါ။*

*၁။ ယောဟန် ၁း၁၄တွင် သခင်ယေရှုအား ''ဘုရားသခင်၏နှုတ်ကပတ်တော်''ခေါ်ကြောင်းတွေ့ရသည်။ ''သစ္စာရှင်''နှင့် ''စစ်မှန်'' နာမည်များသည်လည်း ကိုယ်တော်နှင့်သင့်တော်ထိုက်တန်သောနာမည်များဖြစ်ကြသည်။*

*၂။ သခင်ယေရှုအား ဤမြင်းဖြူကိုစီးသောသူဟု တိကျစွာ သတ်မှတ်ထားခြင်းမရှိသော်လည်း ကိုယ်တော်အား ''ဘုရင့်တကာ့ဘုရင်၊ အရှင်တကာ့အရှင်''ဟုခေါ်ဝေါ်သမုတ်ခြင်းခံထားသောသူမှာ သခင်ယေရှုပင် ဖြစ်တော်မူသည်။ သခင်ယေရှုသည် အကြီးဆုံးသောရှင်ဘုရင်နှင့်အကြီးဆုံးသောသခင်ဖြစ်တော်မူသည်။*

*၃။ အသွေး၌ဝတ်လုံညစ်ခြင်းမှာ ယဇ်ပူဇော်ခြင်းခံရသော''ဘုရားသခင်၏သိုးသငယ်တော်''သွန်းလောင်းတော်မူသောအသွေးတော်ကို ပုံဆောင်ထားခြင်းဖြစ်သည်။*

*မှတ်ချက်။ ။ ဤပြန်လည်ကြွလာတော်မူခြင်းသည် အဖြစ်အပျက် ၃၆တွင် ဖော်ပြထားသောလမ်းအတိုင်း ကြွလာတော်မူမည်မဟုတ်ပါ။ သခင်ယေရှုသည် ''ပြန်လည်ကြွလာတော်''မူသောအခါ အခြားလမ်းဖြင့် ကြွလာတော်မူလိမ့်မည်။ ကိုယ်တော်ပြန်လည်ကြွလာတော်မူသောအခါ ယုံကြည်သူများကို သိမ်းဆည်းတော်မူမည်။ ယုံကြည်သူများသည် မိုးတိမ်ပေါ်တွင် ချီဆောင်ခြင်းခံရကြမည် ဖြစ်သည်။*

- **ကောင်းကင်ဗိုလ်ခြေများဖြင့်သခင်ယေရှုကြွလာတော်မူလိမ့်မည်။ (မည်သူက ဤကောင်းကင်တမန်များကိုဖွဲ့စည်းမည်နည်း)။**

ဤကျမ်းချက်တွင် ကောင်းကင်ဗိုလ်ခြေများတို့သည် မည်သူတွေဖြစ်ကြသည်ကို တိကျစွာဖော်ပြထားခြင်းရှိပါ။ သို့သော် သူတို့၏အခြေအနေ၊ လုပ်ဆောင်မှုကိုကြည့်ခြင်းအားဖြင့် ခန့်မှန်းနိုင်ပါသည်။ သူတို့သည် ကောင်းကင်တမန်တော်များဖြစ်နိုင်သည်။သို့သော် ဘာသာပြန်ဆိုခြင်းအများစုတွင် သူတို့သည် ကောင်းကင်နိုင်ငံ၌ သခင်ယေရှုနှင့်အတူနေထိုင်သော ယုံကြည်သူများဖြစ်သည်ဟု ဖော်ပြထားပါသည်။ သူတို့သည် ကောင်းကင်ဗိုလ်ခြေများဟုဖော်ပြထားသော်လည်း စစ်ပွဲဆင်နွဲခြင်း၌ ပါဝင်လှုပ်ရှားကြလိမ့်မည်ဟု ဖော်ပြချက်မရှိပါ။ ဘုရင့်တကာ့ဘုရင်နှင့်အရှင်တကာ့အရှင်၏တန်ခိုးတော်သည် နတ်ဆိုးအားလုံးကို ချေမှုန်းနိုင်နင်းနိုင်သောတန်ခိုး လုံလောက်စွာရှိသည်။

- **ထိုအချိန်တွင် သခင်ယေရှုသည် သူ့အားဆန့်ကျင်သောသူများကို တိုက်ခိုက်အောင်မြင်တော်မူလိမ့်မည်။ (မည်သူများသည် သခင်ယေရှု၏ရန်သူများဖြစ်ကြသနည်း)။**

ဤအချိန်မတိုင်မီနှစ်ပေါင်းများစွာက လူသားများသည် ရေလွှမ်းမိုးခြင်းမတိုင်မီ(အဖြစ်အပျက် ၁၀)ရှိလူသားများကဲ့သို့ ဘုရားတရားမသိဘဲ ပို၍ဆိုးသွမ်းကြလိမ့်မည်။ နတ်ဆိုးများသည် လူသားများကိုဦးဆောင်သောသူများအားအလွန်အမင်း လွှမ်းမိုးမည်ဖြစ်သောကြောင့် ဘုရင်များစွာတို့သည် ဘုရားသခင်နှင့် ဖြောင့်မတ်ခြင်းတရားအတွက် မားမားမတ်မတ်ရပ်တည်သောသူများကို မှောက်လှန်ဖျက်ဆီးကြပါလိမ့်မည်။ သခင်ယေရှုဒုတိယအကြိမ်ပြန်လည်ကြွလာတော်မူသောအခါ ကိုယ်တော်တိုက်ခိုက်ဖျက်ဆီးတော်မူမည့်ရန်သူများသည် ထိုသူများပင် ဖြစ်သည်။

- **ထိုအချိန်တွင် ဘုရားသခင်၏အမျက်တော်ကို သွန်းလောင်းတော်မူလိမ့်မည်။ (အဘယ်ကြောင့် ဤတရားစီရင်ခြင်းသည် တရားမျှတသောအမှုဖြစ်သနည်း)။**

ဤကာလအစပိုင်းတွင်(အငယ် ၁၁) မြင်းဖြူစီးသောသူ၏''သစ္စာနှင့်သမ္မာ''ဟူအမည်အကြောင်းကို ကျမ်းစာက ဖော်ပြထားပါသည်။ ၎င်းမှာ ''ကိုယ်တော်သည် တရားဖြောင့်မတ်စွာတရားစီရင်တော်မူ၍စစ်ပွဲဆင်နွဲတော်မူခြင်း''ဖြစ်သည်။ ထိုကြောင့် ထိုစစ်ပွဲသည် ဖြောင့်မတ်ခြင်းတရားဆိုင်ရာစစ်ပွဲဖြစ်သည်။

ဘုရားသခင်သည် လူသားများအပေါ် တရားစီရင်တော်မူသည့်အတိုင်း ကိုယ်တော်၏သန့်ရှင်းတော်မူခြင်း၊ ဂရုဏာတော်နှင့် ဖြောင့်မတ်ခြင်းတရားတော်မျာကို ဆက်တိုက် အစစ်ခံရတော့မည် ဖြစ်သည်။

*၁။ ဘုရားသခင်သည် သန့်ရှင်းတော်မူသောကြောင့် လူသားများထင်မြင်သည့်အတိုင်းအတာထက် ကျွန်ုပ်တို့အပြစ်များက ကိုယ်တော့်ကို ပို၍ဆန့်ကျင်ဖီဆန်ပါလိမ့်မည်။*

*၂။ ဘုရားသခင်သည် ဂရုဏာတော်နှင့်ပြည့်စုံတော်မူသောကြောင့် ကျွန်ုပ်တို့၏အပြစ်နှင့်အလျောက်ပြစ်ဒဏ်ပေးတော်မမူဘဲလျက် ပြစ်ဒဏ်မှလွတ်မြောက်ရာလမ်းဖွင့်ပေးတော်မူလိမ့်မည်။*

*၃။ ဘုရားသခင်သည် ဖြောင့်မတ်တော်မူသောကြောင့် ကျွန်ုပ်တို့အပြစ်များအတွက် အတပ်အမှန်တရားစီရင်ခြင်းခံရမည် ဖြစ်သည်။*

*ကျမ်းစာတွင်ဖော်ပြထားသည့်အတိုင်း၊ နောဧခေတ်ရေလွှမ်းမိုးခြင်းကဲ့သို့ ဘုရားသခင်၏စိတ်ရှည်သည်းခံတော်မူသောဂရုဏာတော်သည် သတ်မှတ်ချက်ကျော်လွန်၍ ဘုရားသခင်၏တရားမျှတမှုနှင့်အမျက်တော်အား အပြစ်ဒုစရိုက်ပြုသောသူများအပေါ် သွန်းလောင်းရမည်ဖြစ်သည်။ ထိုအချိန်တွင် ဖြောင့်မတ်ခြင်းဆိုင်ရာတရားစီရင်မှုသည် အလွန်ပြင်းထန်ပါလိမ့်မည်။*

*ထိုအကြောင်းကို အငယ် ၁၅ တွင် တွေ့ရသည်။*

**(ခ) ဗျာဒိတ် ၂၀း၁–၃တို့ကို ဖတ်ပါ။**

**ရှေးမြွေဟောင်းမှာ မည်သူဖြစ်သနည်း။ သူ့အပေါ် မည်သည့်အရာဖြစ်ပျက်လိမ့်မည်နည်း။**

''နဂါးကြီး၊ ရှေးမြွေဟောင်း''မှာ နတ်ဆိုး၊ စာတန်ဖြစ်ကြောင်း ဤကျမ်းပိုဒ်များတွင် တွေ့ရသည်။ အာဒံနှင့်ဧဝ၊ သခင်ယေရှုတို့ကို စုံစမ်းသွေးဆောင်ခဲ့သော စာတန်ပင် ဖြစ်သည်။

စာတန်အား အနှစ် ၁၀၀၀ အဆုံးမရှိသောတွင်းနက်ကြီးသို့ပစ်ချရန် ဘုရားသခင်သည် ကောင်းကင်တမန်တစ်ပါးကိုစေလွှတ်တော်မူလိမ့်မည်။

*လူသားများသည် အပြစ်သားဘဝဖြင့်ဆက်လက်ရှင်သန်နေကြသော်လည်း စာတန်အုပ်စိုးခြင်း၊ စုံစမ်းနှောက်ယှက်ခြင်းမရှိသော ကမ္ဘာတွင်နေထိုင်သောအသက်တာသည် မည်သို့ဖြစ်သည်ကို ကျောင်းသူ/သားများနှင့်အတူ ဆွေးနွေးပါ။ လူသားများ၏သမိုင်း၌ဖြစ်ပျက်မည့် အနှစ် ၁၀၀၀ အုပ်စိုးခြင်းသည် ထိုသို့သောအခြေအနေပင် ဖြစ်ပါသည်။*

**(ဂ) ဗျာဒိတ် ၂၀း၄–၆တို့ကို ဖတ်ပါ။**

- **အနှစ် ၁၀၀၀ အတွင်း ကမ္ဘာပေါ်တွင် မည်သည့်အရာဖြစ်ပျက်လိမ့်မည်နည်း။**

သခင်ယေရှုသည် ဘုရင်အဖြစ်အနှစ် ၁၀၀၀အတွင်း အုပ်ချုပ်တော်မူလိမ့်မည်။ သခင်ယေရှုကို ယုံကြည်သောသူများသည် ခရစ်တော်နှင့်အတူ မျက်နှာသာရလျက်၊ ဦးဆောင်မှုတွင် ပါဝင်ကြပါလိမ့်မည်။

- **ကျွန်ုပ်တို့သင်ခန်းစာ၏မည်သည့်နေရာတွင်သခင်ယေရှုသည် ရှင်ဘုရင်ဖြစ်တော်မူမည့်အကြောင်းကို တွေ့ရှိနိုင်သနည်း။**

*သခင်ယေရှုသည် ဘုရင်ဖြစ်တော်မူသည့်အကြောင်းကို ကြိုတင်ဟောပြောသောသင်ခန်းစာအားလုံးကို အသေးစိတ်ပြန်ကြည့်စရာမလိုအပ်ပါ။ သို့သော် သခင်ယေရှုသည် ရှင်ဘုရင်အဖြစ်အုပ်စိုးတော်မူခြင်းအကြောင်းကို ကျမ်းစာအစပိုင်းတွင် ဖော်ပြထား၍ ကျမ်းစာအဆုံးထိတိုင်အောင် ဆက်လက်ဖော်ပြထားကြောင်းကျောင်းသူ/သားများက နားလည်သဘောပေါက်ခြင်းသည် အရေးကြီးသည်။*

*အထက်ကမေးခွန်းကို ကျောင်းသူ/သားများအားမေးမြန်း၍ ''သခင်ယေရှုသည် ရှင်ဘုရင်အဖြစ်အုပ်စိုးတော်မူခြင်းကိုညွှန်ပြချက်များ''အတွက် အချက်မည်မျှရေတွက်နိုင်သည်ကို မေးပါ။* **အောက်တွင် အချို့တိကျသောရည်ညွှန်းချက်များကို ဖော်ပြထားပါသည်။**

*၁။ လွန်ခဲ့သောနှစ်ပေါင်းများစွာ ကတည်းက ဘုရားသခင်သည် ဣသရေလ(ယာကုပ်)အားဖြင့် ယုဒအမျိုးအနွယ်မှ ရှင်ဘုရင်နှင့်တရားဥပဒေစိုးမိုးသူတစ်ဦးပေါ်ထွန်း၍ ''အစဉ်အမြဲအုပ်စိုးရမည်''ဟု ကြိုတင်ဟောကြားတော်မူခဲ့သည်။ (အဖြစ်အပျက် ၁၂၊ အချက် (ဂ) ကို ကြည့်ပါ)။*

*၂။ ဒါဝိဒ်(ယောသပ်နှင့်မာရိ၊ သခင်ယေရှု၏လောကမိဘများ)၏မင်းဆက်၊ ရာဇပလ္လင်သည် အစဉ်တည်တံ့လိမ့်မည်ဟု ဘုရားသခင်ကတိပြုတော်မူခဲ့သည် (အဖြစ်အပျက် ၁၉)။*

*၃။ သခင်ယေရှုဖွားမြင်တော်မူသောအခါ ကောင်းကင်တမန်တစ်ပါးက သိုးထိန်းများထံ ထိုသူငယ်တော်သည် ''သခင်ခရစ်တော်''ဖြစ်လိမ့်မည်ဟု ကြွေးကြော်ခဲ့ကြသည်။ (လုကာ ၂း၁၁ အဖြစ်အပျက် ၂၁)။*

***မှတ်ချက်။ ။*** မဿဲ ၂း၁–၂ကို ကျွန်ုပ်တို့မလေ့လာကြပါ။ သို့သော် ထိုကျမ်းချက်များတွင် အရှေ့ပြည်မှရောက်လာသောပညာရှိများက သခင်ယေရှုသည် ''ဖွားမြင်ခြင်းခံသောယုဒလူမျိုးများ၏ဘုရင်''ဖြစ်ကြောင်း ဘုရားသခင်ပြောကြားတော်မူချက်က ညွှန်ပြထားသည်။

*၄။ ပိလတ်မင်းကြီးက သခင်ယေရှုအား ယုဒလူမျိုးများ၏ရှင်ဘုရင်ဖြစ်သလားဟုမေးသောအခါ ဟုတ်ပါ၏ဟု ပြန်ဖြေခဲ့ပါသည်။ (အဖြစ်အပျက် ၃၀)။*

*၅။ သခင်ယေရှုရှင်ပြန်ထမြောက်တော်မူပြီး ကောင်းကင်ဘုံသို့တက်ကြွတော်မူသည့်အချိန်တွင် သခင်ယေရှုသည် လောကီနိုင်ငံတော်ကို ထူထောင်တော်မူလိမ့်မည်ဟု ထိုအချိန်တွင် တပည့်တော်များက မြော်လင့်နေကြသည်။ သူတို့နှင့်စကားပြောသောကောင်းကင်တမန်တော်က သူတို့၏မြော်လင့်ချက်ကို မငြင်းဆိုခဲ့ပါ။ သို့သော် ထိုအချိန်တွင် သခင်ယေရှုသည် လောကီနိုင်ငံကိုမထူထောင်သေးဘဲ နောင်တစ်ချိန်တွင်သာထူထောင်မည်ဖြစ်ကြောင်း ရှင်းပြခဲ့သည်။ (အဖြစ်အပျက် ၃၄)။*

**(၃၈) စာတန်၏နောက်ဆုံးပန်းတိုင်**

**သခင်ယေရှု၏နိုင်ငံတော်အဆုံးရောက်လုနီးပါးအချိန်တွင် စာတန်သည် ဘုရားသခင်ကိုပုန်ကန်သောကြောင့် ဘုရားသခင်ပြင်ဆင်ပေးတော်မူသောငရဲမီးအိုင်ထဲသို့ ပစ်ချခြင်းခံရမည် ဖြစ်သည်။**

*ဗျာဒိတ် ၂၀း၇–၁၀။*

**(က) စာတန်သည် ငရဲမီးအိုင်သို့ပစ်ချခြင်းမခံမီ အနှစ် ၁၀၀၀အတွင်း ချည်နှောင်ခြင်းခံရမည် ဖြစ်သည်။**

**ဗျာဒိတ် ၂၀း၁–၃တို့ကို ဖတ်ပါ။**

*ဤအဖြစ်အပျက်နှင့်အစောပိုင်းကအဖြစ်အပျက်တို့ဆက်နွယ်နိုင်ရန် အစောပိုင်းကအဖြစ်အပျက်နှင့်ဆက်နွယ်သောဤ စာပိုဒ်ကို ဖတ်ပါ။*

**(ခ) အနှစ် ၁၀၀၀ ကုန်ဆုံးသွားသောအခါ စာတန်အား ခေတ္တခဏလွတ်မြောက်ခွင့်ပေးပါလိမ့်မည်။ စာတန်သည် ဤအချိန်တွင် မည်သည့်အရာ လုပ်ဆောင်လိမ့်မည်နည်း။**

**ဗျာဒိတ် ၂၀း၇–၉တို့ကို ဖတ်ပါ။**

*ဤပရောဖက်ပြုခြင်းကို အနက်ဖွင့်ရန် ခက်ခဲသည်။ ဥပမာအားဖြင့်၊ ''ဂေါဂ၊ မာဂေါဂ''သည် မည်သည့်အရာဖြစ်ကို ကျွန်ုပ်တို့မသိကြပါ။*

သို့သော် ဤကျမ်းချက်၏အဓိကအကြောင်းအရာမှာ စာတန်သည် အချုပ်မှလွတ်မြောက်သည်နှင့်တစ်ပြိုင်တည်း လူများကို စတင်လှည့်ဖြားပါလိမ့်မည်။ သူသည် ''သန့်ရှင်းသူများ(ဘုရင်ယေရှုနောက်လိုက်သောသူများ)နှင့်ချစ်မြတ်နိုးသောမြို့(ယေရုရှလင်မြို့ဖြစ်နိုင်သည်) တို့ကို အလွန်အမင်း ဆန့်ကျင်မည်ဖြစ်သည်ဟု ဖော်ပြထားသည်။

*သခင်ယေရှုခရစ်တော်၏လောကနိုင်ငံတော်ဆန့်ကျင်မှုမှာ သူ၏နောက်ဆုံးသောလုပ်ဆောင်ချက်ဖြစ်လိမ့်မည်။*

**(ဂ) ဟေရှာယ ၁၄း၁၅နှင့် မဿဲ ၂၅း၄၁တို့ကို ဖတ်ပါ။ စာမျက်နှာ ၁၃ရှိအဖြစ်အပျက် ၄ကို ကြည့်ပါ။**

***ဟေရှာယ ၁၄း၁၅*** *တွင် လူစီဖာအား မရဏာနိုင်ငံ၊ သင်္ချိုင်းတွင်းထိတိုင်အောင်ပစ်ချခြင်းခံရမည့်အကြောင်းကို ဟေရှာယကပရောဖက်ပြုထားခဲ့သည်။*

***Sheol****= ဟေဗြဲဘာသာစကားအားဖြင့် ''သေရွာ''ဟုအဓိပ္ပါယ်ရသည်။*

*ဤစကားစုသည် မကြာမီဖတ်ရှုရမည့်ဗျာဒိတ် ၂၀း၁၀အကြောင်းကို ကြိုတင်ဟောကြားထားခြင်း ဖြစ်သည်။*

***မဿဲ ၂၅း၄၁*** *တွင် ဘုရားသခင်သည် စာတန်နှင့်သူ၏တမန်များအတွက် ''ထာဝရငရဲမီးအိုင်''ကို ပြင်ဆင်ပေးတော်မူခဲ့သည်ဟု သခင်ယေရှုက ပြောကြားခဲ့ပါသည်။ ထိုအချိန်တွင် စာတန်(''နတ်ဆိုး'')သည် ချည်နှောင်ခြင်းမခံရသေးပါ။ သို့သော် ''ထာဝရမီးအိုင်''က သူ့ကို စောင့်ကြိုနေပါသည်။*

**ယခု ဗျာဒိတ် ၂၀း၁၀ကိုဖတ်ပါ။**

**ဤနေရာတွင် စာတန်၏နောက်ဆုံးပန်းတိုင်နှင့်ပတ်သက်၍ မည်သည့်အကြောင်းကို တွေ့ရှိနိုင်သနည်း။**

၁။ စာတန်အား ''ကန့်နှင့်မီးငရဲအိုင်''သို့ပစ်ချခြင်းခံရလိမ့်မည်။

***မှတ်ချက်။ ။*** *ကန့်မီးသည် အလွန်ပူပြင်းသောမီးဖြစ်သည်။ နက်ပြာရောင်ရှိ၍အလွန်ပူပင်းသည်။ ဂစ်မီး၊ ဆူလာဖာဒိုင်အောက်ဆိုဒ်ကဲ့သို့ အပူရှိန်အလွန်အမင်း ပြင်းထန်သည်။*

၂။ လူဆိုးနှစ်ဦးသည်လည်း စာတန်နှင့်အတူငရဲမီးအိုင်ထဲသို့ ပစ်ချခြင်းခံရမည် ဖြစ်သည်။ သူတို့မှာ ''သားရဲ''နှင့် ''မိစ္ဆာပရောဖက်''တို့ ဖြစ်ကြသည်။ ''သားရဲ''ဟုခေါ်သော်လည်း ဤပုဂ္ဂိုလ်မှာ ဘုရားသခင်ကိုဆန့်ကျင်သောခေါင်းဆောင်ဖြစ်သည်။ ဘုရင့်တကာဘုရင်သည် ဤလောကသို့ကြွလာတော်မူသောအခါ ရန်သူများအပေါ်အောင်မြင်မှုရရှိပါလိမ့်မည်(အဖြစ်အပျက် ၃၇ကိုကြည့်ပါ)။ ''မိစ္ဆာပရောဖက်'' ဟူသည်မှာ မှားယွင်းသောဘာသာရေးခေါင်းဆောင်ဖြစ်သည်။ သူသည် သားရဲအား ဘုရားတစ်ပါးဖြစ်သည်ဟု လူများကို လှည့်ဖြားသွေးဆောင်ခြင်းအားဖြင့် သားရဲကို ကူညီသူဖြစ်သည်။

*ဗျာဒိတ် ၁၉း၁၉–၂၀တို့ကို ကြည့်ပါ။*

၃။ စာတန်အားပြစ်ဒဏ်ပေးခြင်း(စာတန်နှင့်အတူပစ်ချခြင်းခံရသောသူများအပါအဝင်)သည် ''နေ့ညမပြတ်၊ အစဉ်အမြဲ'' ခံစားရသောပြစ်ဒဏ်ဖြစ်သည်။

**(ဃ) ကမ္ဘာ ၃း၁၅ကို ပြန်ကြည့်ပါ။ စာမျက်နှာ ၁၅ အဖြစ်အပျက် ၇ကိုကြည့်ပါ။**

**ကမ္ဘာဦးကျမ်း ၃း၁၅(ကျမ်းစာအုပ်၏ပထမသုံးခုမြောက်အခန်းကြီး)နှင့် ဤနေရာတွင်ဖော်ပြထားသောစာတန်၏နောက်ဆုံးပန်းတိုင်(ကျမ်းစာအုပ်၏နောက်ဆုံးသုံးခုမြောက်အခန်းကြီး)တို့၏ဆက်နွယ်မှုမှာ မည်သည့်အရာဖြစ်သနည်း။**

အာဒံနှင့်ဧဝတို့သည် ဘုရားသခင်၏ပညတ်တော်ကိုပထမချိုးဖောက်ခဲ့ကြပြီးနောက် စာတန်အပေါ်တက်ရောက်မည့်တရားစီရင်ခြင်းကို ဘုရားသခင်မိန့်တော်မူခဲ့သည်။ ဧဝ၏အမျိုး(ဥပမာအလင်္ကာအရ)သည် စာတန်၏ဦးခေါင်းကို ကြေမွအောင်ထုချေပါလိမ့်မည်။ ဘုရားသခင်သည် စာတန်အပေါ်အောင်မြင်မည့်သူကို စေလွှတ်တော်မူလိမ့်မည်။

လောကလူသားများ၏အပြစ်များအတွက် ပြစ်ကြွေးပေးဆပ်ရန် သခင်ယေရှုကားတိုင်တော်ပေါ်တွင် အသေခံတော်မူသောအခါ စာတန်၏တရားစီရင်ခြင်းကို တံဆိပ်ခတ်ပြီး ဖြစ်ပါသည်။ အပြစ်သားများသည် ခွင့်လွှတ်ခြင်းရရှိနိုင်ရန်အတွက် ဘုရားသခင်သည် ပြည့်စုံသောနည်းလမ်းကိုပြင်ဆင်ပေးတော်မူခဲ့သည်။ ထိုကြောင့် သူတို့သည် စာတန်၏ ဆုပ်ကိုင်ခြင်း၊ လှည့်စားခြင်းမှလွတ်မြောက်ကြပါလိမ့်မည်။

ထိုအချိန်တွင် စာတန်၏နောက်ဆုံးပန်းတိုင်အားချက်ခြင်းမလာခဲ့သော်လည်း ဘုရားသခင်သတ်မှတ်သောမူသောအချိန်ရောက်ရှိလာသောအခါ ရောက်ရှိလာခဲ့သည်။

## (၃၉)မယုံကြည်သူများအတွက် ပန်းတိုင်ဆိုး

**နောက်ဆုံးသောအချိန်ရောက်ရှိသောအခါ ကျွန်ုပ်တို့သိကြသည့်အတိုင်း မယုံကြည်သူများသည် မိမိအပြစ်များအတွက် ထာဝရ အပြစ်ဒဏ်တရားစီရင်ခြင်းခံရန် ဘုရားသခင်၏ရှေ့မှောက်တွင် မတ်တပ်ရပ်ကြပါလိမ့်မည်။**

*ဗျာဒိတ် ၂၀း၁၁–၁၅*

**(က) ဤအချိန်တွင် လက်ရှိမြေကြီးနှင့်ကောင်းကင်ပေါ်တွင် မည်သည့်အရာများဖြစ်ပျက်လိမ့်မည်နည်း။ ဗျာဒိတ် ၂၀း၁၁ နှင့် ၂ပေ ၃း၁၀တို့ကို ဖတ်ပါ။**

သူတို့သည် အဝေးသို့ထွက်ပြေးကြသည်။ သူတို့အတွက် နေရာမရှိတော့ပါ။ သူတို့သည် ဤပလ္လင်ဘေးတွင် ထိုင်သောသူ၏မျက်နှာမှ လွတ်မြောက်အောင်ပြေးကြသည်။

*၂ပေ ၃း၁၀–၁၁တွင် လက်ရှိကမ္ဘာနှင့်၎င်း၏မျက်နှာကျက်အား မီးရှို့ပျက်စီးခြင်းအကြောင်းကို ပို၍တိကျစွာရှင်းပြထားသည်။ သို့သော် ဆွေးနွေးရန်မလိုအပ်လျှင် အသေးစိတ်မရှင်းပြပါနှင့်။*

*အခြားသောကျမ်းချက်ထဲတွင်လည်း လက်ရှိကမ္ဘာနှင့်၎င်း၏ကောင်းကင်ပျက်စီးခြင်းအကြောင်းကို ဖော်ပြထားသည့်အကြောင်းကိုပဲ ရှင်းပြပါ။ အပြစ်တရားနှင့်၎င်း၏ကျိန်ခြင်းနှင့်ပြည့်သောကမ္ဘာအားဖျက်ဆီးရာတွင် ဘုရားသခင်အသုံးပြုတော်မူသော နိယာမတစ်ခုပင် ဖြစ်သည်။ နောက်သင်ခန်းစာများတွင် ဘုရားသခင်မီးရှို့ဖျက်ဆီးတော်မူခြင်းအကြောင်းကို ပို၍သေချာစွာ ဖော်ပြထားပါသည်။*

**(ခ) ဤပလ္လင်ဖြူကြီးပေါ်တွင် ထိုင်သောမည့်တရားသူကြီးမှာ မည်သူဖြစ်သည်ဟု သင်ယူဆပါသနည်း။ ဗျာဒိတ် ၂၀း၁၁–၁၂(က) (အငယ် ၁၂ ပထမအပိုင်း)တို့ကိုဖတ်ပါ။**

*ဤနေရာတွင် တရားစီရင်ခြင်းခံရသောသူများသည် ''ဘုရားသခင်ရှေ့တော်မှောက်တွင်မတ်သပ်ရပ်နေကြသည်''ဟု အချို့သောကျမ်းစာ ဘာသာပြန်ဆိုခြင်းကဖော်ပြထားသည်။ အချို့တွင် ''ပလ္လင်တော်ရှေ့တွင်မတ်သပ်ရပ်သည်''ဟု ဖော်ပြထားပါသည်။*

သို့သော် အငယ် ၁၁ တွင် ဘုရားသခင်သည် ဤတရားပလ္လင်တော်ပေါ်တွင် ထိုင်တော်မူသည်ဟု တိကျစွာဖော်ပြထားပါသည်။ ကိုယ်တော်တစ်ပါးတည်းသာလျှင် ကမ္ဘာနှင့်ကောင်းကင်ပျောက်လွင့်စေနိုင်သောတန်ခိုးရှိတော်မူသည်။

***မှတ်ချက်။ ။** အစောပိုင်းကျမ်းချက်(ယောဟန် ၅း၂၂)တွင် ခမည်းတော်ဘုရားသခင်သည် သားတော်(သခင်ယေရှု)ထံ တရားစီရင်ခြင်း အားလုံးပေးအပ်တော်မူခဲ့သည်ဟု ဖော်ပြထားပါသည်။*

**(ဂ) ဤပလ္လင်ဖြူကြီးပေါ်တွင် စာအုပ်များသည် အရေးကြီးသောကဏ္ဍများတွင် ပါဝင်လာပါသည်။ ဗျာဒိတ် ၂၀း၁၂–၁၃တို့ကို ဖတ်ပါ။**

- ''စာအုပ်များ''၏အခန်းကဏ္ဍမှာ မည်သည့်အရာဖြစ်လိမ့်မည်နည်း။

ကျမ်းစာထဲတွင် ထိုစာအုပ်များတွင်မှတ်တမ်းတင်ထားသောအရာများ တိကျစွာမဖော်ပြထားသော်လည်း ကျမ်းတတ်ပုဂ္ဂိုလ်အချို့များက ထို''စာအုပ်များ''တွင် အာဒံနှင့်ဧဝတို့ခေတ်မှစ၍ ခရစ်တော်၏လောကီနိုင်ငံတော်အဆုံးထိတိုင်အောင်အသက်ရှင်ခဲ့သောသူအားလုံးတို့၏ အတွေးအခေါ်များ၊ ဆုံးဖြတ်ချက်များနှင့်လုပ်ဆောင်ချက်များတို့ကို မှတ်တမ်းတင်ထားသည်ဟု ဆိုကြသည်။

*ဘုရားသခင်သည် ကမ္ဘာပေါ်တွင် ဖြစ်ပျက်နေသောအရာအားလုံးကို သိရှိတော်မူသောကြောင့် ဤစာအုပ်များကို ဘုရားသခင်အတွက် အကျိုးမဝင်ပါ။ ဘုရားသခင်၏တရားစီရင်တော်မူချက်များသည် တရားမျှတကြောင်း ဘုရားသခင်၏ရှေ့တော်မှောက်၌ရပ်နေသောသူများ က မငြင်းပယ်နိုင်ရန်နှင့်အာခံပြောဆိုခြင်းမပြုနိုင်ရန် ဤစာအုပ်များထားရှိခြင်းပင် ဖြစ်သည်။*

***မှတ်ချက်။ ။** အငယ်၁၄ကို အချို့သောကျမ်းစာလေ့လာသူကျောင်းသူ/သားအသစ်များက ဇဝေဇဝါဖြစ်နိုင်ပါသည်။ ဘုရားသခင်သည် ကောင်းကင်သို့သွားသောသူများနှင့်ငရဲမီးအိုင်ထဲသို့ပစ်ချခြင်းခံရသောသူများကိုဆုံးဖြတ်ရာတွင် သူတို့၏''ကောင်းမှုကုသိုလ်''များအပေါ် စဉ်းစားဆုံးဖြတ်တော်မူလိမ့်မည်ဟု လူအချို့က တစ်ခါတစ်ရံထင်တတ်ကြသည်။ ဤအကြောင်းနှင့်ပတ်သက်၍ ဖြစ်နိုင်လျှင် ဤတရား စီရင်ခြင်း၌ မတ်သပ်ရပ်နေသောသူများ၏ထာဝရရောက်ရှိမည့်နေရာဆုံးဖြတ်ပြီးသားဖြစ်ကြောင်း ရှင်းပြပါ။ ဘုရားသခင်၊တရားသူကြီး ကိုယ်တော်တိုင် တရားစီရင်ခြင်းအမိန့်ချမှတ်ပါလိမ့်မည်။ မယုံကြည်သူများသည် ထာဝရငရဲမီးအိုင်ထဲသို့ပစ်ချခြင်းအားဖြင့်တရားစီရင် ခြင်းခံရကြလိမ့်မည်ဟု ကျမ်းစာက သွန်သင်ထားပါသည်။*

- **''အသက်စာအုပ်''၏အခန်းကဏ္ဍမှာ မည်သည့်အရာများဖြစ်လိမ့်မည်နည်း။**

''အသက်စာအုပ်''မှာ အခြားသောစာအုပ်များနှင့်မတူဘဲ အလွန်ကောင်းသောစာအုပ်တစ်အုပ်ဖြစ်သည်။ ထိုစာအုပ်ထဲတွင် ဘုရားသခင်၏သားတော်၊ သခင်ယေရှုခရစ်တော်ကို မိမိကယ်တင်ပိုင်ရှင်အဖြစ်ယုံကြည်သူများအားလုံးကို ရေးမှတ်ထားပါသည်။ ''လုပ်ငန်းများ'' မှတ်တမ်းတင်ထားသောစာအုပ်မဟုတ်ဘဲ နာမည်များရေးမှတ်ထားသောစာအုပ်ဖြစ်သည်။ ဘုရားသခင်ပေးအပ်တော်မူသောထာဝရ အသက်ရရှိသောသူများအားလုံး၏နာမည်များကို မှတ်တမ်းတင်ထားသောစာအုပ်ဖြစ်သည်။

*ဤလူများ၏ထာဝရကာလ(ကောင်းကင်(သို့)ငရဲမီးအိုင်)ရောက်ရှိမည့်နေရာကို ''စာအုပ်များ''ရှိသူတို့၏လုပ်ဆောင်ချက်များအားဖြင့် မဆုံးဖြတ်ဘဲ သူတို့၏နာမည်များသည် ''အသက်စာအုပ်''တွင် မှတ်တမ်းတင်ထားခြင်းရှိ/မရှိအပေါ်တွင် ဆုံးဖြတ်ချက်ချမှတ်ရပါသည်။*

**(ဃ) မည်သူများသည် ငရဲမီးအိုင်ထဲတွင် ပစ်ချခြင်းခံရကြမည်နည်း။ ဗျာဒိတ် ၂၀း၁၄–၁၅တို့ကို ဖတ်ပါ။**

- **အငယ် ၁၄အရ မည်သူများဖြစ်သနည်း။**

''မရဏာနှင့်မရဏာနိုင်ငံ''သည်လည်း မိမိတို့ ရှိသောလူသေတို့ကိုအပ်ပေးကြ၏ဟု အငယ် ၁၃တွင် ဖော်ပြထားပါသည်။ ထိုနောက် အငယ် ၁၄တွင် ''မရဏာနှင့်မရဏာနိုင်ငံ''ကို ငရဲမီးအိုင်ထဲသို့ပစ်ချခြင်းခံရသည်ဟု အငယ် ၁၄ တွင် ဖော်ပြထားပါသည်။ သို့သော် ''မရဏာနှင့်မရဏာနိုင်ငံ''တွင်ရှိသောသူများမှာ မည်သူတွေဖြစ်ကြသနည်း။

''မရဏာ''သည် သေပြီးသောသူများ၏ကိုယ်ခန္ဓာများကို ရည်ညွှန်းနိုင်သည်။ ''မရဏာနိုင်ငံ''(အခြားနာမည် ''ငရဲမီးအိုင်''သေပြီးသောသူများ၏ဝိညာဉ်များကို ရည်ညွှန်းနိုင်သည်။

*ထိုကြောင့် ဤကျမ်းချက်တွင် ငရဲမီးအိုင်ထဲသို့ရောက်သောသူများ၏ဝိညာဉ်များသည် ကိုယ်ခန္ဓာနှင့်ပြန်ပေါင်းပြီး ထိုကိုယ်ခန္ဓာများဖြင့် ဘုရားသခင်၏ရှေ့တော်မှောက်တွင် မတ်သပ်ရပ်သည်ဟု သွန်သင်ထားပါသည်။ ထိုနောက် ဤလူများသည်(အပျက်ဆီးနိုင်၊ မပုပ်ပျက်နိုင်သောကိုယ်ခန္ဓာနှင့်ဝိညာဉ်)ဖြင့် ငရဲမီးအိုင်ထဲသို့ ပစ်ချခြင်းခံရကြပါလိမ့်မည်။*

- **အငယ် ၁၅အရာ မည်သူများဖြစ်ကြမည်နည်း။**

[၁၅]အသက်စာစောင်၌စာရင်းမဝင်သောသူရှိသမျှတို့ကိုလည်းမီးအိုင်ထဲသို့ချပစ်လေ၏။

**ထပ်မံဖြည့်စွက်ထားသောအကြောင်း**

**''ပထမသေခြင်း''မှာ မည်သည့်အရာဖြစ်သနည်း။** ငရဲမီးအိုင်၌ ထာဝရနေခြင်းသည် ''ဒုတိယသေခြင်း''ပင် ဖြစ်သည်။ ''ပထမသေခြင်း''မှာ မည်သည့်အရာ ဖြစ်သနည်း။

''ပထမသေခြင်း''ကို ကျမ်းစာထဲတွင် ဖော်ပြထားခြင်းမရှိပါ။ သို့သော် ''ဒုတိယသေခြင်း''ကို ကျမ်းစာထဲတွင် တွေ့ရပါသည်။ တမန်တော်ယောဟန်(ဗျာဒိတ်ကျမ်းကို ရေးသားသူ)သည် သူ၏စိတ်ထဲတွင် ပထမသေခြင်းသိရှိနိုင်သည်ဟု ကွက်ကွက်ကွင်းကွင်းသိရသည်။

ရှင်ယောဟန်၏စိတ်ထဲတွင် ''ပထမသေခြင်း''မှာ ဝိညာဉ်ရေးရာနှင့်ကိုယ်ခန္ဓာသေခြင်းပေါင်းစပ်ထားခြင်းဖြစ်နိုင်သည်။ ၎င်းတို့သည် ကာယပိုင်းဆိုင်ရာသေခြင်းနှင့်အနိစ္စသေခြင်းပင် ဖြစ်သည်။ ''ပထမသေခြင်း''နှင့်မတူ၊ ''ဒုတိယသေခြင်း''သည် နောက်နောင်တွင် ပေါ်ပေါက်၍ ထာဝရကာလဖြစ်ပါလိမ့်မည်။

''သေခြင်းတရား''ဟူသည်မှာ ခွဲခွါခြင်းပင် ဖြစ်သည်။ ဘဝရပ်တန့်ခြင်း၊ ကုန်ဆုံးသွားခြင်းမဟုတ်ပါ။(စိတ်ပိုင်းဆိုင်ရာတည်ရှိခြင်း)

အာဒံနှင့်ဧဝတို့သည်အပြစ်ကျူးလွန်ခဲ့ကြသောအခါ ဝိညာဉ်ရေးရာသေဆုံးခဲ့ကြသည်။ သူတို့သည် ဘုရားသခင်နှင့်ခွဲခွါခဲ့ကြသည်။ သို့သော် အသိစိတ်၊ စိတ်ပိုင်းဆိုင်ရာရှင်သန်နေကြသည်။

အာဒံ၊ဧဝနှင့်အခြားသူများသည် ကိုယ်ခန္ဓာသေဆုံးသွားသောအခါ သူတို့၏ဝိညာဉ်များသည် သူတို့၏ကိုယ်ခန္ဓာကိုယ်နှင့်ခွဲခွါခြင်းဖြစ်သည်။ သို့သော် သူတို့၏ဝိညာဉ်များသည် သင်္ချိုင်းတစ်ဘက်တွင် အသက်ရှင်နေသည်။

မယုံကြည်သူများသည် ငရဲမီးအိုင်ထဲသို့ပစ်ချခြင်းခံရကြသောအခါ ''ဒုတိယသေခြင်း''အစပြုနေပါသည်။ ထာဝရသေခြင်း ဖြစ်သည်။ ဘုရားသခင်သည် ထာဝရခွဲခွါခြင်းပင် ဖြစ်သည်။

## (၄၀) ယုံကြည်သူများ၏ပန်းတိုင်ကောင်း

**သို့သော် ဘုရားသခင်၏သမိုင်းသည် အံ့သြဖွယ်ကောင်းသောသတင်းများဖြင့် နိဂုံးချုပ်ပါသည်။ သခင်ယေရှုအားကယ်တင်ရှင်အဖြစ်လက်ခံယုံကြည်သောသူအားလုံးသည် လုပပြီးအပြစ်တရားနှင့်ကင်းကွာသောနေရာ ပါရဒိသုခဘုံတွင်ဝင်ရောက်၍ ဘုရားသခင်နှင့်အတူ ထာဝရစိုးစံလိမ့်မည်။**

*ဗျာဒိတ် ၂၁း၁–၂၂း၅*

*ကျမ်းစာတလျှောက်လုံးတွင် ပါရဒိသုခဘုံစကားလုံးကို မကြာခဏတွေ့ရကြောင်း ရှင်းပြပါ။ ထိုသို့ဖြစ်ရခြင်းအကြောင်းမှာ ယောကျ်ားများနှင့်မိန်းမများ(သားသမီးများအပါအဝင်)တို့သည် ဘုရားသခင်ဖန်ဆင်းတော်မူခဲ့သည့်အတိုင်း ပျော်ရွှင်သောဘဝဖြင့်အသက်ရှင်ရန် ဘုရားသခင်အလိုတော်ရှိတော်မူသောကြောင့် ဖြစ်သည်။*

### (က) ယုံကြည်သူများသည် ဘုရားသခင်၏ပါရဒိသုခဘုံတွင်ပျော်ရွှင်နိုင်ရန် . . .

- ☐ သူတို့သည် ကောင်းကင်နိုင်ငံသို့သွားရောက်ကြလိမ့်မည်၊ သို့မဟုတ် . . .
- ☐ ဘုရားသခင်သည် ကမ္ဘာပေါ်တွင် ထိုနိုင်ငံကိုချတော်မူလိမ့်မည်။

### ဗျာဒိတ် ၂၁း၁–၃ကိုဖတ်၍ အဖြေရှာဖွေပါ။

*အချိန်ရှိလျှင် ထိုအကြောင်းကို အနည်းငယ်ရှင်းပြပါ။ နှစ်ပေါင်းများစွာခရစ်ယာန်ဖြစ်သောယုံကြည်သူများအပါအဝင်၊ လူအများစုတို့သည် ဘုရားသခင်၏လူများ(ယုံကြည်သူများ)ကိုယ်ခန္ဓာမပါ၊ ဝိညာဉ်ဖြင့် တိမ်တိုက်များဝိုင်းရံထားသောပါရဒိသုခဘုံကောင်းကင်နိုင်ငံတွင် အစဉ်အမြဲအသက်ရှင်ကြလိမ့်မည်ဟု စိတ်ကူးတတ်ကြပါသည်။ ယခုချိန်တွင် ပါရဒိသုခဘုံ၌ ယုံကြည်သူများသေသောအခါ သူတို့၏ဝိညာဉ်များသည် ထိုနေရာသို့ တက်သွားကြပါသည်။ ထိုနေရာမှာ လေထု၊ နေရောင်ခြည်နှင့် ''ကင်းကွာ''သောနေရာ၊ ကမ္ဘာမြေကြီးမှဝေးကွာသောနေရာတစ်စုံတစ်ခုဖြစ်နိုင်ပါသည်။*

*သို့သော် ယုံကြည်သူများအစဉ်အမြဲအသက်ရှင်မည့်ပါရဒိသုခဘုံသည် ကောင်းကင်အသစ်များဖြင့်ဝန်းရံထားသော လုံးဝပြည့်စုံသာယာလှပသောကမ္ဘာ (ရုပအရာ)ဖြစ်သည်။ လူသားများ နေထိုင်ကျင်လည်အသက်ရှင်ရန် ဘုရားသခင်သည် ကမ္ဘာမြေကြီးကိုဖန်ဆင်းတော်မူခဲ့သည်။ ထိုဘုရားသခင်သည် လူသားများထာဝရနေထိုင်ရန်အတွက် အသစ်သောကမ္ဘာပါရဒိသုခဘုံဖန်ဆင်းတော်မည့်အရာကိုလည်း အံ့သြမယုံကြည်၊ သံသယဖြစ်စရာအကြောင်းမရှိပါ။*

### (ခ) ဤပါရဒိသုခဘုံအကြောင်းကိုပို၍သိရှိနိုင်ရန် ဗျာဒိတ် ၂၁း၄–၂၂း၅တို့ကို ဖတ်ပါ။

*မဖတ်မီ၊ ထိုကျမ်းပိုဒ်များစဉ်းစားဆင်ခြင်တွေးတောနိုင်ရန်အတွက် အောက်တွင်ဖော်ပြထားသောမေးခွန်းများကို မိတ္တူကူးယူပါ။*

- **''သိုးသငယ်''မှာ မည်သူဖြစ်သနည်း။ အရိပ်အမြွက်။ အငယ် ၁၄ကိုကြည့်ပါ။**

ဗျာဒိတ်ကျမ်းတွင် သခင်ယေရှုနာမည်အတွက် ''သိုးသငယ်''စကားလုံးကိုအသုံးပြုထားပါသည်။ အကြိမ်ပေါင်း ၂၉ တိတိတွေ့ရသည်။ ''သခင်ယေရှုခရစ်တော်''နာမတော်ကို ခုနစ်ကြိမ်သာတွေ့ရသည်။ ''ခရစ်တော်''စကားလုံးကို လေးကြိမ်သာတွေ့ရသည်။

အငယ် ၁၄ တွင် ''တမန်တော် ဆယ့်နှစ်ပါး''တို့သည် သိုးသငယ်နှင့်ဆက်နွယ်သည်ဟုဖော်ပြထားသည်။ ထိုကြောင့် ဗျာဒိတ်ကျမ်းတွင် သခင်ယေရှုသည် သိုးသူငယ်ဖြစ်ကြောင်း သေခြာသည်။

*မေးခွန်း– ''သခင်ယေရှုအားသိုးသငယ်အဖြစ်အသိအမှတ်ပြုဖော်ပြချက်ကို အခြားမည်သည့်နေရာများတွင် တွေ့ရပါသနည်း။'' (စာမျက်နှာ ၂၂၊ အဖြစ်အပျက် ၂၂ကိုကြည့်ပါ)။*

- **သန့်ရှင်းသောမြို့သစ်တွင်မည်သည့်အရာများ မတွေ့ရပါသနည်း။**

အထက်ကကျမ်းပိုဒ်များတွင် မြင်သာပွင့်လင်းစွာတွေ့ရှိနိုင်သည် . . .

၁။ မျက်ရည်မကျတော့ပါ။

၂။ သေခြင်းမရှိတော့ပါ။

၃။ ဝမ်းနည်းခြင်းမရှိတော့ပါ။

၄။ ငိုကြွေးခြင်းမရှိတော့ပါ။

၅။ နာကျင်မှုရှိတော့ပါ။

၆။ အပြစ်သားများမရှိတော့ပါ– သတ္တိမရှိခြင်း၊ မယုံကြည်ခြင်း၊ စက်ဆုပ်ရွံရှာဖွယ်သောအရာ၊ လူ့အသက်သတ်ဖြတ်ခြင်း၊ လိင်ဆက်ဆံမှုညစ်ညမ်းခြင်း၊ ဗေဒင်ဟောပြောခြင်း၊ ရုပ်တုကိုးကွယ်ခြင်းနှင့်လိမ်ညာခြင်း မရှိတော့ပါ။

၇။ ညအမှောင်မရှိတော့ပါ။

၈။ ညစ်ညမ်းမှုဖြစ်စေသောအရာ၊ စက်ဆုပ်ရွံရှာဖွယ်ဖြစ်စေသောအရာနှင့်လိမ်ညာခြင်းမရှိတော့ပါ။

၉။ ကမ္ဘာပေါ်တွင် ကျိန်ခြင်းအမင်္ဂလာလုံးဝမရှိတော့ပါ။

*အချိန်အနည်းငယ်ယူပါ။ ''ဤအချက်များမှ မည်သည့်အချက်(နှစ်ချက်၊ သုံးချက်ဖြစ်နိုင်သည်)များမရှိခြင်းသည် အပျော်ဆုံးဖြစ်သနည်း''*

- **ဤမြို့သစ်၏သာယာလှပမှုအချို့မှာ မည်သည့်အရာများဖြစ်သနည်း။**

ဤမေးခွန်းနှင့်ပတ်သက်၍ အောက်ပါတိုင်း ကောင်းသောတုန့်ပြန်မှုအချို့ ထွက်ပေါ်လာနိုင်သည်။

၁။ မြို့တော်၏သာယာလှပမှု– ''သတို့သမီးဆင်သောလက်ဝတ်ရတနာကဲ့သို့''

၂။ အထက်ကဖော်ပြထားသည့်အတိုင်း အနိဋ္ဌာရုပ်များနှင့်ကင်းကွာခြင်း

၃။ မြို့တော်၏လှပသောရောင်ဖြာထွန်းတောက်မှု

၄။ မြို့တော်၏အုတ်တံတိုင်းများ၊ ဝင်ပေါက်များ၊ အခြေခံအုတ်မြစ်များ

၅။ မြို့တော်၏ထုထည်ကြီးမားမှု

၆။ ခမည်းတော်ဘုရားသခင်နှင့်သိုးသငယ်(သခင်ယေရှု)အတူပါရှိတော်မူခြင်း

၇။ အသက်စမ်းရေ

၈။ အသက်သစ်ပင်နှင့်၄င်း၏အသီး

*ဤအချက်ကိုအချိန်ပေး၍ရှင်းပြပါ။ ''သန့်ရှင်းသောယေရုရှလင်မြို့တော်သစ်၏မျက်စိဖြင့်မြင်တွေ့နိုင်သောသွင်ပြင်လက္ခဏာများမှ မည်သည့်အချက်ကို အနှစ်သက်ဆုံးဖြစ်သနည်း။''*

- **ဤအသစ်သောပါရဒိသုခဘုံတွင် မည်သူများကျိန်းဝပ်ကြလိမ့်မည်နည်း။ ဗျာဒိတ် ၂၁း၂၇ကို ဖတ်ပါ။**

''. . . သိုးသငယ်၏အသက်စာအုပ်တွင်နာမည်ရေးထားသောသူများသာလျှင်''

*အစောပိုင်းက ဖော်ပြထားသည့်အတိုင်း အသက်စာအုပ်ကို ပြန်ကြည့်ပါ။*

**ထိုနေရာတွင် အချိန်မည်မျှ နေထိုင်ရမည်နည်း။ ဗျာဒိတ် ၂၂း၅ကို ဖတ်ပါ။**

''အစဉ်အမြဲ၊ ထာဝရ''(၂၂း၅)။

**(ဂ) သိုးသငယ်၏အသက်စာအုပ်တွင် သင့်နာမည် ရေးထားသည်ဟု သင်ယူဆပါသလား။**

**☐ ဟုတ်တယ်။ ☐ မဟုတ်။ ☐ မသေခြာဘူး။**

**မည်သည့်အရာပေါ်တွင် ခြေခံ၍ နိဂုံးချုပ်ရမည်နည်း။**

*ကျောင်းသူ/သားများအား သူတို့ယုံကြည်သည့်အတိုင်းမှန်ကန်စွာဖြေကြားရန် တိုက်တွန်းလိုက်ပါ။*

*အကယ်၍ ''ဟုတ်တယ်''ဟုဖြေလျှင် ထိုသို့ဖြေရသည့်အကြောင်းကို မေးမြန်းပါ။*

*အကယ်၍ ''မဟုတ်'' သို့မဟုတ် ''မသေခြာ''ဟုဖြေလျှင် ထိုသို့ဖြေရခြင်းအကြောင်းကို မေးမြန်းပါ။*

*စာအုပ်ရှိနောက်အခန်းကဏ္ဍ(စာမျက်နှာ ၃၂–၄၀)သည် ကျောင်းသူ/သားများက ဘုရားသခင်ပေးအပ်တော်မူသောထာဝရအသက်ဆုကျေးဇူးအကြောင်းကိုနားလည်သဘောပေါက်အောင်ရှင်းပြန်ရန် ရည်ရွယ်ထားပါသည်။ ဝိညာဉ်ရေးရာသေခြင်းမှ ထာဝရအသက်သို့ ရွေ့လျားနိုင်ရန် ရည်ရွယ်ထားခြင်း ဖြစ်သည်။*

**ထပ်မံဖြည့်စွက်ထားသောအကြောင်း**

**မှီငြမ်းကိုးကားသောစာအုပ် –** ကျမ်းစာအုပ်တစ်လျှောက် ပါရဒိသုဘုံအကြောင်းဖော်ပြထားကြောင်းနားလည်သဘောပေါက်နိုင်ရန် အောက်တွင်ဖော်ပြထားသောစာအုပ်ကို ဖတ်စေလိုပါသည်။

**Heaven** by Randy Alccorn (Carol Stream, IL: Tyndale House Publisher, 2004).

*မြော်လင့်ခြင်းသမိုင်း* စိတ်ဝင်စားသောသူများအတွက် ဤအလွန့်အလွန်အရေးကြီးသောခေါင်းစဉ်ကို အသေးစိတ်၊ နှံ့စပ်စွာလေ့လာသိရှိနိုင်ရန်အတွက် Randy Alcorn ၏ဝိုက်ဆိုဒ်တွင် ဖော်ပြထားပါသည်။

http://www.epm.org/resource-eternity.html

**ကျမ်းစာသမိုင်းရာဇဝင်**

**အဖြစ်အပျက်များတွင် သခင်ယေရှုအား မည်ကဲ့သို့ပုံဆောင်ထားသနည်း။ (၃၇)၊ (၃၈)၊ (၃၉)၊ (၄၀)။** *(စာမျက်နှာ ၃၀–၃၁)။*

## အသက်လမ်းသို့တံတားခင်းပေးခြင်း

*ဘုရားသခင်၏ကောင်းမြတ်သောမြော်လင့်ခြင်းအား*

*အစဉ်အလာအတိုင်းစနစ်ကျစွာတင်ပြခြင်း*

*စာမျက်နှာ ၃၂–၃၉၊ မြော်လင့်ခြင်းသမိုင်း*

**မှတ်ချက်။ ။** ကျမ်းစာအခြေခံဓမ္မခံယူချက်များဆိုင်ရာသွန်သင်မှုနှင့်ဆွေးနွေးတိုင်ပင်မှု၌ ရောင့်ရဲမှုမရှိလျှင် အခြေခံဓမ္မသီအိုလော်ဂျီ (သို့မဟုတ်)အခြေခံကျမ်းစာဓမ္မခံယူချက်များကိုဝယ်ယူ၍ ဘုရားသခင်ကြောင်းကိုဖော်ပြထားသောဓမ္မခံယူချက်၊ လူသားဆိုင်ရာဓမ္မခံယူချက်၊ အပြစ်တရားဆိုင်ရာဓမ္မခံယူချက်၊ သခင်ယေရှုခရစ်တော်ဆိုင်ရာဓမ္မခံယူချက်၊ ကယ်တင်ခြင်းဆိုင်ရာဓမ္မခံယူချက်များကို လေ့လာသင်ယူပါ။

ဆက်သွယ်ရန်– info@GoodSoil.com

**မြော်လင့်ခြင်းကျမ်းစာသမိုင်းမှပေါ်ပေါက်လာသော အခြေခံသမ္မာတရားရှစ်ခု**

**အသက်သို့ပို့ဆောင်ပေးသောအစဉ်အလာ**

**ကျွန်ုပ်တို့၏ဖန်ဆင်းရှိအကြောင်းကိုလေ့လာခြင်း**

*ဘုရားသခင်အကြောင်းကို ကျောင်းသူ/သားများနှင့်ဆွေးနွေးတိုင်ပင်သောအခါ ဘုရားသခင်အကြောင်းနှင့်ပတ်သက်၍သူတို့၏အမြင်ပေါ်တွင် အခြေခံရပါသည်။ ကျောင်းသူ/သားများနှင့်အတူ ဘုရားသခင်အကြောင်းဆွေးနွေးတိုင်ပင်နိုင်ရန်အတွက် ဘုရားသခင်နှင့်ပတ်သက်၍သူတို့၏အမြင်(ဘုရားအတု၊ ဘုရားများစွာ၊ ဝိညာဉ်များစသည်ဖြင့်)ကိုသိရှိရန်လိုအပ်သည်။ သူတို့သိရှိသောအရာသည် ကျမ်းစာဖော်ပြထားသောဘုရားသခင်၊ ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူသောဘုရားအကြောင်းနှင့်တူညီမှုရှိ/မရှိကိုလည်း ချင့်ချိန်ရမည်ဖြစ်သည်။*

*စာမျက်နှာ ၁၂–၂၁ရှိ ''စာမျက်နှာနှစ်ခုအောက်တွင်ဖော်ပြထားသောအချက်အလက်များ''(''ဘုရားသခင်အကြောင်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့လေ့လာခဲ့ပြီးသောအကြောင်းအရာများ'')က ကျောင်းသူ/သားများအားဘုရားသခင်အကြောင်းကို နားလည်သဘောပေါက်နိုင်ရန် ကူညီပေးလိမ့်မည်။ ထိုကြောင့် ဤအချက်တွင် အားလုံးလုပ်ဆောင်ရမည့်အရာမှာ ဘုရားသခင်အကြောင်းနှင့်ပတ်သက်၍ ကျမ်းစာဖော်ပြချက်များကို ခြုံငုံလေ့လာခြင်းပင် ဖြစ်သည်။*

*အထက်တွင်ဖော်ပြထားသောအချက်အလက်များ(အချက်ခုနစ်ချက်ဖြင့်အတိုချုံးတင်ပြခြင်း)ကို ကျောင်းသူ/သားများအားသင်ကြားပေးသောအခါ ဦးဆောင်ရမည့်နည်းလမ်းအနည်းဆုံး နှစ်မျိုးရှိသည်။*

*၁။ အတန်းမစတင်မီ အောက်တွင်ဖော်ပြထားသောအချက်အလက်များကို ကျောင်းသူ/သားများအားဖတ်ကြားစေပါ။ သူတို့ဖတ်ကြားခဲ့သောအကြောင်းအရာမှ မည်သည့်အချက်အလက်များကို နားလည်သဘောပေါက်ရန် ပိုကောင်းသနည်းဟု မေးမြန်းပါ။ ထိုအချက်အလက်များ၏ခံယူချက်များကို အချိန်ယူပြီး သေချာစွာ ရှင်းပြပါ။*

*၂။ ဖော်ပြချက်တစ်ခုချင်းစီကို ဖြည်းဖြည်းမှန်မှန်၊ ရှင်းရှင်းလင်းလင်းဖတ်ကြားပါ။ မည်သည့်ဖော်ပြချက်ကို တဖန်ရှင်းပြစေလိုပါသနည်းဟု ကျောင်းသူ/သားများအား မေးမြန်းပါ။ သင်ခန်းစာပို့ချခြင်း/ဆွေးနွေးမှုတွင် ထိုတိကျသောဖော်ပြချက်များကို အဓိကထား၍သင်ကြားပို့ချပေးပါ။*

*ဤစာမျက်နှာအစိတ်အပိုင်း၏အဓိကရည်ရွယ်ချက်မှာ စစ်မှန်သောဘုရားသခင်အကြောင်းနှင့်ပတ်သက်၍ကျမ်းစာအမြင်ကိုအနှစ်ချုပ်တင်ပြရန်နှင့် ကိုယ်တော်သည် မည်သူနှင့်တူတော်မူကြောင်းဆန်းစစ်ရန်၊ ထိုအမြင်အားကျောင်းသူ/သားများက တိကျမှန်ကန်စွာ နားလည်သဘောပေါက်ကြောင်းပြန်လည်ဆန်းစစ်ရန်အတွက် ဖြစ်သည်။*

**၁။ ကျမ်းစာ၏အရှင်ဘုရားသခင်သည် အစဉ်အမြဲတည်ရှိတော်မူပြီး နောက်နောင်တွင်လည်းအစဉ်မပြတ်တည်ရှိတော်မူမည့်ဘုရားလည်း ဖြစ်ပါသည်။ အကြောင်းမှာ ကိုယ်တော်သည် ထာဝရဘုရားဖြစ်တော်မူသောကြောင့် ဖြစ်သည်။ ဘုရားသခင်သည် မိမိကိုယ်ကို ''ငါဖြစ်သည့်အတိုင်းငါဖြစ်သည်''(ယာဝေး(သို့)ယေဟောဝါ)ဟု ပြောကြားတော်မူသည်။ ကျမ်းစာထဲတွင် ထိုစကားလုံးကို သခင်ဟုဘာသာပြန်ဆိုထားပါသည်။**

**၂။ ဘုရားသခင်သည် နှုတ်မြွက်တော်မူခြင်းအားဖြင့် မြေကြီးနှင့်သက်ရှိသက်မဲ့အားလုံးကို ဖန်ဆင်းတော်မူခဲ့သည်။ ဘုရားသခင်ဖန်ဆင်းတော်မူသောအရာအားလုံးသည် လိုလေသေးမရှိ၊ ပြည့်စုံခဲ့ပါသည်။**

**၃။ သမ္မာကျမ်းစာတစ်လျှောက် ဤဖန်ဆင်းရှင်ဘုရားသည် တန်ခိုးအားလုံးပိုင်ဆိုင်တော်မူကြောင်း ဆက်လက်ထင်ရှားစေတော်မူခဲ့သည်။**

**၄။ ဘုရားအတုများနှင့်မတူဘဲ စစ်မှန်သောဘုရားသခင်သည် သန့်ရှင်းတော်မူသည်(အပြစ်လုံးဝမရှိပါ)။**

**၅။ ဘုရားသခင်သည် လူသားများကို ဖန်ဆင်းတော်မူခဲ့ပြီးနောက် လိုက်နာရမည့်ပညတ်တော်များကို ချပေးတော်မူခဲ့သည်။**

**၆။ ဘုရားသခင်သည် ဖြောင့်မတ်တော်မူ၍ တရားမျှတတော်မူသောတရားသူကြီးဖြစ်တော်မူသောကြောင့် နာခံခြင်းမရှိသော**

**သူများကို ဒဏ်ခတ်တော်မူလိမ့်မည်။**

**၇။ ကျွန်ုပ်တို့သည် ဘုရားသခင်၏စကားကို နားမထောင်ကြသော်လည်း ဘုရားသခင်သည် ကျွန်ုပ်တို့အား ချစ်တော်မူသည်။**

**အထက်၌ဖော်ပြထားသောအချက်အလက်များမှ မည်သည့်အချက်အလက်ကို ပို၍နားလည်သဘောပေါက်လိုပါသနည်း။**

***တစ်ချက် (သို့)နှစ်ချက်ထက်ပိုများသောအချက်ကို ဝိုင်းလိုက်ပါ။***

*လိုအပ်သလိုဘုရားသခင်အကြောင်းနှင့်ပတ်သက်၍ဤအကြောင်းအရာများကို သင်ကြားပေးပြီးဆွေးနွေးပါ။ ကျောင်းသူ/သားများက သေချာစွာနားလည်သဘောပေါက်ပြီးမှသာလျှင် နောက်သင်ခန်းစာများကို ဆက်လက်သင်ကြားပေးပါ။*

***ကျမ်းစာက– ''ယုံကြည်ခြင်းမရှိလျှင်၊ ဘုရားသခင်၏စိတ်တော်နှင့်မတွေ့နိုင်။ အကြောင်းမူကား၊ ဘုရားသခင့်အထံတော်သို့ ချဉ်းကပ်သောသူသည် ဘုရားသခင်ရှိတော်မူသည်ကိုင်း၊ ကိုယ်တော်ကိုရှာသောသူအားအကျိုးပေးတော်မူသည်ကိုင်း ယုံကြည်ရမည်''(ဟေဗြဲ ၁၁း၆)။***

*ဤကျမ်းချက်တစ်ခုတည်းတွင် ဘုရားသခင်အကြောင်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့သင်ကြားခဲ့သောအရာများကပို အနှစ်ချုပ်တင်ပြထားခဲ့သည်။ ကျောင်းသူ/သားများအား ဤကျမ်းချက်ကို ကျယ်လောင်စွာဖတ်ကြားစေပါ။ ရှင်းပြရန် (သို့)အကျယ်တဝင့်ပြောပြရန်လိုအပ်သည်ဟု ထင်မှတ်လျှင် ရှင်းပြပြီးနောက် သင်ခန်းစာကို ဆက်သွားလိုက်ပါ။*

**ယုံကြည်မှုတုံ့ပြန်ခြင်း– စစ်မှန်သောထာဝရဘုရား၊ သန့်ရှင်းတော်မူသောဘုရားတစ်ပါးတည်းသာရှိတော်မူကြောင်း ကျမ်းစာမှ ကျွန်ုပ်တို့သင်ယူသောကျမ်းစာမှတွေ့ရပါသည်။ သူသည် တန်ခိုးအားလုံးနှင့်ပြည့်စုံတော်မူသောဖန်ဆင်းရှင်နှင့်တရားသူကြီးဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော့်ကို ကြည်ညိုလေးစားရကြမည် ဖြစ်သည်။ သင်ယုံကြည်ပါသလား။**

*ပထမစကားစုအထူးပြုရန်– ''ကျွန်ုပ်တို့သင်ယူသောကျမ်းစာမှ. . .''*

*ဤအရာသည် သင်၏ထင်မြင်ယူဆချက်သာမဟုတ်ဘဲ၊ ဘုရားသခင်အကြောင်းနှင့်ပတ်သက်၍ကျမ်းစာသွန်သင်ချက်များကို အတိုချုံးတင်ပြထားခြင်းကြောင်းရှင်းပြပါ။*

*အထက်က ယုံကြည်မှုတုံ့ပြန်ခြင်းကို ပြန်ဖတ်ပြီး စာပိုဒ်အဆုံးတွင် ကျောင်းသူ/သားများအား နှလုံးသားချင်း၊ သနားကြင်နာမှုဖြင့် ''မောင်ဖြူ၊ မင်းယုံကြည်သလား''ဟု တိုက်ရိုက်မေးကြည့်ပါ။*

*''ယုံကြည်ပါသည်''ဟု ပြန်ဖြေလျှင် အခြားသင်ခန်းစာများကိုဆက်သွားလိုက်ပါ။ သို့မဟုတ် ဤသင်ခန်းစာထဲတွင် ဘုရားသခင်အကြောင်းနှင့်ပတ်သက်၍ အခြားမည်သည့်သင်ခန်းစာ၊ ဗဟုသုတများကို အသစ်သင်ကြားပါနည်းဟု ကျောင်းသူ/သားများအား မေးကြည့်ပါ။*

*အကယ်၍ ''မယုံကြည်ပါ''သို့မဟုတ် ''မသေချာဘူး''ဟု ဖြေခဲ့လျှင် ထိုသူ၏ထင်မြင်ယူဆချက်များကို မေးမြန်းရမည် ဖြစ်သည်။ ''မောင်ဖြူရယ်၊ သင်ထင်မြင်ယူဆချက်ကို ငါစိတ်ဝင်စားတယ်။'' သို့မဟုတ် ''ဒီဖော်ပြချက်အပေါ် မင်းသဘောတူခဲ့သောအကြောင်းအရာနှင့်သဘောမတူနိုင်သောအကြောင်းအရာများမှာ မည်သည့်အရာများဖြစ်ပါသလဲ။''*

*ကျောင်းသူ/သားများ၏မယုံသံသယရှိသောအကြောင်းအရာများကို ပွင့်လင်းမြင်သာစွာ၊ လွတ်လပ်စွာဖြေကြားနိုင်အောင်ခွန်အားပေးလိုက်ပါ။ ယဉ်ကျေးမှုအရ သင်ကြားပေးသောဆရာသမားများစိတ်မပျက်စေရန်အတွက် ကျောင်းသူ/သားများက ကြားချင်ပါသည်၊ စိတ်ဝင်စားသည်ဟု နားဝင်ချိုအောင်ပြောတတ်ကြပါသည်။ ထိုသို့မဖြေကြားရန် သတိဖြင့်နေပါ။ သူတို့သည် နှလုံးသားထဲကထွက်လာသောဖြူစင်သောအဖြေဖြင့်ဖြေကြားရန် လိုအပ်ပါသည်။ ဖြူစင်မှုမရှိ၊ သင်ကြားပေးသောဆရာသမားများဝမ်းမြောက်မှုဖြစ်စေသောအဖြေသည် ရုပ်အဆိုးဆုံးပင် ဖြစ်လေသည်။ ''မင်းတို့ကြားချင်သောအကြောင်းကို ငါပြောမယ်''ဟုမပြောရပါ။ (၁)ရှင်းလင်းပြတ်သားစွာရှင်းပြတတ်ရမည်။ (၂)သမ္မာကျမ်းစာဖော်ပြသည့်အတိုင်းသွန်သင်ရမည်။ ဤအချိန်သည် ကျောင်းသူ/သားများ၏ယုံကြည်မှုအမှန်သိရှိရမည့်အချိန်ဖြစ်ပါသည်။*

*ကျောင်းသူ/သားများသည် ဘုရားသခင်အကြောင်းနှင့်ပတ်သက်၍ကျမ်းစာဖော်ပြထားသည့်အတိုင်းမယုံကြည်လျှင် မည်သည့်အရာပြုလုပ်ရမည်နည်း။*

*သူတို့၏အခြေအနေကိုနားလည်ကြောင်း ရှင်းပြပါ။ ဟုတ်ပါပြီ၊ –ငါ ဆုတောင်းပေးပါ့မယ်။ကျမ်းစာဖော်ပြထားသည့်အတိုင်း ဘုရားသခင်၏အကြောင်းကို လက်ခံယုံကြည်နိုင်ရန်အတွက် ဘုရားသခင်ထံတော်သို့ ဆုတောင်းပေးပါမည်ဟု ကတိပြုလိုက်ပါ။ သူတို့၏မယုံသံသယ ဖြစ်ခြင်းက သူတို့နှင့်ဆက်နွယ်မှု တားဆီးနှောင့်ယှက်ဖျက်ဆီးမည်မဟုတ်ကြောင်း ပြောပြပါ။*

*သို့သော် စာမျက်နှာ ၃၃ကို ဆက်သွားပြီး သင်ကြားပေးလိုက်ပါ။ ဤနေရာတွင် အခြားနေရာများနှင့်မတူသောလုပ်ဆောင်စရာတစ်ခုရှိပါသည်။ စာမျက်နှာ ၃၃–၃၉အောက်ဆုံးစာမျက်နှာများတွင် ''ဤအရာကိုယုံကြည်ပါသလား''ဟု မမေးပါနှင့်။*

*ကျောင်းသူ/သားများက ကျမ်းစာရှုထောင့်အတိုင်းဘုရားသခင်ကိုမယုံကြည်လျှင် လူသား၊ အပြစ်တရား၊ သေခြင်း(အပြစ်တရားကြောင့်ဘုရားသခင်ဒဏ်ခတ်တော်မူခြင်း)၊ ခရစ်တော်၊ ကားတိုင်၊ ယုံကြည်ခြင်းနှင့်အသက် စသည်တို့အတွက် သူတို့၏ယုံကြည်မှုမှာ မှားယွင်းနေပါသည်။ သို့သော် စာမျက်နှာ ၃၃–၃၉လှုပ်ရှားမှုများကိုအသုံးပြု၍ ထိုအကြောင်းအရာများကို အတိုးချုံး၍တင်ပြလျှင် အလွန်ကောင်းပေသည်။*

**အသက်လမ်းသို့တံတားခင်းပေးခြင်း**

လူသားအကြောင်းလေ့လာမှုများ

*အသက်လမ်းသို့တံတားခင်းပေးခြင်း၌ အခြေခံကျသောသတင်းကောင်းခံယူချက်ရှစ်ခု၊ ယခုလူသားအကြောင်းတို့ကို သင်ကြားပေးရာတွင် ဤခံယူချက်နှင့်ပတ်သက်၍ကျောင်းသူ/သားများ၏အမြင်ပေါ်တွင်မူတည်၍ သင်ကြားပေးသင့်ပါသည်။*

*အစောပိုင်းတွင်ဖော်ပြထားသောအချိန်ဇယားမှတစ်ခုအတိုင်း သင်ကြားပေးပါ။ သို့မဟုတ် ကျောင်းသူ/သားများအားသင်ကြားပေးရာတွင် ပို၍ကောင်းမွန်သောနည်းလမ်းအသစ်များကို ဖန်တီး၍သင်ကြားပေးနိုင်ပါသည်။*

*ဤသင်ခန်းစာ၏ရည်ရွယ်ချက်မှာ လူသားအကြောင်းနှင့်ပတ်သက်၍ကျမ်းစာဖော်ပြချက်ကိုအတိုချုံးတင်ပြ၍ ကျောင်းသူ/သားများက လူသားအကြောင်းကို ကျမ်းစာဖော်ပြသည့်အတိုင်း တိကျမှန်ကန်စွာနားလည်သဘောပေါက်နိုင်ရန်အတွက် ဖြစ်ပါသည်။*

**၁။ လူသားများသည် ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့်အညီဖန်ဆင်းခြင်းခံရသောသူများဖြစ်ကြပါသည်။ ထို့ကြောင့် ဘုရားသခင်၏အခြားဖန်ဆင်းခြင်းများနှင့်မတူသောအရည်အချင်းများနှင့်အစွမ်းအစအချို့များတို့ကို ကျွန်ုပ်တို့ပိုင်ဆိုင်ကြပါသည်။**

**၂။ ဤအရည်အချင်းများနှင့်အစွမ်းအစများက ဘုရားသခင်တာဝန်အပ်ပေးတော်မူသည့်အတိုင်း ဘုရားသခင်၏ဖန်ဆင်းထားသောအရာများကိုပြုစုစောင့်ထိန်းစေပါသည်။**

**၃။ ဘုရားသခင်သည် လူသားအားလုံးကိုချစ်တော်မူ၍ ပြည့်စုံပျော်ရွှင်စွာမိသဟာယဖွဲ့ရန်နှင့်ကိုယ်တော်ရှိသောနေရာတွင် ပျော်ရွှင်ရန် အလိုရှိတော်မူသည်။**

**၄။ ဘုရားသခင်သည် မိမိပညတ်တော်များနာခံရန် တာဝန်နှင့်အစွမ်းအစများသာမက နာမခံနိုင်သောအစွမ်းအစကိုလည်း ပေးအပ်တော်မူခဲ့သည်။**

**၅။ ဘုရားသခင်သည် ကျွန်ုပ်တို့အားဖန်ဆင်းတော်မူ၍ပိုင်ဆိုင်တော်မူသောကြောင့် လူသားအားလုံးက ဘုရားသခင်ကို ကိုးကွယ်ရမည် ဖြစ်သည်။**

**၆။ လူသားများသည် အရုပနှင့်ရုပဟူသောအစိတ်အပိုင်းနှစ်ပိုင်းပူးပေါင်းဖန်ဆင်းထားခြင်း ဖြစ်သည်။**

**၇။ လူတစ်ယောက်၏ဝိညာဉ်သည် လုံးလုံးလျားလျားကွယ်ပျောက်နိုင်တော့မည်မဟုတ်ပါ။ ရှင်ပြန်ထမြောက်သောကိုယ်ခန္ဓာဖြင့် အစဉ်အမြဲရှင်သန်မည်ဖြစ်သည်။**

**လူသားများအကြောင်းနှင့်ပတ်သက်၍ ဤအချက်များမှ မည်သည့်အချက်ကို ပို၍နားလည်သဘောပေါက်လိုပါသနည်း။**

***တစ်ချက်(သို့)နှစ်ချက်ထက်ပိုများသောအချက်ကို ဝိုင်းလိုက်ပါ။***

*လူသားများအကြောင်းနှင့်ပတ်သက်၍လိုအပ်သလို သင်ကြားဆွေးနွေးပါ။ ကျောင်းသူ/သားများသည် ကောင်းမွန်စွာ နားလည်သဘောပေါက်ပြီးနောက် အခြားသင်ခန်းစာများကို သင်ကြားပေးပါ။*

**ကျမ်းစာက ''*ထာဝရအရှင်ဘုရားသခင်သည် မြေမှုန့်ဖြင့်လူကို ဖန်ဆင်း၍ သူ၏နှာခေါင်းထဲသို့ ဇီဝအသက်ကိုမှုတ်တော်မူလျှင် လူသည် အသက်ရှင်သောသတ္တဝါဖြစ်လေ၏*''(*ကမ္ဘာ ၂း၇*)*ဟုဖော်ပြထားပါသည်။***

*လူသားများအကြောင်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့လေ့လာသင်ယူခဲ့သောအကြောင်းအရာများကို ဤကျမ်းချက်တစ်ခုတည်းတွင် အတိုချုံး၍ဖော်ပြထားကြောင်းရှင်းပြပါ။ ထိုကျမ်းချက်ကို ကျောင်းသား/သူတစ်ဦးအား ကျယ်လောင်စွာ ဖတ်စေပါ။ ရှင်းပြရန် သို့မဟုတ်အကျယ်တဝင့်ပြောပြရန်လိုအပ်သည်ဟုထင်လျှင် ရှင်းပြပြီးနောက် အခြားသင်ခန်းစာများကို ဆက်သွားလိုက်ပါ။*

**ယုံကြည်မှုတုန့်ပြန်မှု– ဘုရားသခင်သည် ကျွန်ုပ်တို့ကိုဖန်ဆင်းတော်မူကြောင်း၊ ချစ်တော်မူကြောင်းနှင့် ဘုရားသခင်၏အမိန့်တော်များနာခံထိုက်ကြောင်းကို ကျမ်းစာကဖော်ပြထားပါသည်။ သင်ယုံကြည်ပါသလား။**

*ပထမစကားစုကိုအထူးပြုခြင်း– ''ကျမ်းစာမှကျွန်ုပ်တို့လေ့လာသင်ယူသော. . . ''*

*ထိုအကြောင်းအရာများသည် သင်၏ထင်မြင်ယူဆချက်မဟုတ်ဘဲ လူသားများအကြောင်းနှင့်ပတ်သက်၍ ကျမ်းစာသွန်သင်မှုများအနှစ်ချုပ်တင်ပြထားခြင်းဖြစ်ကြောင်းရှင်းပြပါ။*

**မှတ်ချက်။ ။** ကျောင်းသူ/သားတစ်ဦးဦးက *မြော်လင့်ခြင်းသမိုင်း*ရှိ စာမျက်နှာ ၃၂၊ ဘုရားသခင်အကြောင်းနှင့်ပတ်သက်၍ကျမ်းစာအမြင်ဆွေးနွေးတင်ဆက်မှုအပေါ် ယုံကြည်ကြောင်းဖော်ပြချက်မရှိလျှင် ''ယုံကြည်မှုတုန့်ပြန်ခြင်း'' ကဏ္ဍနောက်ဆုံးမေးခွန်းကိုမမေးပါနှင့်။ သို့သော် နောက်သင်ခန်းစာများကို ဆက်လက်သင်ကြားပေးပါ။

*အထက်ကယုံကြည်မှုတုန့်ပြန်ခြင်းကို ဖတ်ပြီး စာပိုဒ်၏နောက်ဆုံးဝါကျဖတ်သောအခါ ကျောင်းသူ/သားကို မျက်လုံးချင်းကြည့်၍ ''မောင်ဖြူရယ်၊ မင်းယုံကြည်ပါသလား''ဟု တိုက်ရိုက်မေးမြန်းပါ။*

*''ယုံကြည်ပါတယ်''ဟု ဖြေကြားလျှင် နောက်သင်ခန်းစာကို ဆက်လက်သင်ကြားပေးပါ။ သို့မဟုတ် ယုံကြည်ခြင်းတုန့်ပြန်မှုနှစ်ခုတို့ကို ပြန်ကြည့်၍လည်း သင်ကြားပေးနိုင်သည်။*

*အကယ်၍ ''မယုံကြည်ဘူး'' သို့မဟုတ် ''မသေချာဘူး''ဟု ဖြေကြားခဲ့လျှင်* အစောပိုင်းတွင်ဖော်ပြထားသောအချိန်ဇယားအတိုင်း ပြန်လည်သင်ကြားပေးပါ။

**အသက်လမ်းသို့တံတားခင်းပေးခြင်း**

**ဘုရားသခင်ကိုနာခံခြင်းသင်ခန်းစာ**

*အသက်လမ်းသို့တံတားခင်းပေးခြင်း၌ အခြေခံကျသောသတင်းကောင်းခံယူချက်ရှစ်ခု၊ ယခုအပြစ်တရားအကြောင်းတို့ကို သင်ကြားပေးရာတွင် ဤခံယူချက်နှင့်ပတ်သက်၍ကျောင်းသူ/သားများ၏အမြင်ပေါ်တွင်မူတည်၍ သင်ကြားပေးသင့်ပါသည်။*

*အစောပိုင်းတွင်ဖော်ပြထားသောအချိန်ဇယားမှတစ်ခုအတိုင်း သင်ကြားပေးပါ။ သို့မဟုတ် ကျောင်းသူ/သားများအားသင်ကြားပေးရာတွင် ပို၍ကောင်းမွန်သောနည်းလမ်းအသစ်များကို ဖန်တီး၍သင်ကြားပေးနိုင်ပါသည်။*

*ဤသင်ခန်းစာ၏ရည်ရွယ်ချက်မှာ အပြစ်တရားအကြောင်းနှင့်ပတ်သက်၍ကျမ်းစာဖော်ပြချက်ကိုအတိုချုံးတင်ပြ၍ ကျောင်းသူ/သားများက အပြစ်တရားအကြောင်းကို ကျမ်းစာဖော်ပြသည့်အတိုင်း တိကျမှန်ကန်စွာနားလည်သဘောပေါက်နိုင်ရန်အတွက် ဖြစ်ပါသည်။*

**၁။ ဘုရားသခင်သည် အာဒံနှင့်ဧဝတို့ကိုဖန်ဆင်းပြီးချစ်တော်မူ၍လိုသမျှထောက်ပံ့ပေးတော်မူခဲ့သော်လည်း သူတို့သည် ဘုရားသခင်ကို ဆန့်ကျင်ခဲ့ကြသည်။**

**၂။ သူတို့သည် ဘုရားသခင်၏စကားကိုနားမထောင်ကြပါ။ မစားရန်တားမြစ်ထားသောအပင်၏အသီးကို စားခဲ့ကြပါသည်။**

**၃။ ဘုရားသခင်၏စကားတော်ကိုနားမခံခြင်းကို *အပြစ်*ဟုခေါ်ပါသည်။ အပြစ်သည် ပြည့်စုံပြီးသန့်ရှင်းတော်မူသောဘုရားသခင်ကို ဆန့်ကျင်ပါသည်။**

**၄။ အာဒံနှင့်ဧဝတို့၏အပြစ်ကြောင်း ဘုရားသခင်နှင့် လူသားအချင်းချင်း မိတ်သဟာယဖွဲ့ခြင်းကို ပျက်စီးစေခဲ့သည်။ လူသားအားလုံး၏ ကိုယ်ကာယနှင့်ဝိညာဉ်ရေးရာဆိုင်ရာအခြေအနေများကို အဆိုးသို့ပြောင်းလဲစေခဲ့ပါသည်။**

**၅။ လူသားအားလုံးက အပြစ်သား၊ ပုန်ကန်တတ်သောဗီဇကို အမွေဆက်ခံခဲ့ကြသည်။ ရန်ဖြစ်စကားများခြင်း၊ စစ်ပွဲ၊ အတ္တကြီးခြင်းနှင့်လောဘကျူးလွန်ခြင်းတို့သည် နှလုံးသားမှဘုရားသခင်ကိုဆန့်ကျင်ခြင်း၏ဆိုးကျိုးများပင် ဖြစ်ပါသည်။**

**၆။ ကျွန်ုပ်တို့အားလုံးသည် အပြစ်ကျူးလွန်ခဲ့ကြသည်ဟု ကျမ်းစာက ဆိုသည်။ လူသားအားလုံးက မိမိနှလုံးသား၌ မှားသည်ဟုသိရှိသောအရာများကိုပင် ပြုလုပ်ခဲ့ကြသည်။**

**၇။ ဘုရားသခင်သည် သန့်ရှင်း၍ဖြောင့်မတ်တော်မူသောကြောင့် ကျွန်ုပ်တို့အပြစ်များကို ဒဏ်ခတ်တော်မူလိမ့်မည်။**

**လူသားများအကြောင်းနှင့်ပတ်သက်၍ ဤအချက်များမှ မည်သည့်အချက်ကို ပို၍နားလည်သဘောပေါက်လိုပါသနည်း။**

***တစ်ချက်(သို့)နှစ်ချက်ထက်ပိုများသောအချက်ကို ဝိုင်းလိုက်ပါ။***

*အပြစ်တရားအကြောင်းနှင့်ပတ်သက်၍လိုအပ်သလို သင်ကြားဆွေးနွေးပါ။ ကျောင်းသူ/သားများသည် ကောင်းမွန်စွာ နားလည်သဘောပေါက်ပြီးနောက် အခြားသင်ခန်းစာများကို သင်ကြားပေးပါ။*

**ကျမ်းစာက ''*အဘယ်ကြောင့်နည်းဟူမူကား၊ လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍ ဘုရားသခင်ရှေ့တော်၌အသရေပျက်ကြပြီ*'' *(ရောမ ၃း၂၃)*။**

*အပြစ်တရားအကြောင်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့လေ့လာသင်ယူခဲ့သောအကြောင်းအရာများကို ဤကျမ်းချက်တစ်ခုတည်းတွင် အတိုချုံး၍ဖော်ပြထားကြောင်းရှင်းပြပါ။ ထိုကျမ်းချက်ကို ကျောင်းသား/သူတစ်ဦးအား ကျယ်လောင်စွာ ဖတ်စေပါ။ ရှင်းပြရန် သို့မဟုတ်အကျယ်တဝင့်ပြောပြရန်လိုအပ်သည်ဟုထင်လျှင် ရှင်းပြပြီးနောက် အခြားသင်ခန်းစာများကို ဆက်သွားလိုက်ပါ။*

**ယုံကြည်မှုတုန့်ပြန်မှု– ကျွန်ုပ်တို့သည် ဘုရားသခင်ကိုဆန့်ကျင်သောအပြစ်ကျူးလွန်ခဲ့ကြ၍ ဘုရားသခင်၏တရားစီရင်တော်မူခြင်းကိုခံထိုက်ကြကြောင်း ကျမ်းစာမှသိရသည်။ သင်ယုံကြည်ပါသလား။**

*ပထမစကားစုကိုအထူးပြုခြင်း– ''ကျမ်းစာမှကျွန်ုပ်တို့လေ့လာသင်ယူသော. . . ''*

*ထိုအကြောင်းအရာများသည် သင်၏ထင်မြင်ယူဆချက်မဟုတ်ဘဲ လူသားများအကြောင်းနှင့်ပတ်သက်၍ ကျမ်းစာသွန်သင်မှုများအနှစ်ချုပ်တင်ပြထားခြင်းဖြစ်ကြောင်းရှင်းပြပါ။*

**မှတ်ချက်။ ။** ကျောင်းသူ/သားတစ်ဦးဦးက မြော်လင့်ခြင်းသမိုင်းရှိ စာမျက်နှာ ၃၂၊ ဘုရားသခင်အကြောင်းနှင့်ပတ်သက်၍ကျမ်းစာအမြင်ဆွေးနွေးတင်ဆက်မှုအပေါ် ယုံကြည်ကြောင်းဖော်ပြချက်မရှိလျှင် ''ယုံကြည်မှုတုန့်ပြန်ခြင်း'' ကဏ္ဍနောက်ဆုံးမေးခွန်းကိုမမေးပါနှင့်။ သို့သော် နောက်သင်ခန်းစာများကို ဆက်လက်သင်ကြားပေးပါ။

*အထက်ကယုံကြည်မှုတုန့်ပြန်ခြင်းကို ဖတ်ပြီး စာပိုဒ်၏နောက်ဆုံးဝါကျဖတ်သောအခါ ကျောင်းသူ/သားကို မျက်လုံးချင်းကြည့်၍ ''မောင်ဖြူရယ်၊ မင်းယုံကြည်ပါသလား''ဟု တိုက်ရိုက်မေးမြန်းပါ။*

*''ယုံကြည်ပါတယ်''ဟု ဖြေကြားလျှင် နောက်သင်ခန်းစာကို ဆက်လက်သင်ကြားပေးပါ။ သို့မဟုတ် ယုံကြည်ခြင်းတုန့်ပြန်မှုသုံးခုတို့ကို တူညီသောနည်းလမ်းအားဖြင့် သင်ကြားပေးနိုင်ပါသည်။*

''ထိုကြောင့်၊ တစ်ဆူတည်းသောဘုရားအစစ်မှာ ကျွန်ုပ်တို့ကိုဖန်ဆင်းတော်မူသောဖန်ဆင်းရှင်ဖြစ်တော်မူကြောင်းနှင့် ကိုယ်တော်၏စကားကိုနားထောင်၍ကိုးကွယ်ရန်လိုအပ်ကြောင်း တွေ့ရပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား မိမိပုံသဏ္ဍာန်တော်နှင့်အညီဖန်ဆင်းတော်မူကြောင်းနှင့် ဝိညာဉ်များဖြစ်ကြကြောင်း။ ဘုရားသခင်ကို ပုန်ကန်သောသူများဖြစ်ကြကြောင်းနှင့် ဘုရားသခင်၏တရားစီရင်တော်မူခြင်းကို ကိုယ်အပေါ်သို့မိမိကိုယ်ကိုတင်သောသူများဖြစ်ကြကြောင်းကိုလည်း တွေ့ရပါသည်။''

*အကယ်၍ ''မယုံကြည်ဘူး'' သို့မဟုတ် ''မသေချာဘူး''ဟု ဖြေကြားခဲ့လျှင်* အစောပိုင်းတွင်ဖော်ပြထားသောအချိန်ဇယားအတိုင်း ပြန်လည်သင်ကြားပေးပါ။

**အသက်လမ်းသို့တံတားခင်းပေးခြင်း**

**အပြစ်တရားအတွက် ဘုရားသခင်၏တရားစီရင်ဒဏ်ခတ်တော်မူခြင်း**

**အကြောင်း**

*အသက်လမ်းသို့တံတားခင်းပေးခြင်း၌ အခြေခံကျသောသတင်းကောင်းခံယူချက်ရှစ်ခု၊ ယခုသေခြင်းတရားအကြောင်းတို့ကို သင်ကြားပေးရာတွင် ဤခံယူချက်နှင့်ပတ်သက်၍ကျောင်းသူ/သားများ၏အမြင်ပေါ်တွင်မူတည်၍ သင်ကြားပေးသင့်ပါသည်။*

*အစောပိုင်းတွင်ဖော်ပြထားသောအချိန်ဇယားမှတစ်ခုအတိုင်း သင်ကြားပေးပါ။ သို့မဟုတ် ကျောင်းသူ/သားများအားသင်ကြားပေးရာတွင် ပို၍ကောင်းမွန်သောနည်းလမ်းအသစ်များကို ဖန်တီး၍သင်ကြားပေးနိုင်ပါသည်။*

*ဤသင်ခန်းစာ၏ရည်ရွယ်ချက်မှာ သေခြင်းတရားအကြောင်းနှင့်ပတ်သက်၍ကျမ်းစာဖော်ပြချက်ကိုအတိုချုံးတင်ပြ၍ ကျောင်းသူ/သားများက အပြစ်တရားအကြောင်းကို ကျမ်းစာဖော်ပြသည့်အတိုင်း တိကျမှန်ကန်စွာနားလည်သဘောပေါက်နိုင်ရန်အတွက် ဖြစ်ပါသည်။*

**၁။ သေခြင်းတရားဟူသည်မှာ ခွဲခွါခြင်းပင် ဖြစ်သည်။**

**၂။ အာဒံနှင့်ဧဝတို့သည် အပြစ်ကျူးလွန်ခဲ့ကြသည်နှင့်တပြိုင်တည်း ဝိညာဉ်ရေးရာသေဆုံးခဲ့ကြသည် (ဘုရားသခင်နှင့်ခွဲခွါခဲ့ကြသည်)။**

**၃။ သူတို့မှဆင်းသက်လာသောလူများအားလုံးသည် ဝိညာဉ်ရေးရာ၌သေသောသူများအဖြစ် မွေးဖွားလာခဲ့ကြသည်။**

**၄။ လူသားများ၏ဝိညာဉ်သည် ကိုယ်ခန္ဓာမှထွက်သွားသောအခါ ကိုယ်ခန္ဓာသေခြင်းပေါ်ပေါက်သည်။ အာဒံနှင့်ဧဝတို့သည် ကိုယ်ခန္ဓာသေခြင်းကြုံတွေ့ခဲ့ကြသည်။ သူတို့မှဆင်းသက်လာသောလူသားများအားလုံးသည်လည်း သေရကြမည် ဖြစ်သည်။**

**၅။ ကိုယ်ခန္ဓာသေခြင်းသည် လူသားများတည်ရှိခြင်း၏အဆုံးမဟုတ်ပါ။ လူတစ်ယောက်သေဆုံးသောအခါ ထိုသူသည် သန့်ရှင်းတော်မူ၍လူသားအားလုံးကို ဖြောင့်မတ်စွာတရားစီရင်တော်မူမည့် ဘုရားသခင်ရှေ့မှောက်တော်၌ မတ်သပ်ရပ်ပါလိမ့်မည်။**

**၆။ အပြစ်မှလွတ်မြောက်ရန် ဘုရားသခင်ပြင်ဆင်ပေးတော်မူခြင်းကို မယုံကြည်မကိုးစားသောသူများသည် ဘုရားသခင်နှင့်ထာဝရခွဲခွါလျက် ငရဲမီးအိုင်သို့ထာဝရပြစ်ဒဏ်ခံခြင်းအားဖြင့် ထာဝရသေခြင်းနှင့်ရင်ဆိုင်ရကြပါလိမ့်မည်။**

**၇။ သေခြင်းသည် အပြစ်တရားအတွက် ဘုရားသခင်၏တရားမျှတသောတရားစီရင်တော်မူခြင်းပင် ဖြစ်သည်။**

**သေခြင်းတရားအကြောင်းနှင့်ပတ်သက်၍ ဤအချက်များမှ မည်သည့်အချက်ကို ပို၍နားလည်သဘောပေါက်လိုပါသနည်း။**

***တစ်ချက်(သို့)နှစ်ချက်ထက်ပိုများသောအချက်ကို ဝိုင်းလိုက်ပါ။***

*သေခြင်းတရားအကြောင်းနှင့်ပတ်သက်၍လိုအပ်သလို သင်ကြားဆွေးနွေးပါ။ ကျောင်းသူ/သားများသည် ကောင်းမွန်စွာ နားလည်သဘောပေါက်ပြီးနောက် အခြားသင်ခန်းစာများကို သင်ကြားပေးပါ။*

***ကျမ်းစာက ''လူသည် တခါတည်းသေ၍ ထိုနောက်မှတရားစီရင်တော်မူခြင်းကိုခံရမည်'' (ဟေဗြဲ ၉း၂၇)။***

*သေခြင်းတရားအကြောင်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့လေ့လာသင်ယူခဲ့သောအကြောင်းအရာများကို ဤကျမ်းချက်တစ်ခုတည်းတွင် အတိုချုံး၍ဖော်ပြထားကြောင်းရှင်းပြပါ။ ထိုကျမ်းချက်ကို ကျောင်းသား/သူတစ်ဦးအား ကျယ်လောင်စွာ ဖတ်စေပါ။ ရှင်းပြရန် သို့မဟုတ်အကျယ်တဝင့်ပြောပြရန်လိုအပ်သည်ဟုထင်လျှင် ရှင်းပြပြီးနောက် အခြားသင်ခန်းစာများကို ဆက်သွားလိုက်ပါ။*

**ယုံကြည်မှုတုန့်ပြန်မှု– ကျွန်ုပ်တို့သည် ဘုရားသခင်၏တရားစီရင်တော်မူခြင်းကိုတွေ့ကြုံရကြမည်ဖြစ်ကြောင်းနှင့် ထိုတရားစီရင်ခြင်းမှမိမိကိုယ်ကိုမလွတ်မြောက်နိုင်ကြောင်း ကျမ်းစာမှ တွေ့ရပါသည်။ သင်ယုံကြည်ပါသလား။**

*ပထမစကားစုကိုအထူးပြုခြင်း– ''ကျမ်းစာမှကျွန်ုပ်တို့လေ့လာသင်ယူသော. . . ''*

*ထိုအကြောင်းအရာများသည် သင်၏ထင်မြင်ယူဆချက်မဟုတ်ဘဲ လူသားများအကြောင်းနှင့်ပတ်သက်၍ ကျမ်းစာသွန်သင်မှုများအနှစ်ချုပ်တင်ပြထားခြင်းဖြစ်ကြောင်းရှင်းပြပါ။*

**မှတ်ချက်။ ။** ကျောင်းသူ/သားတစ်ဦးဦးက မြော်လင့်ခြင်းသမိုင်းရှိ စာမျက်နှာ ၃၂၊ ဘုရားသခင်အကြောင်းနှင့်ပတ်သက်၍ကျမ်းစာအမြင်ဆွေးနွေးတင်ဆက်မှုအပေါ် ယုံကြည်ကြောင်းဖော်ပြချက်မရှိလျှင် ''ယုံကြည်မှုတုန့်ပြန်ခြင်း'' ကဏ္ဍနောက်ဆုံးမေးခွန်းကိုမမေးပါနှင့်။ သို့သော် နောက်သင်ခန်းစာများကို ဆက်လက်သင်ကြားပေးပါ။

*အထက်ကယုံကြည်မှုတုန့်ပြန်ခြင်းကို ဖတ်ပြီး စာပိုဒ်၏နောက်ဆုံးဝါကျဖတ်သောအခါ ကျောင်းသူ/သားကို မျက်လုံးချင်းကြည့်၍ ''မောင်ဖြူရယ်၊ မင်းယုံကြည်ပါသလား''ဟု တိုက်ရိုက်မေးမြန်းပါ။*

*''ယုံကြည်ပါတယ်''ဟု ဖြေကြားလျှင် နောက်သင်ခန်းစာကို ဆက်လက်သင်ကြားပေးပါ။ သို့မဟုတ် အကျဉ်းချုံးဖော်ပြချက်ကို ဤကဲ့သို့ ပြန်လည်လေ့လာနိုင်ပါသည်။*

''ကျွန်ုပ်တို့သည် ဘုရားသခင်အား ဖန်ဆင်းရှင်ဘုရား၊ လူသားများအားဘုရားသခင်အပေါ်တာဝန်ရှိသူ၊ လူသားများသည် အပြစ်သားများနှင့် အပြစ်တရားကြောင့်သေခြင်းရင်ဆိုင်ရမည့်သူများအဖြစ် မြင်တွေ့ရန် ကြိုးစားရမည် ဖြစ်သည်။''

*အကယ်၍ ''မယုံကြည်ဘူး'' သို့မဟုတ် ''မသေချာဘူး''ဟု ဖြေကြားခဲ့လျှင် အစောပိုင်းတွင်ဖော်ပြထားသောအချိန်ဇယားအတိုင်း* ပြန်လည်သင်ကြားပေးပါ။

**အသက်လမ်းသို့တံတားခင်းပေးခြင်း**

**သခင်ယေရှုခရစ်တော်အကြောင်းလေ့လာခြင်း**

*အသက်လမ်းသို့တံတားခင်းပေးခြင်း၌ အခြေခံကျသောသတင်းကောင်းခံယူချက်ရှစ်ခု၊ ယခုသခင်ယေရှုခရစ်တော်အကြောင်းတို့ကို သင်ကြားပေးရာတွင် ဤခံယူချက်နှင့်ပတ်သက်၍ကျောင်းသူ/သားများ၏အမြင်ပေါ်တွင်မူတည်၍ သင်ကြားပေးသင့်ပါသည်။*

*အစောပိုင်းတွင်ဖော်ပြထားသောအချိန်ဇယားမှတစ်ခုအတိုင်း သင်ကြားပေးပါ။ သို့မဟုတ် ကျောင်းသူ/သားများအားသင်ကြားပေးရာတွင် ပို၍ကောင်းမွန်သောနည်းလမ်းအသစ်များကို ဖန်တီး၍သင်ကြားပေးနိုင်ပါသည်။*

*ဤသင်ခန်းစာ၏ရည်ရွယ်ချက်မှာ သခင်ယေရှုခရစ်တော်အကြောင်းနှင့်ပတ်သက်၍ကျမ်းစာဖော်ပြချက်ကိုအတိုချုံးတင်ပြ၍ ကျောင်းသူ/သားများက အပြစ်တရားအကြောင်းကို ကျမ်းစာဖော်ပြသည့်အတိုင်း တိကျမှန်ကန်စွာနားလည်သဘောပေါက်နိုင်ရန်အတွက် ဖြစ်ပါသည်။*

**၁။ အာဒံနှင့်ဧဝတို့သည် အပြစ်ကျူးလွန်ခဲ့ကြပြီးနောက် ဘုရားသခင်သည် စာတန်အပေါ်အောင်မြင်မည့်သူတစ်ဦးကို ကတိပြုတော်မူခဲ့သည်။**

**၂။ ဓမ္မဟောင်းကျမ်းတစ်လျှောက်တွင် ထိုသူသည် မည်သူဖြစ်လိမ့်မည်ကိုလည်းကောင်း၊ သူ၏အသေခံတော်မူခြင်းအားဖြင့် သူ့ကိုယုံကြည်သောသူများအားအပြစ်ခွင့်လွှတ်ခြင်းရရှိမည့်အကြောင်းကိုလည်းကောင်း ဘုရားသခင်က တဆင့်ပြီးတဆင့် ဖွင့်ပြတော်မူခဲ့သည်။**

**၃။ ဘုရားသခင်သည် မိမိကတိတော်များပြည့်စုံစေတော်မူရန်အတွက် မိမိသားတော်၊ သခင်ယေရှုကို ကျွန်ုပ်တို့အားတရားစီရင်ခြင်းမှရွေးနှုတ်ကယ်တင်ရန် စေလွှတ်တော်မူခဲ့သည်။**

**၄။ အပျိုကညာမာရိမှ ဘုရားသခင်၏သားတော်ဖွားမြင်တော်မူ၍ နာဇရက်မြို့သားယေရှုဟု မှည့်ခေါ်ခဲ့ပါသည်။**

**၅။ သခင်ယေရှုသည် ချစ်ခြင်းမေတ္တာနှင့်ဘုရားသခင်ကိုနာခံခြင်းဖြင့်ပြည့်စုံစွာ အသက်ရှင်တော်မူခဲ့သည်။**

**၆။ သခင်ယေရှုသည် လောကတွင် အသက်ရှင်တော်မူစဉ်ခါ သူသည် ဘုရားဖြစ်တော်မူကြောင်း အံ့သြဖွယ်ကောင်းသော နိမိတ်လက္ခဏာများစွာ ပြုလုပ်တော်မူခြင်းအားဖြင့် ထင်ရှားစေတော်မူခဲ့သည်။**

**၇။ သခင်ယေရှုသည် တစ်ရာရာခိုင်နှုန်းဘုရားဖြစ်ပြီး တစ်ရာရာခိုင်နှုန်းလူသားဖြစ်တော်မူသည်။ သခင်ယေရှုသည် အကြီးမြတ်ဆုံးသောဘုရားဖြစ်တော်မူ၍ ထာဝရအသက်လမ်းခရီးလည်းဖြစ်ပါသည်။**

**သခင်ယေရှုခရစ်တော်အကြောင်းနှင့်ပတ်သက်၍ ဤအချက်များမှ မည်သည့်အချက်ကို ပို၍နားလည်သဘောပေါက်လိုပါသနည်း။**

***တစ်ချက်(သို့)နှစ်ချက်ထက်ပိုများသောအချက်ကို ဝိုင်းလိုက်ပါ။***

*သခင်ယေရှုခရစ်တော်အကြောင်းနှင့်ပတ်သက်၍လိုအပ်သလို သင်ကြားဆွေးနွေးပါ။ ကျောင်းသူ/သားများသည် ကောင်းမွန်စွာ နားလည်သဘောပေါက်ပြီးနောက် အခြားသင်ခန်းစာများကို သင်ကြားပေးပါ။*

***ကျမ်းစာက ''ယေရှုက၊ ငါသည်လမ်းခရီးဖြစ်၏။သမ္မာတရားလည်းဖြစ်၏။ အသက်လည်းဖြစ်၏။ ငါ့ကိုအမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့မရောက်ရ''ဟု မိန့်တော်မူခဲ့သည် (ယောဟန် ၁၄း၆)။***

*သခင်ယေရှုခရစ်တော်အကြောင်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့လေ့လာသင်ယူခဲ့သောအကြောင်းအရာများကို ဤကျမ်းချက်တစ်ခုတည်းတွင် အတိုချုံး၍ ဖော်ပြထားကြောင်းရှင်းပြပါ။ ထိုကျမ်းချက်ကို ကျောင်းသား/သူတစ်ဦးအား ကျယ်လောင်စွာ ဖတ်စေပါ။ ရှင်းပြရန် သို့မဟုတ်အကျယ် တဝင့်ပြောပြရန်လိုအပ်သည်ဟုထင်လျှင် ရှင်းပြပြီးနောက် အခြားသင်ခန်းစာများကို ဆက်သွားလိုက်ပါ။*

**ယုံကြည်မှုတုန့်ပြန်မှု – သခင်ယေရှုခရစ်တော်သည် ပြည့်စုံသောဘုရားသခင်၏သားတော်နှင့်ပြည့်စုံသောလူသား၊ ထာဝရအသက်လမ်းဖြစ်တော်မူသည်။ သင်ယုံကြည်ပါသလား။**

*ပထမစကားစုကိုအထူးပြုခြင်း– ''ကျမ်းစာမှကျွန်ုပ်တို့လေ့လာသင်ယူသော. . . ''*

**မှတ်ချက်။ ။** ကျောင်းသူ/သားတစ်ဦးဦးက မြော်လင့်ခြင်းသမိုင်းရှိ စာမျက်နှာ ၃၂၊ ဘုရားသခင်အကြောင်းနှင့်ပတ်သက်၍ကျမ်းစာအမြင်ဆွေးနွေးတင်ဆက်မှုအပေါ် ယုံကြည်ကြောင်းဖော်ပြချက်မရှိလျှင် ''ယုံကြည်မှုတုန့်ပြန်ခြင်း'' ကဏ္ဍနောက်ဆုံးမေးခွန်းကိုမမေးပါနှင့်။ သို့သော် နောက်သင်ခန်းစာများကို ဆက်လက်သင်ကြားပေးပါ။

*အထက်ကယုံကြည်မှုတုန့်ပြန်ခြင်းကို ဖတ်ပြီး စာပိုဒ်၏နောက်ဆုံးဝါကျဖတ်သောအခါ ကျောင်းသူ/သားကို မျက်လုံးချင်းကြည့်၍ ''မောင်ဖြူရယ်၊ မင်းယုံကြည်ပါသလား''ဟု တိုက်ရိုက်မေးမြန်းပါ။*

*''ယုံကြည်ပါတယ်''ဟု ဖြေကြားလျှင် နောက်သင်ခန်းစာကို ဆက်လက်သင်ကြားပေးပါ။ သို့မဟုတ် အကျဉ်းချုံးဖော်ပြချက်ကို ဤကဲ့သို့ ပြန်လည်လေ့လာနိုင်ပါသည်။*

''ကောင်းပြီ။ ပြန်ကြည့်ကြပါစို့။ ဘုရားသခင်သည်ဖန်ဆင်းရှင်၊ လူသားများသည်ဖန်ဆင်းခြင်းခံရသောသူများ၊ အပြစ်သားများ၊ အပြစ်ဒုစရိုက်ကျူးလွန်သူများ၊ သေဒဏ်ခံရသောသူများနှင့်ကယ်တင်ရှင်တစ်ပါးချပေးမည်ဟုကတိပြုခြင်းခံရသောသူများ၊ ကယ်တင်သူမှာ ကတိတော်အရ သခင်ယေရှုဖြစ်ပါသည်။ ယခုတွင် သခင်ယေရှုသည် အပြစ်လွတ်ခြင်းနှင့်ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်ခြင်းအတွက် မည်ကဲ့သို့ပြင်ဆင်ပေးတော်မူခဲ့ကြောင်း ကြည့်ကြပါစို့။''

*အကယ်၍ ''မယုံကြည်ဘူး'' သို့မဟုတ် ''မသေချာဘူး''ဟု ဖြေကြားခဲ့လျှင် အစောပိုင်းတွင်ဖော်ပြထားသောအချိန်ဇယားအတိုင်း* ပြန်လည်သင်ကြားပေးပါ။

**အသက်လမ်းသို့တံတားခင်းပေးခြင်း**

**သခင်ယေရှုခရစ်တော်၏အသေခံတော်မူခြင်း**

**အကြောင်းလေ့လာခြင်း**

*အသက်လမ်းသို့တံတားခင်းပေးခြင်း၌ အခြေခံကျသောသတင်းကောင်းခံယူချက်ရှစ်ခု၊ ယခုသခင်ယေရှုခရစ်တော်၏အသေခံတော်မူခြင်းအကြောင်းတို့ကို သင်ကြားပေးရာတွင် ဤခံယူချက်နှင့်ပတ်သက်၍ကျောင်းသူ/သားများ၏အမြင်ပေါ်တွင်မူတည်၍ သင်ကြားပေးသင့်ပါသည်။*

*အစောပိုင်းတွင်ဖော်ပြထားသောအချိန်ဇယားမှတစ်ခုအတိုင်း သင်ကြားပေးပါ။ သို့မဟုတ် ကျောင်းသူ/သားများအားသင်ကြားပေးရာတွင် ပို၍ကောင်းမွန်သောနည်းလမ်းအသစ်များကို ဖန်တီး၍သင်ကြားပေးနိုင်ပါသည်။*

*ဤသင်ခန်းစာ၏ရည်ရွယ်ချက်မှာ သခင်ယေရှုခရစ်တော်၏အသေခံတော်မူခြင်းအကြောင်းနှင့်ပတ်သက်၍ကျမ်းစာဖော်ပြချက်ကိုအတိုချုံးတင်ပြ၍ ကျောင်းသူ/သားများက အပြစ်တရားအကြောင်းကို ကျမ်းစာဖော်ပြသည့်အတိုင်း တိကျမှန်ကန်စွာနားလည်သဘောပေါက်နိုင်ရန်အတွက် ဖြစ်ပါသည်။*

**၁။ ဘုရားသခင်သည် သန့်ရှင်းတော်မူသောကြောင့် ကိုယ်တော်၏ပညတ်တရားတော်များချိုးဖောက်ကျူးလွန်သောသူများကို ဒဏ်ခတ်ရမည် ဖြစ်သည်။**

**၂။ ကျွန်ုပ်တို့သည် အပြစ်ကျူးလွန်ခဲ့ကြသော်လည်း ဘုရားသခင်သည် ကျွန်ုပ်တို့ကိုချစ်တော်မူသောကြောင့် ကျေးဇူးဂရုဏာတော်ကိုပေးအပ်တော်မူ၍ အပြစ်မှခွင့်လွှတ်ခြင်းတရားလမ်းကို ပြင်ဆင်ပေးတော်မူခဲ့သည်။**

**၃။ ဓမ္မဟောင်းကျမ်းထဲတွင် အပြစ်သားများသည် အပြစ်ခွင့်လွှတ်ခြင်းရရှိနိုင်ရန်အတွက် ယဇ်ပူဇော်ခြင်းစနစ်ကို ဘုရားသခင်ကိုယ်တော်တိုင်တည်ထောင်ပေးတော်မူခဲ့သည်။**

**၄။ ထိုနောက် ဘုရားသခင်သည် အပြစ်အားလုံးလွတ်မြောက်ခြင်းအခွင့်ရရှိရန် တစ်ကြိမ်ယဇ်ပူဇော်ခြင်းအားဖြင့် ထာဝရလုံလောက်သောယဇ်ပူဇော်ခြင်းပြုရန် မိမိသားတော် သခင်ယေရှုကို စေလွှတ်တော်မူခဲ့သည်။**

**၅။ ဘာသာရေးနှင့်နိုင်ငံရေးခေါင်းဆောင်များသည် သခင်ယေရှုကို မုန်းတီးကြသောကြောင့် သူတို့သည် လူများကို မတရားလှုံ့ဆော်၍ ဥပဒေကိုမှောက်လှန်ကာ သခင်ယေရှုကို သတ်ရန် တရားစီရင်စေခဲ့ကြသည်။**

**၆။ သခင်ယေရှုသည် ပြည့်စုံပြီးဘုရားသခင်၏ယဇ်ပူဇော်ခံသောသိုးသငယ်အဖြစ် ကျွန်ုပ်တို့ကိုယ်စားကားတိုင်ပေါ်တွင် အသေခံတော်မူ၍ တစ်ကြိမ်ယဇ်ပူဇော်ခြင်းအားဖြင့်ထာဝရအသုံးဝင်သောယဇ်ပူဇော်ခြင်းပြုပေးတော်မူခဲ့သည်။**

**၇။ သုံးရက်မြောက်သောနေ့တွင် သခင်ယေရှုသည် သေခြင်းမှပြန်လည်ထမြောက်တော်မူခဲ့၍ ဘုရားသခင်သည် သခင်ယေရှု၏အသေခံတော်မူခြင်းအား ကျွန်ုပ်တို့အပြစ်များအတွက်ပြစ်ကြွေးပေးဆပ်သောယဇ်ပူဇော်ခြင်းအဖြစ်လက်ခံတော်မူကြောင်း ထင်ရှားစေတော်မူခဲ့သည်။**

**သခင်ယေရှုခရစ်တော်အသေခံတော်မူခြင်းအကြောင်းနှင့်ပတ်သက်၍ ဤအချက်များမှ မည်သည့်အချက်ကို ပို၍နားလည်သဘောပေါက်လိုပါသနည်း။**

***တစ်ချက်(သို့)နှစ်ချက်ထက်ပိုများသောအချက်ကို ဝိုင်းလိုက်ပါ။***

*သခင်ယေရှုခရစ်တော်၏အသေခံတော်မူခြင်းအကြောင်းနှင့်ပတ်သက်၍လိုအပ်သလို သင်ကြားဆွေးနွေးပါ။ ကျောင်းသူ/သားများသည် ကောင်းမွန်စွာ နားလည်သဘောပေါက်ပြီးနောက် အခြားသင်ခန်းစာများကို သင်ကြားပေးပါ။*

**ကျမ်းစာက ''*ငါတို့သည် အပြစ်နှင့်ဆိုင်သောအရာ၌အသေဖြစ်၍ ဖြောင့်မတ်ခြင်းအရာ၌ အသက်ရှင်စေမည်အကြောင်း၊ ငါတို့အပြစ်များကို ကိုယ်တော်တိုင်သစ်တိုင်မှာ ခံတော်မူပြီးဒဏ်ချက်တော်များအားဖြင့်သင်တို့သည်အနာပျောက်လျက်ရှိကြ၏'' (၂ပေ ၂း၂၄)။***

*သခင်ယေရှုခရစ်တော်၏အသေခံတော်မူခြင်းအကြောင်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့လေ့လာသင်ယူခဲ့သောအကြောင်းအရာများကို ဤကျမ်းချက်တစ်ခုတည်းတွင် အတိုချုံး၍ ဖော်ပြထားကြောင်းရှင်းပြပါ။ ထိုကျမ်းချက်ကို ကျောင်းသား/သူတစ်ဦးအား ကျယ်လောင်စွာဖတ်စေပါ။ ရှင်းပြရန် သို့မဟုတ်အကျယ် တဝင့်ပြောပြရန်လိုအပ်သည်ဟုထင်လျှင် ရှင်းပြပြီးနောက် အခြားသင်ခန်းစာများကို ဆက်သွားလိုက်ပါ။*

**ယုံကြည်မှုတုန့်ပြန်မှု– ဘုရားသခင်၏သားတော်၊ သခင်ယေရှုခရစ်တော်သည် ကျွန်ုပ်တို့အပြစ်များအတွက်အသေခံတော်မူ၍ သေခြင်းမှကျွန်ုပ်တို့ကိုကယ်တင်တော်မူရန်နှင့်ထာဝရအသက်ပေးအပ်တော်မူရန်အတွက် သေခြင်းမှရှင်ပြန်ထမြောက်တော်မူခဲ့သည်။ သင်ယုံကြည်ပါသလား။**

*ပထမစကားစုကိုအထူးပြုခြင်း– ''ကျမ်းစာမှကျွန်ုပ်တို့လေ့လာသင်ယူသော. . . ''*

**မှတ်ချက်။ ။** ကျောင်းသူ/သားတစ်ဦးဦးက *မြော်လင့်ခြင်းသမိုင်း*ရှိ စာမျက်နှာ ၃၂၊ ဘုရားသခင်အကြောင်းနှင့်ပတ်သက်၍ကျမ်းစာအမြင်ဆွေးနွေးတင်ဆက်မှုအပေါ် ယုံကြည်ကြောင်းဖော်ပြချက်မရှိလျှင် ''ယုံကြည်မှုတုန့်ပြန်ခြင်း'' ကဏ္ဍနောက်ဆုံးမေးခွန်းကိုမမေးပါနှင့်။ သို့သော် နောက်သင်ခန်းစာများကို ဆက်လက်သင်ကြားပေးပါ။

အထက်ကယုံကြည်မှုတုန့်ပြန်ခြင်းကို ဖတ်ပြီး စာပိုဒ်၏နောက်ဆုံးဝါကျဖတ်သောအခါ ကျောင်းသူ/သားကို မျက်လုံးချင်းကြည့်၍ ''မောင်ဖြူရယ်၊ မင်းယုံကြည်ပါသလား''ဟု တိုက်ရိုက်မေးမြန်းပါ။

*''ယုံကြည်ပါတယ်''ဟု ဖြေကြားလျှင် နောက်သင်ခန်းစာကို ဆက်လက်သင်ကြားပေးပါ။ သို့မဟုတ် ဤအကြောင်းကို အောက်ပါအတိုင်း ပြန်ပြောနိုင်ပါသည်။*

''ပြန်ကြည့်ကြပါစို့။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ဖန်ဆင်းရှင်ဖြစ်တော်မူသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏စကားတော်ကိုနားထောင်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် အပြစ်ကျူးလွန်ခဲ့ကြသည်။ သေခြင်းသည် အပြစ်တရား၏ဆိုးကျိုးပင်ဖြစ်သည်။ သို့သော်ဘုရားသခင်သည် ကျွန်ုပ်တို့ကို ချစ်တော်မူ၍ ဘုရားသခင်၏ဖြောင့်မတ်ခြင်းတရားတောင်းဆိုချက်ကိုပြည့်စုံစေရန်အတွက် သခင်ယေရှုသည် ကျွန်ုပ်တို့နေရာတွင် အသေခံတော်မူပြီးဖြစ်သောကြောင့် ကျွန်ုပ်တို့သည် ခရစ်တော်ထံတော်သို့ ချဉ်းကပ်တိုးဝင်လာနိုင်ခြင်း ဖြစ်သည်။''

*အကယ်၍ ''မယုံကြည်ဘူး'' သို့မဟုတ် ''မသေချာဘူး''ဟု ဖြေကြားခဲ့လျှင်* အစောပိုင်းတွင်ဖော်ပြထားသောအချိန်ဇယားအတိုင်း ပြန်လည်သင်ကြားပေးပါ။

**အသက်လမ်းသို့တံတားခင်းပေးခြင်း**

**သခင်ယေရှုခရစ်တော်ကိုယုံကြည်ကိုးစားခြင်း**

**အကြောင်း**

*အသက်လမ်းသို့တံတားခင်းပေးခြင်း၌ အခြေခံကျသောသတင်းကောင်းခံယူချက်ရှစ်ခု၊ ယခုသခင်ယေရှုခရစ်တော်ကိုယုံကြည်ကိုးစားခြင်းအကြောင်းတို့ကို သင်ကြားပေးရာတွင် ဤခံယူချက်နှင့်ပတ်သက်၍ကျောင်းသူ/သားများ၏အမြင်ပေါ်တွင်မူတည်၍ သင်ကြားပေးသင့်ပါသည်။*

*အစောပိုင်းတွင်ဖော်ပြထားသောအချိန်ဇယားမှတစ်ခုအတိုင်း သင်ကြားပေးပါ။ သို့မဟုတ် ကျောင်းသူ/သားများအားသင်ကြားပေးရာတွင် ပို၍ကောင်းမွန်သောနည်းလမ်းအသစ်များကို ဖန်တီး၍သင်ကြားပေးနိုင်ပါသည်။*

*ဤသင်ခန်းစာ၏ရည်ရွယ်ချက်မှာ သခင်ယေရှုခရစ်တော်ကိုယုံကြည်ကိုးစားခြင်းအကြောင်းနှင့်ပတ်သက်၍ကျမ်းစာဖော်ပြချက်ကိုအတိုချုံးတင်ပြ၍ ကျောင်းသူ/သားများက အပြစ်တရားအကြောင်းကို ကျမ်းစာဖော်ပြသည့်အတိုင်း တိကျမှန်ကန်စွာနားလည်သဘောပေါက်နိုင်ရန်အတွက် ဖြစ်ပါသည်။*

**၁။ ကမ္ဘာပေါ်တွင်ရှိသောအခြားဘာသာရေးနှင့်မတူဘဲ သခင်ယေရှုခရစ်တော်၏ကယ်တင်ခြင်းသတင်းကောင်းက ထာဝရကယ်တင်ခြင်းကို ပေးအပ်ပါသည်။ ကယ်တင်ခြင်းရရှိရန်အတွက် လုပ်ဆောင်မှု၊ ကြိုးစားမှုများမလိုအပ်ပါ။**

**၂။ လူသားများသည် အပြစ်သားများဖြစ်ကြသောကြောင့် ကယ်တင်ခြင်းကို ကြိုးပမ်းအားထုတ်ခြင်းအားဖြင့်မရနိုင်ပါ။ ငွေကြေးဖြင့်လည်းမဝယ်ယူနိုင်ပါ။**

**၃။သားတော်သခင်ယေရှုအသေခံတော်မူခြင်းအားဖြင့် ချစ်ခြင်းမေတ္တာတော်၊ ဖြောင့်မတ်ခြင်းနှင့်ပြည့်စုံတော်မူသောဘုရားသခင်သည် ကျွန်ုပ်တို့အပြစ်ကြွေးများအားလုံးပေးဆပ်ပေးနိုင်သောနည်းလမ်းကို ပြင်ဆင်ပေးတော်မူခဲ့သည်။**

**၄။ သခင်ယေရှုသည် ကျွန်ုပ်တို့အပြစ်များအတွက် ပြစ်ဒဏ်ပေးဆပ်တော်မူခဲ့ပြီဖြစ်သောကြောင့် ဘုရားသခင်သည် ကျွန်ုပ်တို့အားကယ်တင်ခြင်းကို ဆုကျေးဇူးအဖြစ်ပေးအပ်တော်မူခဲ့သည်။**

**၅။ ကျွန်ုပ်တို့သည် နောင်တရ၍ သားတော်၊ သခင်ယေရှုခရစ်တော်ကို ယုံကြည်ကိုးစားလျှင် အပြစ်ခွင့်လွှတ်ခြင်းခံစားရကြလိမ့်မည်ဟု ဘုရားသခင်ကတိပြုတော်မူခဲ့သည်။**

**၆။ ဘုရားသခင်၊ မိမိကိုယ်ကို၊ နှင့်ကျွန်ုပ်တို့အပြစ်များအပေါ်ကျွန်ုပ်တို့၏အမြင်ဟောင်းများ ဘုရားသခင်၏အမြင်များသို့ ပြောင်းလဲသွားသောအခါ နောင်တရခြင်းစတင်ပေါ်ပေါက်ပါသည်။**

**၇။ ယုံကြည်ခြင်းဟူသည်မှာ သခင်ယေရှုကို ကိုးစားခြင်း(သခင်ယေရှုအပေါ်ယုံကြည်မှုထားရှိခြင်း)နှင့် သခင်ယေရှုတစ်ပါးတည်းကသာလျှင် ကယ်တင်နိုင်တော်မူကြောင်းယုံကြည်ခြင်း ဖြစ်သည်။**

**သခင်ယေရှုခရစ်တော်ကိုယုံကြည်ကိုးစားခြင်းအကြောင်းနှင့်ပတ်သက်၍ ဤအချက်များမှ မည်သည့်အချက်ကို ပို၍နားလည်သဘောပေါက်လိုပါသနည်း။**

***တစ်ချက်(သို့)နှစ်ချက်ထက်ပိုများသောအချက်ကို ဝိုင်းလိုက်ပါ။***

*သခင်ယေရှုခရစ်တော်ကိုယုံကြည်ကိုးစားခြင်းအကြောင်းနှင့်ပတ်သက်၍လိုအပ်သလို သင်ကြားဆွေးနွေးပါ။ ကျောင်းသူ/သားများသည် ကောင်းမွန်စွာ နားလည်သဘောပေါက်ပြီးနောက် အခြားသင်ခန်းစာများကို သင်ကြားပေးပါ။*

**ကျမ်းစာက *''ယုံကြည်ခြင်းအားဖြင့် ကျေးဇူးတော်ကြောင့်ကယ်တင်ခြင်းသို့ရောက်ရ၏။ ကိုယ်အလိုအလျောက်ရောက်သည်မဟုတ်။ ဘုရားသခင်သနားတော်မူရာဖြစ်သတည်း''(ဖေက် ၂း၈–၉)ဟုဖော်ပြထားပါသည်။***

*သခင်ယေရှုခရစ်တော်ကိုယုံကြည်ကိုးစားခြင်းအကြောင်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့လေ့လာသင်ယူခဲ့သောအကြောင်းအရာများကို ဤကျမ်းချက်တစ်ခုတည်းတွင် အတိုချုံး၍ ဖော်ပြထားကြောင်းရှင်းပြပါ။ ထိုကျမ်းချက်ကို ကျောင်းသား/သူတစ်ဦးအား ကျယ်လောင်စွာဖတ်စေပါ။ ရှင်းပြရန် သို့မဟုတ်အကျယ် တဝင့်ပြောပြရန်လိုအပ်သည်ဟုထင်လျှင် ရှင်းပြပြီးနောက် အခြားသင်ခန်းစာများကို ဆက်သွားလိုက်ပါ။*

**ယုံကြည်မှုတုန့်ပြန်မှု– ကားတိုင်ပေါ်တွင် သခင်ယေရှု၏အသေခံတော်မူခြင်းသည်သာလျှင် ကျွန်ုပ်တို့အပြစ်များအတွက် လုံလောက်သောပြစ်ကြွေးပေးဆပ်ခြင်းဖြစ်ကြောင်းယုံကြည်၍၊ အရင်က ကယ်တင်ခြင်းရရှိရန် ကိုးစားသောအခြားအရာများကို စွန့်လွှတ်ရမည်ဟု ကျမ်းစာမှ တွေ့ရသည်။**

*ပထမစကားစုကိုအထူးပြုခြင်း– ''ကျမ်းစာမှကျွန်ုပ်တို့လေ့လာသင်ယူသော. . . ''*

**မှတ်ချက်။ ။** ကျောင်းသူ/သားတစ်ဦးဦးက *မြော်လင့်ခြင်းသမိုင်း*ရှိ စာမျက်နှာ ၃၂၊ ဘုရားသခင်အကြောင်းနှင့်ပတ်သက်၍ကျမ်းစာအမြင်ဆွေးနွေးတင်ဆက်မှုအပေါ် ယုံကြည်ကြောင်းဖော်ပြချက်မရှိလျှင် ''ယုံကြည်မှုတုန့်ပြန်ခြင်း'' ကဏ္ဍနောက်ဆုံးမေးခွန်းကိုမမေးပါနှင့်။ သို့သော် နောက်သင်ခန်းစာများကို ဆက်လက်သင်ကြားပေးပါ။

*အထက်ကယုံကြည်မှုတုန့်ပြန်ခြင်းကို ဖတ်ပြီး စာပိုဒ်၏နောက်ဆုံးဝါကျဖတ်သောအခါ ကျောင်းသူ/သားကို မျက်လုံးချင်းကြည့်၍ ''မောင်ဖြူရယ်၊ မင်းယုံကြည်ပါသလား''ဟု တိုက်ရိုက်မေးမြန်းပါ။*

*''ယုံကြည်ပါတယ်''ဟု ဖြေကြားလျှင် နောက်သင်ခန်းစာကို ဆက်လက်သင်ကြားပေးပါ။ သို့မဟုတ် ဤအကြောင်းကို အောက်ပါအတိုင်း ပြန်ပြောနိုင်ပါသည်။*

''မောင်ဖြူရယ်၊ ဤအကြောင်းကို ပြန်ပြောလိုက်ပါဦး။ ဘုရားသခင်အကြောင်းမှစ၍ ယခုထိသင်ကြားခဲ့သောအကြောင်းအရာများကို မင်းက ငါ့ဆရာ၊ ငါက မင်းရဲ့တပည့်၊ ငါက ဘုရားသခင်အကြောင်းကို နားလည်သဘောပေါက်ရန်လိုအပ်သောသူအဖြစ် သင်ကြားပေးပါဦး။ မောင်ဖြူရယ်၊ စာအုပ်မကြည့်ဘဲ မင်းရဲ့စိတ်ထဲတွင် နားလည်သဘောပေါက်သလို ငါ့ကိုပြောပြပါလား။''(သူသည် ကယ်တင်ခြင်းသတင်းကောင်းအကြောင်းကိုကို နားလည်သဘောပေါက်သလား၊ မပေါက်ဘူးလားဟု သူပြောပြချက်ကို သေချာနားထောင်ပါ။ ခရစ်တော်ကိုလက်ခံသလားဟု မေးခွန်းရောက်သောအခါ လက်ခံပါသည်ဟု ဖြေကြားပေးလိုက်ပါ။ ထိုအကြောင်းအရာများကို အတပ်အမှန်နားလည်သဘောပေါက်ပြီး အပြစ်များလွတ်ငြိမ်းခွင့်ရရှိရန် သခင်ယေရှုတပါးတည်းသာယုံကြည်ကိုးစားပါသလားဟု မောင်ဖြူကို မေးမြန်းပါ။)

*အကယ်၍ ''မယုံကြည်ဘူး'' သို့မဟုတ် ''မသေချာဘူး''ဟု ဖြေကြားခဲ့လျှင် အစောပိုင်းတွင်ဖော်ပြထားသောအချိန်ဇယားအတိုင်း ပြန်လည်သင်ကြားပေးပါ။*

**အသက်လမ်းသို့တံတားခင်းပေးခြင်း**

**ထာဝရအသက်အကြောင်းသင်ယူခြင်း**

*အသက်လမ်းသို့တံတားခင်းပေးခြင်း၌ အခြေခံကျသောသတင်းကောင်းခံယူချက်ရှစ်ခု၊ ယခုထာဝရအသက်အကြောင်းတို့ကို သင်ကြားပေးရာတွင် ဤခံယူချက်နှင့်ပတ်သက်၍ကျောင်းသူ/သားများ၏အမြင်ပေါ်တွင်မူတည်၍ သင်ကြားပေးသင့်ပါသည်။*

*အစောပိုင်းတွင်ဖော်ပြထားသောအချိန်ဇယားမှတစ်ခုအတိုင်း သင်ကြားပေးပါ။ သို့မဟုတ် ကျောင်းသူ/သားများအားသင်ကြားပေးရာတွင် ပို၍ကောင်းမွန်သောနည်းလမ်းအသစ်များကို ဖန်တီး၍သင်ကြားပေးနိုင်ပါသည်။*

*ဤသင်ခန်းစာ၏ရည်ရွယ်ချက်မှာ ထာဝရအသက်အကြောင်းနှင့်ပတ်သက်၍ကျမ်းစာဖော်ပြချက်ကိုအတိုချုံးတင်ပြ၍ ကျောင်းသူ/သားများက အပြစ်တရားအကြောင်းကို ကျမ်းစာဖော်ပြသည့်အတိုင်း တိကျမှန်ကန်စွာနားလည်သဘောပေါက်နိုင်ရန်အ တွက် ဖြစ်ပါသည်။*

**၁။ ကျွန်ုပ်တို့သည် နောင်တရပြီး သခင်ယေရှုကိုယုံကြည်ကြသောအခါ ဝိညာဉ်ရေးရာသေခြင်းမှဝိညာဉ်ရေးရာအသက်ရှင်ခြင်းသို့ကူးပြောင်းသွားပါသည်။**

**၂။ ဘုရားသခင်ကတိပြုတော်မူခဲ့သောထာဝရဝိညာဉ်အသက်သည် ကျွန်ုပ်တို့အတွက် ဆုကျေးဇူးတစ်ပါးဖြစ်လာ၍ ထာဝရအမွေဉစ္စာဖြစ်လာခဲ့သည်။ ဘယ်တော့မှ မဆုံးရှုံးတော့ပါ။**

**၃။ ကျွန်ုပ်တိုပ၏ဝိညာဉ်ရေးရာအသက်သည် အသစ်သောလိုအပ်ဆန္ဒများနှင့်တောင့်တမှုများဖြစ်ထွန်းစေပါသည်။ နှလုံးသားမှ ဘုရားသခင်ကို ချစ်ခြင်း၊ နာခံခြင်း၊ ကိုးကွယ်ခြင်းနှင့်အစေခံခြင်းများဖြစ်စေပါသည်။**

**၄။ ဘုရားသခင်နှင့်အသစ်သောဆက်နွယ်မှုက သေခြင်းကြောက်ရွံ့စိတ်ကွယ်ပျောက်စေ၍ သိုးသငယ်၏အသက်စာအုပ်တွင် ကျွန်ုပ်တို့၏နာမည်များမှတ်တမ်းတင်ထားကြောင်းသိစေလျက် သေခြင်းသည် ဘုရားသခင်တည်ရှိတော်မူသောနေရာသို့ဝင်ရောက်ရာဂိတ်ဖြစ်ကြောင်းသိစေပါသည်။**

**၅။ ယခုတွင် ဘုရားသခင်၏အလိုတော်အတိုင်း ချစ်ခြင်း၊ ဝမ်းမြောက်ခြင်းနှင့်ငြိမ်းပြည့်စုံခြင်းများရရှိခံစားနိုင်ပါသည်။**

**၆။ ဘုရားသခင်တည်ရှိတော်မူရာ၊ လှပသော၊ အပြစ်ကင်းစင်သော၊ နာကျင်မှုမရှိသော ပါရဒိသုခဘုံ၊ အသစ်ပြုပြင်ထားသော မြေကြီးအသစ်တွင် ထာဝရပျော်ရွှင်သောဘဝဖြင့် အသက်ရှင်ရလိမ့်မည်။**

**၇။ ထိုအချိန်ရောက်သောအခါ မြော်လင့်ခြင်းကျမ်းစာသမိုင်းအကြောင်း၏အရေးပါမှုကို ကျွန်ုပ်တို့နားလည်သဘောပေါက်ကြပါလိမ့်မည်။**

**ထာဝရအသက်အကြောင်းနှင့်ပတ်သက်၍ ဤအချက်များမှ မည်သည့်အချက်ကို ပို၍နားလည် သဘောပေါက်လိုပါသနည်း။**

***တစ်ချက်(သို့)နှစ်ချက်ထက်ပိုများသောအချက်ကို ဝိုင်းလိုက်ပါ။***

*ထာဝရအသက်အကြောင်းနှင့်ပတ်သက်၍လိုအပ်သလို သင်ကြားဆွေးနွေးပါ။ ကျောင်းသူ/သားများသည် ကောင်းမွန်စွာ နားလည်သဘောပေါက်ပြီးနောက် အခြားသင်ခန်းစာများကို သင်ကြားပေးပါ။*

**ကျမ်းစာက *''ယေရှုကလည်း၊ ငါသည်ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်းအကြောင်းဖြစ်၏။ ငါ့ကိုယုံကြည်သောသူသည် သေလွန်သော်လည်းရှင်လိမ့်မည်။ ငါ့ကိုယုံကြည်၍ အသက်ရှင်သောသူရှိသမျှတို့သည်လည်းသေခြင်းနှင့်အစဉ်မပြတ်ကင်းလွတ်လိမ့်မည်။ ငါ့စကားကိုယုံသလောဟုမေးတော်မူ၏''(ယောဟန် ၁၁း၂၅-၂၆)။***

*ထာဝရအသက်အကြောင်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့လေ့လာသင်ယူခဲ့သောအကြောင်းအရာများကို ဤကျမ်းချက်တစ်ခုတည်းတွင် အတိုချုံး၍ဖော်ပြထားကြောင်းရှင်းပြပါ။ ထိုကျမ်းချက်ကို ကျောင်းသား/သူတစ်ဦးအား ကျယ်လောင်စွာ ဖတ်စေပါ။ ရှင်းပြရန် သို့မဟုတ်အကျယ်တဝင့်ပြောပြရန်လိုအပ်သည်ဟုထင်လျှင် ရှင်းပြပြီးနောက် အခြားသင်ခန်းစာများကို ဆက်သွားလိုက်ပါ။*

**ယုံကြည်မှုတုန့်ပြန်မှု- သခင်ယေရှုသည် သေခြင်းအပေါ်တန်ခိုးရှိတော်မူကြောင်းနှင့် အပြစ်ခွင့်လွှတ်ခြင်းအတွက်သခင်ယေရှုကိုသာယုံကြည်သောသူများအပေါ်ထာဝရအသက်ပေးအပ်တော်မူကြောင်း ကျမ်းစာမှ တွေ့ရသည်။ သင်ယုံကြည်ပါသလား။**

*ပထမစကားစုကိုအထူးပြုခြင်း- ''ကျမ်းစာမှကျွန်ုပ်တို့လေ့လာသင်ယူသော. . . ''*

**မှတ်ချက်။ ။** ကျောင်းသူ/သားတစ်ဦးဦးက မြော်လင့်ခြင်းသမိုင်းရှိ စာမျက်နှာ ၃၂၊ ဘုရားသခင်အကြောင်းနှင့်ပတ်သက်၍ကျမ်းစာအမြင်ဆွေးနွေးတင်ဆက်မှုအပေါ် ယုံကြည်ကြောင်းဖော်ပြချက်မရှိလျှင် ''ယုံကြည်မှုတုန့်ပြန်ခြင်း'' ကဏ္ဍနောက်ဆုံးမေးခွန်းကိုမမေးပါနှင့်။ သို့သော် နောက်သင်ခန်းစာများကို ဆက်လက်သင်ကြားပေးပါ။

အထက်ကယုံကြည်မှုတုန့်ပြန်ခြင်းကို ဖတ်ပြီး စာပိုဒ်၏နောက်ဆုံးဝါကျဖြစ်သောအခါ ကျောင်းသူ/သားကို မျက်လုံးချင်းကြည့်၍ ''မောင်ဖြူရယ်၊ မင်းယုံကြည်ပါသလား''ဟု တိုက်ရိုက်မေးမြန်းပါ။

''ယုံကြည်ပါတယ်''ဟု ဖြေကြားလျှင် နောက်သင်ခန်းစာကို ဆက်လက်သင်ကြားပေးပါ။

အကယ်၍ ''မယုံကြည်ဘူး'' သို့မဟုတ် ''မသေချာဘူး''ဟု ဖြေကြားခဲ့လျှင် အစောပိုင်းတွင်ဖော်ပြထားသောအချိန်ဇယားအတိုင်း ပြန်လည်သင်ကြားပေးပါ။

## ယုံကြည်မှုတုန့်ပြန်ခြင်း

## မြော်လင့်ခြင်းသမိုင်းရှိစာမျက်နှာ ၄၀

## ဤစာမျက်နှာအသုံးချနည်း ခြုံငုံလေ့လာခြင်း

*မြော်လင့်ခြင်းသမိုင်းရှိ စာမျက်နှာ ၄၀ ကိုအသုံးမပြုမီ* ''What Must I (Really) Do to Be Saved?''(ကယ်တင်ခြင်းရရှိရန် ဘာလုပ်ရမလဲ)ဆောင်းပါးအား အောက်တွင်ဖော်ပြထားသော ဝိုဒ်ဆိုဒ်မှ အခမဲ့ ဒေါင်းလုတ်ဆွဲယူ၍ ဖတ်ရှုလေ့လာနိုင်ပါသည်။

http://www.goodsoil.com/resources/free-ed-resource/

*မြော်လင့်ခြင်းသမိုင်းရှိ*ဤနောက်ဆုံးစာမျက်နှာကို နည်းလမ်းအမျိုးမျိုးတွင် အသုံးချရန်အတွက်ရည်ရွယ်၍ ထုတ်ဝေထားခြင်းဖြစ်သည်။ ကျောင်းသူ/သားများနှင့်ယဉ်ကျေးမှု၊ အထူးသဖြင့် ကျမ်းစာလေ့လာမှုအတွက် အသင့်တော်ဆုံးနေရာများတွင် အသုံးပြုရန်အတွက် ဖြစ်ပါသည်။ အောက်တွင် အသုံးပြုနည်းတစ်ခုကို နမူနာအဖြစ်ဖော်ပြထားပါသည်။

စာမျက်နှာ ၃၂–၃၉ရှိ''သင်ယုံကြည်သလား''မေးခွန်းကို ကျောင်းသူ/သားများက ''ယုံပါတယ်''ဟုဖြေကြားပြီး ၄င်း၏ယုံကြည်မှုတုန့်ပြန်မှုများသည် စိတ်နှလုံးဖြူစင်ပုံရှိလျှင် ဤစာမျက်နှာသည် ထိုကောင်းမွန်သောတုန့်ပြန်မှုများအတွက် မှတ်တမ်းတစ်ခုပင် ဖြစ်သည်။

**သို့သော် ''အကယ်၍ကျောင်းသူ/သားများသည် ယုံကြည်ခြင်းရှိခဲ့လျှင် မည်သည့်နောက်ဆုံးခြေလှမ်းကိုလှမ်းသင့်ပါသနည်း''**

**ပထမအနေဖြင့်။ ။** ထိုသူက ဘုရားသခင်အကြောင်း၊ လူသား၊ အပြစ်တရား၊ သေခြင်းတရား၊ ခရစ်တော်၊ ကားတိုင်နှင့်ရှင်ပြန်ထမြောက်ခြင်း၊ သခင်ယေရှုခရစ်တော်ကိုယုံကြည်ခြင်းနှင့်ထာဝရအသက်စသည်တို့ကိုကျမ်းစာဖော်ပြသည့်အတိုင်း ယုံကြည်လျှင် ထိုသူသည် ''ယုံကြည်သူ''ဖြစ်သည်။ ဘုရားသခင်ပေးအပ်တော်မူသောထာဝရအသက်လက်ခံရရှိသောသူဖြစ်သည်။

*သခင်ယေရှုခရစ်တော်အားဖြင့် ကျွန်ုပ်တို့အပေါ်ဘုရားသခင်ပြုတော်မူခဲ့သောအမှုကို ယုံကြည်ခြင်း (ကိုးစားခြင်း)အားဖြင့် ကျွန်ုပ်တို့သည် အပြစ်များမှကယ်တင်ခြင်းရရှိခဲ့ကြသည်ဟု ကျမ်းစာကသွန်သင်ထားပါသည်။ ဤနေရာတွင် ''ဦးနှောက်ဖြင့်ယုံကြည်ခြင်း'' ကယ်တင်ခြင်းမရသောယုံကြည်မှုနှင့် ''နှလုံးသားဖြင့်ယုံကြည်ခြင်း''တို့သည် ကွာခြားမှုရှိသေးသည်။*

**ဒုတိယအနေဖြင့်။ ။** ကျောင်းသူ/သားတစ်ဦးသည် ဘုရားသခင်အခမဲ့ပေးအပ်တော်မူသောကယ်တင်ခြင်းအပေါ် ယုံကြည်ကြောင်း တုန့်ပြန်မှုပြုခြင်းအမှတ်အသား(မိမိကိုယ်တိုင်မှတ်ဉာဏ်)အတွက် တစ်စုံတစ်ခုပြုရန် လမ်းပြခြင်းသည် များစွာအထောက်အကူပြုပါလိမ့်မည်။ ထိုသို့ပြုလုပ်ရာတွင် ပုံစံစာရွက်ပေါ်တွင် လက်မှတ်ရေးထိုးခြင်း သို့မဟုတ် ဆုတောင်းချက်တစ်ခုဖြင့်ဆုတောင်းခြင်းသည် ကယ်တင်ခြင်းရရှိခြင်းမဟုတ်ပါ။ သခင်ယေရှုခရစ်တော်ကို မိမိကိုယ်တိုင်ယုံကြည်ခြင်းသည်သာလျှင် ကယ်တင်ခြင်းရရှိခြင်းပင် ဖြစ်သည်။

**အောက်တွင် အကြံပြုချက်တစ်ခုဖော်ပြထားပါသည်။**

- **စာမျက်နှာ ၄၀အလယ်ပိုင်းကဏ္ဍရှိဖော်ပြချက်များကို ကျယ်ကျယ်ဖြင့် ထိုသူကိုဖတ်ခိုင်းလိုက်ပါ။**
- **နောက်ဆုံးဖော်ပြချက်(''သခင်ယေရှုခရစ်တော်တစ်ပါးတည်းကိုသာယုံကြည်ကြောင်း...'')ကိုအဓိကထားပါ။ ထိုသူသည် စိတ်နှလုံးဖြူစင်စွာဖြင့် ထိုဖော်ပြချက်ကိုပြုနိုင်မည်လားဟုမေးပါ။ ပြုနိုင်လျှင် . . .**
- **ပြုနိုင်လျှင် ယခုဘုရားသခင်ကိုစကားပြော၍ ထိုသူအတွက်ပြုတော်မူခဲ့သောအမှုအတွက် ဘုရားသခင်ထံ ကျေးဇူးတင်စကား ပြောစေပါ။ ထိုသို့ပြုလုပ်ရာတွင် (၁)ဆုတောင်းခြင်းအားဖြင့်အစပြုစေပါ။ (၂) ဘုရားသခင်ပြုတော်မူခဲ့သောအမှုအတွက် ဘုရားသခင်ထံကျေးဇူးတင်စကားပြောရန် ထိုသူ့ကိုခေါ်ဖိတ်လိုက်ပါ။**

**ကျောင်းသူ/သားတစ်ဦးသည် ဘုရားသခင်ပေးအပ်တော်မူသောထာဝရအသက်ဆုကျေးဇူးကိုမလက်ခံမပွေ့ပိုက်လိုလျှင် မည်သည့်အရာလုပ်ဆောင်ရမည်နည်း။**

သူ့ကို ဆဲဆိုခြင်း၊ ပျက်ရယ်ပြုခြင်းမပြုပါနှင့်။ ဘုရားသခင်က ထိုသူအားယုံကြည်ခြင်းပေးအပ်တော်မူရန်အတွက် ဘုရားသခင်ထံ ဆုတောင်းပေးလိုက်ပါ။ ထိုသူနှင့်အတူနောင်တစ်ချိန်တွင် ဤကိစ္စကိုထပ်မံဆွေးနွေးတိုင်ပင်ဖို့အဆက်အသွယ်ပြုရန် ပြောပြလိုက်ပါ။ မကြာမီအချိန်တွင် ထိုအကြောင်းအရာကို ပြန်လည်ဆွေးနွေးနိုင်အောင် အခြားအချိန်တစ်ခုသတ်မှတ်ထားနိုင်ပါသည်။

**သခင်ယေရှုပြောဆိုသောစကားများကို ကိုယ်ပိုင်အတွက် သိမ်းပိုက်လိုက်ပါ။ ''*လောက*'' ''*သူများ*'' နှင့် ''*သောသူ*''စသော သခင်ယေရှု၏ကတိတော်များဖော်ပြသောနေရာတွင် မိမိကိုယ်ကိုနာမည်ထည့်သွင်းနိုင်သည်။**

*ကျောင်းသူ/သားတစ်ဦးသည် အောက်တွင်ဖော်ပြထားသောကျမ်းချက်အား အထက်ကဖော်ပြထားသောစကားလုံးများအစား ထိုသူ၏နာမည်ကိုအသုံးပြုနိုင်အောင် ရှင်းပြပါ။ ထိုသို့ပြုလျှင် ထိုကျမ်းချက်ထဲတွင်ဖော်ပြထားသောအကြောင်းအရာတို့သည် သူ့ကိုစကားပြောသကဲ့သို့ ခံစားပါလိမ့်မည်။*

**ယောဟန် ၃း၁၆–၁၈**

**၁၆ဘုရားသခင်၏သားတော်ကိုယုံကြည်သောသူအပေါင်း(ထိုသူ၏နာမည်)တို့သည် ပျက်စီးခြင်းသို့မရောက်။ ထာဝရအသက်ကို**

**ရစေခြင်းငှါ ဘုရားသခင်သည် မိမိ၌တပါးတည်းသောသားတော်ကိုစွန့်တော်မူသည့်တိုင်အောင်လောကီသား(ထိုသူ၏နာမည်) တို့ကိုချစ်တော်မူ၏။ [၁၇] လောကီသားတို့အားအပြစ်စီရင်ခြင်းငှါ၊ ဘုရားသခင်သည် သားတော်ကို၍လောကသို့ စေလွှတ်တော်မူသည်မဟုတ်။ လောကီသားတို့သည် ကိုယ်တော်အားဖြင့် ကယ်တင်ခြင်းသို့ရောက်မည်အကြောင်းစေလွှတ်တော်မူ၏။ [၁၈] သားတော်ကိုယုံကြည်သောသူ(ထိုသူ၏နာမည်)သည် အပြစ်စီရင်ခြင်းမခံရ။ (ထိုသူ၏နာမည်)မယုံကြည်သောသူမူကား၊ ဘုရားသခင်၌တပါးတည်းသောသားတော်ကိုမယုံကြည်သောကြောင့် ယခုပင်(ထိုသူ၏နာမည်) အပြစ်စီရင်ခြင်းကိုခံရ၏။**

**ဥပမာအားဖြင့်။** ။[၁၆]ဘုရားသခင်၏သားတော်ကိုယုံကြည်သော *မောင်ဖြူ* သည် ပျက်စီးခြင်းသို့မရောက်။ ထာဝရအသက်ကို ရစေခြင်းငှါ ဘုရားသခင်သည် မိမိ၌တပါးတည်းသောသားတော်ကိုစွန့်တော်မူသည့်တိုင်အောင် *မောင်ဖြူ*ကိုချစ်တော်မူ၏။ [၁၇] လောကီသားတို့အားအပြစ်စီရင်ခြင်းငှါ၊ ဘုရားသခင်သည် သားတော်ကို၍လောကသို့ စေလွှတ်တော်မူသည်မဟုတ်။ လောကီသားတို့သည် ကိုယ်တော်အားဖြင့် ကယ်တင်ခြင်းသို့ရောက်မည်အကြောင်းစေလွှတ်တော်မူ၏။ [၁၈] သားတော်ကိုယုံကြည်သော *မောင်ဖြူ* သည် အပြစ်စီရင်ခြင်းမခံရ။ *မောင်ဖြူသည်* မယုံကြည်လျှင် ဘုရားသခင်၌တပါးတည်းသောသားတော်ကိုမယုံကြည်သောကြောင့် ယခုပင် *မောင်ဖြူသည်* အပြစ်စီရင်ခြင်းကိုခံရ၏။

## ယုံကြည်ကြောင်းဆက်ကပ်တုန့်ပြန်မှု

**ကျမ်းစာဖော်ပြထားဘုရားသခင်သည်စစ်မှန်သောဘုရားဖြစ်တော်မူကြောင်း ယခုကျွန်တော်နားလည်သဘောပေါက်သည်။ ထိုဘုရားသခင်သည် ပြည့်စုံ၍သန့်ရှင်းတော်မူသည်။**

*ကျမ်းစာသွန်သင်မှုကိုလေ့လာသောအခါ ကျွန်တော့်ယုံကြည်မှုသည် အရင်ကနှင့်မတူဘဲ တိုးတက်ပြောင်းလဲသွားပါသည်။ ယခုတွင် ကျွန်တော်သည် အပြစ်သားဘဝဖြင့်မွေးဖွားလာကြောင်း၊ ဘုရားသခင်၏ပညတ်တော်များကိုဆက်လက်ကျူးလွန်ချိုးဖောက်နေကြောင်း။ ကျွန်ုပ်၏အပြစ်က ကျွန်ုပ်ကိုဖန်ဆင်းပြီးချစ်တော်မူသောဘုရားသခင်ကို အလွန်စိတ်နာစေကြောင်း ကျွန်တော်သိရှိသည်။ ကျွန်ုပ်အပြစ်က ဘုရားသခင်နှင့်ကွဲကွာစေကြောင်း၊ ကျွန်ုပ်အပြစ်ကြောင့် ငရဲမီးအိုင်ဟုကျမ်းစာဖော်ပြထားသောနေရာတွင် ထာဝရပြစ်ဒဏ်ခံပြီး ဘုရားသခင်နှင့်ထာဝရခွဲခွါမည်ဖြစ်ကြောင်း နားလည်သဘောပေါက်ပါသည်။*

ဘုရားသခင်၏သားတော်၊ သခင်ယေရှုခရစ်တော်၏အသေခံတော်မူခြင်းနှင့်ရှင်ပြန်ထမြောက်တော်မူခြင်းက အပြစ်လွှတ်ခြင်း၊ အပြစ်အတွက်ထာဝရဒဏ်ခံခြင်းမှလွတ်မြောက်ခြင်း၊ ဘုရားသခင်ပေးအပ်တော်သောထာဝရအသက်ရရှိခြင်းတို့အတွက် မြော်လင့်ချက်ပေးခဲ့ပါသည်။

**သခင်ယေရှုခရစ်တော်နှင့်ကားတိုင်ပေါ်တွင် ကိုယ်တော်၏အသေခံတော်မူခြင်းကို ယခုကျွန်တော်ယုံကြည်ပါသည်။ ကျွန်ုပ်၏အပြစ်တရားပြဿနာနှင့်၄င်း၏ဆိုးသွမ်းသောအခြေအနေများမှ ကျွန်ုပ်ကို ရွေးနှုတ်ကယ်တင်ခဲ့ပါသည်။**

*ကျောင်းသူ/သားများသည် သူတို့ပြုလုပ်သောကောင်းမှုကုသိုလ်မဟုတ်၊ ယုံကြည်ခြင်း(နှလုံးသားဖြင့်)အားဖြင့်အပြစ်ခွင့်လွှတ်ခြင်း(နှင့်ဘုရားသခင်အခမဲ့ပေးအပ်တော်မူသောထာဝရအသက်ဆုကျေးဇူးရရှိကာဘုရားသခင်၏အိမ်တော်သားများဖြစ်ခြင်း)ရရှိကြောင်း သေချာစွာနားလည်သဘောပေါက်ဖို့လိုအပ်သည်။*

## သခင်ယေရှုနောက်လိုက်ခြင်း၌အခြေခံခြေလှမ်းများ

ကျောင်းသူ/သားများသည် ဤကျမ်းစာလေ့လာခြင်းအားဖြင့် ယုံကြည်သူတစ်ဦးဖြစ်လာသောအခါ၊ သို့မဟုတ် မလေ့လာမီအချိန်ကတည်းကယုံကြည်သူဖြစ်လာသောအခါ *ပျော်ရွှင်ခြင်းလမ်းစာအုပ်*ကို မိတ္တူတစ်ခုပေးလိုက်ပါ။ *ပျော်ရွှင်ခြင်းလမ်း* စာအုပ်ကိုအသုံးပြု၍ ကျမ်းစာလေ့လာမှုကိုဆက်လက်လုပ်ဆောင်ရန် ခွန်အားပေးလိုက်ပါ။

## သခင်ယေရှုခရစ်တော်၏နောက်လိုက်တပည့်အဖြစ်အခြေခံခြေလှမ်းများအစပြုခြင်း

သင်ခန်းစာ ၁ – *မြော်လင့်ခြင်းသမိုင်းပြန်လှန်လေ့ကျင့်ခြင်း*

သင်ခန်းစာ ၂ – *အသက်လမ်းသို့တံတားခင်းပေးခြင်းပြန်လှန်လေ့ကျင့်ခြင်း*

သင်ခန်းစာ ၃ – *ကယ်တင်ခြင်းစိတ်ချမှုနှင့်လုံခြုံမှု*

သင်ခန်းစာ ၄ – *ကျမ်းစာ*

သင်ခန်းစာ ၅ – *ဆုတောင်းခြင်း*

သင်ခန်းစာ ၆ – *သန့်ရှင်းသောဝိညာဉ်တော်*

သင်ခန်းစာ ၇ – *ကိုယ်ပိုင်သန့်ရှင်းခြင်း*

သင်ခန်းစာ ၈ – *သက်သေခံခြင်း*

သင်ခန်းစာ ၉ – *ဒေသန္တရအသင်းတော်*

သင်ခန်းစာ ၁၀ – *သင့်အတွက်ဘုရားသခင်၏အကြံအစည်တော်*